
တာရာမင်းဝေ
ကျွန်တော်နှင့်
အဝါရောင်မီးနေပြင်
design : bo bo htoo

စာမူခွင့်ပြုချက်အမှတ်
၉၀/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၅/၂၀၀၂ (၂)
ထုတ်ဝေသူ
ဦးတင့်လွင်
သော်ကစာပေ
၆၀၅၊ ညြမှာလမ်း၊ မြောက်ဥက္ကလာ
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
အမှတ်(၁၄)၊ ၁၁၄ လမ်း၊ ရန်ကုန်မြို့၊
ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၂ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

# ဝကျပ်ဗင်ဝ

ကျွန်တော်နှင့်၊ အဝါရောင်ဝီးနပတ်

## အပိုင်း [၁]

"ပေး…ကင်းကြေးနှစ်ဆယ်"

အဲဒီအသံကြောင့် အိပ်ပိုက်နေရာကနေ ကျွန်တော် လန့်နိုးသွားတယ်။ ခေါင်းထောင်ကြည့်တဲ့အခါ ရှေ့မှာတွေ့ရတာက 'မြားနတ်မောင်'။ ပြောင်ပြောင်လက်လက်နဲ့။

"ဘာလဲဗျ၊ ဘာကင်းကြေးလဲ"

"မင်းရဲ့ဖူးစာရှင်ကို ကင်းတဲဆောက်ပြီး ငါစောင့်ကြည့်နေတာ။ ကြာတော့လည်း မတတ်နိုင်တော့ဘူး။ ဒီလကစပြီး လစဉ်ကြေးကောက်မယ်။ ပေး…ကင်းကြေးနှစ်ဆယ်"

ကျွန်တော် စိတ်ညစ်သွားတယ်။

## အပိုင်း [၂]

''မနုရယ်…သူနဲ့ ကျွန်တော့်ကို ဆုံဆည်းခွင့်ပြုပါ''

အဲဒီလို ကျွန်တော်တိုင်တည်နေတဲ့ မနုဆိုတာ ရုပ်ကွက်ထဲက 'မပု'ရဲ့ညီမ 'မနု' မဟုတ်ပါဘူး။ ကမ္ဘာကြီးကို အုပ်ချုပ်တယ်ဆိုတဲ့ 'မနု'(Manu)ပါ။

မနုကျွဲးမွေသတ်၊ မနုကျယ်ဓမ္မသတ်တွေကို ဖြစ်စေခဲ့တဲ့ သူပါ။ သူ့ကိုပဲ ကျွန်တော် တကြော်ကြော် အော်ပြောနေမိတယ်။

''မနု လုပ်ဦးလေဟာ…၊ ခင်ဗျားဟာက ဘယ့်နှယ်ဟာလဲ''





## အပိုင်း [၃]

ခရစ်ယာန်ဓမ္မကျမ်း စာမျက်နှာ ၄၊ ၁၆၊ ၁၇ တို့ကို ထောက်ပြီး 'လော့ဘ်ဆန်ရမ်ပ'က ပြောတယ်။

'ကမ္ဘာရဲ့ ပထမဦးဆုံးလူသားယောကျ်ားဟာ အာဒမ်မဟုတ်ဘူး' တဲ့…။

အဲဒါဆို ကမ္ဘာရဲ့ ပထမဦးဆုံးလူသားမိန်းမကရော 'ဧဝ' ဟုတ်ပါ့မလား။ ကျွန်တော့်ချစ်သူ 'သူ'…များလား။

## အိပ်မက် [၄]

"ငါတော့ မင်းအတွက် မြားကို ပစ်တင်လိုက်ပြီ"

"ဟုတ်လား...ဘယ်သူ့ကို ပစ်လိုက်တာလဲ"

မြားနတ်မောင်က မတုန်မလှုပ်နဲ့။

"ဒီလိုပေါ့ကွာ...လေပဟာနယ်ထဲလှမ်းပစ်လိုက်ရတာပေါ့။ မကောင်းသူထိပီ ကောင်းသူထိပ်ပေါ့"

"ဘာ..."

ကျွန်တော့်ဒေါသကြောင့် မြားနတ်မောင် တချိုးတည်း ထွက်ပြေးပါတော့တယ်။





## အိပ်မက် [၅]

"ကျွန်တော် ခင်ဗျားကို (     )တယ်"

အဲဒီစာသားလေး ပေးဖတ်တော့ မျှော်လင့်ထားတဲ့အတိုင်း သူက ကျွန်တော့်ကို ပြန်မေးတယ်။

"ကွင်းထဲကဟာက ဘာလဲ"

"ခြစ်ထားတာ မတွေ့ဘူးလား"

"ဩော်...ရှင်က ကျွန်မကို ချစ်တယ်လို့ ပြောတာလား"

"ဟုတ်တယ်လေ"

"အဲဒါ ချစ်တာမဟုတ်ဘူးရှင့် ခြစ်တာ...၊ ရှင် ကျွန်မကို ချစ်တာက သတ်ပုံမှားနေတယ်"

## အပိုင်းမက် [၆]

''ဟတော့၊ မင်းချစ်သူနဲ့ သွားတော့''လို့ တွန်းပြီး နှိုးတဲ့အခါမှာ အဲဒီကြက်ပကြီးကို ကျွန်တော် အရမ်းကျေးဇူးတင်တယ်။

''အိပ်တော့၊ မင်းချစ်သူအကြောင်း တွေးမနေနဲ့တော့''လို့ တွန်းပြီး သိပ်တဲ့အခါ…

အဲဒီကြက်ပကြီးကို ကျွန်တော် အရမ်းအမြင်ကပ်တာပဲ။





## အပိုင်းမက် [၇]

''မြင်မြင်ချင်းချစ်တယ်၊ ဘယ်လိုလုပ်ရမလဲ''လို့ လူငယ်တစ်ယောက်က မေးတော့ ဂရိသုခမိန်ကြီး ဆိုကရေးတီးက ပြန်ဖြေတယ်။ (ဆော့ခရတ္တိ ဆိုတာလည်း သူပဲ၊ ဆိုကရာတဲစ်ဆိုတာလည်း သူပဲ)

''နောက်တစ်ခါ သေသေချာချာထပ်ကြည့်လိုက်''တဲ့။

အဲလို ထပ်ကြည့်ရင် ကြိုက်ချင်စရာ မကောင်းတာတွေ တွေ့လာနိုင်မှာမို့လို့ဖြစ်မယ်။ ဒါပေမဲ့ ပြဿနာက မပြီးဆုံးသေးဘူးလို့ ထင်တယ်။ နောက်တစ်ခါ ထပ်ကြည့်လို့ ထပ်ချစ်သွားမိရင် ဘယ့်နှယ်လုပ်ရပါ့မလဲ။

## အပိုင်းမျက် [၈]

အင်းလျားရေပြင်ကို တုတ်တစ်ချောင်းနဲ့ လှဲရိုက်လိုက်တယ်။ 'ဗျင်း' ခနဲ အသံထွက်ပြီး ဝဲဂယက်တွေ ထသွားတယ်။ ကမ်းစပ်ဆီ လိမ့်ပြေးသွားတဲ့ ဝဲဂယက်လေးတွေဟာ တဖြည်းဖြည်း အသံတိုးကျသွားလေရဲ့။ 'လင်း' ဆိုတဲ့ အသံလေးအဖြစ် ကျန်ရစ်ခဲ့တယ်။ လင်း…လင်းရှပါ။ ချစ်သော လင်းရှပါ။

ကျွန်တော် တွေ့ဖူးတဲ့ ကောင်မလေးထဲမှာတော့ 'လင်းရှပါ' ဟာ အလှဆုံးပဲ…သူငယ်ချင်းတွေကို ပြောတော့ သူတို့အားလုံးကလည်း ထောက်ခံတယ်။

"ဟုတ်တယ်၊ မင်းမြင်ဖူးတဲ့ မိန်းကလေးတွေထဲမှာတော့ လင်းရှပါဟာ အလှဆုံးပဲတဲ့"

မသိ၍ဆို၊ မလို၍ ပြောကြတာကို ကျွန်တော် ဖွေမယူပါဘူး။

သူရဲ့အလှကို ပွဲနဲ့ပြဖို့ ကျွန်တော် ကြိုးစားမိပါတယ်။ ကျွန်တော် ချယ်မှုန်းပြလို့ မရလောက်အောင် သူက လှနေတော့ နောက်ဆုံးမှာ ဒီနည်းကိုပဲ သုံးလိုက်ရပါတော့မယ်။





## မျက်နှာ

ပါးစောင်ရိုး တစ်စုံ၊ ပါးရိုး တစ်စုံ၊ တစ်ချောင်းငယ်ပုံသဏ္ဌာန်ရှိသော အာခေါင်ရိုး တစ်စုံ၊ နှာယောင်ကိုဖြစ်စေသော နှာခေါင်းရိုး တစ်စုံ၊ မျိုနှင့်ခွင်သဏ္ဌာန်ရှိသော မျက်ရည်တွင်းရိုး တစ်စုံ၊ နှာခေါင်းထဲ၌ရှိသော အရိုးခွေ တစ်စုံ၊ နှာခေါင်းပေါက်ကို ဝဲယာပိုင်းခြားအပ်သော ထွန်သွားသဏ္ဌာန် အရိုးပါး တစ်ခု၊ မေးရိုး တစ်ခုအားဖြင့် ပေါင်း (၁၄)ခုတို့တည်။

(ကာယဂ်သမ္ဘာရဒီပနီကျမ်းအလို)

(ဒီဂါဂ) ဂဒေပန်ငုံစဝိုး
ထို ၅) ယခန်း (၀၀၄)
၆-လမ်း(A)၊ ယုဇနဥယျာဉ်မြို့

## နိဒါန်း

၆-လမ်း(A)၊ ယုဇနဥယျာဉ်

ဒီသမီးကို မွေးထားမိသည့်အတွက် မေမေလည်း စိတ်ပျက်ရေမည်။ သို့သော် မတတ်နိုင်။ ပြောစရာရှိသည်ကိုတော့ ပြောရမည်ပဲ။

''မေမေ စဉ်းစားနော်။ ဒီလိုကိစ္စမျိုးဆိုတာက အရမ်းစိစဉ်လို့ကောင်းတာမဟုတ်ဘူး။ စိတ်အလို မလိုက်စမ်းပါနဲ့''

''ဘာမကောင်းတာ ရှိလို့လဲအေ...။ ညည်းက ဘာနားလည်သေးလို့ လျှောက်ပြောနေတာလဲ။ ငါ့ဟာငါ နားလည်တယ်''

''သမီးကတော့ နားမလည်ပါဘူး။ ဒါပေမဲ့ သမီးက စာဖတ်လေ့ရှိတာပဲ။ စာအုပ်တွေထဲမှာ ဒီကိစ္စနဲ့ပတ်သက်လို့ သတိပေးချက်တွေ ပြပါတတ်တယ်။ အသေအချာစဉ်းစားပြီးမှ ဆုံးဖြတ်ပါတဲ့။ အရမ်းကြောက်ဖို့ကောင်းတယ်တဲ့။ မေမေ မကြောက်ဘူးလား။ သမီးကတော့ ကြောက်တယ်''

''နင့်ဘာသာ လိုရာဆွဲတွေးပြီး ကြောက်နေတာ''

''မဟုတ်ဘူးနော် မေမေ၊ သေသေချာချာ စဉ်းစားဦး''

''စဉ်းစားပြီးပြီ''

''ဘာလဲ...မေမေက လုံးဝမပြင်ဆင်နိုင်တော့ဘူးလား''

''ဘာမှ ပြင်ဆင်စရာ မလိုဘူး''

''အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်...''

ရှုပ်မေမေက ဝင်ငေါ့သည်။

''ဟုတ်လား...တို့လည်း နည်းနည်းပါးပါးတော့ ကြားဖူးပါတယ်။

## အပိုင်း (၈)

အင်းလျားရေပြင်ကို တုတ်တစ်ချောင်းနဲ့ လှဲရိုက်လိုက်တယ်။ 'ဖျင်း' ခနဲ အသံထွက်ပြီး ဝဲဂယက်တွေ ထသွားတယ်။ ကမ်းစပ်ဆီ လိုမ့်ပြေးသွားတဲ့ ဝဲဂယက်လေးတွေဟာ တဖြည်းဖြည်း အသံတိုးကျသွားလေရဲ့။ 'လင်း'ဆိုတဲ့ အသံလေးအဖြစ် ကျန်ရစ်ခဲ့တယ်။ လင်း...လင်းရှုပါ။ ချစ်သော လင်းရှုပါ။

ကျွန်တော် တွေ့ဖူးတဲ့ ကောင်မလေးထဲမှာတော့ 'လင်းရှုပါ'ဟာ အလှဆုံးပဲ...သူငယ်ချင်းတွေကို ပြောတော့ သူတို့အားလုံးကလည်း ထောက်ခံတယ်။

"ဟုတ်တယ်၊ မင်းမြင်ဖူးတဲ့ မိန်းကလေးတွေထဲမှာတော့ လင်းရှုပါဟာ အလှဆုံးပဲတဲ့"

မသိ၍ဆို၊ မလို၍ ပြောကြတာကို ကျွန်တော် ဖွေမယူပါဘူး။

သူ့ရဲ့အလှကို ပွဲခွဲပြီး ကျွန်တော် ကြိုးစားမိပါတယ်။ ကျွန်တော် ချယ်မှုန်းပြလို့ မရလောက်အောင် သူက လှနေတော့ နောက်ဆုံးမှာ ဒီနည်းကိုပဲ သုံးလိုက်ရပါတော့မယ်။





### မျက်နှာ

ပါးစောင်ရိုး တစ်စုံ၊ ပါးရိုး တစ်စုံ၊ တစ်ချောင်းငယ်ပုံသဏ္ဌာန်ရှိသော အာခေါင်ရိုး တစ်စုံ၊ နှာယောင်ကိုဖြစ်စေသော နှာခေါင်းရိုး တစ်စုံ၊ မိုးနှစ်ခွင်သဏ္ဌာန်ရှိသော မျက်ရည်တွင်းရိုး တစ်စုံ၊ နှာခေါင်းထဲ၌ရှိသော အမိုးခွေ တစ်စုံ၊ နှာခေါင်းပေါက်ကို ဝဲယာပိုင်းခြားအပ်သော ထွန်သွားသဏ္ဌာန် အရိုးပါ တစ်ခု၊ မေးရိုး တစ်ခုအားဖြင့် ပေါင်း (၁၄)ခုတို့တည်း။

(ကာယက်သမ္ဘာရဒီပနီကျမ်းအရ)

အိမ်ပြောင်စုတ်ထိုးဆိုလား…ဘာလား"

ရွှေပါ စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ပြီး…

"မေမေက အဲဒါ ခက်တာပဲ…။ အရမ်းစိတ်မြန်တယ်။ ဒီမယ် မေမေ့ကို သမီး ပြောပြမယ်။ မေမေ မယားငယ်ဆိုတဲ့ ဝေါဟာရအကြောင်း ဘယ်လောက်သိလဲ"

"အံမာ…ရာရာစစ မယားငယ်နဲ့ ငါနဲ့ ဘာဆိုင်လို့ ငါက သိရမှာလဲ"

"မယားငယ်လို့ အပြောခံ၊ အသတ်မှတ်ခံရတဲ့ မိန်းမဟာ အင်မတန် မျက်နှာငယ်ရတယ် မေမေ။ ဗေဒသတ်ကျမ်းတွေ ဘာတွေမှာကလည်း ယောကျ်ားတွေကို မယားငယ်ယူခွင့် တရားဝင်ပေးထားတယ်"

"နင့်ကို ဘယ်သူက ပြောလဲ"

"ကြည့်…စာအုပ်တွေထဲမှာ အတိအလင်းပါတယ်။ ဥပမာ မြဲနေတဲ့ မယား၊ သားသမီးမမွေးတဲ့ မယားကို စွန့်ပစ်ပြီး နောက်မယား ယူလို့ ရတယ်။ ဒါမှမဟုတ် မစွန့်ဘဲနဲ့လည်း နောက်မယား ယူလို့ရတယ်"

မေမေက မှန်တင်ခုံရှေ့မှာ ခေါင်းဖြီးနေရာမှ ရွှေပါ့ကို စူးစူးဝါးဝါး လှည့်ကြည့်၏။ မသိချင်ယောင်ဆောင်ပြီး ရွှေပါက ဆက်ပြောလိုက်သည်။ သူမက လျှာမရှည်တတ်ပါ။ သို့သော် တိုလည်း မတိုချေ။

"ကလေးတော့ မွေးပါရဲ့၊ သားမမွေးဘဲ သမီးချည်း မွေးနေလို့ ရှိရင်လည်း အဲဒီမိန်းမအပြင် နောက်မိန်းမယူလို့ ရတယ်။ ကျုံ့ကျုံ့ပြောမယ် မေမေရယ်…မိန်းမက ဇရင်ဂိုမှာဖြစ်နေရင်တောင် ယောကျ်ားက သူ့ကို ပစ်ထားပြီး မယားငယ်ယူလို့ ရတယ်"

မေမေက မတ်တပ်ထရပ်သည်။ ခေါင်းမှာ ဆံထိုး ထိုးနေလျက်က ရွှေပါ့ကိုလည်း မျက်စောင်းနှင့် လှမ်းထိုး၏။

"နင်က ဘာဖြစ်လို့ မယားငယ်ကိစ္စကို ဒီလောက် လေ့လာနေရတာလဲ။ ဒီခေတ်မှာ မယားငယ်ဆိုတာ မရှိတော့ပါဘူး။ မယားပြိုင်ဆိုတာပဲ ရှိတော့တယ်။ သူ့ဘာသာ ဘယ်လိုရှိရှိ ပြောရရင် ကိုယ်နဲ့ ဆိုင်မယ့်ကိစ္စလည်း မဟုတ်ဘူး။ နင်က အဲဒါတွေ လျှောက်ပြောနေရအောင် မောင့်တင်ကိုကိုက ဘာဖြစ်နေလို့လဲ"





ရွှေပါက မဲ့ပြုံး ပြုံးလိုက်ပြီး…

"အဲဒီလူကြီးကို ယူမယ့် မိန်းမကတော့ အဲဒီကိစ္စကို ထည့်စဉ်းစားထားရမှာပဲ မေမေ။ လက်ထပ်ပွဲကျမှ မယားကြီး လိုက်လာတာမျိုး ဖြစ်မှမဟုတ်လည်း ယူထားပြီး ဘာမှ မကြာသေးဘူး ကိုယ်က မယားကြီး ဖြစ်ပြီး ရာထူးကိုပေးခဲ့လိုက်ရတာမျိုး အဲဒါတွေထဲက တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်လာမှာပဲ"

မေမေ စိတ်မရှည်ဖြစ်သွားပုံ ရသည်။ မှန်တင်ခုံပေါ်မှ ဘီးကို ကောက်ယူပြီး နံရံဆီ ပစ်ပေါက်လိုက်သည်။

"နင်ဟာ မောင်တင်ကိုကိုကို သက်သက်အဆိုးမြင်နေတာပဲ"

"အဆိုးမြင်တာမဟုတ်ဘူး မေမေ။ ဦးတင်ကိုကိုဟာ ကုမ္ပဏီတွေ ထောင်ထားပြီး ချမ်းသာတာမှန်ပေမယ့် တကယ်တမ်းမှာ နိုင်ငံခြားသားတွေကို ဘုရားထူးမတတ် ဖားပြီး ဆက်ဆံလုပ်ကိုင်နေရတာ မေမေ။ ကိုယ့်တူကိုယ့်သားအရွယ် နိုင်ငံခြားသားတွေရှေ့မှာဆို သူ နေစရာတောင် မရှိဘူး။ အဲဒီလိုလူမျိုးကို လင်သားအဖြစ် မပေါင်းအပ်ဘူးလို့ အဆိုရှိတယ်"

မေမေက မျက်လုံးပြူးဖြင့် ကြည့်ပြီး…

"ဘာဖြစ်လို့လဲ"

"ပေါင်းရင် လင်အ၊ လင်ဖျင်းကိုပဲ ရမယ်တဲ့၊ အားကိုးရမယ်တဲ့"

"နင့်ကို ဘယ်သူက ပြောလဲ"

"လာပြန်ပြီ ဒီမေးခွန်း"

ဘယ်စာအုပ်ထဲက ဖတ်ထားသည်ဆိုတာကို ပြောမည်ပြုပြီးမှ လျှာက မလိုက်နိုင်ဘဲ ထစ်အ ထစ်အ ဖြစ်နေသည်။ ထို့ကြောင့် ဖတ်ထားသည့် ယောကျ်ားရှုပ်အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ် ဖြန့်မပ်ကြည့်ပြီးမှ…

"ဒီမှာ…သမီးက ကျမ်းကိုးနဲ့ပြောတာ၊ ဟွန်း…ဖတ်ပြမယ်၊ နားထောင်။ ဒီစကားရဲ့ မူရင်းကျမ်းက ဇာတ်။ ပါ။ ဒုအုပ်၊ ၁၂၀။ ၄။ ပဋ္ဌမအုပ် ၄၆၆ တဲ့၊ အဲဒီလို ရေးထားတယ်။ ဘာလဲတော့ သမီးလည်း မသိဘူး။ အဲဒီလို လင်ကို မယူရဘူးတဲ့၊ သူများရဲ့ နောက်လိုက်လင်တဲ့။

လင်အ၊ လင်ဖျင်းတဲ့''

မေမေက ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ ရွှပို့ကို ကြောင်တောင်တောင်ငေးကြည့်နေသည်။ ရွှပါက ဆက်တိုက်ဖိပြောလိုက်သည်။

''ဒီကိစ္စကို ဆက်မစဉ်းစားပါနဲ့တော့ မေမေရယ်၊ ဦးတင်ကိုကိုကိုလည်း စိတ်ကူးထဲက ဖယ်လိုက်ပါ''

''အောင်မာ...မိရွှပါ''

မေမေ့အသံက ဟိန်းထွက်လာသည်။ ထဘီကို စွန်တောင်ဆွဲလိုက်ပြီး ရှေ့ကို ခြေတစ်လှမ်းတက်ကာ...

''နင်နဲ့ငါ စကားပြောတာ တစ်ခုခုလွဲနေသလိုပဲလို့ အောက်မေ့နေတာ၊ ခုမှ တွေ့မိတယ်။ မောင်တင်ကိုကိုကို ငါက ယူမှာမို့လို့လားဟဲ့''

ဆွေ့ဆွေ့ခုန်ပြီး ဆက်ပြောသည်။

''ငါကပဲ အမြှုမဲ့ လင်ပစ်ခံရမလိုလို၊ ဗရင်ဂျီနှာပဲပေါက်နေသလိုလို။ ဟဲ့...မိရွှပါ မောင်ကိုကိုကို ညည်းယူရမှာလား။ ငါက ယူရမှာလား။ ငါက မောင်တင်ကိုကိုကို ယူမယ့်လူမို့လို့လား။ နင်ယူရမယ့် လူဟဲ့''

ရွှပါကလည်း ပေကပ်ကပ်ပါပဲ။

''အင်းလေ...မေမေတောင် မယူချင်တဲ့ လူတစ်ယောက်နဲ့ သမီးကို အတင်းပေးစားနေတာကိုး...၊ သမီး မယူနိုင်ပါဘူး။ ကိုယ့်ထက်လည်း အသက်အများကြီး ကြီးတယ်၊ ခုနက **ဇာတ်။ ပါ။ ဒု-အုပ်။ ၁၂။ ၄။ ပဥ္စမအုပ်။ ၄၆၆** မှာ ပါသေးတယ်။ အိုမင်းသောလင်ကို မယူရဘူးတဲ့''

''တော်...တော် မိရွှပါ။ နင် ငါ့ကို ဘာမှ စကားလာရှည်မနေနဲ့တော့။ ဒီကိစ္စကို ငါ စီစဉ်တာလည်း မဟုတ်ဘူး။ နင့်အဖေ စီစဉ်တာ။ ပြောချင်ရင် နင့်အဖေကို ပြော''

''သိပါတယ်၊ ဖေဖေ့ကိုလည်း ပြောမှာပါ။ ဖေဖေ ပြန်လာရင် အပြင်းအထန်ဆွေးနွေးရမယ့် ကိစ္စပါ။ တော်ပြီ...မေမေနဲ့ ဆက်မပြောတော့ဘူး။ ဖေဖေနဲ့ တိုက်ပွဲဝင်ဖို့ သွားပြင်ဆင်လိုက်ဦးမယ်။ အချိန်တောင် သိပ်မရှိတော့ဘူး''





မေမေက မျက်ခုံးပင့်ပြီး မေးသည်။

''ဘာတွေ ပြင်ဆင်မှာလဲ''

''၁၉၅၂ အထူးထိမ်းမြားမှု အက်ဥပဒေရယ်၊ ၁၉၅၄ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေရယ်၊ Lesser wife လို့ခေါ်တဲ့ မယားအငယ်အနှောင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အဲဒါတွေကို သွားဖတ်ရဦးမယ်''

''ဟေ...''

''မဟေနဲ့...ဖနီးမယားအကြောင်း ဖွင့်ဆိုထားတဲ့ သတ္တရိုဏ္ဍရပါဠိတော်၊ **၄၄၆။ ၄။ ၁၇၇၊ ဇာတ်ပါဠိတော်။ ပ-အုပ် ၇၈။ ၄။ ၃၁၃** ဆိုတာကိုလည်း သွားလေ့လာရဦးမယ်''

''ဟောတော်''

မေမေက သူ့ရင်ဘတ်ကို သူ့လက်နှင့်ဖိပြီး သူ့ပါးစပ်ဖြင့် ရေရွတ်သည်။ ထို့ကြောင့် 'ဟောတော်'ဟူသော အသံသည် မေမေ့အသံသာ ဖြစ်ပြီး ရွှပို့အသံ လားလားမှ မဟုတ်ပါချေ။

ဒုံတောင်ဒုံတောင်၊ ဆင်ဖြူတောင်ဝေဘ်
ဒုံခေါင်သဲဘွဲ့၊ ယုန်စနာတား
သုဉာသုဉာ၊ ကော်တေတို
ဒုံငှသယ်ပြန်၊ မြောက်ချိုမှန်ဖြ
မြင့်ဝန်ရှိသည်များ၊ မြင့်ရိုရှိမှုများဝယ်
အိကြွားတော့နှ၊ နတ်မျိုးမှန်သား
ရောင်ဖြန့်ထင်းထင်း၊ ဖင်ရိုင်းတာသစ်
စင်စစ်ခင်းကာ၊ ဓံနေရာထက်
သုစာဖတ်၊ နတ်မိုးပုရား
လေးဖိုးဖွေ့ရှာ၊ မဖွေ့ဝါနိုင်
နှစ်ဒါနှစ်ဒါ၊ တစ်လီရာကို
မှန်စွာဒုံငှေ၊ ရှာမြဲတွေ့ကို
မသွေစေနိုင်၊ ရှာစေမင့်။ ။





စိတ်ညစ်ရသည့်ကြားထဲ…ကဗျာကလည်း ဖတ်လို့ကို နားမလည်။ မော်ဒန်ကဗျာမို့လို့ဆိုလည်း အကြောင်းမဟုတ်။ ခုဟာက ရှေးကဗျာကြီး။ သင်္ချာသဘောတွေလည်း ပါသေးသည်။ လိုက်တွက်ကြည့်ချင်စိတ် ပေါက်လာသော်လည်း ဘယ်က စတွက်ရမည်မှန်းပင် မသိ။

"နှစ်ခါ၊ နှစ်ခါတစ်လီရာကို" ဆိုတာကိုပင် ဘာမှန်းတွေးမရ။ အစုန်အဆန် ထပ်ဖတ်ကြည့်သေးသည်။ နောက်ဆုံးတော့ စာအုပ်ကို ဘေးချထားလိုက်သည်။

အိမ်တစ်အိမ်သို့ ညည့်သည်မဟုတ် ဘာမဟုတ် ငရောက်နေခြင်းဖြစ်သည်။ အတွင်းခန်းထဲဝင်သွားသော မမကေသီကလည်း ခုထက်ထိ ပြန်ထွက်မလာသေး။ ဖျင်းရိုးငွေ့စွာ ဆက်ထိုင်နေရသည်။ ထရပ်နေလျှင်လည်း ညောင်းဦးမည်။ ဆက်ထိုင်နေတော့လည်း ဖျင်းလေသည်။

အတော်ကြာမှ…

"ရှုပါ…ဖျင်းနေပြီလား"

မမကေသီ ပြန်ထွက်လာပြီး မေးသည်။

"အင်း…ဖျင်းနေပြီ"

"လာ…လာ ရှုပြီ၊ အထဲသွားကြမယ်"

"မမကေသီ အချိန်ရတယ်နော်"

"အေးပါ…ရပါတယ်"

မမကေသီနှင့်အတူ အတွင်းခန်းထဲ ဝင်လိုက်သွားလိုက်၏။

အလွန်မှန်သည်ဆိုသော ဗေဒင်ဆရာမတစ်ဦး၏ အိမ်ဖြစ်၏။ မှန်သည်ဆိုသောအချက်က သိပ်အရေးမပါချေ။ အလွန်စွမ်းသော ဆရာမလည်းဖြစ်သည်။ ထိုအချက်က ရှုပ်ပို့ကို ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အမှန်တော့ ရှုပါက မိန်းမ သိပ်မဆန်လှ။ ဗေဒင်မေးလေ့လည်း မရှိ။ မကောင်းသော အချက်ပါလာလျှင် စိတ်ညစ်ရမည်စိုးသောကြောင့် မမေးခြင်းလည်း ဖြစ်သည်။ ယခုလည်း ကိုယ်ဖြစ်ချင်တာ ဖြစ်ရအောင် ယတြာအရင်ဖြင့် စွမ်းဆောင်နိုင်မည်ဆို၍ ရောက်လာခဲ့ခြင်းဖြစ်သည်။

ဆရာမက နာမည်ကြီးဆရာ မဟုတ်။ ဆရာမ ဒေါ်လီလီလှတဲ့။

သူ့အိမ်မှာ ဆိုင်းဘုတ်လည်း တပ်မထားချေ။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်သာ သူ့ဆီရောက်လာကြခြင်းဖြစ်သည်။ လူတိုင်းကိုလည်း လက်ခံတွေ့ဆုံခြင်း မရှိဟု သိရသည်။

ဒါတွေကို ရှုပါက သိပင် မသိပါ။ မမကေသီကို ကိုယ့်အကြောင်းတွေ ပြောပြမိသည်။ ကိုယ့်ဒုက္ခကို ညည်းတွားမိသည်။ မမကေသီက ဤဆရာမထံ ခေါ်လာသည်။ ထိုသို့ဖြင့် သေးငယ်သော်လည်း သပ်ရပ်သည့် ဤပျဉ်ထောင်အိမ်လေးထဲသို့ သူမ ရောက်လာရခြင်းဖြစ်သည်။

''ရှုပါ…ထိုင်''

စားပွဲတစ်လုံးရှေ့မှာ မမကေသီက ထိုင်သည်။ သူမကိုယ်တိုင်ကမူ စားပွဲနံဘေးမှ ကုလားထိုင်မှာ ဝင်ထိုင်ရသည်။

စားပွဲနောက်မှာ ဆရာမ ထိုင်နေသည်။ ဆရာမက အသက်မကြီးလှသေးချေ။ ငယ်ငယ်ပဲရှိသေးသည်။ ပြီးတော့ လှလှလေးဖြစ်သည်။ မျက်မှန်ဝိုင်းကလေးဖြင့် အတော်ကြည့်ကောင်းသည်။

''ကဲ…ထိုင်၊ ဘာကူညီပေးရမလဲ''

ခပ်ပြုံးပြုံးပြောသည်။ တရုတ်အမျိုးသမီးဖြစ်၍ စကားတော့ သိပ်မပီ။ သို့သော် ထိုမပီကလာ ပီကလာကပင် နားထောင်၍ ကောင်းလေသည်။

''ဟို…ကျွန်မရဲ့ အိမ်ထောင်ရေးကိစ္စ''

ဆရာမက ခေါင်းညိတ်ကာ…

''အမျိုးသားရဲ့ဇာတာ ပါသလား''

''အို…ဟို မဟုတ်ပါဘူး''

မမကေသီက ကြားမှ ဝင်ပြောပေးသည်။

''သူက အပျိုပါ ဆရာမ။ သူ့အိမ်က စီစဉ်ပေးတဲ့လူကို သူက မယူချင်ဘူး။ အဲဒါ…''

''ဩော်…''

ဆရာမက နားလည်မှုရှိစွာ ပြုံး၏။ ထို့နောက်မှ…

''ရည်းစားရှိနေလို့လား''

ရှုပါ ခေါင်းခါပြလိုက်သည်။





''ဟင့်အင်း…ရည်းစားလည်း မရှိပါဘူး ဆရာမ။ ဒါပေမဲ့ အိမ်က ပေးစားတဲ့လူကိုလည်း ကျွန်မ ဘယ်လိုမှ လက်မခံနိုင်ဘူး။ အဲဒီကိစ္စ ပျက်သွားစေချင်လို့ လာခဲ့တာပါ''

မမကေသီက ရှုပါ့ကို ဝင်ပြောသည်။

''ရှုပါ အားနာစရာ ရှက်စရာ ဘာမှမလိုဘူး။ ပွင့်ပွင့်လင်းလင်းသာ ပြောပြလိုက်။ ဒါမှ ဆရာမကလည်း တိတိကျကျ လုပ်လို့ရမှာ''

''ဟုတ်ကဲ့…ဟုတ်ကဲ့''

ရှုပါ ဆရာမကို ခပ်ဘွင်းဘွင်းပဲ ပြောရန် စိတ်ကူးလိုက်တော့သည်။ ထို့ကြောင့်…

''ဒီလိုပါ ဆရာမ''

''အင်း…ပြောပါဦး''

''ကျွန်မမှာ ရည်းစားလည်း တစ်ယောက်မှ မရှိပါဘူး။ တစ်ခါမှလည်း မထားဖူးပါဘူး''

''အင်း…ဟုတ်ပြီ''

''အခု အိမ်မှာ ဘေးကြပ်နံကြပ်ပြဿနာတစ်ခုကို ကျွန်မ ကြုံရပါတယ်။ ဖျော်လင့်မထားတဲ့ ပြဿနာပါ''

''ဘယ်လိုများပါလိမ့်…''

''ကျွန်မတို့မိသားစုမှာက ကျွန်မရဲ့ အဖေအမေထက် အဖေ့ရဲ့ အစ်မဖြစ်တဲ့ ကျွန်မ ကြီးတော်က ပိုသြဇာကြီးပါတယ်။ သူ့စကားဆိုရင် အားလုံးက နားထောင်ရပါတယ်''

''ဟုတ်ပြီ''

''အခု သူက မြန်မာပြည်မှာ မရှိပါဘူး။ အမေရိကမှာပါ။ သူက ကျွန်မကို အမေရိကလာခဲ့ဖို့ ခေါ်ပါတယ်''

''အင်း…သမီးက မသွားချင်ဘူးလား''

''ဟုတ်ကဲ့…မသွားချင်ဘူး။ မလာချင်ဘူး။ မြန်မာပြည်မှာပဲ နေချင်တယ်လို့ ငြင်းလိုက်တယ်''

ဆရာမက ရယ်ရင်း ပြောလေသည်။

''ပြောင်းပြန်ပဲ။ တချို့လူတွေက ဆရာမဆီကိုလာတာ နိုင်ငံခြား

သွားချင်လို့ပဲ။ သူတို့သွားဖြစ်အောင် ဆရာမက လုပ်ပေးရတယ်။ ခု သမီးကတော့ သူတို့နဲ့ ပြောင်းပြန်ပဲ''

''ဟုတ်ကဲ့။ သမီးက မလာဘူးလို့ ငြင်းလိုက်တော့ ပြဿနာ တစ်ခုက ထပ်ဝင်လာတယ်''

''အင်း...ပြော''

''သမီးမလာချင်ရင်လည်း နေပါလို့ ဒေါ်ကြီးက ပြောတယ်။ ဒါပေမဲ့ အဲဒါဆိုရင်လည်း အိမ်ထောင်ပြုတော့တဲ့''

''ဩော်...အဲဒီလိုလား''

''ဟုတ်ပါတယ်၊ အဲဒီအချိန်မှာ အိမ်က ကျွန်မကို လက်ထပ်ဖို့ စီစဉ်ပေးတဲ့ပုဂ္ဂိုလ်ကို ကျွန်မက လုံးဝ အယုံအကြည်လည်းမရှိ၊ မေတ္တာလည်း မရှိပါဘူး။ အတင်းငြင်းပါတယ်။ ဒါပေမဲ့ အိမ်က မိဘတွေက လက်မခံပါဘူး။ သူတို့ စီစဉ်ထားတဲ့အတိုင်းပဲ ကျွန်မကို အတင်းအဓမ္မ လက်ထပ်ခိုင်းတယ်။ ဒီလူ့ကို မယူချင်ရင် နိုင်ငံခြားကို သွားနေရမယ် တဲ့''

''ဩော်...ဩော်''

''အဲဒါပါပဲ၊ ကျွန်မ ဘေးကြပ်နံကြပ်ဖြစ်ရတဲ့ဒုက္ခပါ။ ဆရာမကို ကျွန်မ အကူအညီတောင်းချင်တာ သုံးခုရှိပါတယ်''

ဆရာမက ပြုံးလျက်...

''ပြောပါ''

''ကျွန်မ နိုင်ငံခြားမသွားချင်ဘူး ဆရာမ၊ ကိုယ့်နိုင်ငံမှာပဲ နေချင်တယ်။ နောက်တစ်ခါ သူတို့ပေးစားတဲ့ ယောကျ်ားကိုလည်း မယူချင်ဘူး။ အဲဒီလူကို ယူမယ့်အစား သေတာကမှ ကောင်းဦးမယ်။ အဲဒီကိစ္စ နှစ်ခုစလုံးကို မကြုံချင်ဘူး။ အဲဒီကြားမှာ တတိယကိစ္စ ဝင်လာတယ်။ နိုင်ငံခြားကိုလည်းမသွား။ အဲဒီယောကျ်ားကိုလည်း မယူဘဲ ဒီမှာ အေးအေး ဆေးဆေးနေချင်တယ်။ စိတ်မညစ်ချင်ဘူး။ ကျွန်မ ဒုက္ခမကြုံစေချင်ဘူး''

ဆရာမက ဘာမှတော့ ပြန်မပြော။ သို့သော် နားလည်မှုရှိစွာ ခေါင်းကို တဆတ်ဆတ်ညိတ်သည်။ သူ့ဘာသာ စာရွက်ပေါ်မှာ ဘာတွေ ချရေးနေသည်မသိ။ ရှုပါဏတာကိုလည်း မတောင်းသေးချေ။ အတော်





ကြာမှ...

''မွေးနှစ်ကို ပြော''

တစ်ခုချင်းမေးပြီး သူ့ဘာသာ တွက်လေသည်။ စေ့စေ့စပ်စပ်ကို တွက်ပုံရသည်။ မိနစ်(၂၀)ခန့် ကြာသည်။ ပြီးမှ...

''အားလုံး အဆင်ပြေသွားမှာပါ''

''ဟုတ်ကဲ့ ဆရာမ၊ ပြောပါဦး''

''ယတြာအစီအရင်ကလေးတွေကို လုပ်လိုက်လေ။ နည်းနည်းတော့ များတယ်။ ကိစ္စကလည်း သုံးခုကိုး''

''ဟုတ်ကဲ့''

''ငါးရက်ဆက်တိုက် လုပ်ရမယ်။ အဲဒီယတြာအစီအရင်ပေါ့ အစ ပြုတိုင်တည်တာကိုတော့ ဒီနေ့ညပဲ ကိုယ့်ဘာသာကိုယ်လုပ်လိုက်။ နော် နေ့တွေမှာ ငါးရက်ဆက်တိုက် လုပ်ရမယ်။ ကိစ္စတွေအတွက်က ယောကျ်ားလူငယ်တစ်ယောက်ရဲ့ အကူအညီ လိုတယ်'' မမေ

''ရှင်''

ရှုပါ မျက်လုံးဝိုင်းသွားရသည်။

''ယောကျ်ားလူငယ်...ဟုတ်လား''

ဆရာမကတော့ ဘာမှမထူးဆန်းသလိုပင် ခေါင်းညိတ်ပြ၏။ သူ တွက်ထားသော စာရွက်ကိုပဲ ကြည့်ကာ...

''အဲဒီလူငယ်ဟာ ကိုယ်နဲ့ရွယ်တူ၊ သို့မဟုတ် ကိုယ့်ထက် နှစ်နှစ် သုံးနှစ်ပဲ ကြီးရမယ်''

''ဟုတ်ကဲ့''

''အမည်မှာ အင်္ဂါနေ့နံစာလုံး မပါတဲ့ အင်္ဂါသား''

''ဟုတ်ကဲ့''

''အရာရာမှာ လွတ်လပ်သူဖြစ်ရမယ်''

''ရှင်...''

ထိုစကားကို ရှုပါ နားမလည်ချေ။ ဘေးမှ စိတ်ဝင်တစား နားထောင်နေသော မမကေသီက ဝင်မေးပေးသည်။

''ဆရာမ အကျယ်ရှင်းပြပါဦး''

"ဒီလိုပါ…အရာရာလွတ်လပ်သူဆိုတာက သူဟာ ကျောင်းသားလည်း မဟုတ်ရဘူး။ အလုပ်သမားလည်း မဟုတ်ရဘူး။ ကျောင်းပြီးလို့ အလုပ်ခွင်မဝင်ရသေးတဲ့သူဆိုရင် ဖြစ်တယ်။ ဒါပေမဲ့ မိဘအိမ်မှာ မနေရဘူး။ ယောက္ခမအိမ်မှာနေသူလည်း မဟုတ်ရဘူး။ အိမ်ထောင်မရှိရဘူး။ ရည်းစားလည်း မရှိရဘူး။ ဘုရားကလွဲပြီး နတ်မကိုးကွယ်ရဘူး။ အစားစားရင် ဘာသားညာသားမရှောင်ရဘူး။ အဲဒီလိုမျိုး လွတ်လပ်သူကို ဆိုလိုတာ"

"အယ်…ရှာဖို့လည်း လွယ်မှာမဟုတ်ပါဘူး။ လောလောဆယ်ကိုယ့်အပေါင်းအသင်းထဲမှာလည်း…"

စကားကို ဆုံးအောင် မပြောလိုက်ရပါ။ မမကေသီက ရှုပ်လက်ကို လှမ်းကိုင်ပြီး ခေါင်းညိတ်ပြ၏။ သူမ၏ အဆက်အသွယ်ထဲမှာ ရှိသည်ရှိသည့်သဘော။ ပူစရာမလိုဆိုသည့် သဘော။

ဆရာမက ဆက်ပြောသည်။

"အဲဒီငါးရက်မှာ အဲဒီလူငယ်လေးရဲ့ အကူအညီကို ယူရမယ့်ကိုယ်ကလည်း အဝါရောင်ချည်းပဲ ဝတ်ရမယ်။ အားလုံးအဆင်ပြေမှာပါ။ ကဲ…မှတ်ထား။ ဘာတွေလုပ်ရမယ်ဆိုတာကို ပြောပြမယ်"

"ဟုတ်…ဟုတ်ကဲ့"

အိမ်ပြန်ရောက်တော့ ဆရာမ မှာတာတွေကို စတင်စီစဉ်ရတော့သည်။ အဂါသားအတွက်ကတော့ နောင်ခါလာ နောင်ခါချေးပေါ့။ အဲ…သိပ်ကြာ၍တော့ မရ။ တော်ကြာ ယတြာချေဖို့ စီစဉ်နေတုန်း ကြားထဲမှာ ယူလိုက်ရလျှင် ခက်ဦးမည်။

ဧည့်ခန်းထဲမှာ ဘယ်သူမှမရှိ။ မေမေက ခြံထဲရောက်နေသည်။ ဖေဖေကတော့ ထုံးစံအတိုင်း ကုမ္ပဏီမှ ပြန်မလာသေး။ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးရယ်ထားပြီး မေမေရှိရာ ခြံထဲသို့ လိုက်ဆင်းခဲ့သည်။

အဆင်ပြေမည့်ပန်းအိုးတစ်လုံးကို ရှာသည်။ တွေ့ပြီ။ သို့သော် ထိုပန်းအိုးတစ်လုံးထဲကို မဲ၍ မရသေး။ တခြားပန်းအိုးတွေကို ဟန်ပြရေလိုက်လောင်းနေလိုက်သည်။ မေမေက ခွက်လှုပန်းပင်တွေကြား ရောက်နေရာမှ သူမကို တစ်ချက်လှမ်းကြည့်၏။ ပြီး…ပန်းပင်တွေကိုပဲ ကိုင်တွယ်ကြည့်ရှုနေတော့သည်။





ရှုပါက…

"မေမေ"

မေမေက လှည့်မကြည့်ဘဲ ပြန်ထူးသည်။

"ဟော…ဘာလဲ"

"ဒီမှာ…ဒီပန်းအိုးကို လာကြည့်ပါဦး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်း မသိလို့ပေါ့"

မေမေက ဟိုနားနှင့်ဒီနားကိုပင် အကြာကြီးကြာအောင် လျှောက်လာနေသည်။ ဒါကြောင့်လည်း သူ့ရည်းစားဟောင်းနှင့် နိုးရာမလိုက်ဖြစ်တဲ့ ဖေဖေနှင့် ယူခဲ့ခြင်း ဖြစ်သည်။

"ကစ်စဘီကွစ်ပင် ဘာဖြစ်လို့လဲ"

"ကြည့်ပါဦး။ အရွက်တွေက ပုံတစ်မျိုးဖြစ်နေသလားလို့"

အမှန်တော့ ဘာမှမဖြစ်ပါ။ သို့သော် သူမ၏စကားကြောင့် မေမေလည်း ဇဝေဇဝါဖြစ်သွားသည်။ အတန်ကြာအောင် အကဲခတ်ပြီးမှ…

"ဘာမှ မဖြစ်ပါဘူး"

နံဘေးမှာ ရှုပါချထားသော ရေခွက်ကို မယူပြီး ပန်းအိုးထဲ ရေလောင်းထည့်လိုက်သည်။ ရှုပါ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ ဂါကပင်လျှင် ရှုပါဆင်ထားသော အကွက်ဖြစ်လေသည်။

ပန်းအိုးအတွင်းမှ မြေက သဲမြေများဖြစ်၏။ မေမေက သဲထဲ ရေသွန်လိုက်ခြင်းဖြစ်သည်။ ထိုသို့ဖြင့် မေမေတို့၏ သူမအတွက် အိမ်ထောင်ရေးအစီအစဉ်များသည်လည်း သဲထဲရေသွန်ဖြစ်သွားပေလိမ့်မည်။

ဆရာမလုပ်ခိုင်းလိုက်သည့် အစီအစဉ်တစ်ခုတော့ အထမြောက်သွားပေပြီ။ မေ့ပြီး ရှုပါ အိမ်ထဲပြန်ဝင်လာခဲ့၏။ ပျော်သွားသဖြင့် ဘာကိုမှ ဂရုမထားလိုက်မိ။ မေမေက ရှုပါရှိသေးသည်အထင်နှင့် စကားတွေ တစ်ယောက်တည်းပြောရင်း ကျန်ရစ်ခဲ့လေသည်။ အဟိ…။

အိမ်ထဲမှာ နောက်ကိစ္စတစ်ခုကို ထပ်လုပ်ဖြစ်သည်။ အိမ်ဖော် မရှေလ။ အေးသန်းလည်း အူကြောင်ကြောင်ဖြစ်သွားရတော့၏။

အေးသန်းက အင်္ကျီများ မီးပူတိုက်ရန် အပေါ်ထပ်သို့ အတက်မှာ

ဖြစ်၏။

"ဟဲ့...အေးသန်း"

"ရှင်..."

အေးသန်းက လှေကားတစ်ဝက်ကျော်ကျော်မှ ပြန်ထူး၏။ ရှုပါက အောက်မှနေ၍...

"နင် ဘာလုပ်နေသလဲ"

"အပေါ်မှာ မီးပူတိုက်လို့ မပြီးသေးဘူး မမ"

ရှုပါက လက်ညှိုးထိုးလိုက်ပြီး...

"ပြန်ဆင်းလာခဲ့"

"ရှင်"

"ပြန်ဆင်းလာခဲ့"

"ဟုတ်...ဟုတ်ကဲ့"

အေးသန်း အူကြောင်ကြောင်နှင့် ပြန်ဆင်းလာသည်။ အောက်ရောက်တော့...

"ဘာဖြစ်လို့လဲ မမ၊ ဘာနိုင်းမလို့လဲ"

"ဘာမှ မဖြစ်ပါဘူး။ ဘာမှလည်း မနိုင်းဘူး"

"ဟင်...ဒါဖြင့်"

"ရပြီ အပေါ်ပြန်တက်တော့"

"ရှင်..."

"ရပြီ ပြန်တက်ဆို"

စောစောကထက်ပို၍ အူကြောင်ကြောင်ဖြစ်သွားသော မျက်နှာနှင့် အေးသန်း အပေါ်ထပ်သို့ ပြန်တက်သွားသည်။ ရှုပါ့ကို မသင်္ကာသလို လှည့်ကြည့်၊ လှည့်ကြည့်နှင့် တက်သွား၍ ရှုပါ ပြုံးမိသေးတော့သည်။

ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်မှ တဟားဟားရယ်မိသည်။ ဝါးလုံးကွဲရယ်ခြင်းတော့ မဟုတ်ပါ။ ဝါးလုံးကွဲမည်လည်း မဟုတ်ပါ။ ပုဖောင်းတော့ ကွဲနိုင်သည်။ ပုဖောင်းကွဲရယ်သံဟု ဆိုနိုင်သည်။

ဒါလည်း ဆရာမ ပိုင်းထားသော အစီအရင်ပင်ဖြစ်သည်။ လက်ဖဝါးမှာ ကိုယ့်နာမည်ကို ရေးပြီး လှေကားထက် တက်နေသူတစ်ယောက်





ကို လက်ညှိုးထိုး ဆင်းနိုင်းရမည်တဲ့။ ဘာအကျိုးရှိလဲတော့မသိ။ မည်သို့ပင်ဖြစ်စေ၊ အောင်မြင်သွား၍ ကျေနပ်သွားသည်။

နောက်ဆုံးတစ်ခုပဲ ကျန်တော့သည်။ ဖေဖေ့ကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေလိုက်သည်။

အမှန်တော့ ဖေဖေ့ကို ရှုပါ စိတ်ကောက်နေသည်။ ဦးတင်ကိုကိုနှင့်ကိစ္စအား ဖျက်သိမ်းရန် ဖေဖေက သဘောမတူ၍ဖြစ်သည်။ ဦးတင်ကိုကိုကိုပြောလျှင်ပင် ဤမျှလောက်စက်လိမ့်မည်မထင်။ ဖေဖေက အလွန်ခက်နေသည်။

ညကိုးနာရီထိုးခါနီးကျမှ ဖေဖေက ရောက်လာသည်။ ကားသံကြားကတည်းက တံခါးကို ရှုပါ သွားဖွင့်ပေးလိုက်သည်။ ဖေဖေက နည်းနည်းတွေလာပုံရသည်။ ရှုပါ့ကို မြင်တော့ အံ့ဩသွား၏။ ကိုယ်သူ့သတိအနေအထားသို့ ပြင်လိုက်ပြီး...

"ဒေါ်နု ဘယ်သွားလို့လဲ သမီး"

"ရှိပါတယ်"

ဒေါ်နုဆိုသည်က ရှုပါတို့အိမ်မှ လူယုံအမျိုးသမီးဖြစ်သည်။ အမည်က နုသော်လည်း လူက မနု။ ရှုပါ့ကို အိမ်မှာ လာပိုးသော လူငယ်လေးတစ်ယောက်ကို ဂုတ်မှဆွဲပြီး တွန်းထုတ်ဖူးသည်။ အခု ဒေါ်နုရှိပါသည်။ ရှုပါက တမင်တကာ တံခါးထွက်ဖွင့်ခြင်းဖြစ်သည်။ ကိုယ့်အကြံနှင့်ကိုယ်။

ထုံးစံအတိုင်း ဖေဖေက ရေအိမ်ဆီ တန်းသွားသည်။ ရှုပါက မသိမသာလိုက်သွားပြီး ရေအိမ်ရေခန်းထဲမှာ ဖေဖေထိုင်ကနုန်းကျလောက်မှ အပြင်မှာရှိသည့် ရေအိမ်မီးခလုတ်ကို ပိတ်လိုက်သည်။

"ဟာ..."

ရေအိမ်ထဲမှ ဖေဖေ့အသံကို မသဲမကွဲကြားရ၏။

"အရေးရယ် အကြောင်းရယ်ဆို မီးက ပြတ်ပြီ"

ရှုပါက ခပ်တည်တည်နှင့်...

"ဖေဖေက အထဲမှာလား"

"အေး...မီးစက်မောင်းနိုင်းစမ်းကွာ၊ ဒေါ်နုကို"

"မီးမပြတ်ပါဘူး။ သမီး ခလုတ်မှားနှိပ်လို့"

မီးပြန်ဖွင့်ပေးလိုက်သည်။

''ဖေဖေ မီးလင်းပြီလား''

''အေး...လင်းပြီ...လင်းပြီ''

''ခစ်ခစ်...ဖေဖေ အမှောင်နဲ့အလင်း သဲကွဲသွားပြီလား''

''သဲကွဲပြီဟေ့၊ သဲကွဲပြီ''

ရှုပါ စိတ်လက်ပေါ့ပါးစွာ ခည့်ခန်းဘက် ပြန်ထွက်ခဲ့၏။ ဒါက ဆရာမ ခိုင်းထားသည့် နောက်ဆုံးကိစ္စဖြစ်သည်။ ဖခင်ဖြစ်သူကို ထိုသို့ အမှောင်နှင့်အလင်း သဲကွဲပြီဟု ဝန်ခံပြောဆိုနိုင်းခြင်းဖြစ်၏။ ဖေဖေ ဘုမသိ ဘမသိ ခံလိုက်ရသည်။

မမကေသီနှင့်အတူ နက်ဖြန်ခါ အင်္ဂါသားဆီ သွားရမည်။ မမကေသီက ရအောင် အကူအညီတောင်းပေးမည်ဟုဆိုသည်။ လူကောင်းသူကောင်းပါဟုလည်း အာမခံသည်။ အဆင်ပြေလျှင် သနပ်ဘက်ခါမှစ၍ ကျန်သောအစီအရင်များကို ငါးရက်ဆက်တိုက် လှုပ်ရှားရမည်။ **အပူအပင်အားလုံးကို အိပ်သာထဲမှ ဖေဖေ့လို ဝေါခနဲ ရေဆွဲချလိုက်ချင်ပြီ။**

အဲဒီလိုနဲ့ပဲ အင်္ဂါသားဖြစ်တဲ့ ကျွန်တော့်ဆီကို ဗုဒ္ဓဟူးသမီးဖြစ်တဲ့ လင်းရှုပါက ကြာသပတေးနေ့တစ်နေ့မှာ ရောက်လာပါတယ်။

❖ ❖ ❖





(၁)

သူတို့ မရောက်လာခင်အချိန်ကလေးမှာပဲ ကျွန်တော်ဟာ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ စကားပြောနေခဲ့တယ်။ ကျွန်တော်ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေးမှာပါ။

ကျွန်တော် အဲဒီလိုစကားပြောရင်း အရှိန်တက်နေတဲ့အချိန်မှာပဲ သူတို့က ရောက်လာပါတယ်။ လက်ဖက်ရည်ဆိုင်ဆိုတာကလည်း လက်ဖက်ရည်ဖိုးပေးနိုင်ရင် ဝင်လာလို့ ရတာကိုး။ ကျွန်တော့်ဝိုင်းဆီကို သူတို့ မလာဘူး။ သူတို့ဘာသာ တခြားဝိုင်းမှာ မသိမသာ ထိုင်နေကြတယ်။

အဲဒီအချိန်မှာ ကျွန်တော်ဟာ သူငယ်ချင်းတွေရဲ့ ပြဿနာအဝဝကို ညီညွတ်မျှတစွာ ဖြေရှင်းပေးနေတယ်။ တစ်ယောက်က ပြောတယ်။

''နယ်က ငါ့ဆွေမျိုးတွေကွာ၊ အိမ်ငှားတင်မလို့ ငါ ပြင်ထားတဲ့ ကိုက်ခန်းလေးကို သူတို့နေမယ်ဆိုပြီး ရန်ကုန်ရောက်လာကြတယ်''

''ဆွေမျိုးအရင်းလား''

''အရင်းတော့ အရင်းပေါ့၊ ဒါပေမဲ့ မကောင်းပါဘူး''

''ဘယ်လို မကောင်းတာလဲ''

''ဟိုး...ငယ်ငယ် ငါတို့တွေ စီးပွားရေး အဆင်ပြေနေတုန်းက

အစစအရာရာ အိမ်ကို ဗိုဗိုစားသောက်ပြီး လာနေကြတယ်။ နောက်ပိုင်း ငါတို့ စီးပွားလည်း ပျက်သွားရော ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ရော။ အဲဒီအချိန်မှာ သူတို့က စပါးမှောင်ခိုလုပ်ပြီး ကြီးပွားနေတယ်။ နောက်တော့ သူတို့လည်း စီးပွားရေးအခြေ ပျက်ပါလေရော။ အခု ငါတို့ စီးပွားရေး ပြန်ဦးမော့လာတော့ ပြန်ရောက်လာကြပြန်ရော။ ဟိုပြော သည်ပြောနဲ့ ဆွေမျိုးအတင်းပြန်စပ်ပြီး အိမ်မှာရှိသမျှ လာယူနေတယ်။ ခုလည်း ငါနဲ့ ငါ့ကောင်မလေး လက်မထပ်ခင်စပ်ကြား လှငှားတင်မယ် စိတ်ကူးထားတဲ့ တိုက်ခန်းကို သူတို့နေမယ်ဆိုပြီး အထုပ်အပိုးနဲ့ ရောက်လာကြတယ်"

"စပေါ်ငွေတွေ လခတွေ ပေးမှာလား"

"ထပ်သရီး…ဘယ်ပေးရမှာလဲ၊ ပြန်ဆင်းခိုင်းရင်တောင် ဆင်းကြတော့မယ့်ဟာတွေ မဟုတ်ဘူး"

"ဟ…အဲဒါဆို လက်မခံနဲ့လေကွာ"

အဲဒီစကားကို ဝင်ပြောတာက ကျွန်တော် မဟုတ်ပါဘူး။ နိုင်ငံခြားသဘောင်္လိုက်ပြီး ပြန်လာတဲ့ မောင်မောင်လေးပါ။ ဆွေမျိုးတွေအကြောင်း ညည်းတွားနေတဲ့ကောင်ကတော့ ချစ်စိုးသူတဲ့။ ချစ်စိုးသူက အလျားတော်တော်ရှည်တဲ့ သက်ပြင်းတစ်ခုကို ချပါသည်။

"အေး…ဘယ်လက်ခံချင်ပါ့မလဲ၊ ဒါပေမဲ့ သူတို့က အလိုက်မသိဘူးကွ။ ဘယ်လိုပြောပြော မရဘူး"

ကျွန်တော်က ဝင်မေးလိုက်တယ်။

"အဒေါ်အပျိုကြီးတွေလား"

"မဟုတ်ဘူး။ ဦးလေးလူပျိုကြီးတွေ"

အင်…။

မောင်မောင်လေးက…

"အဲဒီတိုက်ခန်းက သရဲခြောက်တတ်တယ်လို့ ပြောလိုက်ကွာ"

"အေး…အဲဒီနည်းကို ငါ သုံးကြည့်ပြီးပြီ၊ သိပ်မရဘူး။ တောသားတွေဆိုတော့ သရဲယုံကြည်မှုတော့ ရှိတယ်၊ ဒါပေမဲ့ နေမှာပဲတဲ့"

ကျွန်တော်က…





"မင်းက သရဲကို ဘယ်လိုပုံစံမျိုး ပြောထားတာလဲ"

"သရဲလို့ပဲ ပြောထားတာပေါ့ကွ။ ဘယ်လိုပုံစံလဲတော့ မပြောထားပါဘူး"

"သရဲကို သူတို့ကြောက်မယ့်ပုံစံမျိုးလုပ်ပြီး ပြောပေါ့ကွ"

ချစ်စိုးသူက ဇဝေဇဝါနဲ့ ပြန်မေးတယ်။

"ငါ သိပ်နားမရှင်းသလိုပဲ။ မင်းကပဲ ဥပမာပြောပြစမ်းပါဦးကွာ"

"အေး…ဒီလိုလုပ်ကွာ"

"ပြောပါဦး"

"မင်းဦးလေး လူပျိုကြီးတွေကို သေသေချာချာပြောပြလိုက်"

"အေး…ဘယ်လိုပြောရမှာလဲ"

"အဲဒီသရဲက သရဲအခြောက်လို့"

"ဟော…"

ကျွန်တော့်စကားကြောင့် တစ်ဝိုင်းလုံး မျက်လုံးပြူးသွားကြတယ်။

"သရဲအခြောက်…ဟုတ်လား။ သရဲမိန်းမရှာကို ပြောတာလား"

"အေးပေါ့…မိန်းမရှာသရဲပေါ့။ သူတို့ဆီကို ဖင်ကလေးလှုပ်ပြီး လာမယ်၊ ကနွဲ့ကလျစကား ပြောမယ်၊ 'သွား…လူဆိုး' ဆိုပြီး ဂုတ်ကလေး လှမ်းချိုးမယ်၊ အဲဒါမျိုးပေါ့။ ဂုတ်မချိုးခင်မှာလည်း မင်းဦးလေး နှစ်ယောက်ကို သူ့စိတ်တိုင်းကျ ကစားဦးမှာ။ လက်အတင်းဆွဲပြီး ပန်းခြံထဲ လျှောက်ပြေးတာတို့၊ စုံတွဲသီချင်းနဲ့ တေးသရုပ်ဖော် ကတာတို့ပြီးတော့ အို…အာ အများကြီးပေါ့ကွာ၊ အဲဒါမျိုးသာ ပြောပြလိုက်ပေါ့"

မောင်မောင်လေးနဲ့ တင်ဝေက ရယ်ပါတယ်။ ချစ်စိုးသူရဲ့ မျက်နှာလည်း စပ်ဖြီးဖြီးဖြစ်လာပြီး ခေါင်းတဆတ်ဆတ်ညိတ်တယ်။

"အေး…ဟုတ်တယ်၊ ဒီအကြံမဆိုးဘူး။ ငါ အဲဒီလိုပဲ ပြောလိုက်မယ်။ အဲဒါဆိုရင်တော့ သူတို့ နေရဲတော့မှာ မဟုတ်ပါဘူး"

ချစ်စိုးသူရဲ့ပြဿနာ ပြီးသွားတော့ မောင်မောင်လေးရဲ့ ပြဿနာက ဝင်လာပြန်ပါတယ်။

"ငါ့မှာလည်း ပြဿနာနဲ့ကွ"

"မင်းက ဘာဖြစ်ရပြန်တာလဲ"

''ငါ နိုင်ငံခြားရောက်နေတုန်းက ဆုံခဲ့တဲ့ လူတစ်ယောက်ရှိတယ်။ ခု သူက မြန်မာပြည်ရောက်နေတယ်''

''နိုင်ငံခြားသားလား''

''မဟုတ်ဘူး၊ မြန်မာပဲကွ''

''အေး...ဘာဖြစ်လို့တုန်း''

''အမှန်တော့ အဲဒီလူက လူလည်၊ လူလိမ်ကွ။ ပတ်စပို့အတု လုပ်ပြီးတော့လည်း ထောင်ကျဖူးတယ်။ အဲဒါတွေနဲ့ လုပ်စားနေတာပဲ''

''အခု မြန်မာပြည်ရောက်တော့လည်း မင်းကို သူက ဒုက္ခပေးနေ ပြန်ပြီလား''

မောင်မောင်လေးရဲ့မျက်နှာက ရှုံ့မဲ့သွားတယ်။

''ကြီးကြီးမားမားတော့ မဟုတ်ပါဘူးကွ။ အကြောင်းအမျိုးမျိုးပြပြီး သူ့ကို ဝမ်းတေဘယ်လ်ပေး ကျွေးမွေးခိုင်းနေတာပါ''

''မကျွေးနဲ့ပေါ့ကွ''

''အေး...ငါ အတွေ့မခံဘဲ ရှောင်နေသေးတယ်၊ မရဘူးကွ။ လူလည်ပါလို့ ပြောထားသားနဲ့။ ငါတို့တွေ သဘောပေါ် ပြန်တက်ပို့ ဆိုတာကလည်း သူနဲ့ ကင်းလို့မရတဲ့ အပိုင်းလေးတွေက ရှိနေပြန်တယ်''

''အဲဒါဆိုလည်း အလုပ်ဖြစ်မှ ကျွေးမယ်လို့ ပြောလိုက်ပေါ့ကွာ''

''မရပါဘူးဆို၊ လူလည်ပါဆို။ ငါထိုင်တတ်တဲ့ ဆိုင်တွေကိုတောင် သူ့ဟာသူ ကြိုကြိုရောက်နေတယ်။ တောက်တဲ့ကပ် လိုက်ကပ်နေတယ်။ ဒီညနေတောင် ငါ့ကို ကျွေးခိုင်းနေသေးတယ်။ ဘလိုင်းကျွေးခိုင်းတာမျိုး တော့ မဟုတ်ဘူးပေါ့ကွာ။ အလုပ်ကိစ္စပြောမှာလိုလို ဘာလိုလိုနဲ့ ကျွေးခိုင်း ဦးမှာပေါ့။ ပြီး...သူက ပြောသေးတယ်''

''ဘာပြောတာလဲ''

''ဩော်...ဒီနေ့ သူ့မှာ ဒီလိုစားပွဲတွေ ဘယ်နှပွဲလောက် ဆက်ခဲ့ပြီ ဆိုတဲ့အကြောင်း။ နိုင်ငံခြားသားတွေကရော၊ ကုမ္ပဏီဒါရိုက်တာတွေက ရော သူ ငြိမ်းနေတဲ့ကြားက အတင်းအဓမ္မလိုက်ကျွေးနေကြတဲ့အကြောင်း။ သူ့မှာ အားနာပါးနာနဲ့လိုက်စားခဲ့ရတဲ့အကြောင်း အဲဒါတွေ ပြောသေးတာ''

ကျွန်တော်က လက်ဖျောက်တီးလိုက်ပြီး...





''ဟာ...ဟုတ်ပြီ အပိုင်ပဲ၊ အဲဒါဆို မင်း ဟိုဟာသထဲကလို လုပ်လိုက်''

မောင်မောင်လေးက အားတက်သရော ပြန်မေးတယ်။

''ဘယ်လိုလုပ်ရမှာလဲ''

''မင်း သူ့ကို ဘာစားပွဲမှ ထပ်မှာကျွေးမနေနဲ့တော့၊ အစာကြေ ဆေးသာ တစ်ပုလင်းဝယ်ပေးလိုက်။ ဒါ့ထက်စေတနာပိုပြီး ပေးချင်သေး ရင် သူဆောင်ထားဖို့ သွားကြားထိုးတံတစ်ဘူးလောက် ဝယ်ပေးလိုက်။ သူ့ဘဝမှာ မင်းလို အလိုက်သိတဲ့မိတ်ဆွေမျိုး နောက်တစ်ယောက် မရှိနိုင် ဘူးဆိုတာကိုလည်း အလေးအနက် ပြောပြလိုက်''

''အေး...ဟုတ်တယ်၊ အဲလိုသာ လုပ်လိုက်ကွာ''

အဲဒီစကားကို ဝင်ပြောတာက တင်ဝေပါ။ စကားဆုံးဆုံးချင်း တင်ဝေ့ရဲ့အကြည့်က ကျွန်တော့်ဆီကို ရောက်လာလို့...

''ပြော...မောင်တင်ဝေ၊ မင်းကရော ဘာဖြစ်သလဲ''

''ငါဖြစ်နေတဲ့ဒုက္ခက ပိုပြီး ကပ်သီးကပ်သပ်နိုင်တယ်''

''ဆိုစမ်းပါဦး''

ကျွန်တော်အပါအဝင် အားလုံးက တင်ဝေ့စကားကို စိတ်ဝင်တစား နားထောင်လိုက်ကြတယ်။

တင်ဝေက ကျွန်တော်တို့အုပ်စုထဲမှာ အအဆုံးပါပဲ။ ထီဆိုင် သုံးလေးဆိုင် ဖွင့်ထားတယ်။ ကာကတစ်စီးနဲ့ ဆိုက္ကားသုံးစီးထောင်ထား တယ်။ အဲဒီငွေတွေကိုပဲ ထိုင်စားနေတဲ့ကောင်။

''ငါဖြစ်တာက ငါ့ယောက္ခမကြီး''

''အေးလေ...ဘာဖြစ်တာလဲ ပြောပါ''

''ငါ့ယောက္ခမကြီးက ဘာသာရေးသမားကွ၊ ထုံးစံအတိုင်း ဘုရား တရားလည်း လုပ်တယ်၊ စိတ်လည်း တိုတယ်၊ စကားပြောရတာလည်း မှုကျတယ်ပေါ့ကွာ''

''အင်း...ဟုတ်ပြီ၊ ဆက်ပြော''

''ငါတို့လင်မယားက ယူထားတာမှ မကြာသေးဘူး။ တစ်ယောက် နဲ့တစ်ယောက် ချစ်ကျိုးစယ်လို့ မဝသေးဘူး။ သူက ဘေးကနေ ကန့်လန့်

လုပ်နေတယ်"

"ကြားကနေ ကန့်လန့်လုပ်တယ်၊ ပြောစမ်းပါကွာ"

တင်ဝေက ခေါင်းခါတယ်။

"မဟုတ်ဘူး။ ကန့်လန့်တော့ ကန့်လန့်ပဲ၊ ကြားကနေ ကန့်လန့်လုပ်တာတော့ မဟုတ်ဘူး။ ဘေးကနေ ကန့်လန့်လုပ်နေတာ"

"ကဲ…ဟုတ်ပြီ ပြောပြော၊ မင်းဟာ မင်း ဆက်ပြော"

"တို့လင်မယား ချစ်ချစ်ခင်ခင်နေတာကိုတွေ့ရင် သူက ဘေးကနေ မကြားတကြား ပြောတယ်။ ငါက ငါ့မိန်းမကို ချစ်တာ၊ ငါ့မိန်းမက ငါ့ကို ချစ်တာ၊ အဲဒါကို ယုံဘူးဆိုတဲ့ သဘောပေါ့ကွာ"

"ဟာ…အဲဒါတော့ ရိုင်းတာပေါ့"

"မရိုင်းဘူးကွ၊ သူပြောတာက ယဥ်တယ်။ သူပြောတာကလည်း ဟုတ်တော့ ဟုတ်ပါတယ်။ အဲဒါကြောင့် ခက်နေတာ"

"ဘယ်လိုပြောလို့လဲ"

"ပုတီးကြီးကိုင်ပြီး ပြောနေတာပေါ့ကွာ။ အလကားပါ…လူတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးတဲ့"

"အဲ…"

"သူ အဲလိုလုပ်နေတော့ ငါတို့လင်မယားလည်း စိတ်အနှောင့်အယှက်ဖြစ်တာပေါ့ကွာ။ သူက တရားနဲ့ယှဥ်တဲ့စကားကို ပြောတာဆိုတော့ ပြန်ငြင်းဖို့လည်း မလွယ်ဘူးပေါ့။ ဒါပေမဲ့ ဒီလိုကြီးကျတော့လည်း တစ်နေ့ထက်တစ်နေ့ ငါက အနေခက်လာတယ်"

"အတိုးကြီးလား။ အဘွားကြီးလား"

"အတိုးကြီး"

စကားဝိုင်းက ခဏငြိမ်သက်သွားတယ်။ တင်ဝေက ကျွန်တော့်မျက်နှာကို ငေးကြည့်နေတယ်။ ချစ်စိုးသူနဲ့ မောင်မောင်လေးကတော့ စဥ်းစားရကြပ်သလို ခေါင်းကုတ်ကြတယ်။

"ကဲ…ဆရာကြီး မတတ်နိုင်တော့ဘူး မဟုတ်လား"

တင်ဝေက မေးတယ်။ ကျွန်တော် တဟဲဟဲရယ်ပြလိုက်ရင်း…

"ဩော်…အမေးရှိတော့လည်း အဖြေရှိရမှာပေါ့ကွာ။ ပြဿနာ





ဆိုတာ ရှိလာရင် ဖြေရှင်းချက်ဆိုတာကလည်း ရှိရစမြဲပါပဲ"

"အေး…ဟုတ်ပြီကွာ၊ လုပ်ပါဦး။ ဒါဖြင့်လည်း အကြံလေး ဘာလေး ပေးပါဦး"

"အဟမ်း…အဟမ်း ပြောရရင်တော့ ဒီလိုကွ။ အချစ်ဆိုတဲ့ စကားလုံးပေါ်မှာ မူတည်ဆွေးနွေးရမှာပဲ"

"ဟုတ်အောင် ပြောကွာ"

"နားထောင်ပါကွာ၊ ပြောရင်းနဲ့ ဟုတ်သွားမှာပေါ့"

"ကဲ…ပြောပြော"

"အချစ်ဆိုတာက မျိုးစုံရှိတယ်ကွ၊ မိဘဆွေမျိုးသားချင်းတွေချင်း ချစ်ခင်ကြတာမျိုးကို Kimship love လို့ ခေါ်တယ်။ အဲဒီလို အချစ်မျိုးကြီးသူတွေက ကဗျာတွေ သီချင်းတွေနဲ့ အမေ့အကြောင်း၊ အဖေ့အကြောင်း ဖွဲ့ကြတယ်"

"အဲဒါ ဘာဖြစ်လဲ"

"နေပါဦး၊ ဆက်နားထောင်ပါဦး"

"ကဲ…ကဲ ဒါဆိုရင်လည်း ဆက်ပြော"

"တိုင်းပြည်နဲ့လူမျိုးကိုချစ်တာ၊ ဘာသာ သာသနာကို ချစ်တာ၊ အဲဒါမျိုးကိုကျတော့ Idealistic Love လို့ ခေါ်တယ်။ အဲဒီလိုပုဂ္ဂိုလ်တွေကလည်း တိုင်းချစ် ပြည်ချစ်သီချင်း၊ ဘာသာ၊ သာသနာဆိုင်ရာ ဆောင်းပါးတွေ ရေးထိုးလေ့ရှိကြတယ်"

"အင်း…ဟုတ်ပြီ ဆက်ပြော"

"တချို့ကျတော့လည်း ချစ်သူကို ပိုင်ဆိုင်ဖို့မကြိုးစားဘဲ အိပ်မက်အလွမ်းအမောတွေနဲ့ပဲ ဝိုးတဝါးချစ်နေတတ်တယ်။ အဲဒီလူတွေကျတော့လည်း အဲဒါမျိုးအတွေးအခေါ်ကို သီချင်းတွေ ကဗျာတွေ ဖွဲ့ကြပြန်ရော၊ သူတို့ကတော့ Romantic love တွေပေါ့ကွာ"

"ကျန်သေးလား"

"ကျန်သေးတာပေါ့။ စိတ်လှုပ်ရှားမှု စိတ်တိမ်းညွတ်မှုတွေကို အခြေခံပြီး သနားချစ်တို့၊ စိတ်ကစားချစ်တို့ ချစ်တာမျိုးကျတော့ Sentimental Love လို့ ခေါ်တယ်။ သူတို့ကလည်း သူတို့ရဲ့ စိတ်လှုပ်ရှားမှု

တွေကို စာတစ်တန်ပေတစ်ဖွဲ့ ရေးကြတာပဲ''

''မင်းဟာက ထုံးဦးတော့မှာလား''

''လိုရင်းကို ရောက်ပါတော့မယ်။ မင်းနဲ့ မင်းမိန်းမ ချစ်တာမျိုးကျတော့ Sexual Love လို့ ခေါ်တယ်။ လင်ချစ် မယားချစ်ပေါ့ကွာ။ စုံရိုးမှာ တစ်ယောက်ကိုတစ်ယောက် အချစ်ဦးကာ ချဲ့နေကြရုံ ဘယ်ကမလဲ၊ သမီးရည်းစားဘဝတည်းက မင်းမိန်းမကို မင်း ရည်းစားစာတွေ ပေးတယ် မဟုတ်လား''

''အေး...ပေးတယ်၊ အဲဒါ ဘာဖြစ်လဲ''

တင်ဝေ့ကို ကြည့်ရတာ သိပ်စိတ်ရှည်ပုံမပေါ်ချေ။ ကျွန်တော့်စကားတွေကို နားထောင်နေရတာ သူ့ယောက္ခမနဲ့ လားလားမှ မသက်ဆိုင်လို့ ထင်နေပုံရတယ်။ ကျွန်တော်က ပြုံးစိစိနဲ့ ဆက်ပြောလိုက်တယ်။

''အချစ်ဆိုတာက အဲလိုမျိုးစုံရှိသေးတယ်ကွာ။ Platonic Love တို့ Spiritual love တို့ ဆိုတာမျိုးတွေလည်း ရှိသေးတယ်။ ထားလိုက်ပါတော့။ မင်းယောက္ခမကြီးပြောတဲ့ ကိုယ့်ကိုယ်ကို ပြန်ချစ်တဲ့ အချစ်ကိုတော့ ငါလည်း မပြောတတ်ဘူး''

''အေး...ဟုတ်ပြီ၊ အဲဒီတော့ ငါက ဘယ်လိုလုပ်ရမှာတုန်း''

''အေးပါ...ငါ့မှာ အကြံပေးစရာတစ်ခုရှိပါတယ်။ ရှေ့ပိုင်းမှာ မင်းကို ငါပြောခဲ့တာတွေက အလကားမဟုတ်ဘူး''

''အလကား မဟုတ်ဘူးဆိုရင်လည်း ထိုက်တန်ကြောင်း သက်သေပြတော့ကွာ''

''ဘာအချစ်နဲ့ ချစ်သူ့ဖြစ်ဖြစ် စာတိုပေစတော့ ရေးဖွဲ့ကြတာချည်းပဲ။ လူဟာ ကိုယ့်ဟာကိုယ် အချစ်ဆုံးပဲလို့ အမြဲတမ်းပြောတဲ့ မင်းယောက္ခမကြီးကို တိုက်တွန်းကြည့်စမ်းကွာ''

''ဘာတိုက်တွန်းရမှာလဲ''

''သူ့ကိုယ်သူ ရည်းစားစာ ပြန်ရေးကြည့်စမ်းပါလို့''

''ဟေ...''

''ပြီး...တစ်ခါ သူ့ကိုယ်သူ စာပြန်ပါလို့''

တင်ဝေ ပါးစပ်အဟောင်းသားဖြစ်နေချိန်မှာပဲ ချစ်စိုးသူနဲ့ မောင်





မောင်လေးက တဝါးဝါး ထရယ်တယ်။ တင်ဝေလည်း တဖြည်းဖြည်းနဲ့ ရယ်ကျဲကျဲဖြစ်လာပြီး...

''အဲလိုသွားခိုင်းလို့ သူက ဘယ်လုပ်မလဲကွာ''

''အေးလေ...ဘယ်လုပ်မလဲ၊ ဒါပေမဲ့ ခိုင်းကြည့်စမ်းပါ။ နောက်ကို လူ သိပ်မပြောရဲတော့ဘူး။ မယုံရင် မင်း စမ်းကြည့်''

''အေး...ဟုတ်တော့ ဟုတ်တယ်ကွ၊ အဲလိုပဲ စမ်းကြည့်ရင် ကောင်းမယ်''

လက်ဖက်ရည်ဝိုင်းကနေ ကျွန်တော်တို့ထကြတဲ့အချိန်မှာ ကျွန်တော် မသိတဲ့ ဗုဒ္ဓဟူးသမီးလေးက ကျွန်တော့်ကို အသံလှမ်းပြုပါတော့တယ်။

''အဂါသား၊ အဂါသား''

ကိုယ့်နာမည်ကို ခေါ်တာ မဟုတ်ပေမယ့် ကိုယ့်ကို ခေါ်မှန်း သိလိုက်လို့ ကျွန်တော် လှည့်ကြည့်ဖြစ်တယ်။

အဲဒီဆံပင်ဂုတ်ဝဲကောင်မလေးနဲ့အတူ မကေသီကလည်း ကျွန်တော့်ကို ပြုံးပြနေတယ်။ သူ့အပြုံးက စက်ဘူလက်ဖက်ရည်လိုပဲ၊ ကော်ဖီတစ်ဝက်၊ လက်ဖက်ရည်တစ်ဝက် ရောထားသလို ချိုနေတယ်။

ကောင်မလေးကို တစ်ချက်မျက်လုံးဝင့်ကြည့်ပြီး သူတို့ဝိုင်းကို ကျွန်တော် လျှောက်သွားမိရာကနေ ဒီဇာတ်လမ်းကြီး စပါတော့တယ်။ သူတို့ပြောတာတွေကို နားထောင်အပြီးမှာ ကျွန်တော် ပင့်သက်ရှိုက်မိတယ်။

မမကေသီရဲ့ စကားဆိုတော့ ကျွန်တော် ငြင်းဖို့ ခက်သွားတယ်။ မှလို ကျွန်တော်တို့ သုံးကြတာဟာ TV ထဲမှာသာဆိုရင်တော့ မကေသီကို ဆိုင်အပြင်မှာရှိနေတုန်း ကျွန်တော် ခလုတ်ပိတ်ပစ်လိုက်မိမှာပဲ။ မှာက အပြင်လောကမှာဆိုတော့ ခက်တယ်။

ကြည့်ကြက်လှုပ်ရှားပေးရတော့မှာပေါ့ဗျာ။

(၂)

"ကဲ…ပြော မယ်မင်းကြီးမ"

"ကျွန်မကို မယ်မင်းကြီးမလို့ မပြောပါနဲ့"

"မောင်မင်းကြီးသားမှ မဟုတ်တာ၊ မယ်မင်းကြီးမပေါ့"

"ကျွန်မနာမည် လင်းရွှေပါ။ ကျွန်မကို နာမည်ပဲခေါ်"

"ဩော်…ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် 'ဗဂျမ်း'ပါ"

ကျွန်တော်က အနောက်တိုင်းသားတွေလို လက်ကမ်းပေးလိုက်တော့ သူက အရှေ့တိုင်းသူတွေလို မျက်စောင်းထိုးပါတယ်။

"ရှင်နဲ့ ကျွန်မက သိပြီးပြီပဲ၊ မိတ်ဆက်နေစရာ မလိုပါဘူး"

ကျွန်တော် ပြုံးလိုက်မိတယ်။ ကျွန်တော့်အပြုံးက "အရှေ့တိုင်းလည်း မဆန်၊ အနောက်တိုင်းလည်း မဆန်ဘဲ အလယ်တိုင်းဆန်သွားပုံရပါရဲ့။ ကျွန်တော့်အပြုံးကိုကြည့်ပြီး သူ မတင်မကျဖြစ်သွားတယ်။ ဘယ်လိုမှလည်း မပြောသာဘူး။

ကျွန်တော်ကပဲ…

"ကဲ…ပြောပါ မလင်းရွှေပါ၊ ဒီနေ့ ခင်ဗျားကို ကျွန်တော် ဘာ

လုပ်ပေးရမလဲ''

''ရှင့်စကားက ဘယ်လိုကြီးလဲ''

''ဟ…ဘာလုပ်ပေးရမလဲလို့ မေးတာလေ''

''ရာရာစစ ရှင် မိန်းကလေးတစ်ယောက်ကို အဲဒီလို မေးစရာလား''

''ကျုပ်က ရိုးရိုးသားသားမေးတာဗျ''

''ဘာ…ကျွန်မက မရိုးမသားဖြေတာပေါ့ ဟုတ်လား''

ကောင်မလေး စိတ်တိုနေပုံကိုကြည့်ပြီး ကျွန်တော် ရယ်မိတယ်။ သုံးဆယ့်နှစ်ချောင်းသော သွားဆိုတာ ပေါ်မပေါ်တော့ မသိဘူးပေါ့လေ။ ကျွန်တော့်သွားတွေဟာ (၃၂)ချောင်းရှိမရှိလည်း ကျွန်တော် မသိဘူး။ တစ်ခါမှလည်း ရေမထားမိဘူး။

''ကဲ…ကျွန်တော်က ခင်ဗျားကို ရိုးရိုးသားသားနောက်တစ်ခေါက် ထပ်မေးမယ်၊ ခင်ဗျား နားခံသာအောင် မေးပါ့မယ်။ ကဲ…အမိန့်ရှိပါ။ ဒီနေ့အဖို့ရာ ခင်ဗျားကို ကျွန်တော် ဘာကူညီရမလဲ''

''ကျွန်မတို့ ပန်းခြံတစ်ခုဆီကို သွားကြရမယ်''

ကျွန်တော် လန့်သွားတယ်။ လင်းရှုပါဆိုတဲ့ ဗုဒ္ဓဟူးသမီးကလည်း သူ့ဘာသာ ရှက်သွားတယ်။

''ပန်းခြံထဲသွားပြီး ကျွန်တော်က ခင်ဗျားကို ဘာ…ဘာလုပ်ပေးရမှာလဲ''

''ရှင်နော်…ဒီစကားကြီး ပြောပြန်ပြီလား''

''ဘယ်လိုပြောပြော အဓိပ္ပါယ်က အတူတူပါပဲဗျာ၊ ကဲ…ထားပါတော့၊ ပြင်ပြောပေးမယ်၊ ကျွန်တော်က ခင်ဗျားကို ဘာကူညီရမှာလဲ''

''ဘာမှ ကူညီစရာ မလိုပါဘူး''

''ဟင်…''

''ဒီလို…ဒီလိုပါ''

''အင်း…ပြော''

''ကျွန်မက တံတားပေါ်မှာ ဖြတ်လျှောက်ရမယ်၊ ရှင်က ကျွန်မ ဘေးကနေ အတူလိုက်လျှောက်ပေးရုံပဲ''





''ခင်ဗျားချေမယ့် ယတြာဆိုတာက ဒါပဲလား''

သူက တစ်ချက်စဉ်းစားတယ်။ အဲဒါကြောင့် ကျွန်တော်က နှစ်ချက် စဉ်းစားရတယ်။ သူ ဘာကို ပြောမှာလဲဆိုတာရယ်၊ ဘာကြောင့် စဉ်းစား နေတာလဲဆိုတာရယ်။

''ဒီလိုရှင်…၊ ရှင် ရှင်းသွားအောင် ကျွန်မ ပြောပြလိုက်မယ်''

သူရှုပ်သွားအောင် ကိုယ်နားမထောင်ဘဲ နေလိုက်ရင် ကောင်းမလား။ ထားလိုက်ပါတော့၊ မလုပ်တော့ပါဘူး။ သူပြောမှာကိုပဲ နားထောင် နေလိုက်တော့မယ်။

''ကျွန်မက တံတားအသစ်ပေါ်မှာ ဖိနပ်အပေါင်းနဲ့ ဖြတ်လျှောက် ရမယ်။ အဲဒါကို ရှင်က ဘေးက ကပ်လိုက်ပေးရမယ်''

''ဘယ်နှခေါက် လျှောက်ရမှာလဲ''

''အခေါက်ရေ မကန့်သတ်ဘူး။ လျှောက်နိုင်သလောက် လျှောက် လို့ပဲ ပြောတယ်''

''ဟို လက်တွေဘာတွေ တွဲရဦးမှာလား''

''အိုး…ဘာလို့တွဲရမှာလဲ၊ ရှင်နော်''

''မသိဘူးလေဗျာ၊ စကားမကျွန်အောင် မေးထားရတာပေါ့၊ နေဦး တစ်ခုရှိသေးတယ်''

''ဘာလဲ''

''ကျွန်တော်တို့က ဘာတွေ ပြောသွားရမှာလဲ''

''ဘာမှ အထူးအထွေမမှာလိုက်ဘူး။ ပြောလို့လည်း မမှာလိုက်ဘူး။ မပြောနဲ့လို့လည်း မမှာလိုက်ဘူး''

''ဗေဒင်ဆရာမကလား''

''အင်း…''

''ခင်ဗျားက လှတာပဲ၊ ခင်ဗျားရဲ့ဘေးမှာ ကျွန်တော်က မိန့်မိန့် ကြီး၊ ပြုံးပြီး ဂုဏ်ယူဝင့်ကြွားသလိုလိုက်လာရင်ကော ရလား''

''ဟွန်း…ဒါတော့ ရှင်က အသားယူတာပဲ''

''မခံချင်ရင် ခင်ဗျားက ကလှဲ့စားချေလို့ရတာပဲ''

''ဘယ်လို ကလဲ့စားချေရမှာလဲ''

"ခင်ဗျားကလည်း ကျွန်တော့်ဘေးမှာ ပျော်ပျော်ရွှင်ရွှင်လိုက်လာခဲ့ပေါ့ဗျာ၊ ဘေးလူတွေကိုလည်း လှည့်ပြုံးပြလိုက်၊ ကျွန်တော့်နားကို ပိုတိုးကပ်လိုက်၊ ရှက်ကိုးရှက်ကန်းလုပ်ပြလိုက်၊ အဲဒီလို လုပ်ပေါ့"

"အောင်မာ…ကဲ…"

"အား…"

သူက ကျွန်တော့်ကို ဆိတ်ဆွဲပါတယ်။ အတော်နာပါတယ်။ နှုတ်ကလည်း ပြောသေးတယ်။

"ရှင့်ကို အဲဒီလိုမျိုးတော့ အသားပြန်မယူဘူး။ ဒီလိုမျိုးပဲယူမယ်။ မှတ်ပြီလား"

"တကယ်ပဲ့ပါသွားပါဦးမယ်ဗျာ၊ လားလား…အတော်နာတာပဲ"

"မနာချင်ရင် နောက်ကို ဒီလိုမျိုး မပြောနဲ့"

သူတို့ကိစ္စကိုလည်း ကိုယ်က ကူရသေးတယ်၊ ကိုယ်ချည်း ခံနေရတယ်။ သူက အထက်စီးက ဖွန်း…။

အဲဒီလို ကျွန်တော်တို့ အချင်းများနေကြတာ သူ့ကားပေါ်မှာပါ။ ကားကိုလည်း သူကပဲ မောင်းပါတယ်။ ကားမောင်း ကျင်လည်ပုံရပြီး တစ်ချက်တစ်ချက်မှာ အတော်အမောင်းကြမ်းပါတယ်။

စကားစပြတ်သွားကြတော့ ကျွန်တော် သူ့ကို ငေးကြည့်နေမိတယ်။ သူက အတော်လှပါတယ်။ ဒါပေမဲ့ သူ့မှာ အလှထက် ပိုပြီးထင်ရှားတဲ့ အရာ ရှိတယ်။ အဲဒါက ကြည်လင်စင်ကြယ်မှုပါပဲ။

သူ့အလှက မွန်ရည်သန့်ပြန့်လွန်းတယ်။ ခုနက ကျွန်တော့်ကို သူ ရန်ထောင်သွားတာတွေကိုလည်း ကိုယ်တွေ့မို့လို့သာ ယုံရတယ်။ သူ့မျက်နှာလေးက အရမ်းအပြစ်ကင်းတာပဲ။ အသားအရည်ကလည်း ရွှေလိုဝင်းလို့။

"ရှင် ကျွန်မကို ဘာကြည့်နေတာလဲ"

"ဩော်…တွေတွေထူးထူးတော့ မဟုတ်ပါဘူး။ အပြင်ကို ကြည့်ရတာ မူးလို့"

"အမ်…ဒါနဲ့ပဲ ကျွန်မကို ကြည့်နေရရောလား"

"မကျေနပ်ရင် ခင်ဗျားကလည်း ကျွန်တော့်ကို ပြန်ကြည့်ပေါ့





ဗျာ"

"လုပ်မနေနဲ့"

သူက ကားမောင်းနေရာကနေ ကျွန်တော့်ကို ငဲ့ကြည့်ပြီး မကျေမနပ်ပြောပါတယ်။ အဲဒီလိုပြောလိုက်တဲ့ ဟန်ပန်လေးကလည်း လှပါတယ်။

"ခု…ခင်ဗျား ပန်းခြံဆီ မောင်းနေတာလား"

"ဟုတ်တယ်"

"ဘယ်ပန်းခြံလဲ"

"ရောက်တော့ တွေ့မှာပေါ့၊ ဒါ့ထက်…"

သူက စကားကို ဆုံးအောင်မပြောလို့…

"ဘာလဲ"

"ရှင့်မှာ စက္ကူပါလား"

"ဟင့်အင်း…ရေပဲပါတယ်၊ စက္ကူမသုံးဘဲ ရေပဲ သုံးလိုက်ပါလား"

"ဘာ…ရှင့်"

သူ ဒေါပွသွားပါတယ်။

"ရှင် ဘာပြောပြန်တာလဲ"

ကျွန်တော်က ကျောပိုးအိတ်ထဲမှာ ထည့်ယူလာတဲ့ ရေဘူးကို ထုတ်ပြလိုက်ပြီး…

"မဟုတ်ဘူးလေ…ကျွန်တော့်မှာ စက္ကူတော့ မပါဘူး။ ရေပဲ ပါတယ်။ အဲဒါကြောင့် ရေပဲသုံးလိုက်ပါလားလို့။ ဘာကိုသုံးသုံး ရည်ရွယ်ချက် အောင်မြင်ဖို့က အဓိကမဟုတ်လားဗျာ။ ခင်ဗျားကလဲ…"

"ရှင် ပေါက်ကရတွေ လာမပြောနဲ့၊ ကျွန်မက ထူးခြားတာရှိရင် ရေးမှတ်လို့ရအောင် မေးနေတာ။ ကားထဲမှာက ဘောပင်ပဲပါလာတယ်၊ စက္ကူပါမလာလို့"

"ဩော်…ဒီလိုလား။ ရှင်းအောင်ပြောမှပေါ့ဗျာ"

"နေပါဦး။ ရှင်က ကျောပိုးအိတ်ထဲမှာ ရေဘူးကြီး ဘာလို့ထည့်ယူလာတာလဲ။ အူကြောင်ကြောင်နဲ့"

"ကျွန်တော်က ကွမ်းစားတတ်တယ်ဗျ၊ ကွမ်းစားပြီးရင်လည်း

ပါးစပ်ကို အာလုပ်ကျင်းတတ်တယ်။ အဲဒါကြောင့် ရေဘူးထည့်လာတာ''

အဲဒီလိုပြောရင်းဆိုရင်းနဲ့ပဲ ပန်းခြံတစ်ခုဆီ ရောက်သွားပါတယ်။ ပန်းခြံမှာ ကားထိုးရပ်လိုက်ရင်ပဲ ရေကန်လှလှကြီးတစ်ခုအပေါ်မှာ ဖြတ်ထိုးထားတဲ့ တံတားရှည်ရှည်တစ်ခုကို တွေ့လိုက်ရပါတယ်။

''ကဲ…ဆင်း''

''ကားပေါ်က ဆင်းတာရော အတူဆင်းရမှာလား''

''မလိုဘူး''

အဲဒီလိုနဲ့ပဲ ကားပေါ်ကနေ သူတစ်ပေါက်၊ ကိုယ်တစ်ပေါက် ဆင်းခဲ့ကြတယ်။ ပန်းခြံထဲဝင်တဲ့ လက်မှတ်ဖိုးကိုလည်း သူကသူ ပေးပါတယ်။ ပန်းခြံထဲကိုလည်း သူကပဲ ဦးဆောင်ပြီး ဝင်ပါတယ်။ ကျွန်တော့်ကို သိပ်မကြည့်ဘူး။

ဟိုဟိုဒီဒီကိုလည်း မသွားပါဘူး။ ခုံတန်းလျားတွေမှာ ထိုင်ဖို့လည်း စိတ်ကူးရှိပုံ မပေါ်ဘူး။ တော်တော်လုပ်ရက်တဲ့ ကောင်မလေးလို့ စိတ်ထဲမှာ တွေးမိတယ်။ ကျွန်တော် အတန်တန်ဆုတောင်းနေတဲ့ကြားထဲကပဲ သူက တံတားဆီကို တန်းလျှောက်တယ်။

စောသေးလို့ ထင်ပါရဲ့၊ ပန်းခြံထဲမှာ လူသူရှင်းလင်းနေတယ်။ သူက တမင်တကာ ဒီအချိန်ကို ရွေးလာတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ပန်းခြံစောင့်က ပြုံးစိစိနဲ့ကြည့်တာကိုတော့ ခံခဲ့ရတယ်။ တော်တော် ဝီရိယကောင်းတဲ့အတွဲလို့ ထင်သွားမှာပေါ့လေ။

တံတားထိပ်မှာ သူက ရပ်ပြီး…

''ကျွန်မတို့ ဒီတံတားပေါ်မှာ တွဲလျှောက်ရမှာပဲ''

ကျွန်တော်က တံတားကို အကဲခတ်ပြီး…

''အင်း…တံတားကတော့ အသစ်ပဲ''

''ဟုတ်တယ်၊ ကျွန်မက ဖိနပ်အဟောင်းစီးပြီး ရှင့်ကို အဖော်လုပ် လျှောက်ရမှာ''

''တံတားက ကျယ်တယ်နော်''

''အင်း''

တံတားက လူလေးယောက်လောက် ရင်ဘောင်တန်းပြီး လျှောက်





လို့ရတယ်။ အတွဲချင်း ကပ်ရှောင်လို့ ရတယ်။

သူက…

''ကဲ…လျှောက်လိုက်ကြရအောင်''

''အမိန့်တော်မြတ်အတိုင်းပါပဲ''

နှစ်ယောက်သား တံတားပေါ်မှာ အေးအေးဆေးဆေးတွဲလျှောက်လိုက်ကြတယ်။ ကြည်လင်နေတဲ့ ရေထဲမှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ အရိပ်ကို ပြန်တွေ့နေရတယ်။ ကျွန်တော်က သူ့ကို လှမ်းလက်ညှိုးထိုးပြပြီး…

''မထင်မှတ်ဘဲ လိုက်ဖက်အညီသားဗျ''

''ဘာ…''

သူ ရယ်ချင်သွားပါတယ်။ ဒါပေမဲ့ မျက်နှာကို အတင်းပြန်တည်ထားပြီး…

''မမကေသီကလည်းလေ…''

''ဘာဖြစ်လို့လဲ''

''ကျွန်မကို ဘယ်လိုလူဆီ လွှတ်လိုက်မှန်း မသိပါဘူး''

အဲဒီလိုကျတော့လည်း ကျွန်တော်က မခံဘူး။

''သူတော်ကောင်းဆီ လွှတ်လိုက်တာပေါ့ဗျ။ အောင်မာ…မမကေသီက ကျွန်တော့်အပေါ်မှာ ငယ်ငယ်ကတည်းက ခုထိ ကျေးဇူးတွေရှိထားလို့ သူ့စကားကို မငြင်းသာလို့ ခင်ဗျားလေးကို လိုက်ကူညီတာ။ ဘာမှန်းလဲ မသိဘဲ ဘုမသိ ဘမသိ လိုက်လုပ်ပေးနေရတာ''

သူ ဘာမှ ပြန်မပြောဘူး။ အဲဒီအချိန်မှာပဲ…

''ဟော့ကောင် ဗဂျမ်း''

ကျွန်တော့်နာမည်ကို တကြော်ကြော်ခေါ်ပြီး နောက်ကနေ လူတစ်ယောက် လိုက်လာတယ်။ ကျွန်တော်က ခြေလှမ်းတုံ့ပြီး လှည့်ကြည့်လိုက်ပြင်မှာ…

''လျှောက်နေတာကို မရပ်လိုက်ရဘူးနော်''

''ဟောဗျာ''

သူက ကွန့်ကွက်လို့ ကျွန်တော့်မှာ လှည့်ကြည့်လှည့်ကြည့်နဲ့ပဲ

ဆက်လျှောက်ရတယ်။ နောက်ကနေ အလိုက်ကန်းဆိုးမသိ အော်ဟစ်လိုက်လာတာက ထင်ငြိမ်း။

သူငယ်တန်းတုန်းက သူငယ်ချင်း။ ကွဲသွားလိုက်ကြတာ ဘွဲ့ရပြီးမှ ပြန်တွေ့ကြတဲ့ထိ ဇာတ်နာခဲ့ရတဲ့ကောင်း။

"ဟေ့ကောင် ဗဂျမ်း။ မင်းကလည်း နည်းနည်းပါးပါးတောင် မစောင့်ဘူးကွာ"

ထင်ငြိမ်းက မီလာတဲ့အချိန်မှာ ကျွန်တော့်နောက်နားက ကပ်အော်တယ်။ ကျွန်တော့်ဘေးကို ယှဉ်ပြီး ဝင်လျှောက်လုလုအချိန်မှာ…

"ဟိတ်…ဟိုလူ့ကို ရှင့်ဘေးက လိုက်မလျှောက်စေနဲ့နော် အဂီသား"

"ဟင်…ဘာဖြစ်လို့လဲ"

"နှစ်ယောက်တွဲပဲဖြစ်ရမှာ၊ သုံးယောက်တွဲကြီး လျှောက်လို့မရဘူး ဒေဒင်က ရှင်နဲ့ပဲ တွဲလျှောက်ခိုင်းတာ၊ နောက်တစ်ယောက် ပါလာလို့ မရဘူး"

"ဟောဗျာ"

အဲဒီတော့ ကျွန်တော့်မှာ ခက်ရတာပေါ့။ ထင်ငြိမ်းက ကျွန်တော့်ဘေးမှာ ယှဉ်လျှောက်မလို့ လုပ်တာကို မသိချင်ယောင်ဆောင်ပြီး ကာလိုက်ရတယ်။ ထင်ငြိမ်းကို လမ်းပိတ်သလို ဖြစ်သွားတာပေါ့။ ဒါပေမဲ့ ထင်ငြိမ်းက ကျွန်တော် တမင်လုပ်မှန်း မသိဘူး။ မတော်တဆလို့ပဲ အောက်မေ့နေတယ်။

"ငါက ပန်းခြံမျက်စောင်းထိုးက လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာကွ။ မင်းဝင်သွားတာတွေ့လို့ လိုက်လာတာ။ တို့တောင် ဟိုတစ်ခေါက်တွေ့ပြီးကတည်းက ထပ်မတွေ့တာ ကြာပြီ"

"အေးကွာ…သွားလိုက်ဦးမယ်နော်"

"ဟင်…"

ထင်ငြိမ်း ဇဝေဇဝါဖြစ်သွားပါတယ်။ လျှောက်လိုက်လာနေတဲ့ ခြေထောက်တွေတောင် တုန့်ခနဲ ရပ်သွားတယ်။ ပြီးမှ သူ့ကိုယ်သူ တရားနဲ့ဖြေပြီး…





"ဟားဟား…မင်းကတော့ တကယ့်ကောင်ပဲ၊ တွေ့တာနဲ့ နောက်တော့တာပဲ"

အဲဒီလိုပြောရင်း ဆက်လိုက်လာပြန်ပါတယ်။

"ဘယ်လိုလဲ၊ မင်း အဆင်ပြေရဲ့လား"

"အေး…ပြေပါတယ်"

မေးရင်းနဲ့ သူက ကျွန်တော့်ဘေးမှာ ယှဉ်လျှောက်ဖို့ ကြိုးစားပြန်ပါတယ်။ ဖြေရင်းနဲ့ ကျွန်တော်က သူ့ကို လမ်းပိတ်ပြီး ကာရပြန်တယ်။ ဒါပေမဲ့ သူက မလျှော့ဘူး။

"ငါ မင်းကို တိုင်ပင်စရာရှိလို့ကွ"

"ဘာလဲကွာ…မင်းကလဲ"

"ဒီလိုကွ"

သူ ဒီလိုကွဆိုတာကြီးကလည်း ဘယ်လိုကြီးလဲမသိဘူး။ ကျွန်တော့်ဘေးကို အတင်းဝင်ဖို့ ကြိုးစားပြန်ရော။

"ဘာလဲကွ"

အဲဒီလိုပြောပြီး ကျွန်တော်က ကိုယ်နဲ့ ပိတ်ထားပြန်ရော။ ဘေးက ဗွဟူးသမီးကို ငုံကြည့်တော့ မျက်နှာသေနဲ့။ ခက်တာက အဲဒီသေနေတဲ့ မျှမျက်နှာကလည်း ငြိမ်းငြိမ်းအေးအေးကလေး လှနေတာပါပဲ။

ထင်ငြိမ်းက သွားဖြဲလေးနဲ့…

"ဟဲဟဲ…ငါ့ရဲ့ နှလုံးသားရေးရာကိစ္စပေါ့ကွာ"

"မင်း ဒီစကားပြောချင်လို့ ပန်းခြံထဲကို လက်မှတ်ဝယ်ပြီး ဝင်လာတာလား"

"ဟဲဟဲ…ဟုတ်ပ"

"အဲဒါဆိုရင်တော့ လက်မှတ်ဖိုးရှုံးပြီလို့သာ မှတ်လိုက်တော့"

"ဟေ…ဘာဖြစ်လို့လဲ"

ရိုးရိုးမမေးဘဲ အခွင့်အရေးယူပြီး မေးတယ်။ ကျွန်တော့်ဘေးမှာ ယှဉ်လျှောက်ဖို့ အတင်းအဓမ္မဝင်လာပြန်တယ်။ ကျွန်တော် အငိုက်မိသွားပြီ။ သူ့ကြိုးစားမှုက အောင်မြင်လုလုပါပဲ။ ဒါပေမဲ့ လင်းရှုပါက သတိရှိတယ်။ သူကလေးရဲ့ ပခုံးနဲ့ ကျွန်တော့်ကို လှမ်းတိုက်လိုက်လို့ ထင်ငြိမ်း

ဟာ အလိုအလျောက် ချောင်ပိတ်သွားပြန်တယ်။

"ဟင်း..."

ထင်ငြိမ်းအစား ကျွန်တော်ကပဲ သက်ပြင်းရှည်ကြီး ချပေးလိုက်တယ်။ ခက်တာက ထင်ငြိမ်းမှာ ခြေထောက်အရှည်ကြီးရှိနေပြန်တယ်။ ပခုံးချင်း နူတ်ဆက်ပြီး ကျွန်တော်နဲ့ လင်းရွှေပါတို့ ဆတ်ခနဲ လှချင်းပြန်အခွဲမှာ...

"လက်မှတ်ပိုးရှုံးစရာ မရှိပါဘူးကွာ၊ ငါသိပါတယ်၊ မင်းက ငါ့ကို အကြံကောင်းတွေ ပေးနိုင်မှာပါ"

အဲဒီစကားနဲ့အတူ ကျွန်တော်တို့နှစ်ယောက်ကြားကို သူ့ခြေထောက်ရှည်ကြီး လှမ်းချပြီး ဝင်လိုက်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်လုံးက ရှေ့ကို ဆွေ့ခနဲခုန်မိမတတ် တစ်လှမ်းတိုးလျှောက်လိုက်ပြီး ပခုံးချင်း ကပ်လိုက်တော့ သူ နောက်မှာ ကျန်ရစ်ခဲ့ရပြန်ပါတယ်။

"ဟင်း..."

ဒီသက်ပြင်းရှည်ကြီးကိုတော့ သူ့ကိုယ်စား သူကပဲ ချပါတယ်။ ဒါ...ဖြစ်သင့်ပါတယ်။ ကျွန်တော်က...

"ထင်ငြိမ်း"

လှည့်မကြည့်ဘဲ နောက်ပြန်ခေါ်ရတာပါ။

"ဟေ..."

"ညနေကျရင် ငါ့ကို မှုံရွှေရည်က စောင့်နေကွာ"

"အေး"

"မင်းနဲ့ငါ အေးအေးဆေးဆေးစကားပြောလို့ ရတာပေါ့"

"အေးပါ...အေးပါ၊ ဒါဖြင့် ငါသွားတော့မယ်"

ထင်ငြိမ်း ပြန်လှည့်သွားတယ်။ မှုံရွှေရည်ဆိုတာက ကျွန်တော်ထိုင်လေ့ရှိတဲ့ လက်ဖက်ရည်ဆိုင်တွေထဲက တစ်ဆိုင်ပါ။ လောလောဆယ် ထင်ငြိမ်းကတော့ ကျွန်တော် ဘာဖြစ်နေသလဲ မသိဘူးဆိုတဲ့ အတွေးတွေ ထုံဝေစီပြီး ထွက်သွားလေရဲ့။

"ကဲ...ရောက်တော့မယ်၊ လွတ်လွတ်လပ်လပ် ဆက်လျှောက်ကြစို့"





လင်းရွှေပါက ပြောတာပါ။

"အေးဗျာ...ဘေးလူရှိနေတော့ မလွတ်လပ်ဘူးပေါ့၊ ခုလို နှစ်ယောက်တည်းဆိုတော့ လွတ်လပ်တာပေါ့"

"ရှင် စကားပြောရင် အနှောင့်အသွားလွတ်အောင် ပြောပါလား"

"ခင်ဗျားရဲ့ ယတြာကကို အနှောင့်အသွား မလွတ်ဘဲကိုးဗျ"

"ဘာ...ရှင့်"

"ဟုတ်တယ်လေ...ပန်းခြံထဲမှာ အပျိုလူပျိုကို နှစ်ယောက်တွဲပြီး လမ်းလျှောက်ခိုင်းတာကြီးကို ကောင်မလေးကလည်း လှလှလေး၊ ကောင်လေးကလည်း ချောချောလေး၊ ဟဲ...ဟဲ"

ကျွန်တော့်စကားအဆုံးမှာပဲ တံတားကလည်း ဆုံးသွားပါတယ်။

"ဘယ်လိုလဲ ပြီးပြီလား၊ ထပ်လျှောက်ရဦးမှာလား"

"လျှောက်တော့ လျှောက်ရဦးမယ်ရှင့်"

"ဒါဖြင့်လည်း လျှောက်ဗျာ"

တံတားပေါ်မှာ နှစ်ယောက်သား ခေါက်တုံ့ခေါက်ပြန် ဆက်လျှောက်နေလိုက်ကြပါတယ်။ ဒီတစ်ခါတော့ ဘာအနှောင့်အယှက်မှ မရှိတော့ပါဘူး။ ဒါပေမဲ့ ငါးခေါက်မြောက်လျှောက်နေတုန်းမှာ...

"ဟယ်"

သူ့နှုတ်က ထွက်လာတဲ့ အာမေဋိတ်ပါ။

"ဘာဖြစ်လို့လဲ"

"ဖိနပ်...ဖိနပ် ပြတ်သွားပြီ"

ဟုတ်ပါရဲ့...သူ့ဖိနပ်က သဲကြိုးပြတ်သွားပြီ။ ပြတ်မှာပေါ့၊ ဖိနပ်က နှစ်ရှို့ ဖိနပ်ကိုး...။ ဟောင်းနွမ်းအိုမင်းနေတဲ့ ဖိနပ်။

"ဘယ်လိုလုပ်မလဲ"

ကျွန်တော့်အမေးကို မဖြေနိုင်ဘူး။ သူ့မျက်နှာလေး ငယ်သွားတယ်။ မျက်နှာက အစက ကြီးနေပြီး ခုမှ သေးသွားတာမျိုးတော့ မဟုတ်ဘူးပေါ့။ မျက်နှာမှာ အားငယ်ငွေ့လေးတွေ တရိပ်ရိပ်ဖြတ်ပြေးနေတာကို မြင်ရတာ။

"ဘယ်လိုလုပ်ရမလဲ မသိဘူး၊ ကားကလည်း ပန်းခြံအပြင်မှာ

ရပ်ထားရတာ၊ ဒီလိုလုပ်ပါလား''

''ဘယ်လိုလုပ်ရမှာလဲ''

''ကျွန်မကို ဖိနပ်တစ်ရံ သွားဝယ်ပေးပါလား''

ကျွန်တော်က သူ့ကို စိုက်ကြည့်လိုက်တော့ သူက အားနာသလို ပြုံးပြုံး…

''ဘယ်လိုမှ သဘောမထားနဲ့လေ''

''မထားပါဘူး''

''ဒါဖြင့်''

''ဟင့်အင်း…ဝယ်မပေးပါဘူး''

''ရှင်…ဘာဖြစ်လို့''

''ခင်ဗျားက ဖိနပ်အဟောင်းစီးပြီး လျှောက်ရမှာဆို၊ ဖိနပ်အသစ် သွားဝယ်လို့ မဖြစ်ဘူး ထင်တယ်''

''ဟယ်…ဟုတ်ပါရဲ့''

သူ ဖိနပ်ပြတ်တာကလည်း တံတားအလယ်ခေါင်ကြီးမှာပါ။ သူ့အစီအစဉ်အတိုင်းဆိုရင် ဖိနပ်အဟောင်းနဲ့ တစ်ဝက်လျှောက်ပြီး ဖိနပ်အသစ်နဲ့ တစ်ဝက်လျှောက်သလို ဖြစ်နေမယ်။

သူက ရှုံ့မဲ့မဲ့မေးပါတယ်။

''ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်''

''ပြောတတ်ဘူးလေ''

အဲဒီအဖြေကို သူက မကျေနပ်ဘူး။

''ရှင် လူတကာကိုတော့ အကြံလျှောက်ပေးနေတယ်''

ကျွန်တော် ရယ်မိတယ်။

''အဲဒါတွေ လျှောက်ပြောမနေနဲ့၊ အသာထားလိုက်ဦး။ ခု ခင်ဗျား ဒီဖိနပ်ပြတ်ကိုပဲ ခြေထောက်နဲ့ အတင်းညှပ်ပြီး တံတားဆုံးတဲ့အထိ လျှောက်လိုက်ပေါ့၊ လျှောက်နိုင်မလား''

''လျှောက်တာကတော့ လျှောက်နိုင်တာပေါ့၊ ဒါပေမဲ့ ရှုပ်ပျက် သင်းပျက်နိုင်တာပေါ့''

''အေးဗျ၊ ခြေထောက်တစ်ဖက် လေငန်းဆွဲသလို ဖြစ်နေမယ်''





''တော်ပြီ၊ ဖိနပ်ချွတ်ပြီးတော့ပဲ လျှောက်တော့မယ်''

''စွတ်မလုပ်နဲ့ဦး၊ ဗေဒင်ဆရာမက ခင်ဗျားကို တံတားသစ်ပေါ်မှာ ဖိနပ်ဟောင်းနဲ့ပဲ လျှောက်ခိုင်းတာ၊ ခြေထောက်အဟောင်းနဲ့ လျှောက်ခိုင်းတာ မဟုတ်ဘူး''

''အယ်…''

သူ စိတ်ညစ်ပြီး ခေါင်းကို ခပ်ဖွဖွကုတ်ပါတယ်။ ကျွန်တော့်ကိုလည်း တစ်ချက်စိုးကြည့်တယ်။

''ဒါဖြင့် ဒီအတိုင်း ရပ်နေရတော့မှာလား''

''ဒီအတိုင်းကြီး ရပ်နေရမှာတော့ မဟုတ်ဘူးပေါ့ဗျာ၊ ပုံစံအမျိုးမျိုး ပြောင်းရပ်ပေါ့၊ ခင်ဗျားလည်း TV ကြော်ငြာထဲက မင်းသမီးတွေ ပုံစံအမျိုးမျိုးနဲ့ ရပ်တာကို မြင်ဖူးမှာပေါ့''

''ဟာ…ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ''

ကျွန်တော်က ရယ်ကျဲကျဲလုပ်ရင်းနဲ့ပဲ…

''ဒီလောက်လည်း စိတ်မညစ်ပါနဲ့ဗျာ၊ ကားပေါ်ရောက်တဲ့အထိ ခင်ဗျားကို ကျွန်တော် ဒီဖိနပ်အဟောင်း စွပ်ရက်နဲ့ပဲ ကုန်းပိုးခေါ်သွားလို့ ရပါတယ်''

''ဘုန်း''

''အင့်''

ကျွန်တော့်ကျောကုန်းကို သူ ထုပစ်လိုက်တာ အတော်နာတယ် ဆိုတဲ့အကြောင်းကို စကားထဲ ထည့်ပြောမနေတော့ပါဘူး။

''တော်ပြီဗျာ…ခင်ဗျားက ကျွန်တော့်ကို ဒီလောက်အနိုင်ကျင့်ရင် ကျွန်တော့်ရဲ့ တကယ့်အကြံဉာဏ်ကို မပြောပြတော့ဘူး''

''အမ်''

သူက ကျွန်တော့်ကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ကြည့်ပြီး…

''တကယ်လား''

''တကယ်ပေါ့ဗျာ''

''အကြံကောင်းရှိရင်လည်း ပြောပေါ့ရှင်''

''ခင်ဗျားကျောကုန်းကို ကျွန်တော် ပြန်ထုရမှ ပြောမယ်''

"ဘာ..."

သူက ခါးပေါ်မှာ လက်နှစ်ဘက်ကို ထောက်ပြီး စစ်ပြင်လိုက်လို့ ကျွန်တော်ကပဲ လက်ကာပြီး...

"ပြောပါ့မယ်ဗျာ...ပြောမှာပါ၊ ဟိုမှာကြည့်"

တံတားတစ်ဖက်က လျှောက်လာနေတဲ့ လူဝကြီးကို ကျွန်တော် လက်ညှိုးထိုးပြလိုက်တယ်။ သူက လှမ်းကြည့်ပြီး...

"ဘာလဲ"

"ကယ်ဆယ်မယ့်လူ လာပြီ"

"ဘာဖြစ်လို့လဲ"

"သူ့ခါးမှာ ဆယ်လူလာချိတ်ထားတယ်လေ၊ ဆယ်လူလာဆိုတာ ကယ်ဆယ်မယ့်လူကြီး လာတယ်ဆိုတဲ့ သဘောပေါ့"

"ဘာဆိုင်လို့လဲ"

"သူ့ဆယ်လူလာကို ခဏငှားပြီး ခင်ဗျားရဲ့ ဗေဒင်ဆရာမသိ ဖုန်းဆက်မေးလိုက်ပေါ့ဗျာ၊ ဘယ်လိုလုပ်ရမလဲလို့"

သူ့မျက်နှာလေး တပြည်းပြည်းပြုံးသွားပါတယ်။ လူဝကြီးကို 'သမီးကလေ...'ဆိုပြီး ဆယ်လူလာငှားတယ်။ 'သားကလေ...'ဆိုပြီး ကျွန်တော်ကလည်း တစ်ခွန်းနှစ်ခွန်း ဝင်ပြောလိုက်သေးတယ်။ လူဝကြီးရဲ့ ပြုံးနေတဲ့ မျက်နှာတောင် ရှုံ့မဲ့သွားတယ်။

ကျွန်တော်ပေးတဲ့ အကြံဉာဏ်နဲ့ သူ အဆင်ပြေသွားပါတယ်။

"ဆရာမက ပြောတယ်၊ ဖိနပ်ပြတ်သွားတာ ရတယ်တဲ့၊ ပိုတောင် ကောင်းတယ်တဲ့။ ကဲ...ရှင် ကျွန်မအတွက် ဖိနပ်တစ်ရံသွားဝယ်ပေး"

စိတ်မရှည်လက်မရှည်နဲ့ဘဲ ကျွန်တော်ဟာ သူ့ကို ဘယ်တစ်ဖက် ညာတစ်ဖက် ဝယ်ပေးလိုက်တယ်။ သူဟာ ဖိနပ်အသစ်ကို မြေထောက် အဟောင်းနဲ့ စီးစွပ်ပါတော့တယ်။





(၃)

"မင်းရောက်နေတာ ကြာပြီလား"

"အေး...ကြာလှပြီ"

"ဆောရီးကွာ...ငါ နည်းနည်းနောက်ကျသွားတယ်"

"မင်းတစ်ယောက်တည်းလား"

"ဟင်...တစ်ယောက်တည်း မဟုတ်လို့ ဘယ်နှယောက် လာရမှာလဲ"

"ဟုတ်ဘူးလေ၊ မနက်က မင်းနဲ့အတူ ပန်းခြံထဲမှာ တွေ့ခဲ့တဲ့ ကောင်မလေးများ...ဟီးဟီး...ပါလာဦးမလားလို့"

ကျွန်တော်က TV တရုတ်ကားထဲက တုံ့ပြန်လိုက်တယ်။

"ပြောတာ ကောင်းတယ်"

"ဟင်...ဘာဖြစ်လို့လဲ"

ထင်ငြိမ်းက နားမလည်သလို မေးတယ်။

အင်မတန်လည်တဲ့ လူလည်ကြီးတွေသုံးတဲ့ နည်းမျိုးပေါ့၊ တကယ် နားမလည်တာကိုပဲ နားမလည်ယောင်ဆောင်ပြီး မေးတာလေ။

မုံမှာ ထိုင်ကနန်းကျအောင်ထိုင်ရင်း ကျွန်တော်က TV တရုတ်

ကားထဲကအတိုင်း ဆက်ပြောတုန်းပဲ။

"ဘယ်သူက ဒီလိုထင်တာနဲ့ပဲ ဘယ်သူ့ကို ငါက ရှင်းရမယ်ဆိုရင် ငါနဲ့ ဘယ်သူနဲ့ လိပ်ပတ်လည်မှာ မဟုတ်ဘူး"

ထင်ငြိမ်းက အသည်းယားသွားပုံရတယ်။ အသည်းကို မကုတ်ဘဲ ခေါင်းကို ကုတ်တယ်။ လက်ချောင်းတွေနဲ့ ဆံပင်တွေ ကလိကလိစကား ပြောကြတယ်။ ပြီးမှ…

"မင်း စကားပြောတာကြီးကလည်း တစ်မျိုးကြီးပဲ၊ သဒ္ဒါမှား နေသလိုပဲ"

"ဘယ်သူ့ကို မင်း အထင်သေးရင် ဘယ်သူကတော့ မင်းကို ပြန်ဖြေရှင်းမှာပဲ"

"ဟင်…လုပ်ပြန်ပြီ"

"မင်း TV က တရုတ်သိုင်းကားတွေ မကြည့်ဘူးလား။ အဲလို ဘာသာပြန်ထားတာတွေ မတွေ့ဖူးဘူးလား"

ထင်ငြိမ်းက သက်ပြင်းချတယ်။

"ငါ့အိမ်မှာ TV မရှိဘူးကွ။ အကြောင်းကြောင်းကြောင့် အိမ်မှာ TV မထားဘူး။ ဘယ်သူက ငါ့ကို လာမေးလာရင် ဘယ်သူ့ကို ဘယ်လို ပြန်ဖြေရမှန်းတောင် ငါ မသိဘူး"

"ဒီလိုကိစ္စမျိုး ရှိသလား"

"ရှိပါ့"

"ပြောတာကောင်းတယ်"

ကျွန်တော်တို့ ရယ်ဖြစ်ကြပါတယ်။ ကျွန်တော်တို့ ထိုင်နေကျ ဖြစ်တဲ့ 'မှုံရွှေရည်'အမည်ရှိ လက်ဖက်ရည်ဆိုင်လေးမှာ။ အမှန်တော့ 'မှုံရွှေရည်'ဆိုတဲ့ဆိုင်းဘုတ် ချိတ်မထားပါဘူး။ 'ဒေါ်ရွှေ'ဆိုတဲ့ ဆိုင်ရှင် အဘွားကြီးကလည်း သူ့ဆိုင်ကို သူ မှုံရွှေရည်လို့ အမည်မတပ်ခဲ့ပါဘူး။

ဒါပေမဲ့ အဲဒီဒေါ်ရွှေက မျက်စိမှုန်နေတယ်။ လက်ဖက်ရည်ပိုး ရှင်းလို့ရှိရင် ပိုက်ဆံကို ရေလို့ မဆုံးဘူး။

အဲဒါကြောင့် သူ့ကို အစွဲပြုပြီး အဲဒီဆိုင်ကို ကျွန်တော်တို့က 'မှုံရွှေရည်'လို့ ခေါ်ခဲ့ကြတယ်။





"ကဲ…ပြော၊ ဘာတွေလာပြီး မင်းက ငါ့ကို တိုင်ပင်စရာ ရှိနေတာလဲ"

"ဩော်…နားနဲ့မနာ ဖဝါးနဲ့နာပါ သူငယ်ချင်း"

"နားနဲ့နာတာက ဘာမှလုပ်လို့မရဘူးနော် ဟေ့ကောင်။ ဖဝါးနဲ့ နာတယ်ဆိုတာက မကျေနပ်ရင် ဖနောင့်နဲ့ပေါက်မှာ၊ ခြေဖျားနဲ့လည်းထိုးမှာ"

"ဒီလောက်မလိုပါဘူးကွာ၊ အချစ်ရေးလေးပါ"

"မင်းရဲ့ အချစ်ရေးကလည်း ဒီတစ်သက်ဆုံးတော့မှာ မဟုတ်ဘူး။ ခု ဘာဖြစ်ပြန်ပြီလဲ"

ထင်ငြိမ်းက ရေနွေးခွက်ကို မော့သောက်ရင်း ကျွန်တော့်ကို သူ့မျက်လုံးနဲ့ ပလုတ်ကျင်းပါတယ်။ ပြီးမှ သူ့အကြည့်ကို ပြန်မှောက်ထား လိုက်တယ်။

"မင်းသိတဲ့အတိုင်းပဲကွာ၊ ငါ ရည်းစားတွေ အများကြီး ထားခဲ့ တယ်"

"တစ်ယောက်မှလည်း မမြဲဘူး မဟုတ်လား"

"ဒါကတော့ကွာ…ရည်းစားသဘာဝရ လူသဘာဝရပေါ့"

"ဟင်…အဲဒါဆိုရင်လည်း ပြီးနေတာပဲ။ ဘာ ငါ့ကို အကြံ လာတောင်းနေစရာ လိုလဲ။ ငါက မင်းလိုလည်း ရည်းစားတစ်ယောက်မှ ထားဖူးတဲ့ကောင် မဟုတ်ဘူး"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ မင်းက စိတ်ကူးကောင်းတတ်လို့ပါ"

"ကဲ…မင်းက ဘာကို မေးချင်တာလဲ…ပြော"

အဲဒီ အမေးစကားကြောင့် ထင်ငြိမ်းက ကျေနပ်သွားပါတယ်။ လက်ဖက်ရည်ခွက်ကို စိုက်ကြည့်ပြီး…

'တွေ့တယ် မဟုတ်လား။ ပိုင်ပါတယ်'ဆိုတဲ့ အပြုံးမျိုး ပြုံးတယ်။ ယှက်ရှိလို့ လက်ဖက်ရည်ခွက်ကို သွားကြွားနေတယ်။ ပြီးမှ မပွင့်တပွင့်လေသံ နဲ့…

"မင်းသိတဲ့အတိုင်းပဲကွာ…ငါ့မှာ ရည်းစားတွေ အများကြီးရှိခဲ့တယ်။ ဒါပေမဲ့ ဘယ်ရည်းစားကမှ ငါ့အပေါ် သစ္စာမရှိဘူး"

အဲဒီနေရာမှာ ကျွန်တော်က ဖြတ်မေးရတယ်။

"သစ္စာမရှိတာ ဟုတ်ပါပြီ၊ မေတ္တာကရော တကယ်ရှိခဲ့လို့လား"

ထင်ငြိမ်းက လက်ဖက်ရည်ခွက်ကို စိုက်ကြည့်ပြီး မျက်နှာကြီး မှဲ့လာပါတယ်။

"ဘာကိစ္စ ငါ့ကို အဲလိုမေးရတာလဲ သူငယ်ချင်းရာ၊ ဒီမေးခွန်း ကို ငါ မဖြေချင်ဘူးဆိုတာ မင်း သိဖို့ကောင်းတယ်"

လက်ဖက်ရည်ဆိုင်ရဲ့ အပြင်လမ်းပေါ်မှာ ကလေးတချို့ ဘေးခုတ် တမ်း ကစားနေတယ်။ တချို့က တုတ်ဓား၊ တချို့က အုန်းလက်ဓားတွေ ပါ။ ယှဉ်ခုတ်နေတဲ့ ကလေးနှစ်ယောက်မှာ တစ်ယောက်က ဓားလွတ်ကျ သွားတယ်။ သူ့ပြိုင်ဘက်က သူ့ကို အပြီးခုတ်မလို့ ဓားရွယ်တော့ သူက နီးရာမြက်ကို လှမ်းဆွဲထားတယ်။ ရေနစ်သူက ကောက်ရိုးတစ်မျှင် ကိုလည်း လှမ်းဆွဲတယ်ဆိုတာမျိုး (ကျွန်တော် ထင်မိပေမယ့်) မဟုတ်ဘူး။ အဲဒီကလေးက ဓားခုတ်ခံပြီး ရလာမယ့် သူ့ရဲ့ဒဏ်ရာအတွက် (သူ သေသွားမှာစိုးတဲ့အတွက်) တန်ပြန်တိုက်စစ်ဆင်နေတယ်။

"သစ္စာလေးနက်၊ ပေါ်ဆီတက်က နွယ်မြက်သစ်ပင် ဆေးဖက် ဝင်၏"…လို့ ရွတ်တယ်။

ဆက်ပြီး…

"ကျွန်ုပ်တော်သည် အကြော်သည် ဒေါ်ဘုမ၏ သားဖြစ်ပါ၏။ အကြော်သည် ဒေါ်ဘုမသည် ကျွန်ုပ်တော့်အမေ ဖြစ်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်တော့်ကို ဓားနှင့်ခုတ်သူသည် သေခြင်းဆိုးနှင့် သေပါစေသား"…တဲ့။

အဲဒီတော့ ဟိုကလေးခမျာ ဓားကြီးကိုင်ပြီး ခုတ်ရတော့မလို၊ မခုတ်ရတော့မလို အူကြောင်ကြောင်ဖြစ်နေတော့တယ်။

လက်ဖက်ရည်ခွက်ကို ကြည့်ပြီး ပြုံးတဲ့ကောင်စားထဲမှာ ကျွန်တော် မပါဘူး။ အဲဒီကလေးတွေကို ကြည့်ပြီးတော့ ကျွန်တော် ပြုံးဖြစ်တယ်။ အဲဒီကလေးတွေဟာ လက်ဖက်ရည်လို သကြားတစ်ထပ်၊ နို့ဆီတစ်ထပ် မပါဝင်ပါဘူး။ ဒါပေမဲ့ သူတို့မှာ သူတို့ဒဿနနဲ့။

"အဲဒါပဲ ဗဂျမ်းရာ…၊ ငါ့ကို ကူညီစမ်းပါဦး"

"ဟေ…"





ထင်ငြိမ်းပြောတာတွေကို ကျွန်တော် ဘာမှ မကြားလိုက်ဘူး။ ဒါပေမဲ့ သူ လက်ဖက်ရည်ကို ကြည့်ပြီး တစ်ခုခုလုပ်ဦးမှာ စိုးတာနဲ့…

"ထင်ငြိမ်း"

"ဟေ"

"မင်းစကားကို ငါ အလေးအနက်ထားပါတယ်"

"အေး…အေးကွာ ကျေးဇူးပဲ၊ ငါ့ကို အကြံပေးစမ်းပါဦး"

"ဒီလိုလုပ်ကွာ"

"အေးအေး…ပြောစမ်းပါဦး"

"မင်းကိစ္စ ငါ့ကို နောက်တစ်ခေါက် ထပ်ပြောစမ်းကွာ"

"ရတယ်သူငယ်ချင်း၊ ထပ်ကြားချင်ရင် ထပ်ပြောပြမယ်"

လက်ဖက်ရည်ခွက်ကို စိုက်ကြည့်ပြီး ကျွန်တော် မှဲ့မိမလို ဖြစ်သွား တယ်။ ကိုယ့်မာန်နဲ့ကိုယ် အချိန်မီ ပြန်ထိန်းရတယ်။ ဒီတစ်ခါတော့ ထင်ငြိမ်းပြောတာကို သေသေချာချာ နားစိုက်ထောင်လိုက်ရတယ်။

"အဲဒီ ငါ့ရည်းစားဟောင်းတွေကွာ၊ စိုးထွေးတို့…မာလာတို့… ဖက်ရည်တို့…ဥမ္မာတို့…ဝါဝါတို့…ခင်လေးမြင့်တို့…လရွက်သယ်တို့… ကျူလိုင်မိုးတို့…ပုညခင်တို့…သွန်းနှင်းအိမ်တို့ အကုန်လုံးကွာ"

"ဘာဖြစ်သတုန်း"

"ဟင်…ခုနက မင်းကို ငါ ပြောပြီးပြီလေ"

ကျွန်တော်က ဆရာကြီးစတိုင်လ်နဲ့…

"ပြောမှာသာပြောစမ်းပါကွာ၊ ငါ့ကို မုဒပျက်အောင် မလုပ်နဲ့။ မင်းပြဿနာတွေထဲ ငါ့စိတ်ကို ရိုက်သွင်းနေတာ၊ ပြီးမှ အကြံပေးမလို့"

ထင်ငြိမ်း သဘောကျသွားပုံရတယ်။ လက်ဖက်ရည်ခွက်ကိုကြည့်ပြီး "ဟောဟောဟော"လို့ မေးကလေးငေါ့တယ်။ ပြီး…ဆက်ပြောတယ်။

"နောက်ဆုံးကျတော့ သူတို့ ငါ့ကို သစ္စာမရှိကြပါဘူး"

"အေး…ပြော"

"ဘယ်က နွားတွေလဲ"

"ဟင်…"

"ဘယ်က နွားတွေလဲလို့"

"ဘာလဲဟ"

ကျွန်တော် ကြောင်တောင်တောင်ဖြစ်သွားတယ်။ ပြီးမှ လက်ဖက်ရည်ခွက်ကို စိုက်ကြည့်ပြီး ထင်ငြိမ်းလို "ဟော ဟော ဟော"လို့ မေးကလေးငေါ့လိုက်တယ်။ ထင်ငြိမ်းက ဆိုင်အပြင်ကို လှမ်းကြည့်ပြီး ပြောနေတာပါ။ ဆိုင်ရှေ့မှာ နွားကြီးနှစ်ကောင် ရောက်နေတယ်။ သူ့ရည်းစားတွေနဲ့ ရောသွားတော့တာပေါ့။

အမှန်တော့ ကျွန်တော်က အဲဒီနွားတွေကို သူ့ရည်းစားတွေထက်တောင် စိတ်ဝင်စားသေးတယ်။ တစ်ကောင်က အဖြူ၊ တစ်ကောင်က အနက်။ အသက်ငယ်ပုံတော့ မရဘူး။ ဒါပေမဲ့ ခုထက်ထိ လေးဘက်သွားတုန်း။

ထင်ငြိမ်းက...

"မင်းပြောသလို သူတို့က ငါ့ကို မေတ္တာမရှိတာဖြစ်ရင်လည်း ဖြစ်မယ်"

"မောင်းလွှတ်လိုက်တာပေါ့"

"အဲလိုတော့ မပြောပါနဲ့ကွာ"

"မင်းကိုပြောတာ မဟုတ်ဘူး။ ဒေါ်ရွှေကို ပြောနေတာ"

"ဘာ..."

"ဆိုင်ရှင်ဒေါ်ရွှေကို ပြောနေတာ၊ ဟိုနွားကြီးတွေကို ဘယ်လိုလုပ်ရမှန်း မသိဘူးဆိုလို့ မောင်းထုတ်လိုက်တာပေါ့လို့ ပြောနေတာ"

"ဩ...မင်းက ငါ့ကို နွားနဲ့ ရောပြောတာပေါ့" ထင်ငြိမ်းက နှုတ်ခမ်းကြီး စူသွားပါတယ်။

နှုတ်ခမ်းစူတော့ နှုတ်ခမ်းမွှေးကြီးကလည်း လိုက်စူပါတယ်။

"မစူစမ်းပါနဲ့ကွာ"

"ဟမ်"

"ပြော်...ငါ့ကို လာပြီး ဆူပူမနေနဲ့လို့ ပြောတာ၊ မင်းစကားကို မင်းဆက်ပြော"

"အဲဒါ သူတို့အကုန်လုံးကိုငါပြန်ဆက်သွယ်ချင်တယ်။ တစ်ယောက်ယောက်နဲ့ ငါ ပြန်နီးစပ်ချင်တယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ"





"မောင်းထုတ်လိုက်စမ်းပါ"

"ဟော..."

"မင်းကိုပြောတာ မဟုတ်ဘူး။ ဆိုင်ရှင် ဒေါ်ရွှေကို ပြောနေတာ"

ထင်ငြိမ်း တော်တော်စိတ်ဓာတ်ကျသွားပုံရတယ်။ လက်ဖက်ရည်ခွက်ကို စိုက်ကြည့်ပြီး တစ်ခုခုလုပ်မလို့ ဟန်ပြင်တယ်။ ကျွန်တော်က ကမျာကယာ ဆက်ပြောလိုက်တယ်။

"အေးလေ...အဲဒါဆို မင်းကို ငါ အကြံဉာဏ်တစ်ခုပေးမယ်"

"ဟာ...အေး...ပြောစမ်းပါကွာ"

"သူတို့အားလုံးကို မင်း စာတစ်စောင် အရင်ပို့လိုက်"

"စာ...ဘာစာလဲ"

"မင်း သိန်း(၃၀၀)ထိ ပေါက်တယ်ဆိုတဲ့ သဘောမျိုးနဲ့ ရေးပို့လိုက်"

ထင်ငြိမ်း နဝေတိမ်တောင်ဖြစ်သွားပါတယ်။ သူ နဝေတိမ်တောင်ဖြစ်ပုံက အူကြောင်ကြောင်ဆိုတာမျိုးလည်း မဟုတ်ဘူး။ အူကြောင်ကျားဆိုတာမျိုးလည်း မဟုတ်ဘူး။ အူကြောင်ကြွက်လိုလို၊ အူကြောင်ကျွဲလိုလိုပါပဲ။

"သွားပြီ"

ထင်ငြိမ်းရဲ့ အဲဒီစကားကြောင့် ကျွန်တော်က...

"ဘာသွားတာလဲ"

"ဆိုင်ရှေ့က နွားတွေ သွားပြီလို့ ပြောတာ"

တော်ရုံတန်ရုံ ရင်းနှီးမှုနဲ့သာဆိုရင် ကျွန်တော်တို့ရဲ့ စကားဝိုင်းဟာ ထရိုက်ချင်စရာပါပဲ။ ဒါပေမဲ့ ခုတော့ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ကြပါတယ်။ ပြီးတာတွေလည်း ပြီးသွားပါပြီ။ မပြီးသေးတာတွေအတွက် ထင်ငြိမ်းကပဲ စကားပြန်ဆက်ပါတယ်။

"အဲလို စာပို့တော့ ဘာထူးနိုင်သလဲ"

"တချို့က မင်းကို ပြန်ဆက်သွယ်လိမ့်မယ်"

"အဲလိုဆက်သွယ်ရင် ဘာထူးမလဲ"

"အဲဒီကောင်မလေးတွေ အကုန်လုံးကို ပယ်လိုက်၊ သူတို့က

မင်းကို ချစ်လို့မဟုတ်ဘူး။ ငွေကို ချစ်လို့''

''ဩော်...ဩော်...ပြန့်မဆက်သွယ်တဲ့ မိန်းကလေးတွေကရော''

''သူတို့ကတော့ မင်းမှာ ငွေသိန်း ၃၀၀ ရှိတယ် ဆိုတာတောင်မှ မင်းကို ဂရုမစိုက်လို့''

''ဟင်...ဒါဖြင့်''

''မင်းကို ငါ အကြံကောင်းတစ်ခု ပေးနိုင်ပါတယ်''

''ဘာအကြံလဲ၊ လုပ်စမ်းပါဦး''

''အလကားတော့ မရဘူးဆရာ၊ အလဲအလှယ် လုပ်ရမယ်။ မင်းလည်း ငါ့အတွက် တစ်ခုလုပ်ပေးရမယ်''

''လာပြန်ပြီ''

''ဘာလာပြန်ပြီလဲ''

''နွားတွေ ပြန်လာပြန်ပြီလို့ ပြောတာ''

အဲဒီလို ကိုရိုးကားရားနဲ့ပဲ ကျွန်တော်တို့ရဲ့ စကားဝိုင်းဟာ ဆုံးဖြတ်ချက်တစ်ခု ကျသွားပါတယ်။

ထုံးစံအတိုင်း ထင်ငြိမ်းက တပည့်ကြီးမဟုတ်ပေမယ့် ထုံးစံအတိုင်း ကျွန်တော်ကတော့ ဆရာကြီးပါပဲ။ ကျွန်တော်ပြောသမျှကို ထင်ငြိမ်းက ခေါင်းတညိတ်ညိတ် နားထောင်တယ်။

အဲဒီညနေက ကျွန်တော်တို့အတွက် အဓိပ္ပါယ်ရှိခဲ့ကြပါတယ်။





(၄)

''ခင်ဗျားက တော်တော်ညစ်ပတ်တာပဲ''

''ဘာ ရှင့်''

အဲဒီလိုပြောတော့ သူ မခံချင်ဘူး။

''ပြောပါဦး။ ကျွန်မက ဘာညစ်ပတ်လို့လဲ''

''မနေ့က အကျီကြီးပဲ ပြန်ဝတ်လာတယ်''

''မနေ့ကအကျီ မဟုတ်ဘူးရှင့်၊ ဒါ...နောက်တစ်ထည် နောက်တစ်ထည်''

''နောက်တစ်ထည်ဆိုလည်း တခြားအရောင်လေး ဘာလေး ဝတ်မှပေါ့ဗျာ''

''ဒီမယ်...ရှင်မသိဘဲ ဘာမှ လျှောက်ပြောမနေနဲ့၊ ငါးရက်လုံးလုံး အဝါရောင်တွေချည်းပဲ ဝတ်ရမယ်လို့ ဆရာမက မှာထားတယ်''

ကျွန်တော် အံ့ဩသွားရသည်။ ခပ်လှမ်းလှမ်းကနေ ဖြတ်သွားတဲ့ အဝါရောင်မော်တော်ကားတစ်စီးကို လှမ်းကြည့်ရင်း...

''ဟင်...ခင်ဗျားမှာ အဝါရောင်ငါးစုံတောင် ရှိတယ်၊ ဟုတ်လား''

ကျွန်တော်ထင်တဲ့ အတိုင်းပါပဲ၊ သူများဆီက ငှားဝတ်တယ်လို့

တော့ သူက ဘယ်ပြောပါ့မလဲ။

"ရှိတယ် ရှိတယ်၊ ကျွန်မမှာ အဝတ်အစားတွေ အများကြီး"

"ချမ်းသာလို့သာ ချေနိုင်တဲ့ ယကြွေးပဲဗျာ။ တခြားတစ်ယောက် ယောက်သာဆို ငါးရက်ဆက်တိုက် နှစ်နှင်းသုတ်ပြီး ထွက်ရမယ့်အတိုင်းပဲ။ အင်း...အသားဝါဖြစ်နေတဲ့သူဆိုရင်တော့ မသိဘူး"

အဲဒီလို ရေရွတ်မိတယ်။ သူက ကားကို ခရစ်ယာန်ဘုရားရှိခိုး ကျောင်းတစ်ခုနားမှာ ရပ်တယ်။

"ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး။ ရှင့်ကို မှာစရာရှိတာ မှာမလို့"

"ဟင်...ကားမောင်းနေရင်း မှာလည်း ရသားနဲ့"

"ရှင်က စကားကောင်းကောင်းပြောလို့ရတဲ့သူ မဟုတ်ဘူး။ စိတ်ကို အတော်ရှည်ရှည်ထားပြီး ပြောနေရတာ။ ကားရပ်ပြီး ပြောတာက ပိုကောင်းတယ်"

"ကဲ...ပြောပြော၊ ဒါဆိုရင်လည်း ပြော၊ ငြိမ်ငြိမ်သက်သက်ပြော၊ ခြေဆော့လက်ဆော့ မလုပ်နဲ့"

"ဘာ ခြေဆော့လက်ဆော့ လုပ်ရမှာလဲ၊ ရှင် အဲဒါတွေ ခက်တာ ပေါ့"

"ကဲပါ...ပြောမှာသာ ပြောပါ"

သူက ကျွန်တော့်ကို မျက်စောင်းတစ်ချက် လှမ်းပစ်သည်။ မချိုနိုတဲ့ လှမ်းပစ်တာပါ။ ဒါပေမဲ့ ကျွန်တော့်ကို ထိပါတယ်။ ဘာမှ မပြောခင် မှာ...

"ဒီမှာကြည့်"

စက္ကူယပ်တောင်တစ်လက်၊ ကျွန်တော့်ကို လှမ်းပေးတယ်။ ယပ်တောင်ပေါ်မှာ လင်းရှူပါလို့ ဆေးပင်နဲ့ ရေးထားတယ်။

"ခင်ဗျားက ဒါပဲလား"

"ဘာ ဒါပဲလားလဲ"

"ယပ်တောင်ပေါ်မှာ နာမည်ပဲ ရေးထားသလား။ အသက်ကို ရော မရေးဘူးလား"





"ဘာ...ရှင့်၊ ကျွန်မက သေသေးတာမှ မဟုတ်တာ"

"ဟင်...အဲဒါဆို ဒီယပ်တောင်က ဘာလုပ်တာလဲ"

"ယပ်တောင်ပေါ်မှာ ကျွန်မနာမည်ကို ရေးပြီး ဒေါသထွက်နေသူ တစ်ယောက်ကို ယပ်ခပ် ဖျောင်းဖျပေးရမယ်တဲ့"

"ဒေါသထွက်နေတဲ့သူကို..."

"အင်း..."

"ဟိုက ဒေါသထွက်နေတဲ့ဟာ၊ ကိုယ့်ကိုပါ ဆွဲတီးသွားလိုက်မှ ...က်နေမယ်"

"အို...ဒါကတော့ ပညာသားပါပါ ထိန်းသိမ်းဆက်ဆံရမှာပေါ့"

"ကဲ...ထားပါတော့၊ ဒီနေ့ ဘယ်သူဒေါသဖြစ်နေတာလဲ၊ ခင်ဗျား က ဘယ်သူ့ဆီ သွားမှာလဲ"

အဲလိုမေးလိုက်တော့ သူ နည်းနည်းတွေသွားတယ်။ ပြီးမှ စိတ်ပုံနုံး ...ရလိုက်တဲ့ လေသံနဲ့...

"ဟို...ဒေါ်မြင့်မြင့်သိန်းဆီ သွားမယ်"

"ဒေါ်မြင့်မြင့်သိန်း...ဟုတ်လား။ သူက ဘယ်ကလဲ၊ ဘာဖြစ်လို့ ဒေါသထွက်နေရတာလဲ"

"ဟိုလေ...သူက သူ့ကိုယ်သူ မော်ဒန်ကဝေမကြီးလို့ ထင်နေ ..."

"မော်ဒန်...ဟုတ်လား။ ဘာလဲ ဟို...စာပေအယူအဆတွေထဲက ...မော်ဒန်ကို ပြောတာလား"

"ဟုတ်တယ်လေ...ရှင်ကရော အဲဒါကို သိသလား"

"နည်းနည်းပါးပါးတော့ ဖတ်ဖူးပါတယ်"

သူက ကျွန်တော့်ကို ရှုတည်တည်ကြည့်ပါတယ်။ တစ်ခုခုကို ...မှ တီတီတီလို့ အသံထွက်ပြီး ကြည့်တာ မဟုတ်ပါဘူး။ ခပ်တင်း ...ကြည့်တာကို ပြောတာပါ။

"ရှင်ပြောလိုက်မှဖြင့် တလွဲတွေချည်းပဲ"

"မဟုတ်ဘူးလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ"

"ကဲ…ထားပါတော့၊ အဲဒီ ဒေါ်မြင့်မြင့်သိန်းကို ကျွန်တော် မကြားဖူးဘူး။ ဒါပေမဲ့ သူ့ကို ဘာဖြစ်လို့ မော်ဒန်ကဝေမကြီးလို့ ခေါ်တာတုန်း။ သူက အတော်ကြောက်စရာ ကောင်းနေလို့လား"

"မော်ဒန်ကဝေမကြီးဆိုတာ နှိမ်ချခေါ်တာ မဟုတ်ဘူးရှင့်။ ကြောက်စရာကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ်မဟုတ်ဘူး။ ပညာသည်ကြီးလို့ ပြောတာ"

"ဆယ့်နှစ်ကြိုး အကုန်ရလားဟင်"

သူက တွေဝေစဉ်းစားလိုက်ပြီး…

"တစ်ကြိုးနှစ်ကြိုးလောက်တော့ ရမယ်ထင်တယ်"

"ဟင်…ခင်ဗျားဟာကလည်းဗျာ၊ ကဲကဲ…အဲဒါကို ထားပါဦး။ သူက ဘာတွေကို ဒေါသထွက်နေတာလဲ"

"ဟိုရောက်တော့ တွေ့မှာပေါ့ရှင်၊ လိုက်မှာသာ လိုက်ခဲ့စမ်းပါ"

သူနဲ့ ကျွန်တော် အဲလိုပြောနေကြတာက လက်ဖက်ရည်ဆိုင်မှာပါ။ စကားအဆုံးမှာ ပိုင်းက ထဖို့ပြင်တော့ သူက "ကျွန်မ ရှင်းလိုက်မယ်" လို့ ပြောတယ်။ ကျွန်တော့်ကို အခွင့်အရေးယူချင်လို့ နေမှာပေါ့။ ဒါပေမဲ့ ကျွန်တော်က အဲဒါမျိုးကို ဘယ်လက်ခံလိမ့်မလဲ။ ကျွန်တော်ကပဲ အကုန် ရှင်းပေးလိုက်မယ်။

"ဒေါ်ရွှေ ကျွန်တော့်စာရင်းထဲ မှတ်ထားလိုက်"

အဲဒီစကားကြောင့် ပထမတော့ သူ ရှက်သွားပါတယ်။ ကျွန်တော့်ကို မျက်လုံးပြူးကလေးနဲ့ ကြည့်ပြီး…

"ဘာဖြစ်လို့ အကြွေးသောက်ရတာလဲ။ ဒီမှာ ပိုက်ဆံရှိတဲ့ဟာကို ရှက်ဖို့ကောင်းလိုက်တာ"

ချက်ချင်းပဲ သူ့မျက်နှာဟာ ငိုမလို ပြုံးမလို ဖြစ်သွားပါတယ်။ နောက်ထပ်စကားတစ်ခွန်းကို ထစ်အ ထစ်အနဲ့ ဆက်ပြောတယ်။

"ဒါ…ဒါဆို ရှင်က လွတ်…လွတ်လပ်သူ မဟုတ်ဘူးပေါ့"

ပြာတွေ သလဲတွေနဲ့ ကျွန်တော် ဘာမှ မပတ်သက်ပါဘူး။ ဒါပေမဲ့ အခုတော့ ကျွန်တော် သူ့စကားကို ပျာပျာသလဲ ငြင်းရတယ်။

"ဟာ…လွတ်လပ်ပါတယ်ဗျာ၊ ကျွန်တော်နဲ့ ဒေါ်ရွှေနဲ့ ဘာမှ





မပတ်သက်ပါဘူး။ ဒေါ်ရွှေက အပျိုကြီးဆိုပေမယ့် အသက်ပဲ (၆၀)နား ကပ်နေပြီ"

"အို…အဲဒါကို ပြောနေတာ မဟုတ်ဘူး"

"နို့ ဘာကို ပြောတာတုန်း"

"လွတ်လပ်သူဆိုတာ အကြွေးလည်း ကင်းရမယ်ရှင့်၊ ရှင့်ကို အစစအရာရာ လွတ်လပ်သူဆိုပြီး ယတြာချေဖို့ အကူအညီတောင်းထားတာ"

"နို့ ကျွန်တော်က ဘာဖြစ်နေလို့တုန်း"

"ခု ရှင်က အကြွေးတွေနဲ့ လက်ဖက်ရည်ဆိုင်မှာတောင် အကြွေးစာရင်း ဖွင့်သောက်နေတယ်"

"ဩော်…မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က လကုန်တိုင်း ဒေါ်ရွှေကို လက်ဖက်ရည်ဖိုး လေးထောင်၊ လေးထောင် ကြိုပေးထားတာ၊ ခဲ့သည် လာတိုင်း ဒီမှာခေါ်တိုက်တယ်။ ပေးထားတဲ့ထဲက နှုတ်နှုတ်သွားတာ။ ကျွန်တော်က သူ့ဆီမှာ အကြွေးရှိတာ မဟုတ်ဘူး။ ကျွန်တော်ကတောင် သူ့ကို ကြိုငွေတွေ ပေးထားသေးတယ်"

"ဩော်…အဲလိုလား"

သူ့စိတ် တဒုံးဒုံးကျသွားသံကို ကျွန်တော် မကြားပါဘူး။ ဒါပေမဲ့ သူက စိတ်ကို ဒုံးဒုံးချလိုက်ပုံရတယ်။ စိတ်ပေါ့ပါးသွားဟန်နဲ့ ဆက်ပြောတယ်။

"ဒါဆိုရင် တော်ပါသေးရဲ့"

"နို့ ခင်ဗျားက ဘယ်လိုထင်လို့တုန်း"

ချက်ချင်းပဲ သူက ဒေါပြန်ပွလာပုံရတယ်။

"နေပါဦး။ ရှင့်ကို ကျွန်မ ပြောထားရဦးမယ်"

"ဘာများပါလိမ့်"

"ကျွန်မကို စကားပြောရင် ရှေ့က နို့ နို့ ဆိုတာ ထည့်မပြောနဲ့ရှင်"

"ဟင်…ခင်ဗျားနဲ့ ဘာဆိုင်လို့တုန်း"

အဲဒီအမေးကြောင့် သူ အဖြေရကြပ်သွားပြီး…

"အိုး…ဆိုင်ဆိုင် မဆိုင်ဆိုင်ပေါ့"

"ဆိုင်ဆိုင် မဆိုင်ဆိုင် ဟုတ်လား…၊ နို့ ဘာဖြစ်လို့ ဒီလိုပြောရတာတုန်း"

"ဟင်…ရှင် လုပ်ပြန်ပြီလား"

"ဗုဒ္ဓေါရေ…ခက်တော့နေပြီ"

လက်ဖက်ရည်ဝိုင်းကနေ ထမယ်ပြင်ပြီးမှ မထဖြစ်သေးဘဲ စကားအခြေအတင်ပြောနေရတာပါ။ မျက်စိမှုန်ရုံတင်မက နားပါ သိပ်မကြားရတော့တဲ့ ဒေါ်ရွှေကလည်း မြင်သလိုလို ကြားသလိုလိုနဲ့ ကျွန်တော်တို့ကို လှမ်းအကဲခတ်နေပါတယ်။ လာလာချည်သေး။

သူ့ဘာသာသူတောင် ဈေးက ပြန်လာရင် သူ့လက်ဖက်ရည်ဆိုင် အောက်မေ့ပြီး တခြားအိမ်ထဲ ဝင်ဝင်ထိုင်နေပြီးတော့များ။ အိမ်ရှင်တွေကိုပဲ သူက 'ဘာသောက်မလဲ'တို့၊ 'ပြန်တော့မလား'လို့ လုပ်နေသေးရဲ့။

"ရှူး"

သူက ကျွန်တော့်ကို 'ဘာလဲ'ဆိုတဲ့သဘောနဲ့ မေးဆတ်ပြတယ်။ ကျွန်တော်က တိတ်တိတ်ထွက်ကြမယ်ဆိုတဲ့သဘောနဲ့ သူ့ကိုခေါ်ပြီး ဆိုင်ထဲက ထွက်ခဲ့တယ်။ ဆိုင်ပြင်ရောက်မှ သူက မေးတယ်။

"ဘာလုပ်တာလဲ"

"ခုဆိုရင် ကျွန်တော်တို့ ထွက်လာမှန်း ဒေါ်ရွှေ သိမှာမဟုတ်ဘူး။ လူမရှိတော့တဲ့ အဲဒီဝိုင်းကို ဒေါ်ရွှေ သဲကြီးမဲကြီး အကဲခတ်နေလိမ့်မယ်"

"ရှင်ကလည်း သနားပါတယ်၊ သူများကို"

"ဟီးဟီး…ဒီလိုပဲဗျ။ ကျွန်တော့်သူငယ်ချင်း ထင်ငြိမ်းဆိုရင် ဆိုင်ထဲကို တိတ်တိတ်ကလေးဝင်၊ စားပွဲပေါ်က ရေနွေးတစ်အိုးလုံး ကုန်အောင်သောက်ပြီး တိတ်တိတ်ကလေး ပြန်ထွက်လာတာ"

"သူက စားပွဲထိုး မထားဘူးလား"

"သူ့စားပွဲထိုးက ဒေါ်ရွှေကို အကုန်ပြင်ဆင်ပေးပြီး အပြင်ထွက်သွားရတာ များတယ်။ နို့ဆီဝယ်၊ သကြားဝယ်၊ ကော်ဖီမစ်ဝယ် စသဖြင့်ပေါ့"

"အဖော်ဆရာရော မရှိဘူးလား"





"ဟင့်အင်း…စားပွဲထိုးလေးကပဲ အဆင်သင့်လုပ်ပေးသွားပါတယ်ဆို၊ ဒေါ်ရွှေက ငှဲထည့်ရုံပဲ"

ဒေါ်ရွှေအကြောင်းတောင် ကျွန်တော် သိပ်မရွှေလိုက်ရပါဘူး။ ကားပေါ်မှာ ဝင်ထိုင်ဖြစ်ကြတယ်။ ထုံးစံအတိုင်း သူက ကားကို အကြမ်းပတမ်း မောင်းထွက်သွားတယ်။

"အခု ဘယ်သွားမှာလဲ၊ ဒေါ်မြင့်မြင့်သိန်းက ဘယ်မှာနေတာလဲ"

"ရောက်တော့ သိမှာပေါ့ရှင်၊ ရှင်ကလဲ အရမ်းလေရှည်တာပဲ"

ကျွန်တော်ကဖြင့် လေကို မြင်တောင် မမြင်ဖူးဘူး။ တိုတာတွေ ရှည်တာတွေ၊ ပိန်တာတွေ၊ ဝတာတွေ လေနဲ့ပတ်သက်လာရင် ဘာမှ မသိဘူး။ ရှိသေးတယ်။ လေလည်တယ်တဲ့။ ဘယ်ကို ထွက်လည်မှန်း မသိဘူး။ ပြန်ရော ဝင်လာရဲ့လား မသိဘူး။

ကားပေါ်မှာ ထွေထွေထူးထူး စကားဆက်မပြောဖြစ်ကြတော့ပါဘူး။ ဟိုလမ်းချိုး ဒီလမ်းချိုးကွေ့နဲ့ သူကလည်း ကားကိုပဲ အာရုံစိုက်မောင်းနေတယ်။ ရောက်ခါနီးကျမှ သူက ရောက်တော့မယ်လို့ ပြောတယ်။ ရောက်တော့မယ် ဟုတ်လားလို့ ကျွန်တော်က ပြန်မေးတဲ့အချိန်မှာပဲ ရောက်ပြီလို့ သူက ဆက်ပြောပါတယ်။

အဲလို ကြိုတင်သတိပေးတဲ့အတွက် ကျေးဇူးတင်စရာပါပဲ။ အဲဒီလို နဲ့ သူက ရှေ့ကဦးဆောင်ပြီး ဆင်းပါတယ်။ ကျွန်တော်ကတော့ သူ့နောက် လိုက်ပေါ့။ လမ်းမှ မသိတာကိုး။ အိမ်တစ်အိမ်ထဲကို သူဝင်ပါတယ်။ သူ့ကို သနားလို့ ကျွန်တော်လည်း လိုက်ဝင်ပါတယ်။ သူတွေ့ချင်တဲ့ ဒေါ်မြင့်မြင့်သိန်းဟာ ဧည့်ခန်းမှာ မိန့်မိန့်ကြီး ထိုင်နေပါတယ်။

လူကောင်ထွားကြိုင်းပြီး အိန္ဒိယသွေးစပ်တဲ့ မျက်နှာမျိုး ရှိပါတယ်။ ပုံစံက ခပ်တင်းတင်းပါပဲ။

"အန်တီ နေကောင်းလား"

"နေကောင်းလို့ ထိုင်နေတာပေါ့"

"ဟုတ်တယ်၊ ကျွန်မလည်း နေကောင်းလို့ ကားစီးပြီး အန်တီ့ဆီ လာတာ"

လင်းရှုပါရဲ့ တုံ့ပြန်စကားကို ကျွန်တော် သဘောကျသွားတယ်။

ဒေါ်မြင့်မြင့်သိန်းကတော့ သဘောကျမကျ ကျွန်တော် မသိဘူး။ ကျွန်တော်တို့က နေကောင်းတဲ့သူတွေမို့လို့ ထင်ရဲ့ 'ထိုင်'လို့ ပြောတယ်။

''အန်တီကြည့်ရတာ စိတ်တိုနေသလိုပဲ၊ ဘာတွေဖြစ်နေတာလဲ''

''တိုတယ်ပေါ့ တိုတယ်၊ တိုရမယ့်အကြောင်းတွေက ရှိတယ်''

အဲဒီအချိန်မှာပဲ လင်းရှုပါကို ကျွန်တော်က လက်ကုတ်ရပါတယ်။ ဒေါ်မြင့်မြင့်သိန်းက အိမ်ဖော်တွေဘက် လှည့်ပြီး ကျွန်တော်တို့အတွက် အအေးဖျော်ခိုင်းနေတဲ့အချိန်မှာပါ။

သူက ကျွန်တော့်ကို လှည့်ကြည့်ပြီး မေးတယ်။

''ဘာလဲ''

''သူ တကယ်စိတ်တိုနေပုံရတယ်''

''ရပါတယ်၊ ရှင်ကလည်း ကြောက်မနေစမ်းပါနဲ့၊ ကျွန်မ ကြည့်လုပ်ပါ့မယ်၊ တမင်တကာ ဒေါသထွက်နေတဲ့လူဆီ လာကြတဲ့ကိစ္စပဲ''

''မဟုတ်ဘူး။ မလုပ်နဲ့တော့၊ သူ ဒေါသထွက်လည်း ခင်ဗျား ဘာမှ လုပ်လို့ မရတော့ဘူး''

''ဘာဖြစ်လို့လဲ''

''လေအေးစက်ကြီး ဒီလောက်ဖွင့်ထားတဲ့ဟာ၊ ခင်ဗျားက သွားယပ်ခတ်ပေးလို့ ဖြစ်မလား''

''အယ်...ဟုတ်ပါရဲ့''

ပထမ သူ့မျက်လုံး ဝိုင်းသွားတယ်။ ဒုတိယ သူ စိတ်ညစ်သွားတယ်။ တတိယ သူ သက်ပြင်းချတယ်။ စတုတ္ထ ထပြန်တော့မလိုတောင် ဖြစ်သွားတယ်။ သူ့အကျီစကို ကျွန်တော်က မနည်းဆွဲထားရတယ်။

အဲဒီအချိန်မှာပဲ ဒေါ်မြင့်မြင့်သိန်းက...

''ဒီလို ရှုပါရေ့''

သူက ဒီလိုဆိုပေမယ့် ရှုပါက 'ဟိုလို'ဖြစ်နေပြီမို့လို့ ဘာမှ ခွန်းတုံ့မပြန်ပါဘူး။ ဒေါ်မြင့်မြင့်သိန်းကလည်း အဲဒါကို ဂရုမစိုက်ပါဘူး။ သူ့ဘာသာ ဆက်ပြောတယ်။

''ညည်းလည်း သိသားပဲ၊ ငါဟာ စာပေအနုပညာကို ဘယ်လောက်လေ့လာခဲ့တယ်ဆိုတာ နှစ်ပေါင်းများစွာကို ကြာခဲ့ပေါ့''





''ဟုတ်...ဟုတ်ကဲ့ အန်တီ''

''အခု ဆရာ့ဆီက ပညာစုံရပြီဆိုပြီး အနုပညာပုံစံသစ်ကလေးတွေ ဖန်တီးဖို့ကျတော့ အနှောင့်အယှက်က ကြုံတယ်''

''ဘာအနှောင့်အယှက်လဲ အန်တီ''

''ငါက အသက်ကြီးပြီတဲ့၊ မနေ့တစ်နေ့ကမှ မွေးလာတဲ့ ချာတိတ်တစ်ယောက်က ငါ့ကို ပင်စင်ပေးတယ်။ ရေးမယ်ကြံရုံရှိသေးတယ် ပင်စင်က ရသွားတော့ ငါ ဘာလုပ်ရမလဲ မသိဘူး ဖြစ်နေတယ်''

''အဲဒါကြောင့် အန်တီ စိတ်တိုနေတာလား''

''အေးပေါ့...။ အဲဒီ သတ္တဝါပေါက်စကိုပဲ နုတ်နုတ်စင်းပစ်ချင်တယ်''

''ဩော်...''

အလိုက်သင့် ပြန်ပြောနေရပေမယ့် လင်းရှုပါက ဖင်တကြွကြွဖြစ်နေပါပြီ။ ဒီကနေ ထပြန်ပြီး အကျိုးရှိမယ့်တစ်နေရာရာဆီကို သွားချင်နေပြီ။ အဲဒီအချိန်မှာပဲ...

''ဝုန်း''

အဲဒီအသံကြောင့် ကျွန်တော်တို့နှစ်ယောက်လုံး လန့်သွားတယ်။ ဒေါ်မြင့်မြင့်သိန်းရဲ့ ဒေါသတွေများ ပေါက်ကွဲထွက်လာသလားလို့၊ မဟုတ်ပါဘူး။ လေအေးစက်ကြီး ရပ်သွားတာပါ။ ဒေါ်မြင့်မြင့်သိန်းက တောက်ခေါက်လိုက်ပြီး...

''မီးအားကလည်း ကျသွားပြန်ပြီ''

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိပါတယ်။ ဖါ...အခွင့်အရေးပဲဆိုတာကိုလည်း သိလိုက်ပါတယ်။ လင်းရှုပါဟာ ခုမှ တက်တက်ကြွကြွဖြစ်သွားပြီး...

''ဟုတ်တာပေါ့...ဒေါသထွက်စရာပေါ့...။ အန်တီမပြောနဲ့ ကျွန်မတောင် နားထောင်ရတာ ဒေါသထွက်တယ်။ အန်တီ့ဘာသာ အသက်ကြီးတာ သူနဲ့ ဘာဆိုင်လဲ။ မော်ဒန်အယူအဆဝတ္ထုတွေကို အန်တီ့ကို မရေးပါနဲ့လို့ ပင်စင်ပေးရလောက်အောင် သူက ဘာမို့လို့လဲ။ အန်တီက တီးထည့်လိုက်ပါလား။ ဘာကို ဂရုစိုက်နေလို့လဲ''

အဲဒီလိုမျိုး တသွင်သွင် တိုးမီး ရှို့မီး လုပ်ပါတော့တယ်။ သူ့စကားတွေကြောင့် ဒေါ်မြင့်မြင့်သိန်းရဲ့ ဒေါသက ဆားပက်ခံရတဲ့ တီကောင်လို တွန့်ကွေးလိမ်ကောက်ထွက်လာပါတယ်။

"အေး...တီးတာပေါ့၊ ပယ်ပယ်နယ်နယ်ကို တီးထည့်လိုက်တာပေါ့"

"အဲဒီတော့ သူက ဘာဖြစ်သွားတုန်း"

"ဘာမှ မဖြစ်ဘူးပေါ့၊ ဘာမှမဖြစ်လို့ ငါ ဒေါသတွေ ပိုထွက်နေရတာ"

"အန်တီ့ကို သူက ဘာပြန်ပြောလဲ"

"ဘာမှ ပြန်မပြောဘူး"

"ဘာရော ပြန်လုပ်သလဲ"

"ဘာမှ ပြန်မလုပ်ဘူး"

"အဲဒါဆို အန်တီတီးတာကို သူက ဘာဖြစ်လို့ ဘာမှ မဖြစ်တာလဲ"

"ဘာမှ မဖြစ်လို့ ဘာမှ မဖြစ်တာပေါ့ဟဲ့"

"ဟင်...ဒါထက် အန်တီပြောတော့ တီးလိုက်တယ်ဆို"

"တီးတယ်လေ"

"ဟိုက ဘာဖြစ်လို့ ဘာမှမဖြစ်တာလဲ"

"ဘာမှမဖြစ်လို့ မဖြစ်တာပါလို့ ငါပြောနေတယ်"

အဲဒီလိုနဲ့ ဒေါ်မြင့်မြင့်သိန်းရဲ့ မျက်လုံးပြူးကျယ်ထွက်လာချိန်မှာ ချက်ကောင်းစောင့်နေတဲ့ လင်းရှုပါက ယူလာတဲ့ ယပ်တောင်လေးနဲ့ ယပ်ခတ်ပေးဖို့ ပြင်ပါတယ်။ လေအေးစက်ရပ်သွားတာနဲ့ အခန်းထဲမှာလည်း အိုက်စပ်စပ်ဖြစ်လာပြီကိုး...။

ဒါပေမဲ့...

"နေနေ ရတယ်၊ ကျွန်မ လုပ်လိုက်မယ်"

အိမ်ဖော်တစ်ယောက် ပန်ကာလာဖွင့်ပေးသွားပါတယ်။ လင်းရှုပါက စိတ်အိုက်သွားပြီး ကျွန်တော့်ကို တစ်ချက်ဝေ့ကြည့်တယ်။ ကျွန်တော် ယောင်ယောင်လေး ပြုံးနေမိတယ်။





ဖြစ်ချင်တော့ ပန်ကာက သုံးစားလို့ မရပါဘူး။ မီးအားက တက်လိုက် ကျလိုက်ဖြစ်နေတဲ့အတွက် ပန်ကာလည်ပုံကလည်း ကိုရှိုကားရားဖြစ်နေပါတယ်။ ဦးရွှေရိုးရဲ့ ထီးလောက်တောင် မလည်ဘူး။

ဒေါ်မြင့်မြင့်သိန်းဟာ ဒေါသဖြစ်နေတဲ့အပြင် ဒေါ်ရွှေရိုးလည်း မဟုတ်တဲ့အတွက်ကြောင့် သည်းမခံနိုင်ပါဘူး။ ဒီလိုပန်ကာမျိုးနဲ့လည်း သူ တွဲမကနိုင်ပါဘူး။

"ပန်ကာကို ပြန်ပိတ်လိုက်စမ်း"

ချက်ကောင်းကို ထပ်စောင့်နေတဲ့ လင်းရှုပါက ယပ်တောင်ကလေးကို ထပ်ထုတ်လိုက်ပါတယ်။

"ဒီလောက်လည်း စိတ်မတိုပါနဲ့တော့ အန်တီရယ်၊ စိတ်လျှော့ပါ၊ ကိုယ်လည်း အသက်အရွယ်ရလာပြီပဲ"

"လာပြန်ပြီလား၊ ဒီအသက်အရွယ်ရတဲ့ကိစ္စ"

ဒေါ်မြင့်မြင့်သိန်းရဲ့ မျက်နှာက တင်းမာသွားပါတယ်။ လင်းရှုပါတော့ မသိဘူး။ ဘေးက ကြည့်နေရတဲ့ ကျွန်တော်တောင် စိတ်မသက်မသာဖြစ်မိတယ်။

"နေ နေ ရှုပါ ရတယ်၊ အန်တီ့ဘာသာ ခပ်မယ်"

ပြောပြောဆိုဆို လင်းရှုပါရဲ့ လက်ထဲက ယပ်တောင်ကို ဆွဲယူပြီး သူ့ဘာသာ သူခတ်တယ်။

"အယ်..."

လင်းရှုပါ တွန့်ခနဲ ဖြစ်သွားတယ်။

ဒေါ်မြင့်မြင့်သိန်းရဲ့ လက်ထဲက သူ့ယပ်တောင်ကို ပြန်ဆွဲယူဖို့ ကြိုးစားရင်း...

"ရပါတယ် အန်တီရဲ့၊ ရှုပါ ခတ်ပေးပါ့မယ်"

"နေပါအေ...ရပါတယ်၊ အန်တီ့ဘာသာ ခတ်ပါ့မယ်"

အဲဒီလို ပြန်ပြောပြီး သူ့ကိုယ်သူ ယပ်ခတ်နေရုံတင်မကဘူး။ လင်းရှုပါကိုပါ သူက ပြန်ယပ်ခတ်ပေးနေလိုက်သေးတယ်။

"အာ"

လင်းရှုပါ အတော်အကြပ်ရိုက်သွားတယ်။ ကျွန်တော့်ကို အားကိုး

တကြီး လှည့်ကြည့်လေရဲ့။ ကျွန်တော်ကရော ဘာဝင်ပြောသာမှာလဲ။ (ဟော့…ဒေါ်မြင့်မြင့်သိန်း။ ခင်ဗျားက ဒါ ဘာအချိုးလဲ၊ သူ့ယပ်တောင် သူ့ကို ပြန်ပေးလိုက်၊ ပြီး…သူယပ်ခတ်ပေးတာကို ငြိမ်ခံနေ၊ မရှည်နဲ့၊ တေတွားမယ်)လို့ ထပြောလို့လည်း ဖြစ်တာ မဟုတ်ဘူး။

"ဘယ်ရမလဲအေ…ခင်းက ငါမွေးရင် ငါ့သားလောက်ရှိသေးတာ၊ သူ့ထက် ငါ အတွေ့အကြုံများတယ်၊ အသက်ပိုကြီးတယ်၊ ပြောလို့ရတယ်။ နင် ငယ်ပါသေးတယ်လို့ ပြောလိုက်လို့ရတယ်။ အနိမ့်ဆုံးအဆင့် ငါက သူ့ကို အသက်နဲ့ အနိုင်ကျင့်လို့ ရတယ်"

အဲဒီလိုပြောနေလိုက်တာ စကားအဆုံးမှာ ငှဲ…ငှဲ…ငှဲ…လို့ ထရယ်မတတ်ပါပဲ။ ကျွန်တော် ပျင်းလာပြီ။ ပြီး…သူ ယပ်ခတ်တာ ကလည်း အကြမ်းပတမ်းကြီး။ ယပ်တောင်က စက္ကူနဲ့လုပ်ထားတာ ဆိုတာတောင် သတိရရဲ့လားမသိဘူး။ အဲဒီလို ကျွန်တော် တွေးတာတောင် နောက်ကျသွားသေးတယ်။

"ဖြုတ်"

သူ အရှိန်နဲ့ လွှဲအခတ်မှာ ယပ်တောင်က အရိုးပြုတ်ထွက်သွား တယ်။ အမှန်ဆို အရွက်ကျွတ်ထွက်သွားတယ်လို့ ပြောရမှာပေ့ါ။ အရိုးက သူ့လက်ထဲမှာ ကျန်ခဲ့တယ်။

"ဟယ်…"

စကားကို ဟန်ပါပါနဲ့ ပြောနေတဲ့ ဒေါ်မြင့်မြင့်သိန်းဟာ နည်းနည်း ရှက်သွားတယ်။ တိုနေတယ်လို့သိရတဲ့ သူ့စိတ်ကလည်း ပိုတိုသွားမှာ ပေ့ါ။

"ဂျွမ်း"

ဒေါ်မြင့်မြင့်သိန်းရဲ့ ဒေါသတွေ ပေါက်ကွဲထွက်လာတာ မဟုတ် ပါဘူး။ မီးအားပြန်မြင့်လာလို့ လေအေးစက်ကြီး ပြန်လည်တာပါ။ ဒေါ်မြင့်မြင့်သိန်းက သူ့လက်ထဲက ယပ်တောင်အရိုးကို အခန်းထောင့် ဆီ လွှင့်ပစ်လိုက်တယ်။ လင်းရွှေပါကို ဂုတ်က ဆွဲပြီး ကိုင်ပေါက်လိုက် သလိုပါပဲ။

"ကဲကဲ…ဗုဒ္ဓဟူးသမီးရေ"





သူက လေပျော့လေးနဲ့…

"ပြော"

"တခြားနေရာတွေ ဝင်စရာရှိသေးတယ် ပြန်ကြပါစို့"

ကျွန်တော့်စကားကို သူ သဘောပေါက်ပါတယ်။ သူ့ယပ်တောင် ကို အရိုးဆီတစ်ခါ၊ အရွက်ဆီတစ်ခါ လှမ်းကြည့်ရင်း…

"ကဲ…အန်တီ၊ ရှပါတို့လည်း ပြန်လိုက်ပါဦးမယ်"

သူ့ဒေါသတွေကို ဖွင့်ကြူးဖို့ အရှိန်ရနေတဲ့ ဒေါ်မြင့်မြင့်သိန်းဟာ အမ်းသွားပါတယ်။ ပြီးမှ မျက်နှာကို ပြန်ပြင်ပြီး…

"ဟဲ့…အအေးတွေတောင် ကုန်အောင်သောက်မသွားဘူး"

"ဗိုက်ပြည့်နေပြီ၊ ရှပါတို့ကို ခွင့်ပြုပါဦး"

"အေးအေး…ခွင့်လွှတ်ပါတယ်"

"ဘာလဲ…ခွင့်လွှတ်နိုင်းတာ မဟုတ်ဘူး။ ခွင့်ပြုခိုင်းတာ၊ ပြန်မလို့"

ာတ်တာပေ့ါ။ လင်းရွှေပါလည်း နည်းနည်းတော့ ဒေါပွပြီပေ့ါ။ သူ့ကြိုးစားမှုတွေ အရာမှမရောက်လိုက်ဘဲ။ နှစ်ယောက်သား ဘောက် ဆတ် ဘောက်ဆတ်နဲ့ အဲဒီအိမ်ထဲက ပြန်ထွက်ခဲ့ကြတယ်။ ကားပေါ် ရောက်တဲ့ထိ သူ့မျက်နှာလေးက သုန်မှုန်နေတုန်း။

"ကဲ…အခု ဘယ်သွားကြမလဲ"

စတီရာရင်ပေါ်လက်တင်ပြီး သူ ငိုင်နေတယ်။ ခဏကြာမှ ခပ်လေး လေးလေး ပြန်ပြောတယ်။

"ဘယ်သွားရမလဲတောင် မသိဘူး"

"မောင်းမှာသာ မောင်းဗျာ"

"ဘယ်ကိုမောင်းရမှန်း မသိပါဘူးဆိုနေ"

"လမ်းသင့်သလိုသာ လျှောက်မောင်းလေ၊ လမ်းမှာ ဒေါသထွက် နေတဲ့သူတွေ့ရင် ဆင်းယပ်ခတ်ပေးကြတာပေ့ါ"

သူ လန့်သွားတယ်။ (ကွန်ပျူတာဆရာခင်ဗျား။ လန့်ကို အောက် ကမြင့်ပါအောင် သေသေချာချာထည့်ပေးပါ။) မျက်လုံးပြူးလေးနဲ့ ပြန်ပြော တယ်။

"အဲလိုလုပ်လို့ ဖြစ်ပါ့မလား"

သူပြောဖူးတဲ့ စကားအတိုင်းပဲ ကိုယ်က ပြန်ပြောလိုက်တာပေါ့။

"ဒီလိုပေါ့ဗျာ။ ကြည့်ကျက်ကိုင်တွယ်ရမှာပေါ့၊ ထိန်းထိန်းသိမ်းသိမ်း၊ ဆက်ဆံရမှာပေါ့၊ ပြီးတော့…"

"ပြီးတော့ ဘာဖြစ်လဲ"

"ချော့မော့ယယ်ခတ်ပေးရမှာပေါ့ဗျာ"

"ပြဿနာပဲ"

"ကျွန်တော့်ပြဿနာမဟုတ်ဘူး။ ခင်ဗျား ပြဿနာ"

"ဟုတ်ပါတယ်၊ ဒီကရော ဘာပြောလို့လဲ"

"ကဲ…မောင်း မောင်း"

သူက မျက်နှာမသာမယာလေးနဲ့ဘဲ ကားကို ဝူးခနဲ ဆောင့်မောင်းထွက်ပါတယ်။

"ဟိတ်…ရှေ့မှာ"

စက်ဘီးနင်းလာသူတစ်ယောက်နဲ့ တိုက်မိမလိုဖြစ်ပါတယ်။ ဘရိတ်နင်းပြီး ကားကို အချိန်မီဆွဲကွေ့နိုင်လိုက်လို့ ဆိုးဆိုးဝါးဝါးမဖြစ်လိုက်ပါဘူး။ စက်ဘီးသမားကတော့ ကားကို အထိတ်တလန့် ရှောင်ဖို့ ကြိုးစားရင်း သူ့ဘာသာ ဂျိုင်းခနဲ လဲကျသွားပါတယ်။

"ဟာ…"

"အို…"

"ဟဲ့…"

အနီးအပါးက လူတွေထဲမှာ အားနေတဲ့လူတွေလည်း ရှိလို့ အာမေဋိတ်သံတွေကို စုံသွားတာပါပဲ။ တချို့က စက်ဘီးသမားကို အပြေးအလွှား သွားထူပေးကြတယ်။ အမှန်တော့ မလိုအပ်ပါဘူး။ စက်ဘီးသမားက သူ့ဘာသာ ပြန်ထနိုင်ပါတယ်။ ဒီရပ်ကွက်ထဲကလူပဲ ဖြစ်ပုံရတယ်။ ပြဿနာကြီးသွားမှာ စိုးရတယ်။

"ဦးသိန်းမြင့် ဘာဖြစ်သွားသေးလဲ"

"ကံကြီးပေလို့ပေါ့ ကိုသိန်းမြင့်ရယ်"

"ဘာမှ မဖြစ်ပါဘူး။ ဘာမှ မဖြစ်ပါဘူး"

ဒေါ်မြင့်မြင့်သိန်း မဟုတ်တဲ့ ဦးသိန်းမြင့်ဟာ ဒေါသတကြီးနဲ့





ကားဆီ လျှောက်လာပါတယ်။ လူကောင်က ထွားကျိုင်းလှတဲ့အပြင် မျက်နှာကလည်း ကြောက်စရာကြီးပါပဲ။

"ကျွတ်"

လင်းရှုပါက အလိုမကျသလို စုတ်သပ်ပြီး ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်ပါတယ်။ သူ့အကြည့်က အားကိုးသလိုလို၊ အားမကိုးသလိုလိုပေါ့။ ဒီလောက် လူကောင်အကြီးကြီးနဲ့တော့ ကျွန်တော်လည်း ဘယ်ချချင်ပါ့မလဲ။ ကျန်ကျောင်းမှ မဟုတ်တာ။

ဦးသိန်းမြင့်က ကားမောင်းသူနေရာမှာ ထိုင်နေတဲ့ လင်းရှုပါကို စူးစူးဝါးဝါးကြည့်ပြီး မေးပါတယ်။

"ကားကို ဘယ်လိုမောင်းတာလဲ"

လင်းရှုပါကလည်း မခေပါဘူး။

"ကိုယ်ကရော စက်ဘီးကို ဘယ်လိုနင်းလာလဲဆိုတာ ပြန်မေးဦး"

အဲဒီလို ပက်ခနဲ ပြန်ပြောတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဦးသိန်းမြင့် စက်ဘီးနင်းလာတာကိုက ယိုင်ထိုးယိုင်ထိုးနဲ့။ ကားရှေ့မှာ မြွေလိမ်မြွေကောက် လုပ်နေတာကို။ လူကလည်း သောက်ထားပုံရတယ်။ အရက်တော့ ဟုတ်ပုံမပေါ်ဘူး။ ဘီယာနံ့ ရတယ်။

ကံကောင်းချင်တော့ ပြဿနာက ကြီးထွားခွင့် မရလိုက်တော့ဘူး။ ဘေးမှာရှိတဲ့ လူတွေက ဝိုင်းပြီး ဖြန်ဖြေကြတယ်။ ဦးသိန်းမြင့်ကလည်း သောက်လာမိတော့ သူ့ဘက်က အပြစ်မကင်းမှန်း သိတယ်။ ဒါပေမဲ့ ဒေါက်ကို သိပ်လျှော့ချင်ပုံတော့ မရဘူး။ ကားပြတင်းပေါက်ကနေ လင်းရှုပါရဲ့မျက်နှာကို တိုးကပ်ပြီး တစ်ခုခုပြောဆိုအော်ဟစ်မလို လုပ်တယ်။

"ရှင် ဘာလုပ်ချင်လို့တုန်း"

လင်းရှုပါက မျက်နှာကို နောက်ရှိုလိုက်တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်က လင်းရှုပါရဲ့ လက်ထဲကို…

"ရော့ရော့"

တစ်စုံတစ်ရာ ထိုးထည့်ပေးလိုက်တယ်။ တစ်ထွာလောက်ရှိတဲ့ ဂျူဦးလေးတစ်ခုပါ။ လင်းရှုပါကလည်း ဖျတ်ခနဲဆွဲယူပြီး ဦးသိန်းမြင့်ရဲ့

မျက်နှာကို အနီးကပ် ချိန်လိုက်တယ်။

"ဘာလဲ"

ဦးသိန်းမြင့် ဇဝေဇဝါဖြစ်သွားတယ်။ လင်းရှုပါကလည်း ဦးသိန်းမြင့်ကို သူ ဘာနဲ့ ချိန်ထားမိမှန်း မသိပါဘူး။

"ခလုတ်ကို နှိပ်လိုက်"

ကျွန်တော့်စကားအဆုံးမှာ လင်းရှုပါက…

"ဖျောက်"

ခလုတ်ကို နှိပ်လိုက်တယ်။

"ဝီး…"

ဦးသိန်းမြင့်နဲ့ ဘေးက ကြည့်နေသူတွေတင်မကဘူး။ ခလုတ်နှိပ်တဲ့ လင်းရှုပါကိုယ်တိုင်တောင် ကြောင်သွားတယ်။ သူ ခလုတ်နှိပ်လိုက်တဲ့ အရာက လက်နှိပ်ဓာတ်မီးအသေးစားလေးလို ပန်ကာလေး။

"ဟီးဟီး"

"ခစ်ခစ်"

ဘေးလူတွေက ဝိုင်းရယ်ကြတယ်။ ဦးသိန်းမြင့်မှာက ရယ်ရမလို ငိုရမလိုနဲ့။ သူ့မျက်နှာရှေ့က ပန်ကာကို ကြည့်ပြီး လင်းရှုပါကို လှည့်ကြည့်တယ်။ လင်းရှုပါကလည်း သူ့လက်ထဲက ပန်ကာကို ကြည့်ပြီး ကျွန်တော့်ကို လှည့်ကြည့်တယ်။

ဘယ်လိုလုပ်တာလဲ ဆိုတဲ့သဘောပေါ့။

"ထားလိုက်ပါ ဦးသိန်းမြင့်ရယ်…၊ ကိုယ်လည်း ဘာမှ ဖြစ်တာမှ မဟုတ်ဘဲ"

"ဟုတ်ပါတယ် ဦးသိန်းမြင့်ရယ်…လာပါ၊ ဟို မိန်းကလေးကြည့် ရတာလည်း လူရည်သန့်လေးပါ"

ဒီမိန်းကလေးကမှ လူရည်မသန့်ရင် ဘယ်မိန်းကလေးက သ… တော့မလဲ။ ဒီလောက်ရှင်းလက်ကြည်လင်နေတဲ့ ကောင်မလေးကို…

"ဘာကောင်မလေးမှန်း မသိဘူး"

ဦးသိန်းမြင့်က အဲဒီလို ရေရွတ်ပြီး ပေစောင်းပေစောင်း လှည့် ထွက်သွားတယ်။ လင်းရှုပါကလည်း ကားကို မောင်းထွက်လာခဲ့တယ်…





ခပ်လှမ်းလှမ်းရောက်မှ ကျွန်တော့်ကို…

"ရှင်ကလည်းလေ…အားကိုးလိုက်ရတာ"

"ဘာအပြစ်ပြောနေတာလဲ၊ ကျွန်တော့်ကြောင့် ခင်ဗျားကိစ္စ ပြီးသွားပြီ မဟုတ်လား"

"ဘာများပေးတာလဲလို့…ပန်ကာကြီး။ ဘာလုပ်လို့ရမှာလဲ"

"သူ့မျက်နှာရှေ့မှာ ခင်ဗျား ပန်ကာဖွင့်လိုက်တာ ဒေါသထွက်နေတဲ့သူကို ယပ်ခတ်ပေးတာနဲ့ အတူတူပဲပေါ့ဗျ"

"အင်…"

ဒါပေမဲ့ သူက တစ်ချက်ပြန်ထောက်တယ်။

"အဲလိုနဲ့လည်း မရသေးပါဘူးရှင်၊ ယပ်တောင်မှာက ကျွန်မ နာမည် ပါရမယ်ရှင့်"

"အဲဒီပန်ကာကိုလည်း သေသေချာချာကြည့်လိုက်ဦးလေ"

ကားအက်ရှ်ဘုတ်ဒ်ပေါ် ပစ်တင်ထားတဲ့ ပန်ကာဆီ သူ့အကြည့် ရောက်ပါတယ်။ ပန်ကာလေးရဲ့လက်ကိုင်မှာ 'လင်းရှုပါ'လို့ ရေးထားတယ်။

"ဟယ်…"

သူ ပျော်သွားတယ်။

"အဲဒါ ရှင် ဘယ်တုန်းက ရေးထားတာလဲ"

"ခင်ဗျားတို့ ရန်ဖြစ်တော့မယ့် အချိန်မှာပဲပေါ့"

"မြန်လိုက် သွက်လိုက်တာ၊ ဒီလိုကျတော့လဲ ရှင်က တော်သားပဲ"

ဟိုလိုကျတော့ ကျွန်တော်က မတော်သလိုကြီး ဖြစ်နေတယ်။ ရပါတယ်။ ခွင့်လွှတ်လိုက်ပါတယ်။ သူပျော်လာတာကို ကြည့်ပြီး ကျွန်တော် လည်း ပျော်လာတယ်။

"အာ…ဒါဆို ဒီနေ့ကိစ္စက ပြီးသွားပြီပေါ့"

"ဟုတ်တာပေါ့၊ ခင်ဗျား အရမ်းကံကောင်းတယ်။ ဒေါ်မြင့်မြင့်သိန်း ဆီမှာ မအောင်မြင်ပေမယ့် ဦးမြင့်သိန်းဆီမှာ လာအောင်မြင်တယ်။ နာမည်ချင်းကလည်း အတူတူပဲ။ ဒီပုံစံဆို ခင်ဗျားရဲ့ အစီအရင်တွေ အောင်မြင်မှာပါ"

"ဟုတ်တယ်၊ ပြောတာမှန်တယ်၊ ကဲ…ရှင် ဘာစားချင်လဲ၊

ပြော၊ ကျွန်မ ရှင့်ကို တစ်ခုခု လိုက်ကျွေးမယ်''

''ခင်ဗျား မောင်းချင်တဲ့ဆိုင်ကိုသာ မောင်းပါ။ စားဖို့မဟုတ်ပေမယ့် စကားပြောဖို့တော့ လိုက်ခဲ့ရမှာပဲ။ ခင်ဗျားကို ကျွန်တော် ပြောစရာ မေးစရာတွေ ရှိတယ်''

သူ အံ့ဩသွားပုံ ရတယ်။ ကားမောင်းနေလျက်က ကျွန်တော့်ကို လှည့်ကြည့်တယ်။

''ဘာများလဲရှင့်''

''ခင်ဗျား သတိမထားမိဘူးလား''

''ဘာကို သတိထားမိရမှာလဲ''

''လူတစ်ယောက် မနက်ကတည်းက ကျွန်တော်တို့နောက်ကို လျှောက်လိုက်နေတယ်''

''ဟယ်...ဟုတ်လား''

''တရုတ်သိုင်းကားထဲကလို ပေါ်တင်ကြီးလိုက်တာတော့ မဟုတ်ဘူးပေါ့ဗျာ။ မသိမသာလိုက်လာတာပေါ့။ ကျွန်တော်တို့ ဦးသိန်းမြင့်နဲ့ ရန်ဖြစ်နေတုန်းမှာ သူ့ကားက ကျော်တက်သွားတယ်''

''ဟင်...ရှင် ကားနံပါတ် မှတ်မိလိုက်လား''

ကျွန်တော်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီး...

''ကဲ...တစ်ဆိုင်ဆိုင်ကိုသာ အရင်မောင်းပါ။ ဆိုင်ကျမှ အေးအေး ဆေးဆေး ဆွေးနွေးကြတာပေါ့။ ကျွန်တော့်ကို ယုံရင် ကျွန်တော်မေးတဲ့ တချို့မေးခွန်းလေးတွေကိုလည်း ခင်ဗျား ဖြေနိုင်သလောက် ဖြေပေးပေါ့။ ဒါမှ ကျွန်တော်တို့တွေ ပြဿနာဖြစ်လာခဲ့ရင် ရင်ဆိုင်လို့ရမယ်''

သူက ကားကို လူရှင်းမယ့်ဆိုင်ဆီ ဦးတည်မောင်းနှင်နေပါတော့ ဝသယ်။ ဒီကောင်မလေး ကားမောင်းကြမ်းတယ်ဆိုတာကို ကြိုပြောထားလို့ ဟိုဟာနဲ့ တိုက်မလို ဒီဟာနဲ့ တိုက်မလိုဖြစ်တာတွေကို ကြိုပြထားလို့ ဒါ 'သဲလွန်စ'ဆိုပြီး မယူဆစေချင်ဘူး။ သူနဲ့ ကျွန်တော်နဲ့ ကြုံကြက်သွား ကြမယ်။ ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲကအတိုင်း ပြဿနာတက်မယ်။ အဲဒီမှာ သူက ကားကို အကြမ်းပတမ်းမောင်းပြီးတော့ တိုက်မိမယ်။ သူ ဆေးရုံ ရောက်နေတယ်ဆိုတဲ့သတင်း ကြားတော့ စိတ်ပူပြီး ကျွန်တော်က လိုက်





သွားမယ်။ အဲဒါမျိုး ကြိုမတွေးကြပါနဲ့။ မဟုတ်ပါဘူး။ တွေးရင် လွဲသွား ပါလိမ့်မယ်။

အဲဒီလိုမဖြစ်ဘူးလို့ မင်းက ဘာကြောင့် ပြောနိုင်တာလဲဆိုပြီး မမေးကြပါနဲ့။ စာရေးဆရာ တာရာမင်းဝေက ကျွန်တော့်ကို တိုးတိုးကပ် ပြောထားလို့ပါ။

■ ■ ■

(၅၇၇၇) ငှ်စဝိုး
ဆိုဝ
(၀၀၄)
၆-လမ်း(A)၊ ယုဇနဥယျာဉ်။

(၇)

"ကဲ…ဒီနေ့ ဘာလုပ်ကြမတုန်း"

အဲဒီလိုမေးသူက ကျွန်တော်မဟုတ်ပါဘူး၊ သူ။

"ဟောဗျာ…"

"ဘာ…ဟောဗျာလဲ…"

"ခင်ဗျားကများ ကျွန်တော့်ကို လာမေးနေရသေးတယ်"

"ဪ…အင်း ဟုတ်သားပဲ၊ ဒီလို…ဒီလို ကျွန်မစကားပြောတာ လောသွားလို့…"

"အင်း…အဲဒါဆိုရင်လည်း ပြောဗျာ၊ မလောနဲ့…အစီအစဉ် တကျပြော…လောတွေ၊ လာအိုတွေ၊ ကမ္ဘောဒီယားတွေ မလုပ်နဲ့…"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်…ဒီလိုရှင့်"

"အင်း…ပြော…"

"ဒီနေ့ဗျို့ရာ…ကျွန်မက သူ့ဘာသာ အေးအေးဆေးဆေး လေချွန် နေတဲ့ လူတစ်ယောက်ကို ပြုံးပြပြီး 'အောင်ပါစေ…'လို့ သုံးခါပြောရ မယ်…"

"ဗုဒ္ဓေါ…"

"ဘာလဲ…ရှင်က မလုပ်ရသေးဘူး အားလျော့နေပြီလား"

"မလျော့ပါဘူး၊ မလျော့ပါဘူး ဘုရားတရုံလေးပါ။ ဒါ့ထက် ခင်ဗျားက အဲဒီယကြာကို ဘယ်လိုများ အကောင်အထည်ဖော်မယ် စိတ်ကူးထားပါသလဲ"

"ကျွန်မ မတွေးတတ်လို့ ရှင့်ကို မေးနေတာပေါ့"

"ဟင်…ဘယ်လိုမေးလိုက်တာလဲ"

"ဒီနေ့ ဘယ်လိုလုပ်ကြမတုန်းလို့…"

ကျွန်တော်စဉ်းစားတဲ့အပိုင်းကို ရောက်လာပါပြီ။ သူ့ချည်းပဲ လွှတ်ထားလို့ မဖြစ်မှန်းတော့ ပရိသတ်ကြီးလည်း သိလောက်ပါပြီ။ အဲဒါကြောင့် ကျွန်တော်က ရှားလော့ဟုမ်းစတိုင်နဲ့…

"ဒီမယ် မလင်းရွှေပါ"

"ဘာလဲ…"

"အဲဒီလို လေချွန်ပြီး လမ်းလျှောက်လာတဲ့လူကို တွေ့ဖို့အတွက် ခင်ဗျားက လူနေထူထပ်တဲ့ ရပ်ကွက်တွေဆီ သွားရလိမ့်မယ်"

"အင်း…ဟုတ်ပါတယ်"

"ကားနဲ့သွားလို့ရတဲ့ နေရာတွေရှိသလို ကားရပ်ပြီး လူချည်း သွားရမယ့်နေရာတွေလည်း ရှိချင်ရှိမယ်။ အဲဒါကိုတော့ သည်းခံရလိမ့်မယ်"

"ဟုတ်ပါပြီ…ဒါဖြင့် ဘယ်ကိုသွားကြမလဲ"

"တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ အဲဒီဘက်တွေကို သွားကြမယ်ဗျာ"

"အဲဒီဘက်မှာ ရှင့်အသိတွေ ရှိသလား"

"အများကြီးပဲ…လူအသိမပြောနဲ့ ခွေးအသိတောင်ရှိတယ်။ ကုတ်ကျားတို့၊ ဂျမ်ဘိုတို့၊ နီလုံးတို့၊ ကျားမတို့၊ ဆွိုတီတို့"

"ဟုတ်ပြီ ဒါဖြင့်ရင် အဲဒီဘက်ကို မောင်းမယ်။ အိုကေနော်…"

"အိုကေ…"

တီဗီထဲက မင်းသား မင်းသမီး ကျနေတာပဲ။ အဲဒီလို ကျွန်တော် စဉ်းစားနေတုန်းမှာပဲ သူက ကားကို စတင်မောင်းထွက်ပါတယ်။ ကျွန်တော်





လည်း ဆင်ခြေဖုံးမြို့နယ်တွေမှာရှိတဲ့ ကျွန်တော့်အသိအကျွမ်းတွေကို လိုက်စဉ်းစားရင်း ကားပေါ်မှာ ငြိမ်သက်နေမိပါတယ်။

တစ်နေရာမှာ သူက ကားကို ဖြုန်းခနဲ အရှိန်သပ်ပါတယ်။

"ကျွဲ…"

ကျွန်တော် အတွေးပျက်သွားရပါတယ်။ ဒါပေမဲ့ တောင်ဥက္ကလာက ကိုအောင်မြင့်တို့ ကိုမြင့်ဌေးတို့အကြောင်း တွေးနေတာဆိုရင်တော့ ဒီကိစ္စအတွက် သူ့ကို ကျွန်တော် ခွင့်လွှတ်မှာ မဟုတ်ပါဘူး။ အတွေးမပျက်ချင်ဘူးလေ…။

"ဘာဖြစ်တာလဲ…"

"ကားရပ်တာလေ…"

"အင်း…ဟုတ်ပါပြီ။ ဘာဖြစ်လို့ ရပ်တာတုန်း"

"ဟိုမှာ…လူတွေ လေချွန်နေကြတယ်"

သူပြရာကို ကျွန်တော်ကြည့်လိုက်တော့ နည်းနည်းစိတ်ညစ်သွားတယ်။

"ရှီး…"

"ဟော…တွေ့လား၊ လေချွန်နေတယ်"

"လေချွန်တာမဟုတ်ဘူး မယ်မင်းကြီးမရဲ့၊ အဲဒါ လက်ခေါက်မှုတ်တယ်လို့ ခေါ်တယ်"

လမ်းဘေးမှာ ဆိုက္ကားသမားတွေ ပိုက်ကျော်ခြင်း ခပ်နေကြတယ်။ ပွဲအတော်ကောင်းပုံ ရတယ်။ ဝိုင်းအုံကြည့်နေတဲ့ ပရိသတ်ကလည်း အများကြီး။ လက်ခေါက်မှုတ်သံတွေလည်း ဆူလို့ ညံလို့။

"ရှီး…ရှီး…"

"အဲဒါ လေချွန်တာမဟုတ်ဘူးလား"

"အဲဒါ လက်ခေါက်မှုတ်တာလို့ ခေါ်တယ်။ လေချွန်တယ်ဆိုတာက ဒီလို…"

ကျွန်တော်က သူ့ကို လေချွန်ပြရပါသေးတယ်။ 'နင့်ကို ငါချစ်ကြောင်း သိစေချင်လိုက်တာ…"ဆိုတဲ့ အလိုက်ပေါ့။

"ဪ…အဲလိုလား"

"ဟုတ်တယ်…အဲဒီလို"

"အဲဒီလိုဆိုရင်တော့ ကျွန်မတောင် လေချွန်တတ်သေးတယ်"

"အင်း…တတ်မှာပေါ့။ နေပါဦး ခင်ဗျား လေရော လည်တတ်သလား"

"ဘာရှင့်"

"လေလည်ချင်ရင် ခင်ဗျား ကားရပ်ပြီး အပြင်ထွက်လည်နော်။ ကျွန်တော်က အနံ့ဆိုးတွေကို မခံနိုင်ဘူး"

"အောင်မာ…အောင်မာ…"

သူ့မျက်နှာကလေး နီတွေးသွားပြီး ကားကို ဒရကြမ်း မောင်းထွက်လိုက်ပါတယ်။

"ဪ…ဒါ ခင်ဗျား လေမလည်သေးဘူး ဆိုတဲ့သဘောပေါ့"

"ရှင်နော်…ကျွန်မ တစ်နေရာကို ဝင်တိုက်လိုက်ရမလား"

"အောင်မလေး မလုပ်ပါနဲ့ မယ်မင်းကြီးမရယ်။ မောင်းမှာ မောင်းပါ ကျွန်တော်က နောက်တာပါ"

အဲဒီလိုနဲ့ ကားကို ဆက်မောင်းဖြစ်ပါတယ်။ လမ်းမှာ လေချွန်လာတဲ့ အရွှေမတစ်ယောက်ကို တွေ့ပါတယ်။ အဝတ်အစား မလုံမလဲနဲ့ပါ။ စာရေးဆရာ နိုက်ဂိုရဲရဲ့ ရေချိုးခါနီးအလှမျိုး ရှိပါတယ်။ ဒါမှမဟုတ်လည်း စာရေးဆရာမင်းလူ ရေချိုးခန်းက ထွက်လာကာစ အလှမျိုးပေါ့။ ဘယ်လိုမှ ကြည့်မကောင်းပါဘူး။

"ဒီအရွှေမကိုတော့ လွှတ်ပေးလိုက်တော့မယ်နော်"

"သင့်မြတ်ပါတယ်"

သူက ကျွန်တော့်ကို မျက်စောင်းထိုးပြီး သုန်သုန်မှုန်မှုန်နဲ့ ကားကို ဆက်မောင်းပါတယ်။ သုန်မှုန်နေတဲ့ သူ့မျက်နှာလေးကလဲ လှတာပါပဲ။ မျက်လုံးကတော့ မရှိးသားဘူး။ ဘက်ကြည့်မှန်ကို ကြည့်သလိုလိုနဲ့ ကျွန်တော့်ကို ခဏခဏကြည့်တယ်။ ကျွန်တော်က မသိချင်ယောင် ဆောင်နေရတာပေါ့။

"နေပါဦး…လေချွန်နေတဲ့လူကို တွေ့ရင် ကား ကမန်းကတန်း ရပ်ပြီး 'အောင်ပါစေ'လို့ ဘယ်လိုဆင်းပြောမတုန်း။ ပြီး…ပြောရမှာကလဲ





သုံးခါတောင်"

"အင်း…"

"ဘာ…အင်းလဲ"

"ကျွန်မလည်း အဲဒါကိုပဲ စဉ်းစားနေတာ"

"အင်းလေ…မောင်းရင်းစဉ်းစား။ စဉ်းစားရင်း မောင်းပေါ့။ စဉ်းစားတာက မှုးတာမှ မဟုတ်တာ၊ ရပါတယ်"

ကျွန်တော်ပြောသလိုပဲ စဉ်းစားရင်း သူ မောင်းတယ် ထင်ပါရဲ့။ ကားက ခါတိုင်းလောက် အရှိန်မမြင့်ဘူး။ မနေသာလို့ ကျွန်တော်ကတောင် ဘေးက ဝင်ပြောရတယ်။

"ဒီမှာ…ဒီမှာ ဟော့ ဗုဒ္ဓဟူးသမီး"

"ဘာလဲ အဂါသား။ ပြောစရာရှိရင် ပြော…"

"ဒီလိုလေ…နွားလှည်းဆိုတာ ဘီးနှစ်ဘီးတည်း ရှိတယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်လဲ"

"ကားကိုရော နှစ်ဘီးတည်းနဲ့ မောင်းလို့ မရဘူးလားဟင်"

ကျွန်တော့် ဆွေးနွေးချက်က အောင်မြင်သွားပါတယ်။ (ဒါပေမဲ့ တလွဲကြီးပါ၊ ဒီစကားပေါ်မှာ သူ ဇဝေဇဝါဖြစ်သွားတယ်။)

"အင်း…ဟုတ်ပါရဲ့၊ ရှင်ပြောမှ စဉ်းစားမိတယ်။ သိပ္ပံပညာရှင်တွေက နှစ်ဘီးတည်းမောင်းလို့ရတဲ့ ကားကို ဘာလို့ မတွင်သေးလဲမသိဘူး။ တစ်နေ့တော့ ဖြစ်လာမှာပေါ့ရှင့်"

တောသားတစ်ယောက်ကို ပြောသလိုမျိုး ကျွန်တော့်ကို ပြောပါတယ်။ တောသားတစ်ယောက်လိုပဲ ကျွန်တော်က ဆက်မေးရင်း စကားလမ်းကြောင်းက တော်တော်လွဲသွားပါတယ်။

"အခု…လူသားအတုတွေကိုလည်း သိပ္ပံပညာနဲ့ ထုတ်လုပ်နေပြီနော်…"

"အင်း…ဟုတ်တယ်။ DNA တွေ၊ ဘာတွေ အဲဒါကြောင့် နာမည်ကြီးနေတာပေါ့"

"လူကို ခြေထောက်နှစ်ချောင်းမဟုတ်ဘဲနဲ့ တစ်ချောင်းတည်း

နဲ့ရော သူတို့ ဖန်တီးလို့ရရင် ရမှာပေါ့"

"အင်း…အဲ…ဖြစ်ရင်တော့ ဖြစ်လာမှာပေါ့"

"ခြေထောက်တစ်ချောင်းတည်းနဲ့ လူဆိုရင်ဗျာ…"

"ဘာဖြစ်လဲ…"

"တချို့အင်္ဂါပစ္စည်းကို ဘယ်နားသွားထားမတုန်း"

"ဘာရှင့်"

စိတ်လှုပ်ရှားလို့လား မသိဘူး။ ကားက စက်ရှိန်မြင့်သွားတယ်။

"မဟုတ်ဘူးလေ…ခင်ဗျားက ဘာတွေလျှောက်စဉ်းစားနေလဲ မသိဘူး။ ကျွန်တော်ပြောချင်တာက ဒီလိုပါ"

"ဘယ်လိုလဲ"

"ဩော်…ဖိနပ်ဗျာ ဖိနပ်၊ တစ်ရံလုံးစီးစရာ မလိုတော့ဘူးပေါ့"

ဇဝေဇဝါဆိုတာထက်ပိုပြီး သူ ဇဝေဇဝါဖြစ်သွားပါတယ်။ ဇဝေ့ဇဝါ ဇဝေဇဝါထက်ပိုပြီး ဇဝေဇဝါဖြစ်စရာမေးခွန်းကို ကျွန်တော်ကလဲ ထပ်မေးဖြစ်ပါတယ်။

"နောက်ပြီး…ခြေထောက်တစ်ချောင်းတည်းနဲ့ဆိုရင် သူတို့တွေ ဘောလုံး ဘယ်လိုကန်ကြမတုန်း။ ဟို…ခုန်ဆွ ခုန်ဆွနဲ့"

စကားတောင် မဆုံးလိုက်ပါဘူး။ သူက ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ပါတော့တယ်။

"ရှင်…အဲလို လိုက်မေးနေရင် ကျွန်မ ကားမမောင်းတော့ဘူး"

"ဟင်…ဘာဖြစ်လို့တုန်း"

"အိုး…ရှင်မေးနေတာကဲ ခွတီးခွကျတွေ"

"ဟင်…ခြေထောက်တစ်ချောင်းနဲ့ဆိုရင် ခွမရှိတော့ဘူးဗျ"

"ရှင်နော်…လုပ်ပြန်ပြီလား"

"အဲ…မလုပ်တော့ဘူး။ မလုပ်တော့ဘူး မောင်း မောင်း"

"မမောင်းဘူး"

"မောင်းပါ"

"မမောင်းတော့ဘူးဆို"

"ဘာဖြစ်လို့လဲ…"





"ရှေ့မှာ လူတစ်ယောက် လေချွန်ပြီး လမ်းလျှောက်လာနေတယ်"

ဟုတ်ပါရဲ့။ လူတစ်ယောက်လေချွန်ပြီး လမ်းလျှောက်လာနေတယ်။ လမ်းဘေးမှာ ဆိုင်းဘုတ်ရေးတဲ့သူပါ။ 'ကားနံ့ပါတ်ရေးသည်'လို့ သူ့ဆိုင်မှာ ဆိုင်းဘုတ်ပြန့်တင်ထားတယ်။ ပုဆိုးလေးဖြန့်ဝတ်၊ လေကလေးချွန်ပြီး သူ့ဆိုင်ထဲကနေ အပြင်ကို ထွက်လာတာပါ။

ဆိုင်အောက်ခြေမှာ 'ဒီဖိုင်းစိုးဝင်းငြိမ်း'လို့ ရေးထားတဲ့ ဆိုင်ပေါ့။

"အေး…ဟုတ်တယ်ဗျ။ ကျွန်တော်တို့ဘက် လျှောက်လာပြီ"

"လေချွန်နေတုန်းပဲနော်"

"ကျွန်မတို့ကားနားရောက်မှ လေချွန်ရပ်သွားရင် ခက်ဦးမယ်"

"အဲဒါဆိုလည်း ကားထားခဲ့ပြီး ကျွန်တော်တို့ သူ့ဆီ ဆင်းလျှောက်သွားလိုက်တာပေါ့ဗျာ"

"ဟုတ်တယ်…အဲဒါ ကောင်းတယ်"

အမှန်ကတော့ ကျွန်တော်တို့ဟာ အဲဒီလူရဲ့ လေချွန်သံကို မကြားရပါဘူး။ လှုပ်ပုံစံ၊ ပါးစပ်ပုံစံကို ကြည့်ပြီး လေချွန်နေမှန်းတော့ သိပါတယ်။

ကားပေါ်ကဆင်းပြီး ကျွန်တော်တို့ကို သတိထားမိပုံ မပေါ်ပါဘူး။ သူ့ဘာသာ လေကလေးချွန်ပြီး ဟိုငေးသည်ငေးနဲ့ လမ်းလျှောက်လာတယ်။

အသားက ခပ်မည်းမည်းပါ။ ကျွန်တော်ဖတ်ဖူးတဲ့ တာရာမင်းဝေ ဝတ္ထုထဲမှာ ညွှန်းထားတဲ့အတိုင်း မန္တလေးမီးဘေး မိထားတဲ့ ဥပဓိရုပ်မျိုးပါ။ သူလေချွန်တာကိုလည်း အနားရောက်မှ ကြားရတယ်။

"စေးစေးစာ…စေးစေးစာ…စေးစေးစာ"တဲ့။

သူကြိုက်နေတဲ့ ကောင်မလေးက သေးသေးသာလာ။ ထွေးထွေး မာလားတော့ မသိဘူး။

"ကျွန်မ ဘယ်လိုလုပ်ရမလဲ"

"အောင်ပါစေလို့ ပြောလိုက်လေ"

"မဟုတ်ဘူး။ အဲလိုမပြောခင် ပြုံးပြရဦးမယ်"

"သူ့ကို"

"အင်း…"

"ဒီလူကြီးကို…"

"အင်း…"

ခင်ဗျားယကြာကို မချေပါနဲ့တော့ဗျာလို့ မပြောဖြစ်လိုက်ပါဘူး။ မျက်စိမှိတ်ပြီးတော့ပဲ တိုက်တွန်းလိုက်ပါတယ်။

"အေး…ဒါဖြင့်လည်း ပြုံးပြလိုက်ပေါ့ဗျာ"

"အဲဒါ ခက်နေတာပေါ့။ ကျွန်မက သူ့ကို ဘယ်လိုလုပ်ပြုံးပြရမှာ တုန်း"

"သူ့လိုပဲ စေးစေးစာ စေးစေးစာ စေးစေးစာဆိုပြီး ပြုံးပြလိုက် ပေါ့"

"ရှင်နော်"

"ဘာလဲ"

အဲလို ကျွန်တော်တို့ ငြင်းခုံနေတုန်းမှာပဲ ဒိုင်းစိုးဝင်းငြိမ်းက ကျွန်တော်တို့ရှေ့နားကို ရောက်လာပါပြီ။

"ပြုံးပြလိုက်လေ…"

ကျွန်တော်က အဲဒီလို ခပ်ကြိတ်ကြိတ် သတိပေးလို့ သူကလည်း လန့်ဖျပ်ပြီး ပြုံးပြလိုက်ပါတယ်။

"အဟဲ"

ဒိုင်းစိုးဝင်းငြိမ်းကလည်း ပြန်ပြုံးပြပါတယ်။

"အဟဲ"

အဲဒီတော့လည်း မရွှေထူးဟူးသမီးဟာ ဘာဆက်လုပ်ရမှန်း မသိ ပါဘူး။ 'အောင်ပါစေ'လို့ သုံးကြိမ်ပြောရမှာကို မေ့သွားသလားမသိ၊ ကျွန်တော်က ဘေးက သတိပေးရပြန်တယ်။

"ပြောလေ…ပြောလေ"

သူဟာ အဲဒီတော့မှ သတိဝင်လာသလိုမျိုး ဒိုင်းစိုးဝင်းငြိမ်းကို ကောက်ကာငင်ကာ ပြောလိုက်ပါတယ်။

"နေကောင်းလား"

နဂိုကတည်းက ကြောင်တောင်တောင်ပုံစံရှိတဲ့ ဒိုင်းစိုးဝင်းငြိမ်း ဟာ ကြောင်တောင်တောင် ထပ်ဖြစ်သွားပြီး…





"ကောင်းပါတယ်"

"အဟဲ…ဘယ်သွားမလို့လဲ"

"အဟဲ…ဟိုဘက်ကိုပဲ"

"အဟဲ…တစ်ယောက်တည်းလား"

"အဟဲ…တစ်ယောက်တည်းပေါ့ဗျာ"

အဲဒီလိုနဲ့ပဲ ဒိုင်းစိုးဝင်းငြိမ်းက ကျွန်တော်တို့ကို ကျော်သွား ပါတယ်။ အဲဒီပုဂ္ဂိုလ် ခပ်လှမ်းလှမ်းရောက်သွားမှပဲ ကျွန်တော့်ဒေါသတွေ ပေါက်ကွဲထွက်လာပါတော့တယ်။

"ခင်ဗျား ဘာလုပ်တာတုန်း"

"အဲ…ဟို…ဟိုလေ"

"ဘာဟိုလဲ၊ အောင်ပါစေလို့ ခင်ဗျားပြောရမယ့်ကိစ္စ မဆီမဆိုင် ဘာတွေကို လျှောက်ပြောလိုက်တာလဲ"

"ကျွန်မ…ကျွန်မလည်း ပြောမလို့ပဲ"

"ဒါဖြင့် ဘာလို့မပြောသလဲ"

"ဟိုခင်း…ဟိုဟာ ရှင်ပဲဝင်ပြောကြည့်ပါလား။ လူတစ်ယောက်ကို အဲလိုပြောရတာ အူကြောင်ကြောင်ကြီးနဲ့"

"ဗျာ…"

"ပြောခါနီးမှ အမ်းနေတာပေါ့လို့"

"ဩော်…ဩော်"

အဲလိုပြောပြီး သူက ဆက်လျှောက်နေသေးလို့…

"ဒါက ဘယ်ကို ဆက်လျှောက်နေတာလဲ"

"သိဘူးလေ"

"တော်တော် မယ်မင်းကြီးမ ကားဆိုပြန်မယ်။ ယကြာချေဖို့ အစီအစဉ်ကလည်း မဖြစ်မြောက်တော့ဘူး"

"ဟာ…ဟင့်အင်း မပြန်သေးဘူး"

ကျွန်တော် စိတ်တိုစ ပြုလာတယ်။

"ဘယ်လိုဖြစ်ရပြန်တာတုန်း"

"ဟိုမှာ နောက်ပန်းချီဆရာတစ်ယောက် လေချွန်ပြီး ထွက်လာ

ဖြစ်ပြီ''

ဖြစ်ချင်တော့ ကျွန်တော်တို့ လမ်းဆင်းလျှောက်တဲ့ နေရာက ပန်းချီဆရာတွေ တန်းစီပြီး ဆိုင်ခန်းဖွင့်ထားတဲ့ နေရာပါ။ သူပြတဲ့နေရာကို ကျွန်တော်လှမ်းကြည့်လိုက်တော့ လေချွန်နေတဲ့ လူတစ်ယောက်ကို အမှန်တကယ်ပဲ တွေ့ရပါတယ်။

ဒါပေမဲ့ သူပြောသလိုတော့ လမ်းပေါ်ကို ထွက်မလာပါဘူး။ နံရံကပ်မယ့် ပန်းချီကားကြီးတစ်ချပ်ရှေ့မှာ လေချွန်နေတာပါ။

ဒီလူကတော့ လုပ်ငန်းကြီးကျယ်ပုံရတယ်။ စောစောက ဒီဖိုင်းစိုးဝင်းငြိမ်းလို မဟုတ်ဘူး။ တပည့်တပန်းတွေ များတယ်။ သူ့တပည့်တွေက ပန်းချီကားကြီးကို ထောင်ပြထားပြီး သူက ပန်းချီကားရှေ့မှာ လေချွန်ပြီး လျှောက်နေတာပါ။

''သူက လမ်းပေါ်မထွက်ဘူးရှင့်၊ ဘယ်လိုလုပ်ရမတုန်း''

''ခုနကလိုပဲ ကိုယ်က လျှောက်သွားရမှာပေါ့ဗျာ''

''သူ့ပန်းချီကားက ဘုရားကားကြီးနော်''

''ဟုတ်တယ်…ကြည့်ရတာ ဘုရားက မွေစကြာတရား ဟောနေတဲ့ ပုံတော်ဖြစ်မယ်''

''အင်း…ဟုတ်မယ်၊ ဟုတ်မယ် ပဥ္စဝဂ္ဂီငါးပါးကိုလည်း တွေ့ရတယ်''

''အောင်မာ ခင်ဗျားက ပဥ္စဝဂ္ဂီငါးပါးကို တွေ့ဖူးလို့လား''

''ရှင် အဲလို စကားမကပ်နဲ့၊ အပြင်မှာတော့ ဘယ်တွေ့ဖူးမှာလဲ''

''ဟင်း…ပုံထဲမှာလည်း တစ်ပါးနဲ့တစ်ပါး မတူပါဘူးဗျာ၊ တစ်ခါနဲ့တစ်ခါ အမျိုးမျိုးရုပ်ပြောင်းနေတာ''

မျက်တည့်ထိုးလို့ မရတဲ့အတူတူ သူ ကျွန်တော့်ကို မျက်စောင်းထိုးပါတယ်။ ပြီး…မဆိမဆိုင်

''ကဲ…ရှင် ရှေ့ကဝင်''

''ဟင် ဘာဆိုင်လို့တုန်း''

''ဆိုင်ဆိုင် မဆိုင်ဆိုင် ရှင် ရှေ့ကဝင်ချည်''

''အေးဗျာ…ကောင်းပါပြီ၊ ကောင်းပါပြီ''





ကျွန်တော်ကပဲ ရှေ့က ဝင်ရပါတယ်။ လေချွန်နေတဲ့ ပန်းချီဆရာကြီးက ကျွန်တော်တို့ကို လှည့်ကြည့်တယ်။ စိတ်ပျက်စရာပါပဲ။ ကျွန်တော်တို့ကို လှည့်အကြည့်မှာ လေချွန်သံကလည်း ရပ်သွားပါတယ်။

''ညီလေးတို့ ဘာကိစ္စရှိလို့လဲ''

''အဲ…ဟို…အင်း…''

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတယ်။ နှစ်ယောက်သားဆိုတာက ကျွန်တော်နဲ့ လင်းရှုပါကို ပြောတာပါ။ ပန်းချီဆရာကြီးကိုတော့ အဲဒီလိုမျိုး ကျွန်တော် မကြည့်နိုင်ပါဘူး။ ပျှင်းစရာကြီး။

''ပြောပါ၊ အလုပ်အပ်စရာရှိရင် ပွင့်ပွင့်လင်းလင်းပြော၊ လွတ်လွတ်လပ်လပ်ဆွေးနွေးလို့ ရပါတယ်''

ကျွန်တော် ဘာပြန်ပြောရမလဲ မသိဘူး။ အဲဒီအချိန်မှာပဲ လင်းရှုပါက…

''ဟို…ဟိုလေ အလုပ်အပ်မလို့ မဟုတ်ပါဘူး''

ပန်းချီဆရာကြီးက မျက်မှောင်ကျုံ့သွားတယ်။

''ဒါဖြင့်…''

''ဟို…ပန်းချီကားကြီးက လှလို့ ဝင်ကြည့်တာပါ''

''ဩော်…ဟော…ဟော်''

ပန်းချီဆရာကြီးက ခေါင်းတဆတ်ဆတ် ညိတ်တယ်။ ဖြစ်ရမယ်လေဆိုတဲ့ ပုံစံမျိုးနဲ့ပါ။ 'မဖြစ်ရဘူးလေ'ဆိုတဲ့ ပုံစံမျိုးနဲ့ ကျွန်တော်က လင်းရှုပါကို လှည့်ခေါ်ပါတယ်။ ပုဂ္ဂိုလ်ကြီးကလည်း လေမှ မချွန်တော့ပဲကိုး။

''လာပါ ရှုပါရယ်၊ သွားစရာရှိတာ ဆက်သွားရအောင်''

လင်းရှုပါက ကျွန်တော့်စကားကို လက်ခံတော့မယ့်ပုံပန်း ရှိပါတယ်။ အဲဒါကို ပန်းချီဆရာကြီးက ဝင်ဖျက်ပါတယ်။

''အို…အို ကြည့်ပါ ရပါတယ်။ ဆီဆေးနဲ့ ဆွဲထားတဲ့ပန်းချီကားပဲ။ မှူမြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးပါးကို မွေစကြာတရား ဟောကြားနေတဲ့ ပုံပေါ့''

လင်းရှုပါက သွားဖြဲလေးနဲ့…

"အဟဲ…လှတယ်နော် ဦး"

"ဘုရားကားကို လှတယ်လို့ မပြောရဘူး။ သပ္ပါယ်တယ်လို့ ပြောရမယ်။ ကြည်ညိုစရာကောင်းတယ်လို့ ပြောရမယ်"

"ဪ…ဟုတ်…ဟုတ်ကဲ့၊ ဒါပေမဲ့ ဦးလေးကြီးရဲ့ကားက မပြီးသေးဘူးနော်"

"မပြီးသေးဘူး။ ဒီလိုပဲ လမ်းသွားလမ်းလာတွေ ပန်းချီကားကြီးကောင်းလို့ဆိုပြီး ဝင်ဝင်ကြည့်ကြတယ်"

ကျွန်တော်က စိတ်မရှည်တော့ပါဘူး။ ပန်းချီဆရာကြီးကိုလည်း အတင်းအဓမ္မ ပြန်လေချွန်နိုင်းလို့ ရမှာမဟုတ်ဘူး။ ကျွန်တော်ကဖြင့် ဒီနေရာက ခွာချင်ပြီ။ အဲဒါကြောင့်…

"ရှုပါ လာပါ၊ သူများတွေ အလုပ်ပျက်ပါတယ်"

ရှုပါက ဘာမှပြန်မပြောပါဘူး။ ပန်းချီဆရာကြီးက ကျွန်တော့်ကို 'ဘု'ကြည့် ကြည့်ပါတော့တယ်။ ပြီး…ပြောတယ်။

"မောင်ရင်က အနုပညာကို သိပ်မခံစားတတ်ဘူးထင်တယ်"

"ဘာရယ်…"

သူ့စကားက ကျွန်တော့်ကို နိမ့်သလိုကြီးပါပဲ။ သူ့အကြည့်ကဆို ပိုတောင်ဆိုးသေးတယ်။ သူ့မျက်လုံးလေးနှစ်လုံးနဲ့တောင် ကျွန်တော့် တစ်ကိုယ်လုံးကို မတန်သလိုမျိုး ကြည့်တာပေါ့။ အဲဒါနဲ့ ကျွန်တော်လည်း စိတ်ချဉ်ပေါက်ပြီး ပြောလိုက်တယ်။

"ဒီမှာဆရာကြီး"

"ဘာလဲ"

"ခင်ဗျားရဲ့ပန်းချီကားက မှားနေလို့ ကျွန်တော်က သူ့ကို မကြည့်နိုင်းတော့တာဗျ"

ပန်းချီဆရာကြီးရဲ့မျက်လုံးက ကျွန်တော့်စကားကြောင့် ပြူးထွက်လာပါတယ်။ ဒေါသူပုန်တင်မဟုတ်ဘူး။ ဒေါသူဒိုး၊ ဒေါတားပြ ဒေါခဲ:ပိုက်နှိုက်၊ နောက်ထပ်လည်း ကျွန်တော် အများကြီးပြောပြနိုင်တယ်။ (ဝတ္ထု အရမ်းရှည်သွားမှာစိုးလို့ ထည့်မရေးတော့ပါဘူး။)





"ဘာ…မင်း ဘာပြောလိုက်တယ်"

"ဆရာကြီးရဲ့ပန်းချီကားက မှားနေတယ်လို့ ပြောတာ"

"ဪ…ဟုတ်လား ပြောပါဦး။ ဘယ်လိုမှားတာလဲ"

"ဗုဒ္ဓမြတ်စွာတရား ဟောနေတာက နေပြိုင်လပြိုင် အချိန်မှာဗျ"

"အေးလေ…ဒီမှာ နေပြိုင်လပြိုင် ဆွဲထားတာပဲ"

ဟုတ်တော့ဟုတ်ပါတယ်။ ဘုရားက ပဥ္စဝဂ္ဂီငါးပါးကို တရားဟောနေတဲ့ တစ်ဖက်တစ်ချက်မှာ နေနဲ့လကလည်း ရှိနေတယ်။ နောက်ခံမှာလည်း တောင်တန်းတွေ၊ ရေတံခွန်တွေ၊ သမင်တွေနဲ့ မြက်ခင်းစိမ်းစိမ်းတွေရှိနေတယ်။ ကျွန်တော်က သူ့ရဲ့ နေနဲ့လကိုပဲ လက်ညှိုးညွှန်ပြလိုက်ပြီး

"အဲဒီ 'နေ'နဲ့'လ'ကိုပဲ ပြောမလို့ပေါ့၊ ဆရာကြီးဆွဲထားတာက 'ဘက်'လွဲနေတယ်"

"ဘာလို့ လွဲရမှာလဲ၊ 'နေ'က ညာဘက်၊ 'လ'က ဘယ်ဘက်၊ ဒီမှာမတွေ့ဘူးလား"

"တွေ့ပါတယ်၊ အဲဒါကြီးကိုက မှားနေလို့ပါ။ 'နေ'က ဘယ်ဘက် 'လ'က ညာဘက်မှာ ရှိရမှာ"

"ဘာ…"

ပန်းချီဆရာကြီး အူတူတူဖြစ်သွားပါတယ်။ ကျွန်တော့်ကို ကြည့်လိုက်၊ သူ့ပန်းချီကားကို ကြည့်လိုက်နဲ့ ဝေ့ဝေ့ဝဲဝဲ ဖြစ်သွားတယ်။ ပြီးမှ လေသံမာမာနဲ့…

"နေပါဦး မင်းက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ကျွန်တော်နဲ့ လင်းရှုပါရဲ့ အနေအထားက ပြောင်းပြန်ဖြစ်သွားပါတယ်။ အစတုန်းက သူ့ကို ကျွန်တော် ဆွဲခေါ်နေတာပါ။ အခုတော့ သူက ကျွန်တော့်ကို ဆွဲခေါ်တော့တယ်။

"ပြဿနာမရှာပါနဲ့ အကိုသားရယ်၊ လာ…လာ သွားကြရအောင်"

ဒီအခြေအနေရောက်မှတော့ ကျွန်တော်က လက်မခံနိုင်ဘူး။

"နေစမ်းပါဦး ဗုဒ္ဓဟူးသမီးရယ်၊ စကားကို ဆုံးအောင်ပြောမှ ဖြစ်တော့မှာပေါ့"

[illegible]တွေကြောင့် ပန်းချီဆရာကြီးက နှစ်ယောက်လုံးကို [illegible]ကြည့်ပါတော့တယ်။ သူ့ကို သက်သက်လာရွတ်နေတယ်လို့ [illegible]သလား မသိဘူး။ ဒါပေမဲ့ လင်းရှုပါကို ဘာမှ မပြောပါဘူး။ ကျွန်တော့်ကိုပဲ စေ့စေ့ကြည့်ပြီး…

"ဘုရား၊ မွေ့ကြော့ပေါတဲ့ ပန်းချီကားတွေ အများကြီးရှိတယ်။ ငါ့ဆရာတွေလည်း ဆွဲတယ်။ ငါ့ဆရာရဲ့ ဆရာတွေလည်း ဆွဲတယ်။ 'နေ'က ညာဘက် 'လ'က ဘယ်ဘက် အတိအကျပဲ။ မင်းက ဘာတွေလာပြောနေတာလဲ"

"အင်း…အဲဒီကတည်းကကို မှားနေကြတာဆရာကြီးရဲ့၊ ဗုဒ္ဓမွေ့ကြော့တရားဟောတဲ့အချိန်ဟာ နေဝင်ခါနီးအချိန်။ ဒါပေမဲ့ မဝင်သေးဘူး။ လကလည်း ထွက်စပြုနေပြီ။ အဲဒါကြောင့် နေပြိုင်လပြိုင် ဖြစ်နေတယ်။ ဘုရားဟာ မြောက်ဘက်ကို မျက်နှာမူထားတယ်၊ အဲဒါကြောင့် နေက လက်ဝဲ၊ လက လက်ျာရှိရမယ်…"

"… … …"

ပန်းချီဆရာကြီးဟာ တစ်ခုခုကို ပြောမလို့ လုပ်ပါတယ်။ ပြီး… တစ်ခုမှမပြောဘဲ ကျွန်တော့်ကိုပဲ စိုက်ကြည့်နေပါတယ်။ အဲဒါနဲ့ ကျွန်တော်ကပဲ ဆက်ပြောရတာပေါ့။

"နောက်ပြီး ဒီတရားဟောပုံမှာ တရားအဓိပ္ပါယ်တွေ အများကြီးပါတယ်။ နေဟာ တန်ခိုးကို ကိုယ်စားပြုတယ်။ လဟာ ပညာကို ကိုယ်စားပြုတယ်။ ဘုရားက တန်ခိုးကို အားမပေးဘူး။ ပညာကိုပဲ အားပေးတယ်။ အဲဒါကြောင့် တန်ခိုးကို ကိုယ်စားပြုတဲ့ 'နေ'ကို အကျပိုင်းမှာထားပြီး ပညာကို ကိုယ်စားပြုတဲ့ 'လ'က အတက်ပိုင်းမှာ ရှိတယ်။

ပန်းချီဆရာကြီးရဲ့ မျက်နှာက တစ်ဖြည်းဖြည်း ပျော့ပြောင်းလာတယ်။ လေသံပျော့ပျော့နဲ့ ကျွန်တော့်ကို မေးတယ်။

"မင်းက ပထမကြီး အောင်ထားတာလား"

ကျွန်တော်စိတ်ညစ်သွားတယ်။ လင်းရှုပါလည်း ရယ်ချင်သွားပုံရတယ်။ ကျွန်တော် ဘာမှ ပြန်မဖြေရသေးခင်မှာပဲ ပန်းချီဆရာကြီးက

"အေး…ဒီလို အကျိုးအကြောင်း အချက်အလက်နဲ့ ပြောပြရင် ငါ လက်ခံနိုင်ပါတယ်။ အင်း…လူငယ်တွေကလည်း မခေဘဲကိုး၊ ကောင်းပြီ ငါပြန်ပြင်လိုက်မယ်။ အခုလိုထောက်ပြပေးတဲ့အတွက် မင်းကို ငါ အရမ်းကျေးဇူးတင်တယ်"





အဲဒီလိုပြောပြီး ခပ်ပြုံးပြုံး လေချွန်တယ်။ သူ့လေချွန်သံက ရန်ကုန်–အင်းစိန် လမ်းမကြီးအတိုင်းပဲ ရှည်ပြီး ကျယ်တယ်။

"ဟိတ်"

ကျွန်တော်က အသံပြုပြီး အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်လို့ လင်းရှုပါ သတိဝင်သွားတယ်။ အတင်းအခမ့ သူပြောချင်တာကို ဝင်ပြောတယ်။ ပြုံးပြုံးလေးနဲ့ပေါ့။

"အောင်ပါစေ…အောင်ပါစေ…အောင်ပါစေ"

ပန်းချီဆရာကြီးက လေချွန်တာကို ရပ်လိုက်ပြီး…

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျား"

"အား…ပြည့်မှာပါဗျာ။ ဆရာကြီး ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

"ဟုတ်ပြီ…ဟုတ်ပြီ၊ သွားကြ…သွားကြ၊ မင်းကို ငါ အရမ်းလေးစားသွားတယ်။ ကျေးဇူးပဲကွာ"

"ဒါဖြင့်လဲ သွားပြီဆရာကြီး"

ပန်းချီဆရာကြီးကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။ လင်းရှုပါက ကျွန်တော့်ကို အပြုံးဝင်းဝင်းနဲ့ကြည့်ပြီး…

"ရှင်က ဘယ်ဆိုးလို့တုန်း"

"ခု ခင်ဗျားကိစ္စတစ်ခု ပြီးသွားပြီ မဟုတ်လား"

"အေးပေါ့ ရှင်တော်လို့ပါ၊ ဒါ့ထက် ရှင် ခုနကပြောခဲ့တာတွေက အမှန်တွေချည်းပဲလား"

"ဟင်…ကျွန်တော့်ရုပ်က လူလိမ်ရုပ် ပေါက်နေလို့လားဗျ"

"အဲ…ဟိုလေ အဲဒီလိုတော့မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

"ပန်းချီဆရာကြီးတုင်မဟုတ်ဘူး၊ ကျွန်မပါ ရှင့်ကို အထင် နည်းနည်းကြီးသွားလို့" –

အင်္ကျီကော်လံကိုဆွဲတင်ဖို့ ကျွန်တော်ကြိုးစားပါသေးတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။ ကျွန်တော်ဝတ်ထားတာက တီရှပ်ဖြစ်နေတယ်။

ကျွန်တော့်ကို ကျေးဇူးတင်လို့ဆိုပြီး ရုပ်ရှင်မင်းသားနေဆန်းရဲ့ 'Peace N Joy' ဆိုင်မှာ လိုက်ကျွေးပါတယ်။ သူ့သဒ္ဒါ မခြောက် ခြောက်အောင် ကျွန်တော်ကလည်း လျှာတခြောက်ခြောက်နဲ့ စားပေးခဲ့ပါ ရဲ့။ အဲဒီအချိန်အထိတော့ အဆင်ပြေပါတယ်။ ဆိုင်ကအထွက်မှာ ပြဿနာက ဆေးပြင်းလိပ်ခဲပြီး ရောက်လာပါတော့တယ်။

ရိုးရိုးတန်းတန်းပါပဲ။ ဆိုင်ထဲကထွက်တော့ ကျွန်တော်တို့ကားဆီ သွားကြတယ်။ သူက…ကားကို အစောင့်ရှိရင် သော့ပိတ်လေ့မရှိပါဘူး။ ကားစောင့်တဲ့ ကောင်လေးတွေကလည်း နံဘေးမှာ သေသေဝပ်ဝပ် ရှိနေကြပါတယ်။ သူက မောင်းသူဘက်ကို ဝင်တယ်။ ကျွန်တော်က တခြားဘက်ကနေ ကွေ့ပြီး ရှေ့ဘေးခုံကို ဝင်တယ်။ ဘာမှမဆန်းပြားပါ ဘူး။ ရှေ့မှာပြောခဲ့သလို အားလုံးဟာ ရိုးရိုးသားသားပါပဲ။

ကျွန်တော် ဝင်ထိုင်ပြီးတဲ့အထိ ကားက မထွက်ပါဘူး။ 'ဘာဖြစ်လို့ လဲ'ဆိုပြီး ကျွန်တော်က လှည့်မေးပါတယ်။ ဆေးပြင်းလိပ်ကြီး ခဲပြီး ကျွန်တော့်ကို လှည့်ကြည့်ပါတယ်။ 'သူ' မဟုတ်ပါဘူး။ ခုထက်ထိ သူက ကားအပြင်မှာ ရှိနေတုန်းပါ။ မျက်လုံးလေး အဝိုင်းသားနဲ့ ကားထဲကို လှမ်းကြည့်ပြီး 'ဖေဖေ' လို့ ရေရွတ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်က အလန့်တကြား ထပ်လှည့်ကြည့်ဖြစ်ပါတယ်။

သူက "ဖေဖေ" လို့ခေါ်တဲ့ "လူပြတိုက်"ကြီးကလည်း ဆေးပြင်း လိပ်ကြီးနဲ့ ကျွန်တော့်ကို လှည့်ကြည့်ပါတယ်။ "ညတ်ရှာဖြား" အဲလေ… "မြတ်စွာဘုရား"

▩ ▩ ▩



(နီဂါဂ) …… ငွေစထိုး
တို ……… (၀၀၄)
ဓိ–လမ်း(A) ယုဇနဥယျာဉ်။

(၆)

"သမီး"

"ရှင်"

"ကားကို ဖေဖေ ယူသွားမယ်"

သနားစရာကောင်းတဲ့ လင်းရှုပါမျှာ မျက်နှာကလေး ငယ်နေရှာ တယ်။ ပလက်ဖောင်းပေါ်မှာ ရှိုးရှိုးကလေးရပ်ပြီး စိတ်ရှုပ်ထွေးတဲ့ အမူ အရာနဲ့ ကားထဲကို ငေးကြည့်နေတယ်။ သနားစရာမကောင်းတဲ့ လူကြီးဟာ သူ့စကားအဆုံးမှာ ကားကို စက်နှိုးပါတော့တယ်။

အဲဒါနဲ့ ကျွန်တော်က သူ့ကို လှည့်မေးရတယ်။

"ကျွန်တော်ရော ဆင်းရမှာလား"

လင်းရှုပါတို့ အဖေက ဆေးပြင်းလိပ်ခဲသံနဲ့ ကျွန်တော့်ကို ပြန်ပြော ပါတယ်။

"မဆင်းနဲ့"

"ဗျာ"

"ဒီခုံမှာပဲ ထိုင်နေ၊ ငါ မင်းနဲ့ စကားပြောစရာရှိတယ်"

"ဟင်…ဒါဖြင့် ခု ပါပါက ဘယ်သွားမှာတုန်း"

"ဘာကွ"

ဇက်ချိုးထားရက်နဲ့ ကားမထွက်နိုင်သေးဘဲ ကျွန်တော်တို့ ပူညံပူညံ ဖြစ်ကြပါတယ်။ အဘိုးကြီးက ဆေးပြင်းလိပ်ခဲထားတာကို ချွတ်လိုက်ပြီး ကျွန်တော့်ကို စားတော့ ဝါးတော့မလို ကြည့်ပါတယ်။

စားတာဝါးတာက ရပါတယ်။ လျှာနဲ့လျက်မှာကိုတော့ ကျွန်တော် မကြိုက်ချင်ဘူး။

"မင်း ခုနက ငါ့ကို ဘယ်လိုပြောလိုက်တယ်"

"ခု ပါပါက ဘယ်သွားမှာတုန်းလို့"

"ဘာကွ"

လုပ်ပြန်ပြီ။ ဒီနှစ်လုံးကိုပဲ ရေလဲနဲ့မသုံးဘဲ ထပ်ခါထပ်ခါ သူပြော နေတယ်။

"မင်းက ငါ့ကို ပါပါလို့ ခေါ်စရာလား"

"မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ"

"ပါပါလို့ ခေါ်စရာ မဟုတ်တာ"

"ဒါဖြင့် ဘာလို့ခေါ်တာလဲ"

"ဟင်...သူ့ခေါ်တာလဲ မဟုတ်ဘဲနဲ့"

ကျွန်တော် အဲလိုရှေ့ရွတ်လိုက်တော့ အဘိုးကြီးက ထိုင်နေရက်က ဆွေ့ဆွေ့ခုန်သွားပါတော့တယ်။ တစ်ခါမှ မမြင်ဖူးဘူး။ သူ့မို့ လုပ်တတ် တယ်။

"ဒါဖြင့် ခုနက ပါပါဘယ်သွားမှာလဲလို့ ဘာကိစ္စ မင်း ငါ့ကို မေးရတာလဲ"

"အန်ကယ်လ်ကြီးနာမည်က ပါပါလား"

"ဟေ့ကောင် မင်း အူကြောင်ကြောင်လုပ်မနေနဲ့"

"မလုပ်ပါဘူးဗျာ၊ ကျွန်တော်မေးတာက လင်းရွှေပါက ဘယ်သွား မှာလဲလို့ မေးတာ။ လင်းရွှေပါကို ကျွန်တော်က အတိုကောက် ပါပါလို့ ခေါ်တာ"

အန်ကယ်လ်ကြီးရဲ့ မျက်နှာက လေလျှော့နေတဲ့ ပူဖောင်းလို





ရှုံ့တွတွ ဖြစ်သွားတယ်။ သူ ဘာပြန်ပြောရမယ်မှန်းမသိ ဖြစ်သွားတယ်။ လင်းရွှေပါကတော့ စိုးရိမ်တဲ့မျက်လုံးလေးတွေနဲ့ ပလက်ဖောင်းပေါ်ကနေ ကျွန်တော်တို့ကို ငေးကြည့်နေတုန်းပဲ။

မပူပါနဲ့ဆိုတဲ့ အမူအရာနဲ့ ကျွန်တော်က လင်းရွှေပါကို မျက်လုံး တစ်ဖက်မှိတ်ပြလိုက်တယ်။ မျက်မှန်တပ်ထားတဲ့ အန်ကယ်လ်ကြီးကလည်း မြင်မြင်အောင် မြင်သွားတယ်။

"ဟေ့ကောင်...မင်း...အဲဒါ ဘာလုပ်တာလဲ"

"ဘာလုပ်လို့တုန်း"

"ငါ့သမီးကို ဘာကိစ္စ မျက်စိမှိတ်ပြတာလဲ"

"ပါပါမကျေနပ်လည်း မတတ်နိုင်ဘူးဗျာ"

"ဘာ...မင်းလုပ်ပြန်ပြီလား"

"လင်းရွှေပါ မကျေနပ်လည်း မတတ်နိုင်ဘူးလို့ ပြောတာ၊ ခုလို အန်ကယ်လ်ကြီးခေါ်ရာကို လိုက်ရမှာ ကျွန်တော့်ဘက်ကတောင် နှစ်နာ သေးတယ်"

"ဒီလိုမျိုးမကြိုက်ချင်ရင် စောစောစီးစီးတည်းက ငါ့သမီးနဲ့ မတွဲနဲ့ ပေါ့ကွ"

အစောကြီးကတည်းက တွဲတာလည်း မဟုတ်ပါဘူး။ မနေ့တစ်နေ့ ကမှ တွဲတာပါ။ သူတို့ဘာသာ စပ်စပ်စုစု လိုက်သိနေတာပါ။

"ကဲ...သွားစရာရှိရင်လည်း သွားလေ။ မောင်း...။ ပါပါက အိပ်ပြန်ရဦးမှာ မဟုတ်လား"

အန်ကယ်လ်ကြီးရဲ့မျက်နှာ ဖြစ်သွားပုံက စာနဲ့ရေးပြလို့ မရပါဘူး။ စကားနဲ့ ဖော်ပြလို့လည်း မရပါဘူး။ ကိုယ့်ကိုယ်ကို ပြန်စပ်နေတဲ့ ငရုပ်သီး အပွကြီးနဲ့ တူသလိုတော့ ရှိတယ်။

ဒါပေမဲ့ ကျွန်တော့်စကားကို သူနားထောင်ပါတယ်။ ကားကို တစ်ခါတည်း မောင်းထွက်ပါတော့တယ်။

ကျွန်တော်က နောက်လှည့်ပြီး ပလက်ဖောင်းပေါ်မှာ ငေးကျန်ခဲ့တဲ့ လင်းရွှေပါကို လက်ပြနှုတ်ဆက်လိုက်တယ်။

"မင်း...ဘာလုပ်တာလဲ"

"ဗျာ"

"မင်း အဲဒါ ဘာလုပ်တာလဲလို့"

"ဩော်...ပါပါရယ်"

"ဘာ..."

"အန်ကယ်လ်ကြီးကလည်း ဖွတ်အော်နေတာပဲ၊ ဟိုမှာ ပါပါ တစ်ယောက်တည်း ကျန်ရစ်ခဲ့တာ ဘယ်လောက်သနားဖို့ ကောင်းလဲ"

"မင်း ငါ့သမီးကို ပါပါလို့ မခေါ်နဲ့ကွာ"

"မရတော့ဘူး နှုတ်ကျိုးနေပြီ"

အမှန်တော့ မကျိုးပါဘူး။ ကျွန်တော့်နှုတ်က အကောင်းကြီးပါ။ သက်သက်ညစ်လိုက်တာပါ။ ညစ်မယ့်ညစ် မထူးတော့ဘူးဆိုပြီး...

"အန်ကယ်လ် ဟိုဗာဒံပင်ရှေ့ကဆိုင်ဆီ ပြန်ကြေ့ပေးပါ"

"ဘာဖြစ်လို့ ကွေ့ရမှာလဲ"

"အဲဒီဆိုင်ထဲမှာ ဦးတင်ကိုကိုရှိတယ်။ ကျွန်တော်တို့ကို သူ လိုက်ချောင်းနေတာ"

"ဟေ..."

အန်ကယ်လ်ကြီး အံ့ဩသွားပါတယ်။ ကားမောင်းနေရင်းက ကျွန်တော့်ကို လှည့်ကြည့်ပါတယ်။ ပြီး...ဆေးပြင်းလိပ် ပြန်တပ်ပါတယ်။ မီးသေနေလို့ မီးညှိပါတယ်။ မီးညှိရင်း ကားကိုလည်း ဂရုတစိုက် မောင်းရပါတယ်။ မီးခြစ်ကို အိတ်ထဲပြန်ထည့်ပါတယ်။ ဆေးပြင်းလိပ်ကို တစ်ချက်ရှိုက်ပါတယ်။ ပြီး...ကျွန်တော့်ကို ပြန်လှည့်ကြည့်ပါတယ်။

သူတစ်ယောက်တည်း အလုပ်ကို ရှုပ်နေတာပဲ။

"မင်းပြောတာ တကယ်လား"

"ကျွန်တော် မဟုတ်တဲ ပြောပါ့မလား။ အန်ကယ်လ်ကြီး ဝင်ကြည့်လိုက်ရင် တွေ့မှာပေါ့"

"နေပါဦး မင်းက ဘာကိစ္စ တင်ကိုကို့ကို ဝင်ခေါ်ချင်တာလဲ"

"မထူးပါဘူးလေ၊ စကားပြောမယ့်ပြောတော့လည်း သုံးယောက်လုံး ဆိုင်ပြောလိုက်ကြတာပေါ့"

အန်ကယ်လ်ကြီးက မဲ့ပြုံး ပြုံးတယ်။





"မင်းက သတ္တိ မသေးပါလား"

"ဩော်...ပါပါရယ်"

"ဘာ..."

"မဟုတ်ပါဘူး၊ လင်းရွှေပါကို သတိရလို့ပါ"

"ခုနကပဲ ငါ့သမီးကို ပါပါလို့ မခေါ်ရဖို့ ငါပြောထားတယ်"

"ခုနကပဲ နှုတ်ကျိုးနေပါပြီလို့ ကျွန်တော်ပြောထားတယ်"

အန်ကယ်လ်ကြီးရဲ့ ဒေါသကလည်း သိပ်မသေးပါဘူး။ ပေါက်ခွင့်မရတဲ့ ဗျောက်အိုးတစ်လုံးရဲ့ ဒေါသမျိုးပေါ့။ မကျေမချမ်း ရေရွတ်တယ်။

"မင်းနဲ့တော့ကွာ..."

"ခုချိန်မှာ ပါပါစိတ်အေးအေးထားဖို့ လိုတယ်"

"မင်း လုပ်ပြန်ပြီလား"

"လင်းရွှေပါ...စိတ်အေးအေးထားဖို့လိုတယ်လို့ ပြောနေတာ။ သူ စိတ်ပူရှာလိမ့်မယ်"

"ငါ့သမီးက ဘာလို့ ပူရမှာလဲ"

"ဩော်...သူ့အပူ သူပဲ သိမှာပေါ့"

မီးနိုးသီးတယ် ပြောမလား။ ဆေးပြင်းလိပ်သီးတယ် ပြောမလား။ အဘိုးကြီး သီးသွားပါတယ်။ ကျွန်တော့်ကို ထပ်မေးပါတယ်။

"ငါ့သမီးက ဘာကိစ္စ ပူရမှာလဲ"

"အကြောင်းရှိလို့ အကျိုးဖြစ်ပေါ့ အန်ကယ်လ်ရယ်"

"အေး...ဘာအကြောင်းရှိထားလို့ ဘယ်အကျိုးတရားနဲ့ ငါ့သမီးက ပူရမှာလဲ"

"သူ့အပူနဲ့သူပဲ အန်ကယ်လ်ရယ်...အဲဒါကို အန်ကယ်လ်လွှဲယူလို့လည်း မရပါဘူး"

"ဟေ့ကောင်...မင်း..."

"နေဦး...အန်ကယ့်လ်ကို ကျွန်တော် ပြောပါဦးမယ်"

"ဘာလဲ..."

"အန်ကယ့်လ်သမီး ပူစရာရှိတယ်ဆိုတာက စိတ်နော်၊ တခြား မဟုတ်ဘူး"

အဲဒီစကားကြားမှပဲ အဘိုးကြီးဟာ သက်သာရာရသွားပုံ ပေါ်တယ်။ ကျွန်တော့်ကိုတော့ မလိုမလားကြည့်တုန်းပဲ။ သူ့သမီးကတောင် မပူဘဲ သူက ပူချင်လို့ ရမလား။

ကျွန်တော့်ကို စကားဆက်မပြောတော့ဘဲ ကားကို ဆွဲကွေ့လိုက်ပါတယ်။ ကျွန်တော်ညွှန်ကြားတဲ့ ဗာဒံပင်ရှေ့ကဆိုင်မှာ ထိုးရပ်ပြီး…

"ဘယ်မှာလဲ တင်ကိုကို"

"ဆိုင်ထဲမှာ ရှိတယ်"

အကောင်းစား စားသောက်ဆိုင်ဖြစ်ပါတယ်။ အပြင်မှာရှိတဲ့ လူက အထဲကို မမြင်ရသလို အထဲမှာရှိတဲ့လူကလည်း အပြင်ကို မမြင်ရပါဘူး။

"မင်း…လျှောက်ညာနေတာတော့ မဟုတ်ပါဘူးနော်"

ညာစရာမှမလိုဘဲ။ ဒီအဘိုးကြီးနဲ့တော့ ခက်နေပါပြီ။ ကျွန်တော်သာ အချောက်ဆိုရင်တော့ ဒီအဘိုးကြီးရဲ့နှာ့ကို ထောက်ပြီး "သွား…လူဆိုး"လို့ ပြောလိုက်မိမှာပဲ။

"တကယ်ပြောတာပါဗျာ"

"ဒါဖြင့် သွားခေါ်ချည်"

"အာ…ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ"

"အဲဒီလူကြီးနဲ့ ကျွန်တော်က သိမှမသိတာ"

"ငါက ခေါ်ခိုင်းတယ်လို့ ပြောပြီး သွားခေါ်ချည်"

"အာ…ဒါလည်းမဖြစ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်နဲ့ အန်ကယ်လ်နဲ့က သိမှ မသိတာ"

ပတ်ရှုပ်နေပါတော့တယ်။ အဘိုးကြီး နဖူးကြောထုံ့ပြီး စဉ်းစားတယ်။ 'လိုလျှင်ကြံဆ နည်းလမ်းရ'ဆိုတဲ့ စကားအတိုင်း သူ ဖြေရှင်းနည်းကို ရသွားပါတယ်။ ကျွန်တော့်ကို ခပ်တင်းတင်းကြည့်ပြီး…

"ဒါဖြင့် ငါပဲ သွားခေါ်လိုက်မယ်"

"ကောင်းပါလေ့ဗျာ"

"မင်းကို ကားပေါ်မှာ ငါ စိတ်ချထားခဲ့လို့ ရမှာလား"





"ဪ…ပါပါရယ်"

"မင်း လုပ်ပြန်ပြီလား"

"လင်းရှုပါကို သတိရလို့ပါ။ သူသာဆိုရင် ကျွန်တော့်ကို ဒီလိုမျိုး ပြောမှာမဟုတ်ဘူး။ ဒီကားပေါ်မှာ ကျွန်တော့်ကိုထားပြီး သူထွက်ထွက်သွားခဲ့တာ ခဏခဏပဲ"

ရှက်သွားလို့ရှိရင် မျက်နှာတစ်ခုလုံးနီတဲ့လူတို့ ပါးနှစ်ဖက်နီသွားတဲ့ သူတို့ကို ကျွန်တော်ကြုံဖူးပါတယ်။ ဒီအဘိုးကြီးရှက်တာကတော့ နည်းနည်းထူးခြားတယ်။ နှာခေါင်းထိပ်ပဲ ကွက်နီသွားတယ်။

ကျွန်တော့်ကို ပြောလို့မရနိုင်တဲ့အတူတူ သူ ဘာမှဆက်မပြောတော့ဘူး။ သူပြောလို့နိုင်မယ့် ဦးတင်ကိုကိုဆီ ဝင်သွားပါတယ်။ ကားပေါ်မှာ ကျွန်တော် သုံးမိနစ်လောက် ထိုင်စောင့်နေလိုက်ရတယ်။ အန်ကယ်လ်ကြီးနဲ့ ဦးတင်ကိုကိုတို့ မျှစ်စို့ကြီးတွေပမာ ထောင့်ထောင့်အောင့်အောင့် လှမ်းလျှောက်လာကြတယ်။

ကားအပြင်ကနေ ကျွန်တော့်ကို ကြည့်ပြီး အန်ကယ်လ်ကြီးက

"ဟော့ကောင်"

"ဗျာ"

"မင်း နောက်ခန်းသွား"

"ဪ…ဟုတ်ကဲ့ ဟုတ်ကဲ့"

ရပါတယ်…ကိုယ့်ကားမှ မဟုတ်ဘဲ၊ သူ့ကားပဲ။ နောက်ခန်းကို လွယ်လွယ်ကူကူ ကူးပေးလိုက်ပါတယ်။ ဦးတင်ကိုကိုက ကျွန်တော့်နေရာမှာ ဝင်ထိုင်တယ်။ ကျွန်တော့်ကို ကွက်ကြည့် ကွက်ကြည့် လုပ်တယ်။ ဘာမှတော့ မပြောဘူး။

ဦးတင်ကိုကိုရဲ့ကားကို သူ့တပည့်တစ်ယောက်က မောင်းယူသွားပါတယ်။ ကားမောင်းထွက်ပြီး ခဏအကြာမှာ အဘိုးကြီးဆီက စကားသံထွက်လာပါတယ်။

"တင်ကိုကို"

"ဗျာ"

ဦးတင်ကိုကိုက အသံနိုကြီးနဲ့ ထူးပါတယ်။ အသံနက်ကြီးနဲ့ အော်

တယ်။ အသံပြာကြီးနဲ့ ပြောတယ်။ အသံဝါကြီးနဲ့ သီချင်းဆိုတယ် စတာတွေကို ကြားဖူးကြမှာပါ။ ခု…ဦးတင်ကိုကိုကလည်း တစ်မျိုးထူးပါတယ်။ အသံနီကြီးနဲ့ ထူးပါတယ်။ ဆက်ပြောသေးတယ်။

"ဘာများလဲ အန်ကယ်လ်"

"ဘယ်ဆိုင်ဝင်ရင် ကောင်းမလဲ"

"အဲ…ကျွန်တော်လည်း မပြောတတ်ဘူးအန်ကယ်လ်၊ ခုန ကတည်းက ကျွန်တော့်စားပွဲမှာ တစ်ခါတည်းဝင်ထိုင်လိုက်ကြရင် ပြီးရော"

"အေး…ဟုတ်တယ်။ ငါလည်း မေ့သွားတယ်။ ဒီကောင်ကြောင့်ပေါ့"

နဂိုတည်းက ကျွန်တော့်ကို လှည့်ကြည့်ချင်နေတဲ့ ဦးတင်ကိုကိုက အခွင့်အရေးကို လက်လွှတ်မခံတဲ့ လှည့်ကြည့်ပါတယ်။ ကျွန်တော်ရယ်ပြီး နှုတ်ဆက်လိုက်တယ်။

"ဟဲဟဲ…အစ်ကိုကြီး ဝလာတယ်နော်"

သူက ဘာမှပြန်မပြောပါဘူး။ ကျွန်တော်ကပဲ ဆက်ပြောလိုက်တယ်။

"နည်းနည်းတောင် အိုစာလာသလိုပဲ"

အစကတည်းက ဘာမှမပြောတဲ့ ဦးတင်ကိုကိုဟာ ဘာပြောရမှန်းမသိ ဆက်ဖြစ်နေပါတယ်။ အန်ကယ်လ်ကြီး ဖြတ်ပြောတယ်။

"တင်ကိုကို"

"ဗျာ…အန်ကယ်လ်"

"ဒီကောင်နဲ့ အဖက်လုပ်ပြီး စကားပြောမနေနဲ့"

"ဟုတ်…ဟုတ်ကဲ့"

"ဘယ်ဆိုင်သွားမလဲသာ စဉ်းစား"

"ဟုတ်ကဲ့…အင်း…အဲဒါဆိုရင်တော့"

"ပြော"

"အန်ကယ်လ်လည်း ခေါင်းထဲမှာ မပေါ်ဘူးဆိုရင် ဒီညီလေး အဆင်ပြေမယ့်ဆိုင်ကိုသာ သွားလိုက်ပါ"

ကျွန်တော့်ဘက်ကို ပုတ်ထုတ်ပေးပါတယ်။ အဲဒါနဲ့ပဲ ကျွန်တော်က





အဘိုးကြီးကို လှမ်းကြည့်ပြီး…

"ပါပါ သွားနေကျဆိုင်ကိုသာ သွားပါ"

"ဘာ…"

"ဗျာ…"

အဘိုးကြီးဆီကရော ဦးတင်ကိုကိုဆီကရော အာမေဋိတ်သံတွေ ပြိုင်ထွက်လာပါတယ်။ ဦးတင်ကိုကိုက ကျွန်တော့်ကိုတစ်လှည့် အဘိုးကြီးကိုတစ်လှည့် အံ့သြခြင်းကြီးစွာနဲ့ ကြည့်တယ်။ ကျွန်တော်ကလည်း မလျော့တမ်း ထပ်ပြောလိုက်တယ်။

"ပါပါ သွားနေကျဆိုင်ကိုသာ သွားပါ…ရပါတယ်လို့"

အဘိုးကြီးဟာ အလွန်ကို အောင့်သက်သက် ဖြစ်နေပါတယ်။ ကျွန်တော်ပြောတဲ့ 'ပါပါ'ဆိုတာ လင်းရှုပါဖြစ်ကြောင်းကိုလည်း ဦးတင်ကိုကိုရှေ့မှာ သူ ဖွင့်မပြောရဲဘူး။ ကျွန်တော်နဲ့ လင်းရှုပါ အရမ်းရင်းနှီးထားတယ်ဆိုတာ ပေါ်သွားမှာစိုးလို့ နေမှာပေါ့။

ဒါပေမဲ့ ဒီအတိုင်းကြီး ငြိမ်နေလို့လည်း 'ပါပါ'ဆိုတဲ့ ဝေါဟာရ မြားဦးက သူ့ဆီ ဦးလှည့်သလိုဖြစ်နေတယ်။ အကျယ်ကျယ် မငြိမ်းဖွယ် မဖြစ်ချင်ဘူးထင်တယ်။ စိတ်ကိုထိန်းချုပ်ပြီး…

"ဘယ်ဆိုင်လဲ"

"ပါပါသွားနေကျ ဆိုင်လေ"

"အေး…ပါပါသွားနေကျဆိုင်က ဘယ်မှာလဲ"

"ဩော်…ဒါလား ကျွန်တော်ပြမယ်"

သနားစရာ အလွန်ကောင်းသူကတော့ ဦးတင်ကိုကိုပါပဲ။ သူ့ဇနီးလောင်းနဲ့ တွဲနေတဲ့ ကျွန်တော်က သူ့ယောက္ခမလောင်းကို ပါပါလို့ ခေါင်းတပ်ပြောနေတဲ့ကိစ္စဟာ အတော်တုန်လှုပ်စရာကိစ္စကြီးပါ။

ဒီကြားထဲ ပါပါသွားနေကျဆိုင်ကိုတောင် ပါပါက ဘယ်နားမှာလဲလို့ ပြန်မေးနေတော့ သူ့အဖို့ မျက်လုံးနှစ်ဖက်လုံး ပြူးနေရုံပဲရှိတော့တာပေါ့။

"ဒီကနေ တည့်တည့်ဆက်မောင်း။ အဝိုင်းကြီးကျရင် ညာဘက်ကို ချိုးလိုက် သိပ်မမောင်းရဘူး တွေ့လိမ့်မယ်"

အဘိုးကြီးက ဘာမှမပြောဘဲ ဦးတင်ကိုကိုက ဝင်ပြောပါတယ်။

"အဲဒီနားမှာ ဘာဆိုင်မှ မရှိပါဘူး"

"ရှိတယ်"

"ဆိုင်နာမည်က ဘာတုန်း"

ကျွန်တော်ရွတ်ပြတဲ့ ဆိုင်နာမည်ကို နားထောင်ရင်း ဦးတင်ကိုကို မျက်မှောင်ကျုံ့သွားပါတယ်။

"ဟ…အဲ့ဒါက သိမ်ကြီးဈေးထဲက ဒေါက်တာမောင်မောင်သန်း ထိုက်တို့ ဆိုင်နာမည်ပဲ"

"ဟုတ်လား…အဲဒါတော့ ကျွန်တော်မသိဘူး။ သူတို့ကပဲ ခွဲဖွင့်ထားတာ နေမှာပေါ့"

"တို့ အခုသွားမှာက စားသောက်ဆိုင်မဟုတ်လား"

"ဟုတ်တယ်လေ…"

"ဟိုက အထည်ဆိုင်ကြီးပါဟ"

ဟုတ်တယ်။ ဒီဆိုင်မှာစားတဲ့သူတွေကို သူတို့လင်မယားက အဲဒီအထည်တွေဝတ်ပြီး လမ်းလျှောက်ပြတယ်လို့ ဆက်မပြောတော့ပါဘူး။ ဟုတ်မှ မဟုတ်ဘဲ။

"ရောက်ရင် ကြည့်ပေါ့ အစ်ကိုကြီးရယ်"

"အေးလေ…ကြည့်သေးတာပေါ့"

အဘိုးကြီးက ဘာမှဝင်မပြောတော့ပါဘူး။ သူ့ဘာသာ နှုတ်ဆိတ်ပြီး ကားကို ဂရုစိုက်မောင်းနေပါတယ်။ အားနေတဲ့ ဦးတင်ကိုကိုကသာ ကျွန်တော့်ကို သွေးတိုးစမ်းပါတော့တယ်။ လက်အားနေလို့ လှမ်းကိုင်ကြည့်တာမျိုး မဟုတ်ပါဘူး။ ပါးစပ်အားနေလို့ လှမ်းမေးနေတာပါ။

"ဪ…ဒါထက် ညီလေး"

"ဗျာ"

"မင်းနာမည်က ဘယ်လိုခေါ်သတုန်း"

"ဟင်…ကျွန်တော့်နာမည်ကို အစ်ကိုကြီးက ခုထိ မသိသေးဘူးလား"

"ငါက ဘာဖြစ်လို့ သိရမှာလဲ"





"ဟင်…ဒါဖြင့် ခု ဘာလို့သိချင်တာလဲ"

ဦးတင်ကိုကို အမ်းသွားပါတယ်။ ချက်ချင်း စကားမပြန်နိုင်ပါဘူး။ အဲဒီအချိန်မှာပဲ ငြိမ်နေတဲ့ အန်ကယ်လ်ကြီးက…

"တင်ကိုကို"

ဦးတင်ကိုကိုက အသံနိုကြီးနဲ့ ပြန်ထူးပါတယ်။

"ဗျာ"

"ဒီကောင်နဲ့ လေကုန်မခံနဲ့၊ ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောမနေနဲ့၊ လိုရင်းကိုသာ ပြော"

"ဟုတ်…ဟုတ်ကဲ့"

ဦးတင်ကိုကိုက ခုံမှာပြင်ထိုင်လိုက်ပြီး ကျွန်တော့်ကို ခပ်ပြတ်ပြတ် မေးပါတယ်။

"ကဲ…ညီလေး"

"ကဲ…အစ်ကိုကြီး"

"မင်းကို ငါ လိုရင်းမေးမယ်၊ မင်း လိုရင်းဖြေကွာ"

"အင်း…"

"မင်းနာမည် ဘယ်လိုခေါ်သတုန်း"

"အစ်ကိုကြီးနာမည်က ဦးတင်ကိုကို မဟုတ်လား"

"ဟုတ်တယ်…အဲဒါဘာဖြစ်လဲ"

"ကျွန်တော့်နာမည်ကတော့ မောင်တင်ညီညီမဟုတ်ဘူးခင်ဗျ"

"မဟုတ်တာကို ပြောခိုင်းတာမဟုတ်ဘူး။ ဟုတ်တာကို ပြောခိုင်းတာ၊ မင်းနာမည် ဘယ်သူလဲလို့"

"ဗဂျမ်း"

"ဗဂျမ်း…ဟုတ်လား"

"ဟုတ်"

"ဘာအလုပ် လုပ်သလဲ"

"မလုပ်"

"အလုပ်မရှိဘူးလား"

"မရှိ"

"ဒါဖြင့် မင်း ဘာလုပ်နေသလဲ"

"မလုပ်"

"တစ်နေ့ တစ်နေ့ မင်းမှာ ဘာအလုပ်မှ မရှိဘူးလား"

"မရှိ"

"ကျောင်းသားလား"

"ပြီး"

"ဘာပြီးတာလဲ"

"ကျောင်း"

"ဒါဖြင့် ဘွဲ့ရပြီးသားပေါ့"

"ပြီး"

"ဟေ့ကောင်… ကောင်းကောင်းဖြေကွာ၊ မင်း ဘယ်လိုဖြေနေတာ တုန်း"

"အစ်ကိုကြီးပဲ လိုရင်းကို ဖြေဆို"

ဦးတင်ကိုကို အမ်းသွားပါတယ်။ ထုံးစံအတိုင်း ချက်ချင်းမှာ ဘာသံမှ ပြန်ထွက်မလာဘူး။ ထုံးစံအတိုင်း ကားမောင်းနေတဲ့ အန်ကယ်လ်ကြီးက ဝင်ပြီး ဆရာလုပ်ပြန်ပါတယ်။

"တင်ကိုကို"

ဦးတင်ကိုကိုက အသံနိုကြီးနဲ့ ပြန်ထူးပါတယ်။

"ဗျာ"

"လိုရင်းကိုပဲမေး။ ဒါပေမဲ့ စေ့စေ့စပ်စပ် သေသေချာချာမေး"

"ဟုတ်ကဲ့"

ကျွန်တော့်ကို မေးခွန်းတွေ ဆက်မေးပါတော့တယ်။

"မင်း…ဘာမေဂျာနဲ့ ကျောင်းပြီးတာလဲ"

"အီး"

"ဟေ့ကောင် ဖြေလေကွာ"

"အီး"

"ဟေ့ကောင် မင်း ငါ့ကို သရော်နေတာလား"

ကားမောင်းနေတဲ့ အန်ကယ်လ်ကြီးက မနေသာတော့ ဝင်ပြောရ





ပြန်ပါတယ်။

"အီးမေဂျာနဲ့ ပြီးတာလို့ ပြောနေတာ၊ အင်္ဂလိပ်စာ အဓိကတဲ့"

"ဒီကောင် အတော်လက်ပေါက်ကပ်တဲ့ကောင်ပဲ အန်ကယ်လ်"

ကျွန်တော်က ဝင်ပြောလိုက်တယ်။

"မကပ်"

"ဘာမကပ်တာလဲ၊ ဒါ ကပ်တာပေါ့"

"မဟုတ်"

"ကဲ…ထားပါတော့ ထားပါတော့၊ ငါ တစ်ခုတည်းပဲ မေးမယ်"

"မေး"

"မင်းနဲ့ လင်းရှုပါနဲ့က ဘာပတ်သက်သလဲ"

"မဖြေ"

"ဘာ"

"မဖြေ"

"မဖြေလို့ ရမလား"

"ရ"

ဦးတင်ကိုကို ငိုချင်စိတ် ပေါက်သွားပုံ ရပါတယ်။ အဲဒီအချိန်မှာပဲ ကက်တုတ်ပေါ်တင်ထားတဲ့ အန်ကယ်လ်ကြီးရဲ့ ဆယ်လူလာက ဖုန်းထမြည် တယ်။ အဘိုးကြီးက ချက်ချင်းမကိုင်ဘူး။ ကျွန်တော်က လှမ်းပြောရတယ်။

"ပါပါ ဖုန်းလာနေတယ်"

"ဘာ…ဟေ့ကောင်"

"ပါပါ့ဖုန်း လာနေတယ်လို့"

အဘိုးကြီးက ကျွန်တော့်ကို အဖက်လုပ်ပြီး စကားပြန်မပြော တော့ပါဘူး။ ဖုန်းကို ကောက်ကိုင်တယ်။

"အေး"

"ဟုတ်တယ်"

"ပြော"

"ရှိတယ်"

"အဲဒါဘာဖြစ်လဲ"

မျက်နှာက ရှုံ့မဲ့သွားပြီး ကျွန်တော့်ကို မျက်လုံးစွေကြည့်ပါတယ်။ ပြီး…

"ဟေ့ကောင်"

"ဗျာ"

"ဖုန်းပြောလိုက်"

"ဗျာ"

"ဖုန်းယူလိုက်၊ ပြောလိုက်၊ ဟိုဘက်က မင်းနဲ့ ပြောမလို့တဲ့"

"အဟီး"

ကျွန်တော်က ပေါင်ကြားထဲ လက်နှစ်ဖက်ထည့်ပွတ်ပြီး ရှက်ပြလိုက်တယ်။ ပြီးမှ ဖုန်းကို ဆွဲယူလိုက်တယ်။

ကျွန်တော်ငယ်ငယ်တုန်းက အိမ်မှာ အိမ်ဖော်တစ်ယောက်ရှိခဲ့ဖူးတယ်။

လုပ်တာကိုင်တာ ကောင်းပါတယ်။ ဒါပေမဲ့ ချွတ်ယွင်းချက်ရှိတယ်။ အမြဲတမ်းလိုလို တစ်ခုမဟုတ်တစ်ခုကို အလန့်တကြား ဖြစ်နေတတ်တယ်။ 'ဟယ်'၊ 'အလို'၊ 'ဘုရားရေ'၊ 'အမလေးတော်' စသဖြင့် အော်ကြီးဟစ်ကျယ် အမြဲရေရွတ်နေတတ်တယ်။

သူ့ကြောင့်ပဲ အိမ်ကလူတွေလည်း ကြာရင် နှလုံးရောဂါရနိုင်တယ်။ အဲဒီလိုနဲ့ပဲ အဲဒီအိမ်ဖော်လေးကို နောက်ဆုံးမှာ တစ်ခြားအိမ် ပို့လိုက်ရတယ်။

အခု ကျွန်တော်လည်း ကျွန်တော့်နှလုံးသားကို လင်းရှပါသီ ပေးတော့မလို့။ သူနဲ့တွေ့ပြီးကတည်းက ကျွန်တော့်နှလုံးသားဟာ…

'ဟာ'၊ 'အလို'၊ 'မြတ်စွာဘုရား'၊ 'ကျားသားမိုးကြိုး' စသဖြင့် အော်ကြီးဟစ်ကျယ် ရေရွတ်နေလို့ပေါ့။

❖ ❖ ❖





(၇)

"ဟဲလို"

"ကိုဗဂျမ်းလား"

နည်းနည်းတောင် ကြောင်အမ်းသွားတယ်။ သူက ကျွန်တော့်ကို နာမည်ခေါ်လေ့ မရှိဘူးလေ။ ခေါ်ချင်းခေါ် အဂါသားလို့ပဲ ခေါ်နေတာ။ အခုမှ 'ကိုဗဂျမ်းလား' ဆိုတော့ နားဆန်းသွားတာပေါ့။ ဒါပေမဲ့ သူ့အသံကို ကျွန်တော်မှတ်မိပါတယ်။ သူ့အသံလေးဟာ ဖုန်းထဲမှာလည်း အင်မတန် နားထောင်ကောင်းတယ် ဆိုတာကိုတော့ လူအမြင်ကပ်မှာစိုးလို့ ကျွန်တော် ထုတ်မပြောတော့ပါဘူး။

"အင်း…ဟုတ်တယ်၊ ပြော…"

"ကိုဗဂျမ်း"

"ဟင်"

"ခု…အခြေအနေဘယ်လိုတုန်း"

"ဒီလိုပါပဲ"

"မဟုတ်ဘူးလေ၊ ဖေဖေက ရှင့်ကို ဘာပြောလဲ"

"ဘာမှမပြောရသေးဘူး။ ခုမှ ဆိုင်တစ်ဆိုင်ကို သွားကြမလို့။

ဆိုင်ရောက်မှ ပြောကြမှာ''

''ဟင်…ခု ဒါဖြင့် ရှင်တို့က ဘယ်မှာတုန်း''

''ကားပေါ်မှာပဲ ရှိသေးတယ်''

သူ့ဘက်က သက်ပြင်းချသံကို ကြားရတယ်။ သူ စိတ်မငြိမ်မသက် ဖြစ်နေတယ်ဆိုတာကို ကျွန်တော်ရိပ်မိပါတယ်။ သူ့အသံထဲမှာလည်း စိုးရိမ်မှုလေးတွေ ကဲစွက်ပါဝင်နေတယ်။

''ကျွန်မ အားနာတယ်''

''ဘယ်သူ့ကိုလဲ''

''အို…ရှင့်ကိုပေါ့''

''ဟင်…ဘာဖြစ်လို့ပါလိမ့်''

''ကျွန်မကိုလည်း ကူညီရသေးတယ်၊ ကျွန်မအဖေက ရှင့်ကို ပြဿနာရှာတာကိုလည်း ခံရဦးမယ်။ ကျွန်မမျက်နှာ ဘယ်သွားထားရပါတော့မလဲ''

ကိုယ့်ရင်ခွင်ထဲ လာထားပေးလို့ ပြန်မပြောဖြစ်တော့ပါဘူး။ လူကြီးလူကောင်းဆန်ဆန်ပဲ ဖျောင်းဖျအားပေးလိုက်တယ်။

''စိတ်အေးအေးထားပါ''

''ရှင်တို့ အဆင်ပြေပါ့မလား''

''ဖြစ်လာမှာပါ''

''ကြည့်ကျက်ပြောနော်…မရတဲ့အဆုံးဆိုရင်တော့ ကျွန်မ ခေါင်းပေါ်သာ ပုံချလိုက်၊ ဖြစ်လာတဲ့ပြဿနာ ကျွန်မဘာသာ ဆက်ရှင်းမယ်''

''ဩော်…အဲဒီလောက် မလိုအပ်ပါဘူး''

''လောလောဆယ်တော့ ကျွန်မအဖေနဲ့ နှစ်ယောက်ထည်းနေရရတာ ရှင် အနေကြပ်မှာပဲနော်''

''ဘယ်လို''

သူ့စကားကြောင့် ကျွန်တော်အံ့သြသွားတယ်။ ဦးတင်ကိုကိုကို ကျွန်တော်တို့ကားနဲ့ ပြန်လှည့်ခေါ်တာကို သူ မသိလိုက်ဘူးလား။ သူ့ဘာသာသူ တက်စီငှားနေလို့ မမြင်လိုက်ဘူးလား။ ထားပါလေ…ဒါတွေကို မေးမနေတော့ပါဘူး။ လိုရင်းပဲ ပြောလိုက်တယ်။





''နှစ်ယောက်တည်းမဟုတ်ဘူး။ ဦးတင်ကိုကိုပါ ပါတယ်''

''ဟယ်''

သူ အတော်ထိတ်လန့်သွားပုံရတယ်။ (ကွန်ပျူတာဆရာခင်ဗျာ…ဒီနေရာမှာလည်း လန့်ကို အောက်ကမြစ်ပါအောင် သေသေချာချာ ထည့်ပေးပါ။ ဤကား…စကားချပ်)

''ဦးတင်ကိုကိုပါ ပါတယ်ဟုတ်လား''

''ဟုတ်တယ်…အရှင်လတ်လတ်ကြီး ရှေ့မှာထိုင်နေတယ်၊ ရေမွှေးတွေနဲ့၊ သနပ်ခါးလည်း နည်းနည်းလိမ်းထားတယ်''

အဲဒီစကားကြောင့် ဦးတင်ကိုကိုက ကျွန်တော့်ကို လှည့်ကြည့်ပါတယ်။ ကျွန်တော်က ရယ်ပြလိုက်တယ်။ စကားပြောခွက်ကို လက်နဲ့အုပ်ပြီး…

''အစ်ကိုကြီးအကြောင်း မေးနေလို့''လို့ ပြောလိုက်တယ်၊ ဒီလူကြီး သဘောကျသွားတယ်။

''သူက ဘယ်က ပါလာတာတုန်း''

ဖုန်းထဲက နားသံလွှင်လွှင်ကလေးကိုလည်း အမောတကော ပြန်ပြောရပါသေးတယ်။

''ကားနဲ့ပဲ လှည့်ဝင်ခေါ်လိုက်တာလေ''

''ဘာလုပ်ဖို့တုန်း''

''သုံးယောက်စလုံး မျက်နှာစုံညီ စကားပြောဖို့ပေါ့''

''လိုအပ်လို့လား''

''ဩော်…လောလောဆယ်မှာ သူက ကုန်ဝယ်စာအုပ်ကို ပိုင်ထားတာကိုး''

''ဒါပေမဲ့ ကျွန်မက သမဝါယမဆိုင်က ကုန်ပစ္စည်းမဟုတ်ဘူးရှင့်''

''အင်း…အဲဒါကို အခု ဆွေးနွေးကြည့်ကြမယ်လေ။ သမဝါယမဆိုင်က ကုန်ပစ္စည်းဖြစ်နေရင်လည်း ဦးရာလူစနစ်အဖြစ် ပြောင်းလဲပေးဖို့ တင်ပြရမှာပဲ''

''ဦးရာလူစနစ်…ဟုတ်လား''

သူ ရယ်ချင်သွားပုံ ရတယ်။

"ဟုတ်တယ်လေ"

"ဘယ်သူနဲ့ ဘယ်သူက အဦးပြိုင်မှာလဲ"

"အစ်ကိုကြီးတင်ကိုကိုနဲ့ အဟဲ...၊ ပြီးတော့ အစ်ကိုကြီးတင်ကိုကိုနဲ့၊ အဟဲ...ဟို"

"ဟိုလေ...မနေနဲ့တော့"

"ဘာဖြစ်လို့တုန်း"

"ဦးတင်ကိုကိုနဲ့ ရှင်နဲ့လို့ ပြောချင်တာလား"

"အဟဲ...ဟို...အဲလိုတော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဟို...လိုအပ်ရင် ပြောမလားလို့"

"လုပ်မနေနဲ့၊ အဲဒါဆို ရှင်ရှုံးမှာပဲ"

"ဘာဖြစ်လို့လဲ"

"သူက ရှင့်ထက် အရင်ဦးတယ်ရှင့်၊ ရှင်ဟာလေ ဉာဏ်ကောင်းချင်ရင်လည်း အရမ်းပဲ၊ 'အ'ချင်ရင်လည်း အရမ်းပဲ"

နှုပ်ပွမ့်နဲ့ ပျော်နေမယ့် သူ့မျက်နှာလေးကို မြင်ယောင်မိပါတယ်။ တဆက်တည်းမှာပဲ ခေါင်းထဲဝင်လာတဲ့အတွေးကို ဖွင့်ချရတယ်။

"တကယ်လို့ သူ့ကို ရှင်းထုတ်ပစ်နိုင်ရင်ကော"

အဲဒီစကားကြောင့် ဦးတင်ကိုကိုက လှည့်ကြည့်ပြန်ပါတယ်။ အစ်ကိုကြီးကို ပြောတာမဟုတ်ဘူးဆိုတဲ့ သဘောမျိုးနဲ့ လက်ခါပြပြီး ကျွန်တော် ပြောင်ညာလိုက်တယ်။ သူ အင်တင်တင်နဲ့ ပြန်လှည့်သွားတယ်။

"ရှင်မေးတာကို ကျွန်မ နားမလည်ဘူး"

"ဟို...ဒီလိုလေ"

"အင်း...ပြော"

"သူ့ကို ရှင်းထုတ်နိုင်လို့ရှိရင် သူ့အစား..."

"အင်း...ဘာဖြစ်လဲ"

"ဆက်ပြောရမှာ အားနာနေတယ်"

"ဘယ်လို"

"ဟို...ဆက်ပြောရမှာ အားနာနေတယ်လို့"

သူ့ဘက်က ခဏအသံတိတ်သွားတယ်။ ကျွန်တော်သိပါတယ်။





သူ့ရင်ခုန်နေတာ နေမှာပေါ့။

"ရှင်နော်..."

"ဘာတုန်း"

"ရှင့်စကားက ဘယ်လိုစကားလဲ"

"ဟုတ်ပြီ...ဟုတ်ပြီ။ အဲလိုကြားရတာ အရမ်းဝမ်းသာတာပဲ"

"အလိုတော် ဘာဖြစ်လို့"

"လိုရင်းကို သဘောပေါက်သွားလို့ပေါ့။ အဲလို သဘောမှ ပေါက်ပဲ့ မလားလို့ ပူလိုက်ရတာ"

"ရှင်ဟာလေ..."

"ဗျစ်တောက် ဗျစ်တောက် လုပ်မနေနဲ့တော့၊ အချိန်က အရမ်းအရေးကြီးနေပြီ၊ ဖြေဦး...အဲလိုဆိုရင် ဘယ်လိုသဘောရလဲ"

"နေပါဦး။ ရှင် ကျွန်မကို ရည်စားစကား ပြောနေတာလား"

"အင်း...အဲ...ပြောရရင်တော့ ဟုတ်တယ်ဗျ"

"ဘာရှင့်"

"ပါပါ စိတ်ဆိုးလည်း မတတ်နိုင်ဘူး။ အခြေအနေအရ အဲလို သွယ်ဝိုက်ပြောနေရတာ"

ကားမောင်းနေတဲ့ အန်ကယ်လ်ကြီးက လှည့်ကြည့်ပါတယ်။ လှည့်ကြည့်ရင် ကျွန်တော့်မျက်နှာကို မြင်ရတာပဲ အဖတ်တင်မယ်မှန်း သိရက်နဲ့ သူမို့ လှည့်ကြည့်တယ်။ မြင်မြင်ချင်း ပြန်လှဲသွားတယ်။ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်ဆိုတာ အဲဒါမျိုးပေါ့။

တစ်ဘက်က လင်းရှုပါဟာလည်း 'ပါပါ'ဆိုတာ သူ့အဖေကို ခေါ်တာလို့ ထင်သွားပုံရတယ်။

"ရှင်ဟာလေ ပိုင်စိုးပိုင်နင်းနဲ့ ကျွန်မအဖေကြားသွားရင် ဘယ်နှယ့် လုပ်မလဲ"

"ကြားပါတယ်"

"ဟင်"

"သူကြားတယ်"

ဦးတင်ကိုကိုက လှည့်လာပြန်တယ်။

"ကိုယ်နဲ့ ပြောမလို့တဲ့လား"

"အာ…မဟုတ်ဘူး။ မဟုတ်ဘူး"

"ရှင်…ဘာတွေပြောနေတာလဲ"

အဲဒီအချိန်မှာပဲ ကားက ရပ်သွားပါတယ်။ စက်သေပြီးရပ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သွားနေတဲ့ဆိုင်ရှေ့ကို ရောက်သွားလို့ ရပ်တာပါ။ ဆိုင်ရှေ့မှာရပ်နေတဲ့ ညှပ်ကြိုလူငယ်တွေက နောက်ခန်းမှာ တစ်ယောက်တည်းထိုင်ပြီး ဆယ်လူလာပြောနေတဲ့ ကျွန်တော့်ကို အပြေးအလွှား တံခါးလာဖွင့်ပေးကြပါတယ်။

ကျွန်တော်က ဆယ်လူလာပြောနေလျက်ကပဲ ဆင်းပြီး ဆိုင်ထဲကို ဝင်လိုက်တယ်။ ဒရိုင်ဘာဖြစ်ပုံရတဲ့ ကားမောင်းသူ အဘိုးကြီးနဲ့ ကျွန်တော့် ဘော်ဒီဂတ်ဖြစ်ပုံရတဲ့ ရှေ့ခန်းက ထွားထွားကျိုင်းကျိုင်းကြီးကိုလည်း သူတို့က ဦးညွှတ်ပြုံးပြကြပါတယ်။ ကိုယ့်တံခါးကိုယ်ဖွင့် ကိုယ့်အိတ် ကိုယ်ဆွဲပြီး သူတို့တွေ ကျွန်တော့်နောက်ကနေ လိုက်ဝင်လာကြပါတယ်။

ဒီဆိုင်က ကျွန်တော်ထိုင်ဖူးတဲ့ဆိုင်ပါ။ အဝင်အထွက် ကျွမ်းကျင်ပြီးသားဖြစ်နေလို့ အပေါ်ထပ်က အခန်းတွေဆီကို အမြန်တက်လိုက်ပါတယ်။ သူတို့နှစ်ယောက် နောက်မှာ ပြတ်ကျန်ခဲ့တယ်။ အဲဒီအချိန်လေး အတွင်းမှာပဲ ကျွန်တော်နဲ့ လင်းရှုပါဟာ အရေးကြီးတဲ့ အချက်အလက်တွေကို ခပ်သွက်သွက်ပြောပစ်လိုက်ပါတယ်။

အချိန်ဟာ အဖိုးတန်တယ်လို့ ရှေးလူကြီးတွေပြောခဲ့ကြတာ ဒါမျိုးပဲ ဖြစ်မှာပေါ့။

"ကဲ…မချော ခင်ဗျားအဖေနဲ့ ခင်ဗျားလူကြီး နောက်မှာ ပြတ်ကျန်ခဲ့တယ်။ ကျွန်တော် အခု သန့်စင်ခန်းထဲ ရောက်နေတယ်။ ဖြစ်စေချင်တာကို မြန်မြန်ပြော"

"ဒီလိုလုပ်"

"အင်း…ပြော ဘယ်လိုလုပ်ရမှာလဲ"

"ရှင် ပါးကျိုးမယ် သိလား"

"ဟ…ဘာတုန်း"

"တွေ့တာမှ လေးငါးရက်ရှိသေးတယ် ကျွန်မကို ရည်းစားစကား





ပြောနေတယ်"

"လူကနေပေမယ့် နှလုံးသားက မနေတာ ဖြစ်မှာပေါ့ဗျ"

"ပြီးတော့ အခက်အခဲတွေ့နေချိန်မှာ အကြပ်ကိုင်ပြီး ပြောတယ်၊ အဲဒါမျိုး ကျွန်မ နည်းနည်းမှမကြိုက်ဘူး"

"မဟုတ်ပါဘူးဗျာ၊ အရေးကြီးတဲ့အချိန်ရောက်နေလို့ပါ။ အရေးကြီးရင် သွေးစည်းရမယ် မဟုတ်လား"

"ကျွန်မ ပြတ်ပြတ်ပြောမယ်"

"ကျွန်တော် ပြတ်ပြတ်နားထောင်မယ်"

"ကျွန်မ ဦးတင်ကိုကိုကိုလည်း မယူနိုင်ဘူး။ ရှင် အကြပ်ကိုင်ပြီး ရည်းစားစကား ပြောတာကိုလည်း မခံနိုင်ဘူး"

"ကြိုက်ပြီဗျာ"

"ရှင် လုပ်ပြန်ပြီလား"

"မဟုတ်ပါဘူး။ ကဲ…အဲဒါတွေကို ထားလိုက်ပါတော့၊ ဖြစ်ချင်တာကို မြန်မြန်ပြောပါ"

"ဒီလိုလုပ် ရှင် သူတို့နဲ့ ဘာမှပြောမနေနဲ့"

"ဟင်…အဲဒါဆိုရင်…"

"ကြည့်ရှောင်ထွက်လိုက်"

"ဟ…မျက်နှာစုံညီ ထွေးနွေးကြမယ်ဆိုပြီးတော့ အသေအချာ ခေါ်လာတာ"

"ဟုတ်ပြီလေ…အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့်ပဲ ပျက်သွားသလို ကြည့်ကျက်ရှောင်ထွက်လိုက်လို့ ပြောနေတယ်"

"ဒီအခြေအနေကြီးရောက်မှတော့ တယ်တောင်မလွယ်လှတော့ဘူး။ အင်းလေ…ကြည့်ကျက်စီစဉ်လိုက်ပါ့မယ်။ ဒါထက် နေပါဦး ခင်ဗျား ကျွန်တော့်ကို နည်းနည်းမှ အားမနာဘူးလားဟင်"

"အခြေပြန်မပေးတဲ့ အတွက်ကြောင့်လား"

"မဟုတ်ပါဘူး။ ခုလိုမျိုး ချောက်ကျနေတာကို…"

"အားနာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

"ကျွန်တော်ရှောင်ထွက်လိုက်ရင် ခင်ဗျားက ဘယ်လိုဆက်ရှင်း

မလဲ''

"ကြည့်ကျက်လုပ်ရမှာပဲ ရပါတယ်။ ကဲ…သွားတော့ သွားတော့"

ဖုန်းပိတ်မယ်ပြင်ပြီးတော့မှ…

"အဲ…နေဦး နေဦး၊ ဗုဒ္ဓဟူးသမီး"

"ဘာလဲ…"

"ငါးမိနစ်လောက်ကြာရင် ခင်ဗျား ခင်ဗျားအဖေနဲ့ ဦးတင်ကိုကိုဆီ နည်းနည်းဖုန်းပြန်ခေါ်လိုက်စမ်းပါ"

"ခေါ်ပြီး ဘာပြောရမှာလဲ"

"ဘာပြောပြော…ပြောချင်ရာပြောဗျာ၊ ဆယ်မိနစ် ဆယ့်ငါးမိနစ် လောက်ကြာအောင် ပြောနေလိုက်။ ကျွန်တော် လုပ်စရာရှိလို့"

"ဩော်…ဟုတ်ပြီ ဟုတ်ပြီ၊ သဘောပေါက်ပြီ။ ရှင် အရှုံးရပြီ ပေါ့ ဟုတ်လား"

"ဘာ…အရှုံးလဲ"

"ရှင် အကြံရပြီလားလို့ ပြောတာ။ လောသွားလို့"

"ဖြစ်မှဖြစ်ရလေဗျာ…၊ ကဲ…ဒါပဲ ဒါပဲ"

မိုနီပူပူအလင်းရောင်အောက်မှာ အန်ကယ်လ်ကြီးနဲ့ ဦးတင်ကိုကို တို့ ခေါင်းချင်းဆိုင် တွတ်ထိုးနေကြပါတယ်။ ကျွန်တော် ရောက်လာတာ ကိုတောင် မမြင်ကြပါဘူး။

ကျွန်တော်ကပါ သူတို့နဲ့အတူ ခေါင်းချင်းဝင်ဆိုင်လိုက်တော့ သူတို့ လန့်သွားတယ်။

"အာ…"

အန်ကယ်လ်ကြီး စိတ်တိုသံနဲ့…

"မင်းခေါင်းကြီးက ဘာဝင်လုပ်တာလဲ"

"မသိဘူးလေ…ခေါင်းချင်းဆိုင်ဆွေးနွေးဖို့ အဆင်သင့်စောင့်နေကြ တာလားလို့"

သူတို့တတွေ တစ်ယောက်ကိုတစ်ယောက် စွေကြည့်ကြပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်အစီအစဉ်အတိုင်း စားပွဲထိုးတွေ ရောက်လာ တယ်။ ကျွန်တော့်ကို တလေးတစားနဲ့…





"ဆရာ မလာတာ ကြာပြီနော်"

"အင်း…အလုပ်နည်းနည်း ရှုပ်နေလို့"

"ကျွန်တော်တို့က ဆရာ့ကို မျှော်နေကြတာ၊ ဆရာလာရင် အများ ကြီး အသိဉာဏ် တိုးရတယ်"

"မင်းတို့ မနဲနေရှာရော…"

"ဆရာတပည့် ခုလေးတင် ရေကူးကန်ထွက်သွားတယ်။ ရေသွား ကူးမလို့တဲ့။ ရတယ်လေ…သူ့ဆယ်လူလာကို လှမ်းခေါ်လိုက်မယ်။ ဆရာ ရောက်နေမှန်းသာ သိရင် ရေကူးကန်ထဲက တက်ပြီး ချက်ချင်းပြန်လာညီ လာမှာ"

"နေပါစေကွာ…ဒီမှာ ငါ စကားပြောစရာလည်း ရှိသေးတယ်"

"ဟို…ကျွန်တော်တို့ သိချင်တဲ့ မေးခွန်းလေးတွေ"

"ပြီးမှ လာမေး။ လောလောဆယ် သူတို့ ဘာစားမလဲမေးပြီးတော့ အကောင်းဆုံး စီစဉ်ပေးလိုက်"

"ဟုတ်ကဲ့၊ လူကြီးမင်းတို့ ဘာများ သုံးဆောင်ကြမလဲခင်ဗျာ"

သူတို့က ခုထက်ထိ ဘာမှ မမှာရသေးဘူး။ မှာတော့လည်း ဘာမှ မဟုတ်ဘူး။ နှိုက်တည်းက ကပ်စေးနှဲကြတာလား။ ကျွန်တော့်ကို မသထာတာလားတော့ မသိဘူး။ တော်ရိုရော်ရိုပဲ မှာကြတယ်။ စားပွဲထိုး တွေ ထွက်သွားတော့ သုံးယောက်လုံး ငြိမ်နေမိကြသေးတယ်။

ခဏကြာမှ အန်ကယ်လ်ကြီးက…

"ကဲ…"

"ဟုတ်ကဲ့" ဆိုပြီး ဦးတင်ကိုကိုက ကိုယ်ကို ရှေ့ကိုင်းလိုက်တယ်။ ဆန့်ကျင်ဖက်ပါပဲ။ 'ဟုတ်ကဲ့' ဆိုပြီး ကျွန်တော်က ခုံမှာ ကျောမှီလိုက် တယ်။

"တို့ ပြောစရာရှိတာကို ရှင်းရှင်းပြောကြရအောင်"

"ဒါပေါ့၊ ပြောရမှာပေါ့"

"ဟိုသူငယ် မင်းနာမည် ဘယ်သူ…ဘခက်…ဟုတ်လား"

"ဂျမ်း…ဗဂျမ်း"

အဲဒီအချိန်မှာပဲ အန်ကယ်လ်ကြီးရဲ့ ဆယ်လူလာက ဖုန်းမြည်

လာပါတော့တယ်။ အန်ကယ်လ်ကြီးက ကျွတ်ခနဲစုတ်သပ်လိုက်ပြီး ဖုန်းကို ဂရုမစိုက်ဘူး။ စကားကို အတင်းဆက်ပြောဖို့ ပြင်တယ်။

"ပါပို့ဖုန်း ခေါ်နေတယ် ထင်တယ်"

"ဟော့ကောင်"

"မဟုတ်ဘူးလေ…ပါပို့ဖုန်း မြည်နေတယ်လို့"

ကျွန်တော်က ပြောလေကဲလေ လုပ်မှာစိုးလို့ ထင်တယ်၊ အဘိုးကြီးက ဖုန်းကို ဆောင့်ဆောင့်အောင့်အောင့် ကောက်ကိုင်တယ်။

"ဟဲလို"

"အေး…ဟုတ်တယ် ဖေဖေ"

"အေးပါ…ဘေးကင် မမှာပါဘူး။ ဖေဖေနဲ့ မတည့်တာ သိပါတယ်။ ဒီမှာ ကိုကာကိုလာပဲ သောက်နေတယ်"

"အေး…ပြော"

သူ အဲဒီလို မအားမလပ်ဖြစ်နေတဲ့ အချိန်မှာပဲ စားပွဲထိုးလေးတွေက ကျွန်တော့်နားကို ရောက်လာကြပြန်ပါတယ်။

"ဆရာ နိုင်ငံခြားသားတစ်ယောက်က ကျွန်တော့်ကို တွေ့ချင်လို့တဲ့"

ကျွန်တော်က မျက်လုံးပြူးပြလိုက်တော့မှ…

"အဲ…ဟို မှားသွားလို့၊ နိုင်ငံခြားသားတစ်ယောက်က ဆရာ့ကို တွေ့ချင်လို့တဲ့"

ကျွန်တော်က ဟိတ်ဟန်အပြည့်နဲ့…

"တိုးရစ်လား"

"မဟုတ်ဘူးဆရာ၊ ကုမ္ပဏီကိစ္စနဲ့ မြန်မာပြည်ကို ရောက်နေတဲ့ အမေရိကန်တစ်ယောက်"

ကျွန်တော်က ဦးတင်ကိုကိုရဲ့ နားရွက်ဘက်ကို လှည့်ပြီး သက်ပြင်းချပြလိုက်တယ်။ အလုပ်ရှုပ်ရန်ကော ဆိုတဲ့သဘောနဲ့ပေါ့။ ပြီး…

"အစ်ကိုကြီး…ခဏလေး"

ဦးတင်ကိုကိုက ကျွန်တော့်ကို လှမ်းမကြည့်ဘဲ 'သွား'ဆိုတဲ့ သဘောနဲ့ မေးဆတ်ပြတယ်။ ခုံက အထမှာ ကျွန်တော်က စားပွဲထိုးလေး





တွေကို…

"မင်းတို့ သိချင်တာတွေ ဒီဆရာကြီးတွေကို မေးထားရင်လည်း ရတယ်။ ငါ ပြန်လာခဲ့မယ်"

"ဟုတ်…ဟုတ်ကဲ့"

အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော် လစ်ထွက်လာခဲ့ပါတယ်။ လမ်းမပေါ်ရောက်မှ အပျင်းကြောကို အကြာကြီး ဆန့်ပစ်လိုက်တယ်။ ပြည့်ပြည့်ပြောပြပေးရရင်တော့ စားပွဲဝိုင်းမှာကျန်ခဲ့တဲ့ အန်ကယ်လ်ကြီးနဲ့ ဦးတင်ကိုကိုဟာ အတော့်ကို အကြပ်ရိုက်နေရှာပါတယ်။

ကျွန်တော့်ပြန်အလာကို စောင့်နေရင်းနဲ့ စားပွဲထိုးကလေးတွေရဲ့ မေးခွန်းတွေကို ဖြေနေရပါတယ်။ အင်း…မဟုတ်သေးဘူး။ ဖြေဖို့ကြိုးစားနေရတယ်။ အရှက်လည်းကွဲ ချွေးလည်းရွှဲပေါ့။

စားပွဲထိုးလေးတစ်ယောက်က…

"ဆရာကလည်း ပြန်မလာသေးဘူး။ အစ်ကိုကြီးကပဲ ကျွန်တော့်ကို ပုစ္ဆာလေး တွက်ပေးပါဗျာ"

ဦးတင်ကိုကိုက အထက်စီးလေသံနဲ့…

"ဘာလဲကွာ၊ ဘာပုစ္ဆာလဲ ပေး"

စားပွဲထိုးလေးရဲ့ လက်ထဲက စာရွက်ကို ဆွဲယူပြီး တွက်ပေးဖို့ ပြင်ပါတယ်။ မေးခွန်းကို ဖတ်ကြည့်ပြီးမှ အသက်ရှူရင်း လေ'နင်'သလို ဖြစ်နေတယ်။

မေးခွန်းက…

"ဖယောင်းတစ်ခဲသည် အလျားအနံစော် ၁၆ ရှိ၏။ အလျားအလုံး လက်တစ်သစ်ရှိ ဆီးမီးတိုင်လုပ်သော် ဘယ်မျှရအံ့နည်း"

"ဗုဒ္ဓေါ"

တွက်ဖို့နေနေသာသာ သူ ဖတ်တောင် မဖတ်တတ်ဘူး။ အန်ကယ်လ်ကြီးကို လှည့်ကြည့်တော့ အန်ကယ်လ်ကြီးကလည်း သူ့လို ကျကြူနေတယ်။ သူ့ဘေးက စားပွဲထိုးလေးပေးတဲ့ မေးခွန်းစာရွက်ကို ကိုင်ရင်း မျက်လုံးတင်မက မျက်မှန်ပါ ပြူးထွက်နေတယ်။

သူဖတ်နေတဲ့ မေးခွန်းက (တစ်နည်း) သူတွက်ပေးရမယ့်ပုစ္ဆာက

ဦးတင်ကိုကိုထက်တောင် ပိုဆိုးနေသေး…။

''နတ်သားတစ်ယောက်သည် သာဝတ်ီသာက လှည်းဘီး ၂ဒ်ရှိသော ရထားကို လျှင်သောမြင်းကျ၍ ဝတ္ထိုလှုပြည်တယ်မပတ်လည်အုံးနိုင်''

''ဘယ်နှာတုံးဟာ…''

သူကလည်း ဦးတင်ကိုကိုကို လှည့်ကြည့်ပါတယ်။ စားပွဲထိုးလေးတွေရဲ့ မျက်နှာကိုတော့ မကြည့်ခဲ့ကြပါဘူး။ စားပွဲထိုးလေးတွေကလည်း ကျွန်တော်မှာထားတဲ့အတိုင်း မျှော်လင့်တကြီးဟန်ပန်နဲ့ ရှိုရှိုကလေးတွေ ရပ်စောင့်နေကြပါတယ်။ သူတို့နှစ်ယောက် အနေခက်လောက်အောင်ကို ရွှန်းရွှန်းစားစားကြီး ဝိုင်းကြည့်နေလိုက်ကြပါတယ်။

နောက်ပိုင်း ဘာဆက်ဖြစ်ကြသလဲဆိုတာကိုတော့ ကျမ်း လေးမှာ စိုးလို့ မဖော်ပြတော့ပါဘူး။ ကျွန်တော် သူတို့ကို ပေးခဲ့တဲ့ပုစ္ဆာတွေက မြန်မာ့ရိုးရာ သချာပုစ္ဆာတွေပါ။ ခုခေတ် ဘုန်းကြီးကျောင်းတွေမှာတောင် သင်လေ့မရှိတော့လို့ အင်မတန်တွဲ့ထူး ဂုဏ်ထူးတွေများလှတဲ့ ပညာတတ်ကြီးနှစ်ယောက်ဟာ လျှပ်စစ်ခါတ်နဲ့ တစ်ခိုဝ်စိုဝ်အတို့ခံရသလို ဖြစ်နေကြရပါတယ်။ (အကျယ်သိလိုသူများ ဆရာကြီးရွှေခြံသက်ပိုင်ရေးတဲ့ ''မြန်မာ့ရိုးရာဂဏန်းသချာ'' အမည်ရှိစာအုပ်မှာ လေ့လာကြပါ။ ဆရာကြီးရွှေခြံသက်ပိုင်ဟာ သချာပါမောက္ခတစ်ဦးလို့ သိရပါတယ်။)

ညနေ…လက်ဖက်ရည်ဆိုင်မှာ ချစ်စိုးသူတို့ မောင်မောင်လေးတို့ တင်ဝေတို့နဲ့တွေ့မှ အဲဒီအကြောင်းတွေပြန်ပြောပြီး တဟားဟားရယ်ကြပါတယ်။ စကားစဉ် တစ်ဝက်လောက်အရောက်မှာ ကျွန်တော့်တပည့် ဆိုင်မန်နေဂျာ ရောက်လာတယ်။ ထင်ငြိမ်းပေါ့။ သူကလည်း စပ်ဖြဲဖြဲ…

အဲဒီဆိုင်က ထင်ငြိမ်းအဖေဆိုင်ပါ။ မန်နေဂျာ ထင်ငြိမ်းကတော့ ထုံးစံအတိုင်း ဆိုင်ထိုင်တယ်ကို မရှိပါဘူး။ မန်နေဂျာစားပွဲမှာ ထိုင်နိုင်… စားသုံးသူတွေနဲ့ ပြောဆိုဆွေးနွေးဝိုင်းနေတာကို သူက မနှစ်မြို့ပါဘူး။ သူ့ကို အတောင်နှစ်ဖက်ချိုးထားပြီး နွတ်သီးချည်းသက်သက် ရှည်ထွက်လာအောင် ချွဲထုန့်ထားတာလို့ သူက ခံစားရတယ်။ လမ်းမှာပဲ ပေါ… ဝါးလား လုပ်နေတယ်။

''ဗဂျမ်း…မင်းကတော့ စံပဲကွာ''





သူရောက်လာပြီး စားပွဲထိုးလေးတွေ ပြောတာကို တစ်ဆင့်ပြန်ပြောပြလို့ တဝါးဝါးထပ်ရယ်ရသေးတယ်။ အဲဒီအချိန်မှာပဲ အဆောင်က ကောင်လေးတစ်ယောက်က ကျွန်တော့်ကို လာခေါ်တယ်။

''ကိုဗဂျမ်း…ဖုန်းလာနေတယ်။ လင်းရှုပါတဲ့။ အရေးကြီးလို့တဲ့''

ထိုထိုမှာပဲလို့ မိတ်ကူးတဲ့ သတင်းသမား ကျွန်တော်တို့မြင်ကြ
ဖတ်ခဲ့ဖူးတယ်။
ရေထဲကို တစ်ခုခုပြုတ်ကျသွားတယ်.. ဆိုတဲ့ ဂီတကြောင်ပေါ့။
ဘာပြုတ်ကျသွားလို့မြည်တာလဲ.. 'ပလုံ' ဆိုတဲ့ အသံကိုပဲ ခံစားလိုက်ရ
တယ်။ 'ပလုံ' ဆိုတော့…၅ ၄၊ ၅၁၈ ၄အသုံးပေါ့။
ထိုအဓိပ္ပာယ်မှာ ပြန်စဉ်းစားဖြစ်ပြန်တယ်။
'ပလုံ' ဖြစ်ဖြစ်ဖြစ်နိုင်ရင်နဲ့ ထိုသလိုမျိုး ဖြစ်မြဲနေရော့သလား။
ကျွန်တော့်မှာ ဂီဒီ ၅၁၈ ၄အသုံးကို ထိုးရမလို၊ မထိုးရမလို။
ခုခု..လင်းရှုပ်ကို သွားရတာလည်း ဂီဒီလိုပဲ။

(ဒီ၇၇၇) ...နှင့်စပ်တိုး
ထုံ ... (၈၀၄)
၆-လမ်း(A)၊ ယုဇနဥယျာဉ်။

(၈)

"ဟဲလို"

"ကိုဇဂျမ်းလား"

"ဟုတ်တယ်...ဂျမ်း(စ်) မစ္စတာဂျမ်း(စ်)"

"ရှင်ကလည်း...ပေါလိုက်တာ"

"ခင်ဗျားကလဲ ကျွန်တော့်ကို မေးတာ အလေးအနက်မေးတာမှ မဟုတ်ပဲဗျ။ ဟိုကြည့်ဒီကြည့် လက်တစ်ဖက်က ဟိုဆော့ဒီဆော့ လုပ်ပြီး မေးနေတဲ့ ဥစ္စာ"

"ဟင်...ရှင်က ဘယ်လိုလုပ် သိလဲ"

ကျွန်တော် ရမ်းသမ်းလိုက်တာက မှန်သွားပါတယ်။ ဇဂျမ်းပဲ... ဒီလိုလာစမ်းလို့ ဘယ်ရမလဲ။ အရေးကြီးတယ် ဆိုပြီးတော့လည်း ဖုန်းခေါ် ပေးတယ်၊ ဖုန်းပြောတော့လည်း သူ့အသံမှာ စိတ်လှုပ်ရှားမှုတွေ ပါဝင်နေ တယ်။ အဲဒါကြောင့် သူ့အမူအရာဟာ အဲဒီလိုပဲ ဖြစ်နေလိမ့်မယ်လို့ ကျွန်တော် တွေးမိပါတယ်။

"ဘယ်လိုသိလဲဆိုတာကို မေးမနေပါနဲ့တော့၊ ပြော...ဘာကိစ္စ ရှိလို့တုန်း"

"ဘာကိစ္စမှ မထူးလို့ ကျွန်မ အံ့သြနေတာ"

"အယ်…"

အဲဒါဆိုရင်တော့ ကျွန်တော်ကပါ အံ့သြရပါပြီ။

"ခင်ဗျားအဖေက ခင်ဗျားကို ဘာမှ ပြန်မပြောဘူးလား"

"မပြောဘူး"

"စည်ကမ်းတွေရော မထုတ်ဘူးလား"

"မထုတ်ဘူး"

"ခင်ဗျားနဲ့ရော တွေ့ပြီးပြီလား"

"တွေ့တာပေါ့။ အိမ်ပြန်ရောက်လာပြီး မက်ဒေါနားအခွေတောင် ထိုင်ကြည့်သွားသေးတယ်။ ရယ်ရယ်မောမောပဲ…။ အဲဒီအခွေကုန်တော့ ဂျက်ခုက်ဂျက်ဆင်အခွေ ထပ်ထိုးတယ်။ မေမေနဲ့ ကျွန်မကိုတောင် နောက်နေသေးတယ်။ အေးအေးဆေးဆေးပဲ၊ ဘာမှ မထူးခြားဘူး"

"ဟာ…အဲဒါဆို အိုကေပဲ"

"ဘာအိုကေတာလဲ…ဘာပြဿနာမှမတက်လို့ အိုကေတာလား"

"အဲဒါကြောင့် မဟုတ်ပါဘူး။ အဲဒါကြီးက အဆင်ပြေတာမှ မဟုတ်တာ၊ မသင်္ကာစရာကြီး"

"ဟုတ်တယ် အဲဒါကြောင့် ကျွန်မလည်း စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေတာ၊ အဲဒါကို ရှင်က ဘာကြောင့် အိုကေရတာလဲ"

"ဟဲဟဲ…သုံးချက်ရှိတယ်"

"အင်း…ပြောပါဦး"

"တစ်…ခင်ဗျားကို သူ မချုပ်ကိုင်ရဲဘူး"

"အင်း…အဲ…အဲဒါတော့ ကျွန်မလည်း မပြောတတ်ဘူး။ ထားပါ တော့…နှစ်အချက်က ဘာတုန်း"

"နှစ်အချက်ကတော့ ခင်ဗျားအမေကိုလည်း သူ မပိုင်ဘူး"

"အင်း…အဲဒါတော့ ဟုတ်ချင်ဟုတ်မယ်"

"သုံးအချက်ကတော့…"

"အင်း…ပြော…"

"သူဟာ ဦးတင်ကိုကိုကိုပဲ အားထားပြီး ဆက်လှုပ်ရှားလိမ့်မယ်။





သူတို့ အစီအစဉ်တစ်ခုခု ဆွဲလိုက်ပုံ ရတယ်"

"ဟင်…အဲဒါကို ရှင်က အိုကေရသလား"

"အိုကေတာပေါ့"

"ဘာဖြစ်လို့လဲ"

"သူတို့နှစ်ယောက် ကျွန်တော့်ကိုပဲ ပစ်မှတ်အဖြစ် ရွေးချယ်လိုက်လို့ပေါ့"

"ရှင်ပြောတာကို ကျွန်မ နားမရှင်းဘူး။ အဲဒါ ရှင့်အတွက် အဆင်ပြေလို့လား"

"ကျွန်တော့်အတွက်က အရေးမကြီးပါဘူး။ ခင်ဗျားကို ကူညီလက်စနဲ့ ဆက်ကူညီရမှာပဲ၊ ခင်ဗျားအတွက်တော့ ကောင်းပါတယ်"

"လုပ်ပြန်ပြီ၊ ရှင်ပြောတာတွေ တစ်ခုမှ နားမလည်ဘူး။ ကျွန်မအတွက်က ဘယ်လိုကောင်းတာတုန်း"

"ဒီလိုဗျာ…ကျွန်တော်ရှင်းပြမယ်၊ ခင်ဗျား သေသေချာချာ နားထောင်"

"ဟုတ်ကဲ့"

အင်းတောင် မဟုတ်တော့ဘူး။ ဟုတ်ကဲ့…တဲ့။ တဖြည်းဖြည်းနဲ့ သူ ကျွန်တော့်ကို ရိုသေလာတယ်။ သီတင်းကျွတ် လာကန်တော့မှာကို မလိုလားပါဘူး။ ညအိပ်ရာဝင်ရင် ကုတင်ခြေရင်းက ကန်တော့တာကိုပဲ လိုလားပါတယ်။

"ဟုတ်ကဲ့"

"ခင်ဗျားကိုလည်း ပြောစရာ မလိုတော့ဘူး။ ခင်ဗျားအမေကိုလည်း ပြောစရာမ လိုတော့ဘူး။ ဦးတင်ကိုကိုနဲ့ ခင်ဗျားအဖေကြားမှာလည်း ဘာမှ ပြောစရာမလိုတော့ဘူး"

"ဟင်…အဲဒါဆို ရှင့်အတွက် စိုးရိမ်စရာဖြစ်မနေဘူးလား။ ရှင့်ကို ဘယ်လိုဖယ်ထုတ်ကြမှာတုန်း"

"ဆွဲမပြီး ဖယ်ထုတ်လို့တော့ မရဘူးပေါ့ဗျာ"

"ဒီအချိန်ထိတောင် ရှင်က နောက်နေနိုင်သေးတယ်"

"သိပ်လည်း စိတ်မပူပါနဲ့ဗျာ…ကျွန်တော်ပြောပြမယ် နားထောင်"

"အင်း…ပြော"

"ခု…ခင်ဗျား ဖုန်းပြောနေတာ ဘေးမှာ ဘယ်သူရှိသလဲဟင်"

"ဘယ်သူမှမရှိဘူး ကျွန်မအခန်းထဲက ကျွန်မ ဆက်နေတာ"

"ညည့်ခန်းဖုန်းကနေ တစ်ယောက်ယောက်က နားထောင်နေရင် ကော"

"ဟာ…အဲဒါမျိုးလည်း မရှိပါဘူး မေမေနဲ့အိမ်ဖော်မလေးက ပန်းတိမ်ဆိုင်ကို ပွက်သွားတယ်။ အိမ်မှာ ကျွန်မတစ်ယောက်တည်း"

"ဒါဆိုရင် ကျွန်တော်လာခဲ့မယ်လေ"

"သေလိုက်ပါလား"

"ကဲ…ထားထား ကျွန်တော်ပြောမယ်ဗျာ ခင်ဗျားအဖေနဲ့ ဦးတင်ကို ကိုက ကျွန်တော့်ကို ချောင်းလည်း မရိုက်တန်ကောင်းပါဘူး"

"အဲဒါဆို ရှင့်ကို ဘယ်လိုလုပ်ကြမှာတုန်း"

"ပထမဦးဆုံး ကျွန်တော့်အကြောင်းကို သူတို့ စုံစမ်းရဦးမယ်။ အဲဒီမှာတင် တစ်နေလိမ့်မယ်။ မစုံ မစမ်း မလုပ်ရဲအောင် ကျွန်တော် ပညာပေးထားတယ်"

"သူတို့ ရှင့်အကြောင်းကို စုံစမ်းချင်ရင် ခဏလေးရှင့်။ နှစ်ယောက်လုံးက လက်တံရှည်တယ်၊ တပည့်တပန်းများတယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော်ပြောပြီးပြီလေ… ကျွန်တော့်နာမည် ဂျမ်း(စ်)…မစ္စတာဂျမ်း(စ်)"

"ရှင်…ဘယ်လိုလုပ်ထားလို့တုန်း"

"ကျွန်တော့်အကြောင်းကို ငါ်ဗျားဆီမှာလည်း သူတို့က မမေးဘူး ဆိုလို့ရှိရင် မေးစရာတစ်နေရာပဲ ရှိတယ်"

"ဘယ်နေရာလဲ"

"ကျွန်တော်တို့ သွားထိုင်ခဲ့တဲ့ စားသောက်ဆိုင်လေ"

"အဲဒီမှာသွားမေးရင်…"

"တစ်လွဲတွေချည်း သိသွားမှာပေါ့။ ဂျမ်း(စ)က အကုန်စိရှိပြီးသား။ ထိရက် တို့ရက်စရာမရှိအောင်ကို ကိုယ့်ကိုကိုယ် သတင်းမှား ထုတ်ပြန်ထားပြီးသား"





"အဲ…အဲဒါဆို ကျွန်မတို့ ဘယ်လိုဆက်လုပ်ကြမတုန်း"

"ဟင်…ခင်ဗျားက ယကြာဆက်မချေတော့ဘူးလား"

အဲဒီအမေးကို သူ ကပျာယာ ပြန်ဖြေပါတယ်။

"ချေမှာပေါ့၊ နှစ်ခုတည်းကျန်တဲ့ဥစ္စာ ချေမှာပေါ့၊ ပြီးခါနီးမှ အပျက်မခံနိုင်ပါဘူး"

"ခင်ဗျားဆီကို ကျွန်တော် ဒီနေ့ည ဘယ်အချိန် ဖုန်းပြန်ဆက်ရင် ရမလဲ"

"အင်…ကိုးနာရီလောက် ဆက်လိုက်၊ အဲဒီအချိန်ဆိုရင် ဖေဖေ ပြန်မလာသေးဘူး။ မေမေက ဘုရားရှိခိုးနေပြီ၊ အိမ်ဖော်ကလေးက အိပ်ပြီ"

"ကောင်းပြီ…အဲဒီအချိန် ကျွန်တော် ပြန်ဆက်လိုက်မယ်"

အဲလိုပြောပြီး ကျွန်တော် ဖုန်းချလိုက်တယ်။ သူ့ကို ပြောပြစရာ ဇ[illegible]တော့ ရှိပါသေးတယ်။ ကျွန်တော်ကြုံတွေ့နေရတဲ့ ထူးထူးခြားခြား အဖြေမနေလေးတွေကိုပေါ့။ ဒါပေမဲ့ နောက်တစ်ခေါက်မှပဲ ပြောတော့မယ်။ လောလောဆယ်မှာ လက်ဖက်ရည်ဆိုင်ကို အပြေးတစ်ပိုင်းနဲ့ ပြန်ထွက်ခဲ့တယ်။

လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေက ကျွန်တော့်ကို စိတ်ဝင်တစား စောင့်မျှော်နေကြတယ်လေ။ ဆိုင်ထဲရောက်ရောက်ချင်းမှာ ကျွန်တော်က…

"ဟာ…ကြီးတော်ရွှေ"

ဆိုင်ရှင်က မှုန်ဝါးဝါးပြန်ထူးတယ်။

"ဟေ…"

"ကိုယ့်ဆိုင် ကိုယ်မသွားဘဲ ကျွန်တော်တို့အိမ်ထဲမှာ ဘာလာလုပ်နေတာတုန်း"

ဒေါ်ရွှေက နားသယ်စပ်ကို လက်နဲ့ ကုတ်တယ်။

"ဟဲ့…ဒါ ငါ့ဆိုင် မဟုတ်ဘူးလား"

တင်ဝေတို့က ဝိုင်းရယ်ပြီး…

"အလကား ကြီးတော်ရွှေ ဒီကောင်နောက်နေတာ၊ ဟေ့ကောင်

လာ လာ မင်းကိုမျှော်နေတာ၊ မင်းကို ပြောစရာရှိတယ်''

ကျွန်တော်က ပြုံးစိစိနဲ့ သူတို့ဝိုင်းကို လျှောက်သွားပြီး…

''ဘာလဲ၊ ထင်ငြိမ်းဆီ ဖုန်းလာလို့လား''

ထင်ငြိမ်းက အံ့ဩဟန်မပြဘဲ…

''ဪ…မင်းက သိပြီးနေပြီကိုး''

ကျွန်တော်က ခုံမှာ ဝင်ထိုင်လိုက်ပြီး…

''မှန်းမိပါတယ်။ သူတို့တွေ ဆိုင်က စားပွဲထိုးတွေဆီမှာ ငါ့အကြောင်းကို မေးကြမယ်။ ဒါပဲပေါ့။ ဟုတ်တယ် မဟုတ်လား''

မောင်မောင်လေးက အမြင်ကပ်ဟန်နဲ့…

''ဒီလောက်သိနေရင်လည်း ပြောစမ်းကွာ၊ ဖုန်းဆက်မေးတာ ဘယ်သူလဲ ဦးကျော်သီဟလား။ ဦးတင်ကိုကိုလား''

ဦးကျော်သီဟဆိုတာက လင်းရှုပါတို့ အဖေပါ။ ဦးကျော်သီဟ ဆိုတဲ့ နာမည်ကို ကြားရင် ဦးကျော်သီဟဆိုတဲ့ လူကြီးပါးစပ် ဟစိဟစိ ဖြစ်နေတာကိုပဲ မြေးမြင်မိတယ်။

ကျွန်တော်က မဲ့ပြုံးပြုံးပြီး…

''ဒါကတော့ ရှင်းပါတယ်ကွာ''

''ဒါဆို ပြော…ဘယ်သူလဲ''

''ဦးကျော်သီဟပဲပေါ့''

''ဟုတ်လို့လား''

''သေချာရဲ့လား''

''သေချာပါတယ်''

''ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ''

''ဪ…သူက လူကြီးပဲကွာ၊ ငါ့အကြောင်း မန်နေဂျာဆီ တိုက်ရိုက်ဖုန်းဆက်မေးရတဲ့အလုပ်ကို သူလုပ်လိမ့်မယ်''

''ဒါဆို ဦးတင်ကိုကိုကရော''

''ဦးတင်ကိုကိုကတော့ စားပွဲထိုးလေးတွေကို ဘောက်ဆူးပေးပြီး ငါ့အကြောင်း လှည့်ပတ်အစ်အောက် အမှန်ကြားရအောင် လုပ်နေမှာပေါ့။ ငါဘယ်သူလဲ၊ ဘယ်ကလဲ၊ ငါနဲ့လင်းရှုပါ ဒီဆိုင်မှာ ထိုင်ဖူးတယ်ဆိုတာ





ဟုတ်သလား။ ဘယ်နှခါလာထိုင်ဖူးသလဲ၊ ငါတို့အနေအထားက ဘယ်လိုလဲ၊ အဲဒါတွေကို လူငယ်ဆန်ဆန် မေးနေမှာပေါ့''

အဲဒီလို ကျွန်တော်ပြန်ပြောလိုက်တော့ တစ်ဝိုင်းလုံးငြိမ်သွားတယ်။

''အေး…ဟုတ်တယ်ကွ''

''အင်း…အဲဒါပဲဖြစ်မယ်''

ကျွန်တော်ပြောပြီးမှ တွေးမိသလိုမျိုးနဲ့ သူတို့တွေ ရေရွတ်ကြပါတယ်။

''ဗဂျမ်းရာ…မင်းဦးနှောက်ကတော့ ရွှေချထားဖို့ ကောင်းတယ်''

အဲဒီလိုပြောလိုက်တာက ချစ်စိုးသူပါ။

ထင်ငြိမ်းကလည်း နဖူးကြောရှုံ့ပြီး…

''အေး…ဦးကျော်သီဟ ငါ့ဆီ ဖုန်းဆက်ပြီးမေးတော့ ငါ ကြည့်ကျက် လျှောက်ပြောလိုက်တယ်''

''ဘယ်လိုပြောလိုက်သလဲ''

''ဪ…မင်းဟာ အင်မတန်ဉာဏ်ကြီးကြောင်း။ အိုင်ကျူပုစ္ဆာတွေနဲ့တောင် မင်းကို စမ်းသပ်လို့ မရတဲ့အကြောင်း။ နိုင်ငံခြားသား ပညာရှင်တွေက မင်းကို လာပြီး သုတေသနပြုနေရတဲ့အကြောင်း ပေါက်ကရတွေ အကုန်လျှောက်ပြောလိုက်တယ်''

''ဟင်…ဦးကျော်သီဟကလည်း ခေသူမှမဟုတ်တာ၊ မင်း အဲဒီလို ပြောတာကို သူက ယုံသလား''

''မယုံလို့လည်း ဘယ်ရမလဲကွာ၊ ငါကလည်း ခေတဲ့ ထင်ငြိမ်းမှ မဟုတ်တာ''

''မင်း ဘယ်လိုပြီးလိုက်သတုန်း''

''ဪ…ဂါနာရဲ့ ဉာဏ်မျိုးစုံသီအိုရီကို ဆန့်ကျင်ချင်တဲ့ အမေရိကန်ပညာရှင်တချို့က မင်းကို လာပြီး သုတေသနပြုကြတယ်။ ဉာဏ်ဟာ အမျိုးမျိုးမရှိဘဲ တစ်ခုတည်းရှိတယ်။ အခြေအနေပေါ်တည်ပြီး လှည့်ပတ်ကစားတတ်တဲ့ ဉာဏ်ယဉ်ကျေးမှုသီအိုရီ (Theory of Intellegent Culture) ကို ဖော်ထုတ်တင်ပြချင်တဲ့ ပညာရှင်တွေ ဖြစ်ကြတယ်။ ဘာညာ ဘာညာပေါ့ကွာ။ အဲဒီလို ငါမှတ်လိုက်တော့ သူ မျက်လုံးပြူးသွား

တာပေါ့"

"သူမျက်လုံးပြူးသွားတာကို မင်း ဖုန်းထဲကနေ ဘယ်လိုလုပ်မြင်ရသလဲ"

"ဟုတ်လား...ဆိုတဲ့ သူ့အသံက ပြူးထွက်လာတာကိုး"

အားလုံး ဝိုင်းရယ်မိကြပါတယ်။ အားလုံးက ဝိုင်းပြီး ထင်ငြိမ်းကို လက်ခုပ်ဩဘာဆက်လိုက်ကြပါတယ်။ ဒါပေမဲ့ ထင်ငြိမ်းက အင်တင်တင်ဖြစ်နေတုန်းပဲ။

"ဒါပေမဲ့ တစ်ခုရှိတယ်ကွ"

"ဘာတုန်း"

"ဟို...ငါ့ကောင်စားပွဲထိုးတွေက ရှေ့နောက်ညီညီ ပြောနိုင်ပါ့မလား မသိဘူး"

ကျွန်တော်က လက်ညှိုးထောင်လိုက်ပြီး...

"အဲဒါတော့ မပူပါနဲ့ကွာ"

"ဘာဖြစ်လို့လဲ"

"မင်းစားပွဲထိုးတွေကို ငါ သေသေချာချာ သင်ပေးထားပြီးသားပါ"

"မဟုတ်ဘူး။ ဦးတင်ကိုကိုက သူတို့ကို ဘောက်ဆူးမြက်မြက်ကလေး ပေးလိုက်လို့ရှိရင်..."

"အာ...အဲဒါတွေလည်း မပူပါနဲ့"

"ဘာဖြစ်လို့လဲ"

"ငါ့အကြောင်းကို ဒီလိုပြောပေး။ ငါ့ကို ဒီလိုဆက်ဆံပေး။ ငါ့အကြောင်းကို သူတို့ လာထပ်မေးလိမ့်မယ်။ ဘောက်ဆူးအတွက်ကို မင်းတို့ ကြိုက်ရေးတောင်းလိုက်၊ မင်းတို့ ဘယ်လောက်တောင်းတောင်း သူပေးလိမ့်မယ်။ အဲဒီဘောက်ဆူးထဲကနေ ဆယ်ရာခိုင်နှုန်း ပေးရမယ်လို့ ငါပြောပြီးသား"

"ဟော..."

"အဲဒီရတဲ့ ဆယ်ရာခိုင်နှုန်းနဲ့ မင်းတို့ကို ငါ လက်ဖက်ရည်တိုက်နေတာ"

"ဝေး..."





အားလုံးက ဝမ်းသားအားရ ထအော်ကြတယ်။ ကျွန်တော့်ကို လက်ခုပ်ဩဘာဆက်အပြီးမှာ ကျွန်တော်က...

"ကြီးတော်ရွှေ"

ဆေးပေါ့လိပ်ဖွာနေတဲ့ ဒေါ်ရွှေက လန့်သွားပြီး...

"ဟော..."

"ဒေါ်ကြီးက အရမ်းဆူတာပဲဗျာ"

"ဟဲ့..."

"သူများဆိုင်မှာ လက်ဖက်ရည်လာသောက်ရင် အေးအေးလေးသောက်မှပေါ့"

"အလိုတော်..."

ရယ်ဖြစ်ကြပြန်ပါတယ်။

မှောင်မှပဲ လူစုခွဲဖြစ်ကြပါတယ်။ အဲဒီညက ကြယ်မစုံပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရင်က လတစ်စင်းနဲ့ လင်းနေတော့တယ်။

ငါ့ဆီမှာ ကြောင်မလေးတစ်ကောင်ကို ကျွန်တော် မွေးထားတယ်။ အဲဒီကြောင်မလေးရဲ့နာမည်က "နှင်းဆီ"တဲ့။

ကျွန်တော့်ညီမ "နှင်းဖြူဖြူအောင်"ရယ်..

ကျွန်တော့်အစ်မ "ဆုလာတော်မြင့်"ရယ်..

သူတို့နာမည်ရဲ့ အရှေ့စာလုံးတွေကိုပေါင်းပြီး ဒီနာမည်ကို ပေးခဲ့တယ်။

ညီမအစ်မသိပြီး နာမည်က ဘာမှအဓိပ္ပါယ်လှလို့ မတွေ့ကြဘူး။

ကျွန်တော်ပြောရင် ပြောတဲ့အတိုင်းပဲ နားထောင်ကြတယ်။

တစ်နေ့မှာ... အဲဒီကြောင်မလေးက သူ့အမြီးကို ပြန်လျှောက်နေတယ်။ ကျွန်တော်အိမ်ပေါ်သွားလိုက်တာ မပြောပါနဲ့တော့။ အဲဒီလို ပြန်လျှောက်ရာ ကျွန်တော်မှာ ဘာမှမရှိဘူး။ တစ်ခါတစ်ခါကျတော့လည်း လွမ်းမိတာကို မိတ်နာတယ်။

❖ ❖ ❖

(၉)

အဆောင်ပြန်ရောက်ရောက်ချင်း လက်ကနာရီကို ငုံ့ကြည့်မိတယ်။ ကိုးနာရီကို ငွေ့ငွေ့ကလေး စွန်းကာစ။ အဆောင်ပိုင်ရှင်ရဲ့သား ကောင်လေးကို ပြုံးပြပြီး ကောင်တာကနေ ဖုန်းခေါ်ရတယ်။

''ဟဲလို''

တစ်ဘက်က သူ့အသံလွင်လွင်လေးကို ကြားရတယ်။

''ဟဲလို…ခင်ဗျားလား''

''ဟင်…ရှင်ကလဲ ဘယ်လိုကြီး မေးလိုက်တာလဲ၊ လင်းရှုပါလားလို့ မေးပါလား။ ဟဲလို ခင်ဗျားလားဆိုတော့ ကျွန်မက ဘာပြန်ပြောရမှာလဲ''

''အေးပါ…အေးပါ လောသွားလို့ပါ။ ဟဲလို…လင်းရှုပါလား''

သက်ပြင်းချပြီး ရယ်ချင်စိတ်ကို ထိန်းသိမ်းထားရတဲ့အသံနဲ့ ပြန်ပြောတယ်။

''ရှင်နဲ့တော့ ခက်နေပါပြီ''

''ခင်ဗျား မျှော်နေရတာ ကြာပြီလား…''

''ရှင်ဟာလေ…လုပ်ပြန်ပြီ''

"ကဲ...ကဲ ထားပါတော့၊ အခု ဖုန်းကို လွတ်လွတ်လပ်လပ်ပြောလို့ ရတယ်မဟုတ်လား"

"ရတယ် ရတယ်၊ ရှင် အရင်စပြောမှာလား။ ကျွန်မ အရင်စပြော ရမှာလား"

"ခင်ဗျား စပြောလေ၊ ခင်ဗျားပြောတာနားထောင်ပြီး ကျွန်တော်က ပြန်ပြောရမှာ"

"အခု မေမေ ဘုရားသွားရှိခိုးနေတယ်"

"အဲဒါ ဘာဖြစ်လဲ"

"စောစောက တစ်ချိန်လုံး ကျွန်မကို အစ်အောက်နေတာ"

"ဘာတွေ အစ်အောက်နေတာလဲ"

"ရှင့်အကြောင်းပေါ့"

"ဟုတ်လား...ဘာတွေများပါလိမ့်"

အမှန်တကယ်ကို ကျွန်တော့်မှာ သိချင်စိတ်တွေ များသွားရပါတယ်။

"အို...စုံနေတာပဲ၊ ရှင့်နာမည်က ဘယ်သူလဲ၊ ဘာအလုပ် လုပ်သလဲ၊ ဘယ်မှာနေလဲ၊ ဘာလူမျိုးလဲ၊ မိဘတွေက ဘယ်သူတွေလဲ အို...စုံလို့ပါပဲ"

"ခင်ဗျားက ဘယ်လိုပြန်ဖြေလိုက်လဲ"

"ကျွန်မသိသလောက်တော့ ပြန်ဖြေလိုက်တာပေါ့"

"ကျွန်တော်က 'အိမ်ထောင်မရှိ၊ လူပျို၊ လက်ယာဘက်ပါးပြင်မှာ ပါးချိုင့်လေးရှိ'ဆိုတာရော ထည့်မပြောလိုက်ဘူးလား"

"အို...ဘာဆိုင်လို့ ပြောရမှာလဲ"

"ဒါဖြင့် ကျွန်တော့်မိဘတွေက နယ်မှာ ဆီစက် ဆန်စက်နဲ့ လယ်မြေအများကြီး ပိုင်တယ်ဆိုတာ ပြောပြလိုက်ရဲ့လား"

"အင်း...အဲဒါ ပြောလိုက်တယ်"

"အစ်ကို အစ်မတွေက နိုင်ငံခြားမှာ ဝင်ငွေကောင်းတဲ့အလုပ် လုပ်နေတယ်ဆိုတာရော ထည့်မပြောလိုက်ဘူးလား"

"အင်း...အဲဒါလည်း ပြောပြဖြစ်တယ် ထင်တယ်"

"အိုကေ...အဲဒါဆိုရင် ခင်ဗျားကို ကျွန်တော် ဘယ်နေ့လာတော်၊





ရမတုန်း"

"ဗုဒ္ဓေါရေ..."

ပြီးမှ သူက ညည်းသံနဲ့ ဆက်ပြောတယ်။

"ကျွန်မဘဝကတော့ သိပ်မလွယ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက် ဆိုးတော့မယ် ထင်တယ်"

"အဲလိုတော့လည်း မဟုတ်ပါဘူးဗျာ။ ခင်ဗျားက ဦးတင်ကိုကို ကို မယူချင်ဘူးဆိုတော့လည်း၊ လောလောဆယ် ဘေးမှာ ကျွန်တော် တစ်ယောက်တည်းရှိနေတယ် မဟုတ်လား။ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်စေချင်လို့ပါ"

"ဘယ်အိတ်ထဲမှ မဖိတ်ဘူး"

"မဖိတ်လဲ အဲဒီလို တောင့်တောင့်ကြီးပဲ ရပ်နေဗျာ။ နေပါဦး ခင်ဗျားအမေက ကျွန်တော်နဲ့ ခင်ဗျားရဲ့အခြေအနေကိုရော မမေးဘူးလား"

သူ ရှက်သွားတယ်ထင်တယ်။ အသံခဏတိတ်သွားပြီးမှ ခပ်တိုးတိုး ပြန်ဖြေတယ်။

"ဟင့်အင်း...မမေးပါဘူး"

"ဒါဆိုရင် သူတို့က ကျိန်းသေတွက်ထားတဲ့ သဘောပေါ့ဗျ"

"ဒီမှာစိတ်ရှုပ်ရတဲ့ကြားထဲ ရှင်က တမျောင့်"

"ဒါဆိုလည်း ရှိပါစေတော့၊ ခင်ဗျားက ထူးခြားတာ ဒါပဲလား"

"ရှင့်ဘက်က ဘာထူးခြားလို့လဲ"

ကျွန်တော်က ထင်ငြိမ်းရဲ့ ဆယ်လူလာကို သူ့အဖေ ဖုန်းဆက်တဲ့ အကြောင်း ပြောပြလိုက်တယ်။ ပြီးမှ...

"ထူးခြားတာက သပ်သပ်ဗျ"

သူ...စိတ်ဝင်စားသွားပုံ ရတယ်။

"ဘာလဲ...ဘာလဲ"

"ခင်ဗျားနဲ့ ကျွန်တော် ယကြာခြေနေတဲ့ ရက်တွေထဲမှာ..."

"အင်း...ဘာဖြစ်လဲ"

"အဆောင်မှာ ကျွန်တော့်ဖုန်း ခဏခဏလာတယ်"

"ဘယ်သူဆက်တာလဲ"

"မသိဘူး"

"ဘာကိစ္စ ဆက်တာလဲ"

"အဲဒါကိုလည်း ပြောမသွားဘူး"

"ဟင်…ရှင်က မေးမကြည့်ဘူးလား"

"ကျွန်တော်မရှိဘူးလေ၊ အဲဒီအချိန်တွေမှာ ကျွန်တော်က ခင်ဗျား အနားမှာ…"

"ရှင့်ဟာကလဲ"

"ဘာလဲ"

"သိပ်မထူးခြားသလိုကြီးပဲ"

"ဩော်…ခင်ဗျား ဘေးကကြည့်တော့ ဘာမှမဟုတ်သလိုပေါ့ဗျ ကာယကံရှင်အတွက်ကတော့ ပဟေဠိကြီးပဲ"

"အင်းအင်း…ထားပါတော့၊ ကျွန်မ ရှင့်ကို ပြောမယ်"

"ပြော"

"ကျွန်မ နက်ဖြန်ခါ အိမ်ထဲကနေ အပြင်ထွက်ဖို့ သိပ်လွယ်ပုံ မပေါ်ဘူး"

"ကျွန်တော့်အထင် ခင်ဗျားကို သူတို့ မတင်းကြပ်ရဲပါဘူး"

"မတင်းကြပ်ပါဘူး။ ဒါပေမဲ့ နက်ဖြန်ခါ မင်္ဂလာဆောင်သုံးခု ဆက်သွားရမယ်။ ကျွန်မ မလိုက်ရင်လည်း ဖြစ်ရဲ့သားနဲ့ မေမေက အတင်းခေါ်တယ်။ အဲဒါတွေပြီးရင်လဲ သံလျင်က ဆွေမျိုးတွေဆီသွားမယ်။ ညအိပ်မယ်တဲ့။ အဲဒီမှာ အေးအေးဆေးဆေးနေပြီး နောက်တစ်နေ့ညနေ စောင်းလောက်မှ ပြန်လာမယ်တဲ့"

"ဟင်…ဒါဆိုရင် ခင်ဗျား မနက်ဖြန်ရော၊ သန်ဘက်ခါရော ယတြာထပ်ခြေလို့လည်း မဖြစ်တော့ဘူး"

"မရ ရအောင် ခြေမှာပေါ့ရှင်"

"ဟီးဟီး…ဒါဖြင့်"

"တတိယမင်္ဂလာဆောင်မှာ ရှင် ကျွန်မကို လာခေါ်ချေ"





"သတို့သားအဝတ်အစား ဝတ်လာရမှာလား"

"ရှင် နောက်မနေနဲ့၊ ကျွန်မ ပြောပြမယ် မှတ်ထား"

"အင်း…ပြော…"

"တတိယမင်္ဂလာဆောင်က မောင်သန်းစိန်နဲ့ မသန္တာအောင်တို့။ ညနေလေးနာရီမှာ အခမ်းအနားစမှာ"

ပြီး…သူက မင်္ဂလာအခမ်းအနား ကျင်းပရာနေရာကို ထပ်ပြောပြ ပါတယ်။ စိတ်မသက်မသာနဲ့ဘဲ ကျွန်တော် ပင့်သက်ရှိုက်မိတယ်။ တော် တော်ရှုပ်တဲ့ မောင်သန်းစိန်နဲ့ မသန္တာအောင်။ မင်္ဂလာများများ…ဆောင် ရတယ်လို့။

"ဟုတ်ပါပြီ…အဲဒီမင်္ဂလာဆောင်ရှေ့ကနေ ကျွန်တော် လာစောင့် နေမယ်၊ ခင်ဗျားက ဘယ်နနာရီ ထွက်လာမှာလဲ"

"လေးနာရီခွဲနဲ့ လေးနာရီလေးဆယ့်ငါးကြားမှာ ကျွန်မ လစ်ထွက် လာခဲ့မယ်…"

"အဲဒါဆို အချိန်တောင် သိပ်မရတော့ဘူး။ ယတြာခြေဖို့ အဆင် ပြေပါ့မလား"

"ရတယ် ရတယ်၊ ပြေလောက်တယ်၊ ဈေးထဲ လမ်းဆုံလမ်းခွမှာ တစ်နာရီလောက် သွားရပ်နေရုံပဲ"

လုပ်ပြန်ပြီလို့ စိတ်ထဲက တွေးမိတယ်။ ဘယ်လိုယတြာတွေမှန်း မသိဘူး။ ဘုရားသွားပြီး ထီးဖြူလှူလိုက်တာ မဟုတ်ဘူး။

"ကဲ…ဟုတ်ပြီလေ ဟုတ်ပြီ။ ကျွန်တော် လာစောင့်နေလိုက်မယ်၊ ခင်ဗျားဘာသာ ပိုင်ရင်ပြီးတာပဲ"

"အင်း…ဒါဖြင့် ဒါပဲနော် Goodnight "

"ဒါပဲ…ဒါပဲ Good Love"

"ဘာ"

ကျွန်တော်ကပဲ ဖုန်းအရင်ချလိုက်ပါတယ်။ ဒီကောင်မလေးက ကျွန်တော်နဲ့ ဖုန်းပြောရင် ဆုံးတယ်ကို မရှိဘူး။ အခန်းထဲဝင်ပြီး ကုတင်ပေါ် မှာလှဲမိတဲ့အထိ သူ့အသံလေးတွေကို ကျွန်တော်ကြားယောင်နေမိတယ်။

လွယ်တာကို မခက် ခက်အောင် လုပ်နေတဲ့ ကောင်မလေးပါပဲ။

ကျွန်တော့်ကို ယူလိုက်ရင် တစ်ခါတည်းပြီးရောဗျာ။

မနက်မိုးလင်းတော့ တော်တော်နဲ့ အိပ်ရာက မထဖြစ်ဘူး။ သူ့ဆီကိုလည်း လေးနာရီလောက်မှ သွားရမှာမို့လို့ မနက်ခင်းမှာ ကျွန်တော် အားလပ်နေတယ်။ နေဖင်ထိုးတဲ့အထိ အိပ်နေလိုက်တယ်။

"ဒေါက်…ဒေါက်…"

အခန်းတံခါးလာခေါက်လို့…

"ဘယ်သူလဲ"

"ကျွန်တော်ပါ၊ နီတိုရဲပါ"

အဆောင်ပိုင်ရှင်ရဲ့ သားကလေးပါ။ အရပ်က တိုနေလို့ သူ့ကို နီတိုရဲလို့ နာမည်ပေးထားတာ။

"အေး…ဘာလဲကွ"

"အစ်ကို့ဆီ ဖုန်းလာနေတယ်"

"ဟေ…ဘယ်ကလဲ"

"သူ့နာမည်မှာ နေရပ်လိပ်စာမပါဘူး အစ်ကိုရဲ့"

"နာမည်က ဘယ်သူတဲ့တုန်း"

"နာမည်လည်း မပြောဘူး"

"ဒိုးထဲမှပဲ"

မျက်နှာတောင်မသစ်ရသေးဘဲ ဖုန်းသွားပြောရပါတယ်။ ဖုန်းခွက်ကိုတော့ နည်းနည်းအားနာတာပေါ့။ ဒါပေမဲ့ မတတ်နိုင်ဘူး။

"ဟဲလို"

ဖုန်းခွက်ကောက်ကိုင်ပြီး ထူးတော့လည်း တစ်ဖက်က ဘာအသံမှ ထွက်မလာ။ ခပ်ကျယ်ကျယ် အော်လိုက်တယ်။

"ဟဲလို အမိန့်ရှိပါ၊ ဗဂျမ်းပြောနေပါတယ်"

အဲဒီတော့မှ တစ်ဖက်ကနေ စကားသံ ထွက်လာတယ်။ ထုံးစံအတိုင်း ဆေးပြင်းလိပ်ခဲသံနဲ့…

"ဗဂျမ်းလား"

"ဟုတ်ပါတယ်"

"ငါ လင်းရှုပါတို့အဖေ စကားပြောနေတာ"



"ဪ…ပါပါရယ်"

"မင်းက…ဘယ်လိုကောင်တုန်းကွ၊ ဒီမယ် မင်းကို ငါ အရှင်းဆုံး ပြောမယ်"

"ဟုတ်…ဟုတ်ကဲ့၊ ဒါထက် အန်ကယ်လ် မျက်နှာသစ်ပြီးပြီလား"

"မင်းက မသစ်ရသေးလို့လား"

"ဘယ်သစ်ရဦးမှာလဲ…အခုမှ နိုးတာ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ အန်ကယ်လ်ကြီးနဲ့ ကျွန်တော်က ခုမှသိတဲ့သူတွေမှ မဟုတ်တာ၊ မျက်နှာ ဟောင်းတွေပဲ ပြောလို့ရပါတယ်"

"ဒီမယ်…မင်းကို ငါ ပြောမယ်"

"ဟုတ်ကဲ့"

"မင်း…ငါ့သမီးနဲ့ မပတ်သက်ပါနဲ့"

"ဗျာ…"

"မင်း…ငါ့သမီးနဲ့ မပတ်သက်ပါနဲ့"

"ဪ…ဒါကတော့ ပါပါ့သဘောပဲလေ"

အဘိုးကြီး နိုးလိုးခုလု ဖြစ်သွားရပုံရတယ်။ အင်း…အဲ…ဖြစ်သွားပြီးတော့မှ…

"မင်း လူလိုပြောရင် လူလိုနားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့…နားလည်ပါတယ်"

"အေး…ဒါဖြင့် ပြီးရော"

"တကယ်လို့ ကျွန်တော်က ပတ်သက်တာမဟုတ်ဘဲ အန်ကယ်လ့် သမီးက လာပတ်သက်တာဆိုရင်ကော"

"ငါတို့မျိုးရိုးမှာ ဒါမျိုး မရှိဘူးကွ"

"သေချာလို့လား"

"သေချာတယ်"

"မဟုတ်သေးပါဘူး။ အခုတောင် အန်ကယ်လ်က ကျွန်တော့်ကို အတင်းလိုက်ပတ်သက်နေတာ"

"ဘာကွ"

"ဟုတ်တယ်လေ…ကျွန်တော် အန်ကယ့်လ်ကို မပတ်သက်ဘူး။

အနံကယ်လိတ်တာသာ ကျွန်တော့်ကို လာပတ်သက်နေတာ ခု လက်တွေ့ပဲ"

"မင်း စကားကို ကပ်ပြောမနေနဲ့ ဟေ့ကောင်"

ယောင်ပြီး ပါးစပ်နဲ့ ဖုန်းခွက်ကိုတောင် ခွာလိုက်မိတယ်။

"ငါ မင်းနဲ့ စကားနိုင်လုနေဖို့ အချိန်မရဘူး။ ငါပြောချင်တာ ဒါပဲ။ မင်း ငါ့သမီးနဲ့ လုံးဝမပတ်သက်ပါနဲ့"

"ဩော်…ပါပါရယ်"

တစ်ဖက်က 'ခွပ်'ခနဲ ဖုန်းချသွားပါတယ်။ နီတိုရဲက မေးတယ်။

"အစ်ကို့မျက်နှာကြီးကလဲ ရှုံ့မဲ့နေတာပဲ၊ ဘာဖြစ်လို့တုန်း"

"ဘာဖြစ်ဖြစ်ကွာ၊ မင်း လာရှုပ်မနေနဲ့၊ မင်းနာမည်ကို ငါ ကြည့်မရတာ ကြာပြီ"

"ဟင်…ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

"နီလည်း နီတယ်၊ တိုလည်း တိုတယ်၊ ရဲလည်း ရဲတယ်၊ ဘာမှန်းမသိဘူး"

ဦးကျော်သီဟလို ဖျစ်တောက်ဖျစ်တောက်ပြောပြီး ဦးတင်ကိုကို လို ကားရားကားရား စတိုင်လ်နဲ့ ကျွန်တော်လှည့်ထွက်ခဲ့တယ်။ ရေချိုးခန်းဝင်တယ်။ မျက်နှာသစ် သွားတိုက်ပြီး ပြန်ထွက်လာတော့ အဝမှာ နီတိုရဲက စောင့်နေပြန်တယ်။

"အစ်ကိုထွက်လာတာနဲ့ အတော်ပဲ"

"မင်း ဝင်မလို့လား"

"မဟုတ်ဘူး။ အစ်ကို့ဖုန်း လာပြန်ပြီ"

"ဟင်…ဘယ်ကတုန်း"

"ကျွန်တော်လည်း မေးတယ်၊ သူက မပြောဘူး။ ဖုန်းခွက်ကို မေးတာက သူ့ကိုမေးတာ မဟုတ်တဲ့အတိုင်းပဲ၊ ဘာမှ ပြန်မဖြေဘူး"

ကောင်တာစားပွဲပေါ်က တယ်လီဖုန်းဆီ ရောက်ရပြန်တယ်။

"ဟဲလို…"

"မောင်ဗဂျမ်းလား"

"ဟုတ်ပါတယ်၊ အခုပြောနေတာ ဘယ်သူလဲ"

"ကိုယ်ပါ…တင်ကိုကိုပါ"





နောက်ကနေ ကိုယ့်ကို တိုးပြီးလျှောက်သွားတဲ့ နီတိုရဲကို လှည့်ကြည့်ရင်း ဖုန်းပြောရတာတောင် အမှားမှားအယွင်းယွင်းဖြစ်သွားတယ်။

"ဩော်…ဟုတ်ကဲ့ ကိုတင်တိုတို ပြော"

"ဘယ်လိုကွဲ့"

"ဘယ်လိုမှမဟုတ်ပါဘူး။ ပြောပါ…ပြောပါ၊ ခုနကပဲ ဦးကျော်သီဟ ဖုန်းဆက်သွားသေးတယ်"

"ဟုတ်လား။ အန်ကယ်က ဘာပြောသတုန်း"

"ခင်ဗျားနဲ့ မပတ်သက်ပါနဲ့တဲ့"

"ဟေ…"

"အဲဒီတော့ ဒါပဲဗျာ နော်"

အဲဒီလိုပြောပြီး ကျွန်တော် ဖုန်းချလိုက်တယ်။

"နီတိုရဲ"

"ဗျာ"

"ငါ့ဆီဖုန်းလာလို့ရှိရင်…"

"ဟုတ်ကဲ့"

"မိန်းကလေးသံကလွဲရင် ခေါ်မပေးနဲ့တော့၊ ယောက်ျားဆိုရင် ငါက မပတ်သက်ဘူးလို့ ပြန်ပြောလိုက်"

"ဟုတ်…ဟုတ်ကဲ့"

နီတိုရဲက ဂုတ်တိုတိုလေးနဲ့ ခေါင်းညိတ်ပြတယ်။ သက်ပြင်းတိုတိုလေးကိုလည်း ချတယ်။ ပြီး…ဆံပင်တိုတိုလေးကို သပ်တင်တယ်။ ကျွန်တော်လည်း အချိန်တိုတိုအတွင်းမှာ သူ့ရှေ့က ထွက်လာခဲ့တော့တယ်။

အဲဒီလို စိတ်ရှုပ်ထွေးစရာတွေကြားထဲမှာပဲ ညနေလေးနာရီဟာ ဆိုက်ရောက်လာပါတယ်။ မောင်သန်းစိန်နဲ့မသန္တာအောင်တို့ ရှေ့ကို ကျွန်တော် ရောက်သွားရပါတော့တယ်။ ဝတ်ကောင်းစားလှနဲ့ မင်္ဂလာပွဲကို လာတဲ့ ပရိသတ်လူတုံအလယ်မှာ ကျွန်တော့်ဝတ်စားဆင်ယင်ပုံက ကောင်း ဘို့ုင်ဆန်နေပါတယ်။

မင်္ဂလာခန်းမထဲမှာ လင်းရှုပါတို့ သားအမိ ရှိနေ မရှိနေ ကျွန်တော် မပြောတတ်ဘူး။ စောင့်ဆိုတော့လည်း စောင့်ရတာပေါ့။

ပျင်းလာပြီ။ ကားတွေကို လျှောက်ကြည့်တော့မှ လင်းရှပါ စီးနေကျကားကို တွေ့တယ်။ သူ အထဲမှာရှိနေတယ် ဆိုတဲ့အသိက ကျွန်တော့် နှလုံးအိမ်ကို နွေးထွေးစေတယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး။ မောင်သန်း စိန်နဲ့ မသန္တာအောင်တို့လိုပဲ နေမှာပေါ့။

လေးနာရီခွဲကျော်ကျော်မှာ လှစ်ခနဲ သူထွက်လာပါတယ်။ လှလွန်း လို့ ပထမတော့ မှတ်တောင် မမှတ်မိဘူး။ ကျွန်တော့်ဆီ တည့်တည့် လျှောက်လာတော့မှပဲ သူ့ကို သူမှန်း မှတ်မိလိုက်ပါတော့တယ်။

"အာ…ခင်ဗျားက လှလိုက်တာဗျာ"

ရှင်ကလည်း ချောလိုက်တာရှင်…လို့ သူ ပြန်မပြောပါဘူး။ မျက်ခုံးအတွန့်ချိုးပြီး…

"ရှည်မနေနဲ့ လစ်မယ် လာလာ"

"ကားထားခဲ့မှာလား"

"မေမေတို့ဘာသာ မောင်းပြန်လိမ့်မယ်။ ကျွန်မတို့က တက်စီနဲ့ပဲ လစ်မယ် လာလာ"

စကားနဲ့အတူ သူက သုတ်သုတ်လျှောက်သွားလို့ သူ့ကိုမီအောင် မနည်းလိုက်ရပါတယ်။ သူက နောက်ကို တစ်ချက်ကလေးမှ လှည့်မကြည့် ဘူး။ လမ်းမပေါ်ရောက်မှ…

"ကားတစ်စီး အမြန်တားပေးစမ်းပါ"

"တားတာက ရပါတယ်။ ဘယ်ကိုသွားမှာလဲ"

သူသွားချင်တဲ့ ဈေးအမည်ကို ပြောပါတယ်။ ကားတစ်စီး အမြန် တားပြီး ဈေးမဆစ်ဘဲ တက်လိုက်ခဲ့ကြတယ်။ ကားပေါ်တက်ထိုင်စဉ်မှာပဲ စကားနည်းနည်းပြောရတယ်။ သူက နောက်ခန်းမှာ ထိုင်ပါတယ်။ ကျွန်တော်လည်း နောက်ခန်းကို လိုက်ထိုင်မယ်လုပ်တော့ သူက လက်မခံ ပါဘူး။

"ရှင်…ရှေ့ခန်းမှာ ထိုင်လေ"

"ခင်ဗျားအဖေ အကျင့်လုပ်လိုက်လို့ ကျွန်တော် နောက်ခန်းမှာပဲ ထိုင်တတ်တော့တယ်။ ကျွန်တော်နဲ့ တွဲမထိုင်ချင်ရင် ခင်ဗျား ရှေ့ခန်းကို သွားလေ"





အဲဒီလိုကျတော့လည်း သူက ဒရိုင်ဘာနဲ့မို့…

"ကျွန်မ…ဒရိုင်ဘာနဲ့ တွဲမထိုင်ချင်ဘူးရှင့်"

"ကျွန်တော်က ဒရိုင်ဘာမှ မဟုတ်တာ"

သူ ဘာမှမပြောတော့ပါဘူး။ မျက်စောင်းထိုးပါတယ်။ အင်မတန် လှပတဲ့ ဗုဒ္ဓဟူးမျက်စောင်းကလေးပေါ့။

နောက်ခန်းမှာ သူနဲ့အတူ တွဲထိုင်ပြီး ကျွန်တော်ပြုံးပြုံးကြီး လိုက်ခဲ့ ပါတယ်။ လူစည်ကားတဲ့ ဈေးလမ်းဆုံတစ်ခုကို အရောက်မှာ…

"ကဲ…ဒီမှာပဲ ဆင်းကြမယ်"

"ကျွန်တော် ချီချပေးရမလား"

"ရှင် တည်တည်တံ့တံ့နေစမ်းပါ"

သူနဲ့အတူ လမ်းလယ်ခေါင်မှာ အူကြောင်ကြောင်ရပ်နေရပါတယ်။ ကောင်လေးချောချောလေးနဲ့ ကောင်မလေးလှလှလေးမို့ လူတွေက ကွက်ကြည့် ကွက်ကြည့်နဲ့။

"ဟော့…ဗုဒ္ဓဟူးသမီး"

"ဘာလဲ"

"ကျွန်တော့်ကို နည်းနည်းတော့ ပြောထားဦးလေဗျာ"

"ဘာကိုတုန်း"

"မေ့နေပြီလား။ ဘာအူကြောင်ကြောင်လုပ်နေတာတုန်း။ ဒီကနေ့ ခင်ဗျားခြေမယ့် ယတြာကိုပေါ့။ အရင်ကလည်း ပြောနေကျဟာကို ဒါမှ ကျွန်တော်က ကူလုပ်လို့ ရမှာပေါ့"

"ဒီလို…ဒီလို"

အဲဒီတော့မှ သူက သတိရသလို ရှင်းပြပါတယ်။

"ခုလိုမျိုး လူစည်ကားတဲ့လမ်းဆုံမှာ ရှင်နဲ့ကျွန်မက လူမှားခံရမယ်"

"ဘာရယ်…"

သူ့အဖေကတော့ မင်း လူလိုပြောရင် လူလိုနားလည်တယ် မဟုတ် လားလို့ ကြိမ်းဖူးတယ်။ အခု သူက ကျွန်တော့်ကို လူလိုပြောတာပါပဲ။ ကျွန်တော်ကလည်း လူလိုကို သေသေချာချာ နားမလည်တာပါဘဲ။ မတတ်နိုင်ဘူး။

သူကတော့ လက်ညှိုးလေးထောင်ပြီး ကပျာကယာရှင်းပြရှာပါ တယ်။

"ရှင်နဲ့ကျွန်မက ဒီလိုလမ်းဆုံမျိုးမှာ ရပ်နေရမယ်ရှင့် လူစည်ကား တဲ့ လမ်းဆုံပေါ့"

"ရပ်ပြီး ဘာလုပ်ရမှာလဲ"

"တခြားလူတွေက ကျွန်မတို့ကို လာလှမ်းတာ ခံရမယ်"

"ဘာတုန်းဗျာ…ခင်ဗျားဟာကလဲ ရှုပ်ရှုပ်ရှက်ရှက်နဲ့ ဘာမှန်း မသိဘူး"

"အို…ဒီလိုရှင်…ရှင့်ကို အဘွားကြီးတစ်ယောက်က လာပြီး လှမ်းနှုတ်ဆက်မယ်၊ ဟဲ့…သာဝပါလား။ နင် အရင်ရပ်သွားတဲ့ ငွေထဘီ ပြန်မပေးသေးဘူးလား…ဘာညာပေါ့။ အဲလိုဆိုရင် ရှင်က လက်ခံစကား ပြောရမယ်၊ မငြင်းလွှတ်ရဘူး"

"ဩော်…အဲဒါမျိုးလား"

"ဟုတ်တယ်"

"တစ်ယောက်ယောက်က ခင်ဗျားကိုလာပြီး ဟဲ့…ဖွေးတုတ်၊ နင် တွန်းနေကျ ရေလှည်း ဘယ်မှာရပ်ထားသလဲ၊ ဝဲတွေတောင် ပျောက် ကုန်ပြီကို။ ဘယ်လို ကုလိုက်တာတုန်း။ အဲလိုမေးခဲ့ရင်လည်း ခင်ဗျားက ငြင်းမထုတ်ဘဲ လက်ခံစကား ပြောရမယ်ပေါ့၊ အဲဒီလိုလား…"

သူ…အောင့်သက်သက်နဲ့ ခေါင်းညိတ်ပြပါတယ်။

"ဆိုပါတော့ရှင်"

"ကောင်းပါပြီလေ…ဒီအတိုင်းပဲ ရပ်နေကြရမှာလား"

"ဒီအတိုင်းမရပ်ဘဲ ရှင်က ကနေချင်လို့လား"

"ခင်ဗျားနဲ့ဆိုရင်တော့ ဖြစ်ပါတယ်။ နှစ်ပါးသွားကလေးပေါ့"

"တော်စမ်းပါ"

ဈေးစည်ချိန်၊ ဈေးရဲ့ လမ်းဆုံလမ်းခွမှာ ရပ်နေတဲ့ ကျွန်တော်တို့ နှစ်ယောက်ကို လူတွေက မတိုးဘဲ နေပါ့မလား။ တိုးတော့တာပေါ့။

နှစ်ယောက်သား တဖြည်းဖြည်း လမ်းဘေးကို ရောက်သွားတယ်။ ခုထိတောင် ကျွန်တော်တို့ကို ဘယ်သူကမှ လှမ်းမှားသေးဘူး။ ဂရုတောင်





မစိုက်ကြဘူး။ သူ့ကို လှည့်ကြည့်တော့ နှုတ်ခမ်းမှာ ချွေးစလေးတွေ သီးနေ တယ်။ စိတ်အိုက်နေတယ် ထင်ပါရဲ့။ ကျွန်တော်ဖြင့် သနားလိုက်တာ။

ဒီနေ့ ကျွန်တော်တို့နှစ်ယောက် ခြေရတဲ့ ဒီယကြာဟာ…
နှစ်ဦးစလုံးရဲ့ဘဝကို အကြီးအကျယ်ပြောင်းလဲစေခဲ့မယ်ဆိုတာ…
အဲဒီတုန်းကတော့ မသိခဲ့ဘူး။

ကျွန်တော်သိတဲ့ လူတွေထဲမှာ ဂုဏ်သြဖွယ်ရာ ပုဂ္ဂိုလ်ကြီး တစ်ယောက် ရှိတယ်။ ခပ်သားသားဖြူဖြူ၊ ဖောင်ဖောင်ဖောင်းဖောင်းနဲ့ ပညာတတ် ပုဂ္ဂိုလ်ကြီးပေါ့။ မျက်နှာလေးကတစပြင်နဲ့၊ ဆံပင်လေးတွေ ကလည်း တရှိန်းရှိန်းနဲ့ ဖိုဖြူလို့ပေါ့။ နာမည်ကတော့ ရှင်သိတယ်။ ဒေါက်တာထိုထိုတွေ့ရှိတဲ့။ ခံဆုံးပြည့်ဝိုင်းလျှက်နဲ့ သူ့မှာ မိတ်ရောဂါ လေးတစ်ခု ရှိနေတယ်။ မလွယ်ဘူး။ ကျွဲကိုမြင်ရင် ဖြေးဖြေး သက်သွင်တဲ့ရောဂါတဲ့။ ကြောက်စိတ်ရောဂါကြီးပေါ့။

ပြောသာပြောရတယ်၊ ဒီဖုန့်ထူးသစ်နဲ့ ပတ်သက်ပြီးတဲ့ နောက်ပိုင်းမှာ
ကျွန်တော်လည်း......
ကျွန်တော်လည်း......
ကျွန်တော်လည်း.........

(၁၀)

တစ်စစနဲ့ ကျွန်တော်ကတော့ ပူပန်လာပြီ။ မိန်းကလေးဖြစ်တဲ့ သူက ပိုပြီး ပူတော့မှာပေါ့။ [မှတ်ချက် – စိတ်ပူခြင်းကို ဆိုလိုသည်]

ခုချိန်ထိ ကျွန်တော်တို့ကို ဘယ်သူကမှလည်း အရေးတယူလုပ်ပြီး မကြည့်ကြဘူး။ ကိုယ့်ကိုယ်ကို သိမ်ငယ်လာသလိုတောင် ခံစားရပါရဲ့။

အဲဒါနဲ့ ကျွန်တော်လည်း သူ့ကို လှည့်မေးလိုက်တယ်။

"မချော…ဘယ့်နှယ်လုပ်မလဲ"

သူက ပခုံးတွန့်ပြီး လက်ဝါးနှစ်ဖက်ဖြန့်ပြတယ်။ သကြဲနိုမင်းသားကြီး ဇော်ဝမ်းလိုလို ဘာလိုလိုနဲ့။ ပြီး…ကျွန်တော့်ကိုလည်း ရွဲ့ပြောသေးတယ်။

"ကိုချော…ကျွန်မလည်း ဘာမှ မလုပ်တတ်ဘူး"

"ဒီလိုချည်းပဲ နေရတော့မှာလား မချောရယ်"

"ဒီလိုချည်းပဲ နေရတော့မှာပေါ့ ကိုချောရယ်"

ကျွန်တော်တို့ရဲ့ ဆွေးနွေးခန်းက အဲဒီမှာပဲ ပြီးပြတ်သွားပါတယ်။ လူတွေ လူတွေ ဈေးခြင်းတောင်းတွေနဲ့ ဘူးသီးတွေနဲ့ ကြက်ခြေထောက်တွေနဲ့ ကန်စွန်းရွက်တွေနဲ့ ကျွန်တော်တို့ဘေးက ဖြတ်သွားလိုက်ကြတာ။

မဂ်လာဧည့်ခံပွဲက ပြန်လာတဲ့ဝတ်စုံကြီးနဲ့ သူ အနေရ ခက်နေ ရှာတယ်။ ဒါပေမဲ့ သူ့ယတြာကို သူကရှုံတိုက်ပါတယ်။ အဲ့ဒီဝတ်စုံကလည်း အဝါရောင်ပဲ။ ကျွန်တော့်ကို ရွှတ်ရွတ်နောက်နောက် လုပ်နေပေမယ့် သူ့ရင်ထဲမှာ မငြိမ်မသက်ဖြစ်လာတာကို ကျွန်တော် ရိပ်မိပါတယ်။

ဒီနေ့အဖို့ရာ ဒီယတြာ အောင်မြင်ပါ့မလား။ တကယ်လို့ မအောင်မြင်ခဲ့ရင်…ဘုရား…ဘုရား။

"ဟဲ့…ရှုပါ"

"အဲ…"

သူ့ကို လာနှုတ်ဆက်တဲ့ ကောင်မလေးကလည်း ခေတ်ဆန်ဆန် လှလှပပလေးပါပဲ။

"ရှုပါ…နင် ဘာလုပ်နေတာလဲ"

"အဲ…ဟို…ဘာမှမလုပ်ပါဘူး မေခင်နှင်းဆီရယ်၊ ဒီလိုပါပဲ"

"နင် အိမ်ထောင်မကျသေးဘူးလား"

"ဟာ…နင်ကလဲ ဘာတွေလာမေးနေတာလဲ၊ မကျသေးပါဘူး"

"နင့်ဘာသာ ကျရင်ကျ မကျရင်နေဟာ၊ ငါကတော့ ကျတော့မယ်"

ဟင်…ဘာမှလဲ မဆိုင်ဘူး။ ပြီး…သူက အားရပါးရဆက်ပြောသေးတယ်။

"ငါ့လူကလေ ရုပ်လည်းချောတယ်၊ ပညာလည်း တတ်တယ်၊ ပိုက်ဆံတွေလည်းလေ အများကြီးရှိတယ်၊ ငါ့ကိုလည်း အရမ်းချစ်တာပဲ။ မနက်ကတောင် ငါ့အတွက် မုန့်စိမ်းပေါင်းတွေ ဝယ်လာသေးတယ်"

ဘယ့်နှာပါလိမ့်၊ အတင်းကြီးပါလား။

အဲဒါမျိုးတွေနဲ့ လင်းရှုပါ ဆယ်ငါးမိနစ်လောက် ဒဏ်ခံလိုက်ရတယ်။ အဲဒီကောင်မလေး ထွက်သွားတော့ ကျွန်တော့်ကို ခပ်နွမ်းနွမ်း လှည့်ကြည့်ပြီး…

"ကိုဇကျွမ်း"

"ပြော"

"ဒီပုံဆိုရင်တော့ ခုက္ခပဲ"





"ဟုတ်တယ်…မှောင်လာမှာ စိုးရတယ်"

"ဟုတ်တယ်၊ အတော်တောင် ရင်မောလာပြီ"

ကျွန်တော်လည်း ပင့်သက်ရှိုက်မိတယ်။ အဲဒီအချိန်မှာပဲ…

"ဟော့ကောင် ဇကျွမ်း"

လန့်တောင် လန့်သွားတယ်။ လှည့်ကြည့်လိုက်တော့ ကျောင်းတုန်းက သူငယ်ချင်း။ ထွန်းထွန်းဆိုတဲ့ကောင်။ သူ့အရပ်ရှည်ကြီးနဲ့ ကိုယ့်ရှေ့မှာ လာရပ်နေတယ်။

"အာ…ဘာလဲကွ မင်းက"

ထွန်းထွန်းက တဟဲဟဲရယ်ရင်း…

"မင်း…ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ဘူး။ ဒီအတိုင်းရပ်နေတာ"

"မင်းကတော့ တကယ့်ကောင်ပဲကွာ"

"ဘာတုန်း…ဘာတကယ့်ကောင်တုန်း။ ငါက ဘာဖြစ်လို့တုန်း"

"မင်းရည်းစားနဲ့ ငါ့ကို မိတ်ဆက်ပေးဦးလေကွာ"

ပြီး…သူက လင်းရှုပါကို အဓိပ္ပါယ်ပါပါနဲ့ လှည့်ကြည့်တယ်။ ဒီကောင်လည်း ပါပါကြီးပဲလို့ တွေးမိတယ်။

"ပေါက်ကရ လျှောက်ပြောမနေနဲ့၊ အဲဒီကောင်မလေးနဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး"

"ဟေ…မဆိုင်ဘူးလား"

"ဘာမှမဆိုင်ဘူး။ သူလည်း မြေဆွဲအားနဲ့ ရပ်နေတာ၊ ငါလည်း မြေဆွဲအားနဲ့ ရပ်နေတာ"

"သိပါဘူးကွာ…၊ ငါက မင်းကို အတော်အထင်ကြီးသွားတာ"

"နေပါဦး။ အဲဒီကောင်မလေးက လှလို့လား"

အဲဒီစကားကို လင်းရှုပါကြားအောင် ခပ်ကျယ်ကျယ်ပြောလိုက်တာပါ။ ထွန်းထွန်းက အရိုးခံအတိုင်း ပြန်ဖြေရှာတယ်။

"အာ…လှတာပေါ့ကွ"

"အေးအေး…လှရင်လည်း သွားတော့ကွာ"

"ဟင်…ဘယ်လိုဖြစ်တာတုန်း"

"ငါ ဒီမှာ အလုပ်ရှိသေးတယ်"

"ဩော်…အေးအေး။ ဒါဖြင့်လည်း ငါသွားပြီ သူငယ်ချင်း"

နှုတ်ဆက်ပြီး ထွန်းထွန်းထွက်သွားတယ်။ ပြုံးတယ့်မဲ့နဲ့ လင်းရှုပါကို ကျွန်တော် လှည့်ကြည့်ဖြစ်တယ်။ တော်ပါသေးရဲ့…။ ထွန်းထွန်း တွေ့ချိန်မှာ သူကလေးက ကျွန်တော်နဲ့ အတော်ခွာပြီး ရပ်နေမိလို့ပေါ့။

"ဗုဒ္ဓဟူးသမီး"

"ဘာလဲ"

"ဆောရီး"

"ရပါတယ်"

သူက အဲဒီလို ခပ်တင်းတင်း ပြန်ဖြေတယ်။ ကျွန်တော်ကလည်း စကားလမ်းကြောင်းလွှဲပြီး အဓိကပြဿနာကို ပြောလိုက်တယ်။

"တဖြည်းဖြည်း အချိန်ကုန်လာပြီနော်"

သူက ပြန်မဖြေဘဲ သက်ပြင်းချပါတယ်။ ကျွန်တော်ကပဲ ဆက်ပြောလိုက်တယ်။

"ခင်ဗျားရဲ့ ယတြာက အောင်မြင်ပါတော့မလား"

သူက ခပ်တိုးတိုးပြန်ဖြေတယ်။

"မပြောတတ်ဘူးလေ"

"စောင့်ဦးမလား"

"စောင့်ရမှာပေါ့"

"တကယ်လို့သာ ဒီယတြာ မအောင်မြင်လိုက်ရင်…"

သူက ဘာမှပြန်မဖြေဘဲ မျက်နှာလွှဲသွားတယ်။ ကျွန်တော်ကလည်း အလိုက်တသိနဲ့ ဘာမှ ဆက်မပြောတော့ပါဘူး။ ရပ်မြဲအတိုင်း ဆက်ရပ်နေလိုက်တယ်။

တဖြည်းဖြည်း ဈေးကွဲစ ပြုလာပါပြီ။ ဈေးဆိုင်တချို့ကတောင် သိမ်းပိတ်ပြီး အိမ်ပြန်ဖို့ ပြင်ကြပြီ။ သူ့မျက်နှာလေး ငယ်နေရှာတယ်။ သူ့လက်ချောင်းလေးတွေကို ဖျစ်ညှစ်ပြီး ကျွန်တော်အားပေးချင်လိုက်တာ။ ဒါပေမဲ့…ကိုယ့်မှာက ဆိုင်သာဆိုင် မပိုင်ဘူးလေ။

အဲဒီလိုနဲ့ပဲ…





"ရှုပါ"

"ဟင်"

"စိတ်ညစ်နေလား"

"မညစ်ပါဘူး။ ဒီလိုပေါ့"

"နည်းနည်း စောင့်ကြည့်သေးတာပေါ့"

"အင်း…အဲလိုပဲ လုပ်ရတော့မှာပေါ့"

"ခြင်ကိုက်လား"

"ကိုက်တယ်"

မှောင်ရိပ်ပျိုးစ ပြုပြီမို့လို့ ခြင်ကလေကချေတွေက ထကြွ သောင်းကျန်းနေကြပြီ။

"အတော်ကိုက်လား"

"အင်း…"

"ကျွန်တော် ရိုက်ပေးရမလား"

"အို…မလိုပါဘူး"

"ဟို…ဒါဖြင့်"

"ဒါဖြင့်…ဘာဖြစ်လဲ"

"ပဲကြီးလှော် စားမလား"

"ဘာ"

"ဟိုဒင်းလေ…ကျွန်တော့်မှာ ပဲကြီးလှော်တစ်ဆယ်သား ပါလာတယ်။ အိတ်ထဲမှာ…ရှုပါစားချင်ရင် နည်းနည်းတောင်းစားလေ…ပေးမှာပေါ့"

"ရှင်နော်…ဒီမှာ စိတ်တိုရတဲ့ကြားထဲ"

သူ့အသံက နည်းနည်းကျယ်သွားသလို အနီးအပါးက လူတွေကလည်း လှည့်ကြည့်ကြပါတယ်။ ကျွန်တော် ရှက်သွားတယ်။ သူလည်း ရှက်သွားပုံ ရတယ်။ စိတ်တိုတိုနဲ့ ကျွန်တော် ဟောက်လိုက်တယ်။

"တိုးတိုးလုပ်ပါဗျ…ခင်ဗျားကလဲ"

"တိုးတိုးပြောတာပဲ"

"ဘာတိုးတိုးလဲ အကျယ်ကြီး။ ဒါတောင် ပဲကြီးလှော်မစားရသေး

ဘူး။ ပဲကြီးလှော်စားပြီးရင် ဒီ့ထက် ပိုကျယ်ဦးမယ်၊ တော်ပြီ…မကျွေးတော့ဘူး''

ဘာရယ်မဟုတ်ပါဘူး။ ကျွန်တော်က သူ စိတ်အိုက်နေမှာစိုးလို့ တောင်တောင်မြောက်မြောက် လျှောက်ပြောနေတာပါ။ နှစ်ယောက်သား ဒီတိုင်းကြီး ရပ်နေကြရတာက ချောက်ကပ်တယ်။ ကိုယ့်ဆီလာပြီး လူမှားမယ့်သူကို မျှော်နေရတာက မရေမရာနဲ့မို့လို့ ရင်ပူတယ်။ စကားတပြောပြောနဲ့ဆိုတော့ သောကကို မေ့အောင်လို့ပါ။

''ကျွန်တော်တို့ကို လူမှားကြတာက အကြောင်းမဟုတ်ဘူးဗျ''

''ဘာက အကြောင်းလဲ''

''ကျွန်တော်တို့ကို သိပြီး အသိအကျွမ်းလာနှုတ်ဆက်နေကြတာတွေက အကြောင်း''

''အင်း…ဟုတ်ပါရဲ့''

သူက သူ့ရှေ့ကမြေပြင်ကို တွေတွေငေးငေး စိုက်ကြည့်နေတယ်။ အဲ့ဒီမြေပြင်ကဖြင့် လှလည်း မလှဘူး။ ဈေးထဲက မြေပြင်ဆိုတော့ ညှိစော်တောင် နံရင် နံဦးမယ်။ ဆရာကြီးရွှေဥဒေါင်း ရေးသလို ယမန်နေ့ ညနေစောင်းအချိန်က ရွာချထားသော မိုးကလေးကြောင့် ဖုန်သိပ်၍ ပြောင်စင်လျက်ရှိသော မြေကြီးဆိုတာမျိုးလည်း မဟုတ်ဘူး။

''ဒါထက် ရှင့်မှာ ရေပါသလား''

''ဗျာ''

ယောင်ရမ်းပြီး အိတ်ကပ်ကို လက်နဲ့စမ်းမိတော့ သူက…

''မဟုတ်ဘူး။ အဲ့ဒီရေကို ပြောတာမဟုတ်ဘူး။ တကယ့်ရေကို ပြောတာ''

''ဟင့်အင်း…ရေတော့မပါဘူး စက္ကူပဲ ပါတယ်၊ တစ်ရွက်ဆိုရင် လောက်မလား''

''ရှင် ဘာပြောနေတာတုန်း''

သူကလေး ဒေါပွသွားတယ်။

''ရေမပါဘူးဗျာ…ဒါပေမဲ့ စက္ကူပါတယ်ဗျာ၊ ဘာကိုသုံးသုံး ကိုယ့်ကိစ္စပြီးရင် ပြီးရောမဟုတ်လား''





''ရှင်…ပေါက်ကရတွေ လာပြောမနေနဲ့။ ကျွန်မက ရေရှုချင်လို့ မေးနေတာ''

''ရေရှုချင်လို့…ဟုတ်လား''

''ဟုတ်တယ်…စိတ်မောလူမောဖြစ်နေတဲ့အချိန်မှာ ရေကို ရှူလိုက်ရင် လန်းဆန်းသွားတယ်၊ ရှင် မသိဘူးလား''

''ဟင့်အင်း မသိဘူး''

''နေပါဦး ခါတိုင်းတော့ ရှင့်ကျောပိုးအိတ်ထဲမှာ ရေဘူးပါတယ်ဆို''

''ဟုတ်တယ်၊ ကွမ်းစားပြီး ပလုတ်ကျင်းဖို့ ထည့်ထားတာ။ အခု ကွမ်းပြတ်သွားပြီ။ အလုပ်ရှုပ်လို့ မစားတော့ဘူး။ ရေဘူးလည်း မပါတော့ဘူး''

''ပြီးရော…ပြီးရော''

သူက စိတ်မရှည်သံနဲ့ ပြောပြီး မျက်နှာလွှဲသွားတယ်။ ကျွန်တော်ကလည်း ပြောမနေတော့ပါဘူး။ ရာပန်းဆီလေး ရှူနေတဲ့ သူ့ကိုကြည့်ပြီး သနားလိုက်တာ။ ခဏအကြာမှာ…

''ကိုဗဂျမ်း''

''ဗျာ''

''ဟိုရှေ့က လူက ကျွန်မတို့ကို ကွက်ကြည့် ကွက်ကြည့်နဲ့…''

မသိမသာ ကျွန်တော်လှမ်းကြည့်တော့ အသက်သုံးဆယ်ဝန်းကျင်လောက်ရှိမယ့် ဆံပင်တိုတို လူတစ်ယောက်ကို တွေ့ရတယ်။ သူပြောတဲ့အတိုင်းပဲ မလှမ်းမကမ်းကနေ ကွက်ကြည့် ကွက်ကြည့် လုပ်နေတယ်။

''အင်း…ဟုတ်တယ်၊ သူ…ကျွန်တော်တို့ကို လူမှားတော့မယ် ထင်တယ်၊ ဟော…ရယ်ပြပြီ…ရယ်ပြပြီ''

အဲဒီလူက ရယ်ပြပြီး ကျွန်တော်တို့ဆီကို လျှောက်လာပါတယ်။ အနားရောက်တော့ နှစ်ယောက်စလုံးကို သိမ်းကျုံးကြည့်ပြီး အပြုံးပွင့်ပွင့်နဲ့ မေးပါတယ်။

''ဘာလုပ်နေကြတာလဲ''

လင်းရှူပါက ဘာမှ ပြန်မဖြေလို့ ကျွန်တော်ကပဲ…

''အဟဲ…ဘာမှမလုပ်ပါဘူး။ ဒီလိုပဲ''

"နေကောင်းကြတယ် မဟုတ်လား"

"ကောင်းပါတယ်"

ဟုတ်ပြီလို့ အောက်မေ့မိပါတယ်။ စိတ်ထဲမှာလည်း အတော်ပေါ့ပါးပြီး လန်းဆန်းသွားတယ်။ ဒါပေမဲ့ မဟုတ်ပြန်ဘူး။ ကျွန်တော်တို့ကိုက ကံဆိုးပါတယ်။

အဲဒီလူက ကျွန်တော်တို့နားကို နီးသည်ထက်နီးအောင် တိုးကပ်လာပြီး…

"ကျွန်တော်ဗျာ…နယ်ပြန်ဖို့ စရိတ်မရှိလို့ ရထားလက်မှတ်ဖိုးလေး ဒါနပြုပါ"

"သွားသေလိုက်"

အဲဒီလိုပြောတာ ကျွန်တော်မဟုတ်ဘူး။

ဗုဒ္ဓဟူးသမီးပါ။ သူ ဒေါသထွက်မယ်ဆိုလည်း ထွက်စရာပဲပေါ့။ ဟိုလူက ကွက်ကြည့် ကွက်ကြည့်နဲ့ ပြန်လှည့်ထွက်သွားတယ်။

"အရေးထဲမှ"

"ဟုတ်ပဗျာ"

အဲဒီအချိန်မှာပဲ စိတ်တိုဟန်ပေါက်နေတဲ့ သူ့မျက်နှာလေးက ပြုံးရွှင်သွားတယ်။ နံဘေးကဖြတ်သွားတဲ့ လူတစ်ယောက်ကို…

"အံမယ်…ဒါက ဘယ်တုန်း"

ဟိုလူက ခုမှ သူ့ကို မြင်ပြီး လန့်သွားတယ်။

"အဲ…ဒီလိုပဲ ဈေးလာဝယ်တာ၊ ပြန်တော့မလို့"

"ကိုယ့်ဘာသာကိုယ် ဈေးထွက်ဝယ်တယ် ဟုတ်လား"

ဟိုလူက ရှက်ရယ်ရယ်ပြီး…

"အဟဲ…ဟုတ်တယ်…မိန်းမ နေမကောင်းလို့"

"ခစ်ခစ်…ပြောရင်တော့ အဲဒီအတိုင်းချည်းပဲ၊ ပြီးတော့လည်း ခြင်းတောင်းဆွဲပြီး နေ့တိုင်းဈေးထွက်ဝယ်တာပဲ၊ ဒါထက် မလုံးကရော ဘာလုပ်နေသလဲ၊ အရင်ရုံးမှာပဲလား"

ဟိုလူက အူကြောင်ကြောင်မျက်နှာပေးနဲ့…

"မလုံး…ဘယ်က မလုံးလဲ"





"ဟောတော့…ရှင့်မိန်းမ မလုံးလေ"

"အဲ…မဟုတ်ဘူးဗျ ကျွန်တော့်မိန်းမက လေးမေဗျ။ ခင်ဗျား လူမှားနေပြီ ထင်တယ်"

"ဟင်…ရှင်က ကိုညထိစိန် မဟုတ်ဘူးလား"

"မဟုတ်ဘူး ကျွန်တော်က စာရေးဆရာ မင်းလူပါ"

"အယ်…ဆောရီး…ဆောရီး"

"ရပါတယ်"

လှည့်အထွက်မှာ အဲဒီစာရေးဆရာက ကျွန်ဘော့်ကိုတောင် ပြုံးပြသွားသေးတယ်။ ထင်သားပဲ…ပုံစံက အီကြာကွေးလေလျှော့နေတဲ့ ပုံစံမျိုးမို့လို့ စာရေးဆရာမင်းလူလို့ ကျွန်တော်ထင်သားပဲ။ လင်းရှပါကိုပဲ လှည့်မှာန်ရတယ်။

"ကဲ…မချော"

"ဟင်"

"ခင်ဗျားယတြာက ခင်ဗျားလုပ်တာနဲ့ပဲ ပျက်တော့မယ်"

"ဘာဖြစ်လို့လဲ"

"သူများက ခင်ဗျားကို လူမမှားရဘူး။ ခင်ဗျားက သူများကို လူမှားနေတယ်၊ ပြောင်းပြန်တွေ ဖြစ်ကုန်ပြီ"

"အဲ…ဟို…"

သူ့မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားပါတယ်။ ဒီနေ့အစီစဉ်က မဖြစ်မြောက်နိုင်တော့ဘူးလို့ သူ စိတ်ဓါတ်ကျသွားမဲ့ပုံပဲ။ ကျွန်တော့်မှာလည်း အားပေးစရာက လျှာတစ်ချောင်းလုံး ရှိရက်နဲ့တောင် ဘာစကားလုံးမှ မရှိတော့ဘူး။

အချိန်ကလည်း လွန်ပြီလေ။ ဈေးလည်း ကွဲပြီ။ လူလည်း ရှင်းပြီ။ မှောင်ရိပ်ပျိုးမှာ မီးပွင့်မီးရောင်တွေက တလင်းလင်း တလက်လက် ကြီးစိုးပြီ။ ပင့်သက်တစ်ချက်ရှိုက်လိုက်ရင်း…

"ရှုပါ…"

"ရှမ်…"

"ဒီလိုလုပ်ရအောင်"

"ဘယ်လိုလုပ်မလဲ"

"ဈေးထဲက လမ်းတကာကို ကျွန်တော်တို့ လျှောက်သွားကြမယ်"

"ဈေးက ပိတ်နေပြီပဲ"

"သွားလို့ ရပါသေးတယ်၊ လူတွေ ရှိပါသေးတယ်"

"ဘာထူးခြားမှာမို့လို့လဲ"

"ထူးလိုထူးငြားပေါ့ဗျာ"

"အင်း…ကောင်းပြီလေ"

ကျွန်တော်တို့ လျှောက်လို့ရသမျှလမ်းတွေအထိ လျှောက်ဝင်ကြတယ်။ ဈေးသိမ်းနောက်ကျတဲ့ ဆိုင်တွေက ကျွန်တော်တို့ကို ဂရုတောင်မစိုက်အားဘူး။ ပစ္စည်းတွေသိမ်းပြီး တံခါးတွေကို စနစ်တကျပိတ်ဖို့ကြိုးစားနေကြတယ်။

ဈေးဝယ်နောက်ကျသူ တချို့ကိုတော့ ဟိုနားတစ်ပြိုက်၊ ဒီနားတစ်ပြိုက် တွေ့ပါရဲ့။ ဒါပေမဲ့ သူတို့ကလည်း ဈေးပိတ်နေပြီမို့ ခြေလှမ်းတွေကသုတ်ကရက်နဲ့။

လမ်းလျှောက်နေရင်း သူက မေးတယ်။

"ကိုဇဂျမ်း"

"ဗျာ"

"ဒီနေ့ ကျွန်မရဲ့ ယတြာက ပျက်များ သွားပြီလား"

"မပျက်ပါဘူးဗျာ၊ အဲဒီလိုပြောလို့ မရသေးဘူး။ လူမှားမယ့်သူတစ်ယောက်စ နှစ်ယောက်စနဲ့တော့ တွေ့နိုင်ပါသေးတယ်"

"မဟုတ်ဘူး။ ကျွန်မပြောတာက တခြား"

"ဘာများလဲ"

"ခုနက ရှင်ပြောသလိုလေ၊ ကျွန်မတို့ကို သူများက လူမမှားပဲ၊ သူများကို ကျွန်မက လူသွားမှားတယ်၊ ယတြာပျက်သွားရော့သလား"

"အင်း…အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူးဗျ။ ခင်ဗျားရဲ့ ဗေဒင်ဆရာမဆီ ဖုန်းဆက်မေးကြည့်လေ"

"အင်း…အဲဒီလိုပဲ လုပ်ကြည့်ရတော့မှာပဲ"

တယ်လီဖုန်း လိုက်ရှာကြပါတယ်။ တွေ့တော့ တွေ့တယ်၊ ဒါပေမဲ့





ဆိုင်အများစုက ပိတ်နေပြီ။ ပေးမပြောတော့ဘူး။ နောက်ဆုံးမှာ သဘောကောင်းတဲ့ ကုလားကြီးတစ်ယောက်နဲ့တိုးလို့…

"ပြောပြော…စောင့်နေပါ့မယ်"

ဆိုင်မပိတ်သေးဘဲ စောင့်နေပြီး ပေးပြောတယ်။ ဝမ်းသာအားရနဲ့သူ ဖုန်းလှည့်တယ်။ အထပ်ထပ်အခါခါ ကြိုးစားပြီး နောက်ဆုံးမှာ…

"ကိုဇဂျမ်းရေ…ခက်ပြီ"

"ဘာလဲ ဖုန်းခေါ်လို့ မရဘူးလား"

"အင်း…"

"ပေး…ကျွန်တော်ခေါ်ကြည့်ပေးမယ်"

သူပြောတဲ့ ဖုန်းနံပါတ်အတိုင်း ကျွန်တော် ဝင်ခေါ်ပေးပါတယ်။ အားနာပါးနာနဲ့ ကုလားကြီးကို ရယ်ပြပြီး ဖုန်းလှည့်ရတာပေါ့။ အထပ်ထပ်အခါခါ လှည့်တာပဲ။ လက်ညှိုးတောင် နည်းနည်းတိုဝင်သွားသလားမသိဘူး။ ဒါပေမဲ့ မရဘူး။

"ရှုပါရေ…မရဘူးဗျ၊ ဟိုဘက်ဖုန်းက ပျက်နေသလားမသိဘူး"

သူက ငူငူငိုင်ငိုင်နဲ့ ပြန်ပြောတယ်။

"အင်းလေ…ဘယ်တတ်နိုင်မလဲ"

ကုလားကြီးကို ကျေးဇူးတင်စကားပြောပြီး…

"ဆက်လျှောက်ကြသေးတာပေါ့"

"အင်းလေ…ဒီလိုပဲ လုပ်ရတော့မှာပေါ့"

ဆက်သာလျှောက်ရတယ် မျှော်လင့်ချက်က မရှိတော့ပါဘူး။ ကာရက်ရှင် သူ မပြောနဲ့၊ သောကကူညီရတဲ့ ကျွန်တော်တောင် စိတ်ပျက်လက်ပျက်ဖြစ်နေပြီ၊ အသက်မဲ့တဲ့ စက်ရုပ်ကြီးတွေလို လမ်းတွဲလျှောက်ရင်းသူနဲ့ ကျွန်တော်တောင် မကြာခဏ ပခုံးချင်းတိုက်မိကြတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင် ဖော့ဝေ့ဖို့လည်း သတိမရကြဘူး။ အားလျော့နွမ်းနယ်နေမိတယ်။ အဲဒီအချိန်မှာပဲ…

"ဟယ်"

ဝမ်းသာအားရ အော်လိုက်တဲ့ သူ့အသံပါ။ ခုနက ကုလားကြီးကို ကျေးဇူးတင်မိတဲ့ ကျွန်တော်က အဲဒီကုလားကြီးကပဲ ဂါဝန်ဝတ်ပြီး

မှန်ပေါက် အောက်ဟစ်လိုက်သလို ခံစားရပါတယ်။ လန့်တောင်သွားပါတယ်။

''ဘာလဲ...ဘာဖြစ်တာတုန်း''

''ဟိုမှာ...ဟိုမှာ''

သူညွှန်ပြရာကို ကြည့်လိုက်တော့ အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်ကို ဝတ်ထားတဲ့ မျက်မှန်ဝိုင်းဝိုင်းကြီးနဲ့ အမျိုးသမီးတစ်ယောက်။ သူ့ဘေးနားမှာ သူ့အမျိုးသားနဲ့ပါ။ ခန္ဓာကိုယ်ပြည့်ပြည့်ဖြိုးဖြိုးနဲ့ လက်ထဲမှာ ဆယ်လူလာဖုန်းတစ်လုံး ကိုင်ထားတယ်။

ကျွန်တော်က သူ့ကို နဝေတိမ်တောင် လှည့်မေးလိုက်တယ်။

''ခင်ဗျားအသိပဲလား''

ကျွန်တော့်အမေးကိုတောင် မဖြေအားတော့ပါဘူး။ သူက အဲဒီအမျိုးသမီးဆီကို ကမူးရှူးတိုး ပြေးဝင်သွားတယ်။ ကျွန်တော်ကတော့ ဟို အမျိုးသားဆီကို ကမူးရှူးတိုး ပြေးဝင်မသွားပါဘူး။ ခပ်တည်တည်ပဲ သူ့နောက်က လျှောက်လိုက်သွားလိုက်တယ်။

''ကျွန်မကို မှတ်မိလား''

သူက ဝမ်းသာအားရမေးပေမယ့် ဟိုအမျိုးသမီးက ဇဝေဇဝါပါပဲ။ သူ့ကို မျက်မှောင်ကျုံ့ကြည့်ပြီး အတင်းပြုံးထားတဲ့မျက်နှာနဲ့...

''ဪ''

''ဒီနေရာမှာ ဒီလိုတွေ့လိမ့်မယ်လို့ မထင်မိဘူး။ ဘုရားမတာပဲ''

''ဘာဖြစ်လို့လဲ''

မျက်မှန်နဲ့ အမျိုးသမီးက ရယ်သံတဝက်နဲ့ ခပ်အေးအေးပြန်မေးပါတယ်။ ဒါပေမဲ့ အဲဒီအချိန်အထိ လင်းရှုပါကို တိတိပပ မှတ်မိသေးပုံမပေါ်ဘူး။ လင်းရှုပါ အားမလို အားမရ ဖြစ်သွားတယ်။

''ကျွန်မကို ခုထိ မမှတ်မိသေးဘူးလား''

''အင်း...အဲ...ဟို''

ပြီးမှ ကျွန်တော့်ကို ဝေ့ကြည့်ပြီး မျက်မှန်နဲ့အမျိုးသမီးက ပြုံးတယ်။

''ဪ...မှတ်မိပြီ''

''မှတ်မိရင် ဘယ်သူလဲ...ပြော''

''ကိုနန်းနွယ်တို့ လင်မယား မဟုတ်လား''





''ဟာ...''

''ဗျာ''

သူတင်မဟုတ်ဘူး။ အဲဒီစကားကြောင့် ကျွန်တော်ပါ စိတ်ညစ်သွားတယ်။ သူက အလိုမကျတဲ့လေသံနဲ့...

''ဟာ...ဆရာမကလဲ ကျွန်မ လင်းရှုပါလေ''

ဆရာမဆိုတဲ့ အဲဒီအမျိုးသမီးက တရုတ်တိုင်းရင်းသူပါ။ မြန်မာစကား သိပ်မပီဘူး။ လင်းရှုပါလို့ သေချာပြောလိုက်တာကို သူက သံယောင်လိုက်ရွတ်ပြီး လွဲသေးတယ်။

''လင်ယူပါ''

''မဟုတ်ဘူး လင်းရှုပါ''

''လင်ယူပါ''

ဒုက္ခပါပဲ။

ဆရာမရဲ့ ဒီဘက်မှာရှိတဲ့ အမျိုးသားက ဘေးကနေ အကဲခတ်နေပါတယ်။ သိုင်းတတ်ပုံ ရတယ်။ လိုအပ်ရင် လှုပ်ရှားဖို့အဆင်သင့်ပဲ။ ဒါပေမဲ့ ကံကောင်းချင်တော့ ဆရာမက ပြန်အမှတ်ရသွားပါတယ်။

''ဪ...သိပြီ သိပြီ၊ ကေတီခေါ်လာတာ လင်ယူပါ''

''ဟုတ်တယ် ဟုတ်တယ်၊ မမကေသီ ခေါ်လာတာလေ''

''ဪ...အင်း...အင်း...အင်း ဟုတ်သယ်လေ''

''ဆရာမဆီကိုတောင် ကျွန်မ ခုနက ဖုန်းဆက်နေတာ''

''အိမ်ကဖုန်း ပျက်နေသယ်''

''ကျွန်မ ဆရာမကို ပြောစရာရှိလို့''

ကျွန်တော်က လင်းရှုပါရဲ့ လက်ကို လှမ်းကုတ်လိုက်တယ်။ သူ လှည့်ကြည့်တော့ ခေါင်းခါပြလိုက်တယ်။

''မလိုတော့ဘူးလေ ရပြီ၊ ပြီးပြီလေ''

သူ့ဘာသာ ဘာကိုလောနေတယ် မသိပါဘူး။ လင်းရှုပါက ကျွန်တော်ပြောတာကို သဘောမပေါက်ဘူး။ သူ့ဆရာမက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး ပြုံးတယ်။ ပြီး...သူ့ကို

''ကဲကဲ...သွားစရာရှိသာ သွားကြ၊ ဆယ်လူလာဖုန်းနံပါတ်ပေးခဲ့

မယ်၊ ၀၉-၉၉၂၂၈၄၃ အဲဒီကို ဆက်လိုက်နော်။ လိုလိုလှလို့သာ မေးလိုက်''

''ဟုတ်...ဟုတ်ကဲ့''

အဲဒီလိုပြောပြီး ဆရာမဖနီးမောင်နှံက ပြုံးပြုံး ပြုံးပြုံးနဲ့ ထွက်သွားကြတယ်။ သူက ကျွန်တော့်ကို လှည့်မေးတယ်။

''ရှင်က ကျွန်မကို ဘာဖြစ်လို့ လက်ကုတ်တာတုန်း''

''ပြီးပြီလေ...ကျွန်တော်တို့ကို လူမှားပြီးသွားပြီလေ၊ ခင်ဗျားရဲ့ ဆရာမကပဲ ကျွန်တော်တို့ကို ကိုနန်းနွယ်တို့ ဖနီးမောင်နှံလားဆိုပြီး လူမှားသွားပြီလေ''

''ဪ...အဲ...ဟုတ်ပါရဲ့''

သူ ပျော်သွားတယ်။ ပြီးမှတစ်ခါ မျက်နှာရှုံ့သွားပြီး...

''မှားမယ့် မှားတော့လည်း အတော်ဆိုးတာပဲ''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမှာလဲ၊ မပြောလိုက်ချင်ဘူး''

ဖနီးမောင်နှံလို့မှားတဲ့ အပေါ်မှာ သူ ရှက်နေတာပါ။ ကျွန်တော်က တဟဲဟဲလုပ်ရင်း...

''အင်း...ရှိစုမဲ့စု လူပျိုဂုဏ်လေးတောင်မှ အားလားလား''

လက်မောင်းကို သူလိမ်ဆွဲလိုက်လို့ စကားကို ဆုံးအောင် မပြောလိုက်ရဘူး။

''မှတ်ထား...အဲဒါ အကောင်းပဲရှိသေးတယ်''

''ကျွန်တော်ကလည်း ဒါ အကောင်းပဲ ရှိသေးတယ်''

''အကောင်း...ဘာအကောင်းလဲ''

သရက်ကင်းတော့ ဘယ်ဟုတ်ပါ့မလဲ။ ကျွန်တော် သူ့ကို ချစ်တာဒါ အကောင်းပဲရှိသေးတယ်ဆိုတဲ့အကြောင်း ထုတ်မပြောလိုက်ပါဘူး။

နည်းနည်းစောသေးတယ် ထင်တယ်။





(၁၁)

အဆောင်ရောက်လို့ ရေမိုးချိုးပြီး ပြန်ထွက်တော့ လက်ဖက်ရည်ဆိုင်မှာ လူတောင်စုံနေပြီ။ ထင်ငြိမ်းတစ်ယောက်က လွဲရင်ပေါ့။ တစ်ခုတော့ ရှိတယ်။ ထင်ငြိမ်းနဲ့ ချစ်စိုးသူ၊ မောင်မောင်လေး၊ တင်ဝေတို့တွေက ကျွန်တော်နဲ့ ပတ်သက်ပြီးမှ သိကြရတာ။ ဒါပေမဲ့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးပါပဲ။

တစ်ညနေလုံး လင်းရွှေပါနဲ့ ပင်ပန်းခဲ့သမျှကို သူတို့ဆီပြန်ပြောပြရပါတယ်။ သူတို့ကလည်း စိတ်ဝင်တစား နားထောင်ကြပါတယ်။ လင်းရွှေပါဆိုတဲ့ ကောင်မလေးက သူ့ကို လူမှားခံရမယ့်အစား သူကသွားပြီး လူမှားတာရယ်၊ ဒီယာတြာကိုပေးလိုက်တဲ့ ဗေဒင်ဆရာမက သူ့ကိုပြန်ပြီး လူမှားတာရယ်၊ အဲဒါတွေကိုကြားရချိန်မှာ တဝှားဝှားတဝါးဝါး ရယ်မောကြပါတယ်။

သူတို့ရယ်သံကြောင့် ဆိုင်ရှင်ဒေါ်ရွှေခမျာ ရေနွေးမှုတ်သောက်ရတာတောင် မပြောင့်ဘူး။ ခွက်ကို တံတောင်ဆစ်ကွေးပြီးယူ၊ လက်ကိုမြှောက်၊ လည်ပင်းကို ဆန့်မော့၊ ပါးစပ်ကိုဟ၊ လျှာကိုထင်ခြေလျှောထားပြီး သောက်ရရှာတယ်။ (အမှန်တော့ ပုံမှန်အတိုင်း သောက်တာပါပဲ)

''အေး...အဲဒါတွေပြီးတော့ မင်းကောင်မလေး ဘယ်သွားတုန်း''

''သူ့ဘာသာ ကားငှားပြီး ထွက်သွားတာပဲလေ''

တင်ဝေက မကျေနပ်ပါဘူး။

''မဟုတ်ဘူးလေကွာ၊ ငါမေးတာက ကောင်မလေး ဘယ်ကို သွားသလဲ၊ သူ့အိမ်သူ ပြန်တာလား''

''မင်းက ဘာလို့မေးရတာလဲ''

''ဟ…မင်းတို့ဟာကြီးက ဟုတ်မှမဟုတ်တာ၊ သူ့အမေနဲ့အတူ သွားတဲ့မင်္ဂလာဆောင်ကနေ ခိုးထွက်ပြီး မင်းနောက် လိုက်လာတာ သူ့အိမ်က ဘယ်လိုမြင်မတုန်း။ သူ့အဖေကရော ဒီအတိုင်း စောင့်ကြည့်နေမတဲ့လား။ ရဲစခန်းကိုတောင် အကြောင်းကြားရင် ကြားဦးမယ်''

မောင်မောင်လေးကလည်း ဝင်ပြောတယ်။

''အေးလေ…သူ့အိမ်သူ ပြန်ရဲပါ့မလား။ သူ့မှာ အပြစ်ရှိနေတာကိုး။ သူ့အိမ်မှာလည်း တံမြက်စည်းရှိမှာပဲ''

အဲဒီစကားကို ချစ်စိုးသူက ဘဝင်မကျပါဘူး။

''အာ…ဒီအရွယ်ကြီးရောက်မှတော့ မရိုက်လောက်တော့ပါဘူးကွာ''

မောင်မောင်လေးက…

''ဒါပေမဲ့ ငါသာဆို မပြန်ရဲတော့ဘူးကွ''

အဲဒီစကားကြောင့် ဝိုင်းရယ်ဖြစ်ကြပါတယ်။ ကျွန်တော်ကလည်း အရယ်တစ်ဝက်နဲ့…

''အေး…ဒီကောင်မလေးက သတ္တိတော့ ကောင်းတယ်ကွ''

''သူ့အိမ်သူ ပြန်သွားတာပဲလား''

''ဟင့်အင်း…သန်လျင်ကို သွားတယ်''

အဲဒီစကားကြောင့် သူတို့အားလုံး 'ဟာ'ခနဲ ဖြစ်သွားကြပါတယ်။

''သန်လျင်က သူ့ဆွေမျိုးတွေဆီကို သွားတာလား''

''အေး''

''ဟို…သူ့အမေနဲ့အတူ ညအိပ်မယ်ဆိုတဲ့ အိမ်ကိုလား''

''အေး…ဟုတ်တယ်''

''ဟာ…ဒီအချိန်ကြီး တစ်ယောက်တည်း သူ သွားရဲတယ်''





''ဒါကြောင့် ဒီကောင်မလေး သတ္တိကောင်းတယ်လို့ ငါပြောတာပေါ့''

ချစ်စိုးသူက မျက်မှောင်ကျုံ့ပြီး…

''မင်းကလဲကွာ…လိုက်ပို့ပေးလိုက်တာ မဟုတ်ဘူး''

''ဟ…ငါက ပြောပါတယ်၊ သူက လက်မခံတာပါ''

''မိန်းကလေးကတော့ ငြင်းမှာပေါ့ကွ''

ကျွန်တော်က တဟဲဟဲရယ်ပြီး…

''ဒီမယ်…မောင်ချစ်စိုးသူ''

''ဘာလဲ''

''မင်းက သူရှက်လို့ ငါ့ကို မလိုက်ခိုင်းတာ ထင်နေသလား''

''အဲဒါမှမဟုတ်ရင် တခြားဘာဖြစ်စရာ ရှိသလဲ''

''သူနဲ့ငါ့ကို ခိုးပြေးတယ် ထင်မှာစိုးလို့ပေါ့''

မောင်မောင်လေးက ဝင်အထွန့်တက်ပါတယ်။

''ဟာကွာ…ထင်စရာရှိရင် မင်္ဂလာဆောင်ကနေ သူ လစ်ထွက်ပြီး မင်းနဲ့ပါသွားကတည်းက ထင်လို့ရနေပြီပဲ၊ ဟုတ်တယ်မဟုတ်လား တင့်ဝေရာ…''

တင်ဝေကို လှမ်းအဖော်ညှိတယ်။ တင်ဝေကလည်း ထောက်ခံတယ်။

''အေးလေကွာ…မထူးတော့ပါဘူး။ သန်လျင်က သူတို့အိမ်နား ရောက်တဲ့အထိ မင်း လိုက်ပို့လိုက်ရောပေါ့၊ အိမ်ထဲမဝင်ရင် မဝင်နဲ့ပေါ့။ အဲဒီကားနဲ့ပဲ ရန်ကုန်ကို ပြန်လှည့်လာခဲ့လိုက်ပေါ့။ လှူမြင်မခံချင်ရင် လွယ်ပါတယ်''

ကျွန်တော်က မိန့်မိန့်ကြီးပြုံးနေမိတယ်။ ပြီးမှ…

''မင်းတို့တတွေဟာလေ''

''ဘာလဲ…''

''အဲဒီကောင်မလေးလောက်ကို ဦးနှောက်မပြေးဘူး''

''ဘာဖြစ်လို့လဲ''

''သူက ငါ့ကို လိုက်မပို့ခိုင်းဘဲ ပြန်ခိုင်းတာက တခြားအချက်တွေ

အများကြီးရှိတယ်"

"မင်းပြောမှပဲ သိရတော့မှာပဲ"

"ဟ…ငါ အဆောင်ကို ပြန်လာတယ်ကွာ၊ လမ်းမှာလည်း လူတွေနဲ့ နှုတ်ဆက်ခဲ့သေးတယ်ကွာ။ အဆောင်မှာ ရေချိုးပြီး တီဗီကလက်ရေပွဲကိုတောင် ခဏဝင်ကြည့်ခဲ့သေးတယ်ကွာ။ အခု မင်းတို့နဲ့ အေးအေးဆေးဆေး လက်ဖက်ရည်ထိုင်သောက်နေတယ်ကွာ။ ဒါတွေဟာ သူ့ကို ငါ ခိုးမပြေးဘူးဆိုတဲ့ အလီဘိုင်တွေပဲ"

"ဩော်…ဩော်"

အဲဒီတော့မှ ဒီကောင်တွေ ခေါင်းတညိတ်ညိတ် ဖြစ်သွားတယ်။ တင်ဝေက…

"အေး…မင်းပြောတာ ဟုတ်တယ်။ ဒီကောင်မလေးက အတော်ဉာဏ်ပြေးတာပဲ…ဟောကောင် ဖျူမ်း"

"ဟေ…"

"အဲဒီကောင်မလေးကို ရအောင်ယူလိုက်ကွာ"

"အာ…"

"တကယ်ပြောတာ ဟောကောင်၊ ရအောင်ယူလိုက်။ ဒီလို လှလည်းလှ၊ ပညာလည်းတတ်၊ မျိုးရိုးလည်းကောင်း၊ ဉာဏ်လည်းရှိ သတ္တိလည်းရှိတဲ့ မိန်းကလေးကိုမှ မယူရင် ဘယ်လိုမိန်းကလေးကို ယူမှာလဲ။ ဟောကောင်တွေ ဟုတ်တယ်မဟုတ်လား"

ကျန်တဲ့ကောင်တွေကိုပါ သူက လှည့်အဖော်ညှိလိုက်သေးတယ်။

"ဟုတ်တယ် ဟုတ်တယ်"

တင်ဝေ့စကားကို တညီတညွတ်တည်း ထောက်ခံကြတယ်။ ကျွန်တော်က ရက်ကိုးရက်ကန်းအမူအရာကို တမင်လုပ်ပြရင်း…

"အေးကွာ…မင်းတို့ အဲဒီလို တိုက်တွန်းပါ့မလားလို့ ငါ့မှာ ပူလိုက်ရတာ"

ခပ်တိုးတိုး ဝိုင်းဆဲကြတယ်။ ချစ်စိုးသူက သူ့နာမည် ရှေ့ဆုံးစာလုံးကို အရေးထားသူမို့လို့…

"မင်း ကောင်မလေးကို ချစ်ရော ချစ်ရဲ့လားကွာ"





"ချစ်တာပေါ့ကွာ…ဘယ်လိုမေးလိုက်တာပါလိမ့်"

"တကယ်ချစ်တာလား"

"ဘုရားစူး မိုးကြိုးပစ်၊ တကယ်ချစ်တာပါ။ ဒီသစ္စာစကားမှန်ခဲ့ရင် သူနဲ့ငါ ပေါင်းရပါစေ"

အဲဒီစကားကြောင့် ချစ်စိုးသူ ကျေနပ်သွားတယ်။ မောင်မောင်လေးက တစ်စခန်း ထလာပြန်တယ်။

"မင်းတို့ တွေ့တာမှ လေးငါးရက်ရှိသေးတယ်"

"ဟာကွာ…တိုက်တင်းနှစ်ထဲက မင်းသားနဲ့ မင်းသမီးတောင် ခဏလေးနဲ့ ချစ်သွားကြတာပဲဟာ"

"ဘာလဲ…မင်းက သူ့ကို မြင်မြင်ချင်း ချစ်သွားတာလား"

"အဲလိုတော့ မဟုတ်ဘူးကွ"

"ဒါဆိုရင် ဘယ်လိုတုန်း"

အားလုံးက ကျွန်တော့်ကို သိချင်စိတ်နဲ့ ဝိုင်းကြည့်နေကြပါတယ်။ မသိချင်ဘဲ လှမ်းကြည့်နေသူဆိုလို့ ဒေါ်ရွှေတစ်ယောက်ပဲ ရှိတယ်။

"မြင်ကာစမှာတော့ စိတ်ဝင်စားရုံပါပဲ ရှိတယ်ကွ၊ ဩော်… ဒီကောင်မလေးလှတယ်ပေါ့လေ၊ ချစ်စရာလေးပါလားပေါ့၊ ဒီလောက်ပါပဲ"

"ဘယ်အချိန်မှာ ချစ်သွားလဲ"

"ဒီသုံးလေးရက် သူနဲ့ငါ တွဲသွားတွဲလာ လုပ်လိုက်ရတဲ့ကာလတွေမှာ သူ့ကို ငါ ချစ်သွားတယ်၊ နီးနီးကပ်ကပ်ဆက်ဆံကြည့်တော့ သူ့စိတ်၊ သူ့အတွေးအခေါ်၊ သူ့အရည်အချင်း အဲဒါတွေအားလုံးကို အရင်းအတိုင်း မြင်ရတယ်လေ…။ ဒို့ကိုယ်ငါတောင် ဘယ်လိုဖြစ်သွားမှန်း မသိလိုက်ဘူး။ သူ့ကို ငါ အရမ်းချစ်သွားတယ်"

"မင်း သူ့ကို ချစ်တယ်ဆိုတာ သူကရော သိသလား"

"နောက်သလို ပြောင်သလိုတော့ ပြောဖူးတာပဲ"

မောင်မောင်လေးကတော့ သူ့နာမည်ရဲ့ နောက်ဆုံးစာလုံးကို ဂရုစိုက်သူမို့လို့ လေးနက်တတ်တယ်။ မျက်နှာထားတည်တည်နဲ့…

"ငါပြောတာ အဲဒါမျိုးမဟုတ်ဘူး"

"ဘယ်လိုဟာတုန်း"

"မင်းဟာမင်း နောက်ပဲပြောပြော၊ အတည်ပဲပြောပြော အဲဒါကို ငါမမေးဘူး။ မင်းအကြည့်တွေ၊ မင်းအမူအရာတွေကို အကဲခတ်ပြီး မင်းက သူ့ကို ချစ်နေပါတယ်လို့ ကောင်မလေးက ခံစားမိပုံပေါ်သလား။ အဲဒါကို မေးတာ"

"ဟာ..."

ကျွန်တော် ဟာခနဲ ဖြစ်သွားရတယ်။ မောင်မောင်လေးရဲ့ မေးခွန်းက ကောင်းလိုက်တာ။ ဒီကောင့်ကိုတောင် အတော်လေးစားသွားမိတယ်။

"အဲဒါကိုတော့ ငါလည်းမပြောတတ်ဘူးကွ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"ငါ သူ့ကို တကယ်ချစ်တာပါ။ နောက်ပြီး သူကလည်း ပါးရည် နပ်ရည် အင်မတန်ရှိတဲ့ မိန်းကလေးဖြစ်တယ်။ သူ ရိပ်မိလိမ့်မယ်၊ သူ ခံစားပြီး သိလိမ့်မယ်လို့ ငါထင်တယ်"

"သူကရော မင်းကို ပြန်ချစ်နိုင်မယ့်အရိပ်အယောင် ရှိသလား"

အချစ်ဝတ္ထုတွေထဲမှာ ပါနေကျ 'သက်ပြင်းမော' ဆိုတာကြီးကို ကျွန်တော် မှုတ်ထုတ်လိုက်တယ်။ ပြီး...

"အဲဒါတော့ ငါလည်း မပြောတတ်ဘူးကွာ"

"ဟော့ကောင်...ဗဂျမ်း"

အဲလိုခေါ်တဲ့သူက တင်ဝေပါ။

"ဟော..."

"မင်း ကောင်မလေးကို တကယ်ချစ်တယ်ဆိုတာ ငါသိပ်မယုံချင်သလိုပဲ"

သူ့စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားရတယ်။

"ဟ...ဘာဖြစ်လို့လဲ"

"မင်း တကယ်ချစ်လို့ရှိရင် ကောင်မလေးကို အငှားကားပေါ် တစ်ယောက်တည်းတင်ပြီး သနိုလျှင်မလွှတ်လိုက်ဘူးကွ၊ ညကလည်း မှောင်နေပြီ"

"ဩော်...အဲဒါက ဒီလိုပါ"





"ပြောပါဦး"

"အဲဒီအငှားကားအငှားဘာက သူ့အသိကွ။ တော်တော်ကို ရင်းရင်း နှီးနှီးသိတယ်။ သူ့အမေရဲ့တပည့်။ သူ့အမေကျောင်းအုပ်ဆရာမကြီး၊ လုပ်တုန်းက အဲဒီလူက ကျောင်းသားလေး။ လင်းရှုပါတို့အိမ်ကို တစ်နှစ် တစ်ခါ မိန်းမနဲ့သားသမီးခေါ်ပြီး လာကန်တော့နေကျတဲ့။ သနိုလျှင်က လင်းရှုပါသွားမယ့်အိမ်ကိုလည်း သိတယ်။ ဒီထက်စိတ်ချရတော့ ဘာမှ မရှိတော့ဘူးလေ"

"အိမ်း...အဲဒါဆိုလည်း ရှိပါစေတော့"

"လာလာချည်သေးဗျာ"

ဘာရယ်မဟုတ်ဘဲ ရယ်ဖြစ်ကြပါတယ်။ အဲဒီအချိန်မှာပဲ...

"ဟော့ကောင်...ဗဂျမ်း"

ထင်ငြိမ်းက ဆယ်လူလာကြီးကိုင်ပြီး ဆိုင်ထဲကို ပျာယီပျာယာ ဝင်လာတယ်။ သူမပြောခင် ကျွန်တော်ကပဲ ဆီးပြောလိုက်ပါတယ်။

"ဘာလဲ ဦးကျော်သီဟ၊ မင်းဆီ ဖုန်းဆက်တယ် မဟုတ်လား"

"အေး"

"သူ့သမီးကို ငါက အခမ့်ခေါ်ဆောင်သွားတယ်ဆိုတဲ့ သဘောမျိုး မပြောဘူးလား"

"ပြောတယ်"

"မင်းက ဒါတော့မဖြစ်နိုင်လောက်ဘူးလို့ မပြောလိုက်ဘူးလား"

"ပြောလိုက်တယ်"

"သူ သိပ်မကျေနပ်ဘူး မဟုတ်လား"

"အင်း..."

"ငါ့ကိုတွေ့ရင်လည်း သူ့ကို အကြောင်းကြားပါလို့ မှာသွားတယ် ဂုတ်လား"

"အေး...မှာတယ်"

"ဒါများကွာ သိပ်အရေးမကြီးပါဘူး။ ကဲ...ထိုင် လက်ဖက်ရည် သောက်"

အူလည်လည်နဲ့ ဝင်ထိုင်တဲ့ ထင်ငြိမ်းကို ကြည့်ပြီး အားလုံးက

ဝိုင်းရယ်ကြပါတယ်။ ကျွန်တော့်ကိုယ်စား ကျွန်တဲ့ကောင်တွေကပဲ အခြေအနေကို ဝိုင်းရှင်းပြလိုက်ပါတယ်။ ထင်ငြိမ်းက လက်ဖက်ရည်ကို မှိုရှူးပြီး ခေါင်းတဆက်ဆက်လုပ်တုန်း…

"ဪ…လက်စသပ်တော့ ဒီလိုကိုး"

သူ့အစား ကျွန်တော်ကပဲ ဝင်ပြောပေးလိုက်ပါတယ်။ အားလုံးက ဝိုင်းရယ်ကြလေရဲ့။ ဆန့်တငံ့ငံ့ဖြစ်သွားရတဲ့ ထင်ငြိမ်းကတော့ ကျွန်တော့်ကို ဆဲတယ်။ အဲဒီအချိန်မှာပဲ…

"ကိုဗဂျမ်း…ကိုဗဂျမ်း"

အဆောင်ပိုင်ရှင်ရဲ့ သားလေးဖြစ်သူ နီတိုရဲက ဆိုင်ထဲကို ပျာယီးပျာယာ ဝင်လာပါတယ်။ သူ့ကိုလည်း ကျွန်တော်ကပဲ ဆီးပြောလိုက်တယ်။

"ဘာလဲ ဦးကျော်သီဟဆိုတဲ့ လူကြီးနဲ့ အပေါင်းအပါတချို့ အဆောင်မှာ ငါ့ကို လာရှာသွားလို့လား"

"အင်း…ဟုတ်တယ်ဗျ"

"မင်းတို့က အပြင်သွားတယ်လို့ ပြောလိုက်တယ်မဟုတ်လား"

"အင်း…ဟုတ်တယ်"

"စောစောလေးကတင် ပြန်လာသေးတယ်၊ ရေမိုးချိုးပြီးမှ ပြန်ထွက်သွားတာလို့ရော ဖြည့်ပြောလိုက်တယ် မဟုတ်လား"

"အင်း…ပြောလိုက်တယ်"

"ငါပြန်လာရင် သူတို့ဆီ အကြောင်းကြားပါလို့ရော ပြောမသွားဘူးလား"

"အင်း…အဲလိုလဲ ပြောသွားတယ်"

ဒီတစ်ခါမှာတော့ ကျွန်တော့်ကိုယ်စား ထင်ငြိမ်းကနေ နီတိုရဲကို ဝင်ပြောပါတယ်။ အားလုံးက ဝိုင်းရယ်ကြပါတယ်။

"ဒါလေးများကွာ ထိုင်…လက်ဖက်ရည်သောက်"

ဒါပေမဲ့ နီတိုရဲက မထိုင်ပါဘူး။

"သူတို့လာလို့ အဆောင်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေတယ်။ အခြေအနေ သွားပြန်ကြည့်လိုက်ဦးမယ်"

ထင်ငြိမ်းက ကျွန်တော့်စတိုင်လ် ဖမ်းပြီး ဝင်ပြောတယ်။





"ထူးရင် လာပြောမယ် မဟုတ်လား"

"ဟင့်အင်း…မပြောတော့ဘူးလေ၊ ကျွန်တော့်ဘာသာ ကြည့်ရှုမယ်"

အဲဒီစကားကြောင့် ထင်ငြိမ်းကို အားလုံးက ဝိုင်းရယ်ကြပါတယ်။ သုတ်သီးသုတ်ပျာနဲ့ပဲ နီတိုရဲ ပြန်သွားတယ်။ ချစ်စိုးသူက ကျွန်တော့်ကို ပြောတယ်။

"ဟော့ကောင် ဗဂျမ်း"

"ဟေ…"

"မင်းကံစွက မလွယ်ပါလားကွာ"

"လွယ်တယ် ခက်တယ်ဆိုတာက ကိုယ့်အပေါ်မှာ တည်ပါတယ်ကွာ"

"မင်း အခုထက်ထိ ခက်တယ်လို့ မထင်သေးဘူးပေါ့"

"ဟင့်အင်း"

"အေး…အခု ခက်ပြီသာ အောက်မေ့ပေတော့"

"ဘာဖြစ်လို့"

ဆိုင်ဝကို မျက်နှာမူထားတဲ့ ချစ်စိုးသူက ဘာမှပြန်မပြောဘဲ အဓိပ္ပါယ်ပါပါ ပြုံးတယ်။ သူ့အပြုံးကြောင့် ကျွန်တော်တောင် စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားတယ်။

"ကိုဗဂျမ်း"

နောက်ကပေါ်လာတဲ့အသံကြောင့် ကျွန်တော့်ကျော တွန့်သွားတယ်။ ကျွန်တော့်နှလုံးသားကို အင်မတန်မှိုလွှင်ချမ်းမြေ့စေတဲ့အသံလေး ပေါ့။

"ဟင်…ရှုပါ"

"အင်း…ဟုတ်တယ်"

အားလုံးက ကပျာကယာ သူထိုင်ဖို့ ခုံဆွဲပေးပါတယ်။ သူ့ခုံက ကျွန်တော့်ခုံဘေး ကပ်လျက်မှာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့တွေ နှစ်ကိုယ်ကြား မပြောကြပါဘူး။ အားလုံးကြားအောင် ပြောကြပါတယ်။

"ရှုပါ သန့်လျင်သွားတာ အဆင်မပြေဘူးလား"

သူက ပင့်သက်ရှိုက်ပြီး ခေါင်းခါပြပါတယ်။

''ကျွန်မ ထောင့်စေ့စေ့ စီစဉ်ထားတာပဲ၊ ဒါပေမဲ့ ထင်မထားတဲ့ အချက်တွေ ဝင်လာတယ်''

''ဘာဖြစ်လို့တုန်း''

တင်ဝေက ဘာသောက်မလဲလို့ မေးတာကို သူက ဘာမှမသောက်တော့ဘူးလို့ ငြင်းပါတယ်။ ပြောလက်စ စကားကို ဆက်ပြောတယ်။

''ကျွန်မ မင်္ဂလာဆောင်မှာ လစ်ထွက်လာတာကလည်း ပိပိရိရိပါပဲ၊ ဘာပြဿနာမှ မရှိဘူး''

''လစ်ထွက်လာတာက ပြဿနာမရှိဘဲ နေမလားဗျ''

''ကျွန်မပြောတာကို ဆုံးအောင် နားထောင်ဦးလေ''

''အင်းအင်း…ပြော''

''အပြင်မှာ ရှင်လာစောင့်ခါနီးအချိန်လည်း ရောက်ကော ကျွန်မ မေမေနဲ့ စိတ်ကောက်လိုက်တယ်။ ဦးတင်ကိုကိုနဲ့ မယူမချင်း ကျွန်မ ဘာဘာညာညာလုပ်လို့မရအောင် ကျွန်မရဲ့လှုပ်ရှားမှုတွေကို သွယ်ဝိုက်ချုပ်ကိုင်တဲ့အနေနဲ့ သန်လျင်ပို့တာ မဟုတ်လားလို့''

''တစ်ညတည်းအိပ်ရမှာကိုများ''

''ရှင်မသိဘဲ ဝင်မပြောပါနဲ့၊ ဟိုရောက်ရင် ကျွန်မရဲ့ ဝမ်းကွဲညီမတွေက ဆွဲထားကြဦးမှာ…။ တစ်ပတ်နေပါဦး။ တစ်လနေပါဦးနဲ့ မရမက ခေါ်ထားကြမှာ''

''အဲဒီကိစ္စကိုပြောပြီး ကျွန်မ မေမေ့ကို စိတ်ကောက်လိုက်ရော''

''အင်း''

''ပြီး…ခြေဆောင့်ထွက်လာခဲ့လိုက်တယ်''

''အင်း''

''အပြင်မှာ စောင့်နေတဲ့ ရှင်နဲ့ တက်စီငှားပြီး ချက်ချင်းထွက်ခဲ့တယ်။ မေမေလိုက်ပို့နေစရာ မလိုဘူး။ သမီးဘာသာ သမီးပဲ သွားမယ်လို့ ပြောပစ်ခဲ့တယ်''

''ဩော်…အင်း…ခင်ဗျားရဲ့လုပ်ကွက်ကလေးက လှသားပဲ''

အစကတည်းက သူ့ကို လိုလားအားပေးကျူးနေကြတဲ့ ကျွန်တော့်





သူငယ်ချင်းတွေကလည်း အပြုံးကိုယ်စီနဲ့ ခေါင်းညိတ်ကြပါတယ်။

''ရှင်နဲ့ခွဲပြီး ကျွန်မ သန်လျင်ကို သွားတော့''

''အင်း…ဘာဖြစ်တုန်း''

''သန်လျင်ကိုတောင် မရောက်ခဲ့ဘူး''

''ဟင်…ဘာဖြစ်လို့တုန်း''

''လမ်းမှာ ကျွန်မက သန်လျင်အိမ်ကို လှမ်းဖုန်းဆက်တယ်လေ''

''အင်း…အဲဒီတော့''

''ကျွန်မအပေါ်မှာ အင်မတန်နားလည်မှုရှိတဲ့ ညီမတစ်ယောက်နဲ့ တွေ့တယ်၊ သူကလည်း ဦးတင်ကိုကိုကို ကြည့်မရဘူး။ ကျွန်မနဲ့ မရစေချင်ဘူးလေ''

''အင်း…ဟုတ်ပါပြီ၊ သူက ဘာပြောသလဲ''

''ကျွန်မအိမ်က သူတို့ဆီကိုဖုန်းဆက်ပြီး ညနေကတည်းက လှမ်းမေးတာတဲ့။ ကျွန်မ သန်လျင်ကို မရောက်ဘူးလည်းဆိုရော ဒေါသူပုန်ထပါလေရောတဲ့''

''ကျွန်တော်ပါသွားမှန်း သူတို့ သိလိုက်ကြတယ် ဆိုပါတော့''

''အင်း…မြင်တဲ့သူတွေက မေမေ့ကို ပြန်ပြောကြတယ်။ အဲဒီမှာ ခက်သွားတယ်''

''ဘာခက်စရာရှိလဲ၊ သန်လျင်ကိုပဲ သွားအိပ်လိုက်ပေါ့။ သူတို့ ဘာပြောလို့ ရမှာတုန်း''

''အင်းလေ…ကျွန်မကလည်း အဲလိုတွက်ထားတာပဲ၊ ဒါပေမဲ့ မဖြစ်တော့ဘူး''

''ဘာဖြစ်လို့''

''မေမေက ကျွန်မကို သန်လျင်ပို့တာက ယကြာခြေတာတဲ့ရှင့်''

''ဗျာ…''

ကျွန်တော်တင်မဟုတ်ပါဘူး။ အားလုံး မျက်လုံးပြူးသွားကြတယ်။ လာပြန်ပြီ ဒီယကြာလို့လည်း တွေးမိကြတယ်။ ကျွန်တော်တို့ ငြိမ်နေတော့ သူကပဲ သူ့စကားကို ဆက်ပြောတယ်။

''အဲဒီသန်လျင်ကို သွားပြီး ပြန်လာလိုက်ရင် ကျွန်မနဲ့ဦးတင်ကိုကိုနဲ့

ကြားထဲက အနှောင့်အယှက်တွေ အကုန်ပြေသွားလိမ့်မယ်တဲ့"

"အဲဒီအကြောင်းကို ခင်ဗျားညီမက ပြောပြတာလား"

"အင်း..."

"အဲဒီညီမကရော လှလား"

"အရေးထဲမှာ ရှင်က လုပ်ပြန်ပြီ"

"အင်း...ထားပါတော့၊ အဲဒီတော့ ခင်ဗျားက သန်လျင်လည်း သွားမအိပ်တော့ဘူးပေါ့"

"အင်း...ကျွန်မညီမနဲ့လည်း ဖုန်းချပြီးရော ရန်ကုန်က ကျွန်မ အိမ်ကို ဖုန်းလှမ်းဆက်တယ်"

"ခင်ဗျားအဖေအမေ မရှိဘူး ဆိုပါတော့"

"အင်း..."

"အိမ်ဖော်နဲ့ပဲ တွေ့တယ် ဆိုပါတော့"

"အင်း..."

"အိမ်ဖော်မလေးက ဒီမှာတော့ ဒီလိုအခြေအနေတွေ ဖြစ်နေပါပြီ ဆိုတာမျိုး ခင်ဗျားကို ဗျာဗျာသလဲပြောပြတယ် ဆိုပါတော့"

"ဟုတ်တယ် အိမ်လည်း ပြန်လို့မဖြစ်တော့ဘူး။ အဲဒါနဲ့ ကျွန်မ ရှင့်ဆီ ထွက်လာတာ"

"ဗျာ..."

အဲဒီစကားကြောင့် ကျွန်တော်တို့တစ်ဝိုင်းလုံး ဆတ်ခနဲဖြစ်သွားကြတယ်။ ဟိုကောင်တွေက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်တယ်။ နိုးပြေးဖို့ဆိုရင် လိုက်ကူညီမယ်ဆိုတဲ့ အကြည့်တွေပါ။ ဒါပေမဲ့... မဟုတ်ပါဘူး။

လင်းရှုပါက ကျွန်တော့်ကို သူ့ိုး မလုပ်နိုင်းပါဘူး။ သူ့ကိုယ်သူလည်း နိုးရာပါပစ္စည်းအဖြစ် မခံပါဘူး။ သူ့ဉာဏ်ကောင်းတယ်လို့ ကျွန်တော် ပြောခဲ့ပြီးပါပကော။

"ဒီည...မမကေသီတို့အိမ်မှာ သွားအိပ်မလို့၊ အဲဒီအိမ်ကို ကျွန်မ ကောင်းကောင်းမမှတ်မိဘူး။ ရှင် လိုက်ပို့ပေး"

"အမိန့်တော်မြတ်အတိုင်းပါပဲဗျာ"





နတ်ဆိုးနှာပါတွေ
ဖွဲ့သန်းခဲ့တဲ့ဖောင်းလာသံကိုလည်း ကြားရရဲ့။

ရင်ခွင်ကြားမှီးတောက်တွန်းလေနဲ့
မိုးတွေချွန်းမြှောင် သူတို့လွှမ်းမြဲပလေ့ဖေ။
မျက်တောင်ကလေးရေ...
မြေပြင်ကြားကိုပင့်နေရစေ [မလိုက်နဲ့]။

မြင်းသည်တော်တွေနဲ့
... တော်မဲတတ်နိုင်တဲ့နှာရပ်ကို
ငါတို့မြေးတွက်ကြမယ်...။

သစ်သီးချွဲသောက်ရေဘူးတစ်လုံးနဲ့
တောင်းတင်ဆေးသွားတဲ့နှာဝါ
တို့တွေ စီးနင်းလိုက်ကြတာပေါ့။

# နိဂုံး

နောက်တစ်နေ့မနက်ကျတော့ ညတုန်းက ချိန်းထားခဲ့တဲ့နေရာမှာ ကျွန်တော်တို့ ဆုံဖြစ်ကြပါတယ်။ သူက အဝါရောင်ဝတ်စုံအသစ်နဲ့မို့လို့ ကျွန်တော် ပြုံးမိသေးတယ်။

"ခင်ဗျား အခုဝတ်လာတာ မကေသီ အဝတ်တွေလား"

"မဟုတ်ပါဘူး။ မနေ့ကတည်းက ကျွန်မရဲ့အိတ်ထဲမှာ ထည့်လာတာ။ ယတြာက တစ်ရက်တည်း ကျွန်မှာဆိုတော့ အပျက်မခံနိုင်တော့ဘူး"

"နေပါဦး...ကျွန်တော်မေးပါဦးမယ်၊ ခင်ဗျားက ယတြာကို အရမ်း ယုံတာပဲလားဟင်"

ဒီမေးခွန်းကို သူက မတုန့်လှုပ်ပါဘူး။ ခပ်တည်တည်ပဲ ပြန်ဖြေတယ်။

"အဲဒါတော့ ကျွန်မလည်း မသိဘူး"

"ဗျာ..."

"ရှင်နားလည်အောင် ကျွန်မ ဘယ်လိုပြောရမှန်းမသိဘူး။ ဒီလိုရှင့်"

"အင်း...ပြောပါဦး"

"ကျွန်မက ဗေဒင်မေးဖို့ ဆိုတာမျိုး ခေါင်းထဲမှာတောင် သိပ်မရှိဘူး"

"ဒါဖြင့်...ခုဟာကြီးက"

"အင်းလေ...ပြောပြမှာပေါ့"





"ပြော..."

"ပထမအချက် ကျွန်မက ဦးတင်ကိုကိုကို ဘယ်လိုမှ မယူနိုင်ဘူး"

"အဲဒါကို လက်ခံပါတယ်။ ခင်ဗျားမပြောနဲ့ ကျွန်တော်တောင် မယူချင်ဘူး။ သူ့ကြည့်ရတာ စွေးပျယ်နေတဲ့နုတ်ရုပ်ကြီး မျက်မှန်တပ်ထားသလိုပဲ"

"ကျွန်မအိမ်ကို ကျွန်မ အကြောင်းအကျိုးနဲ့ ရှင်းပြတယ်။ မရဘူး။ သူတို့က လက်မခံဘူး။ အဲဒါကြောင့် ကျွန်မက ရရာနည်းလမ်းကို စဉ်းစားရတာ"

"ဒါပေမဲ့ဗျာ ခင်ဗျားခြေရတဲ့ ယတြာက ပင်ပန်းလိုက်တာ၊ ပင်ပန်း ရုံတင် မဟုတ်ဘူး"

"ဘာဖြစ်လဲ..."

"ကျွန်တော် စကားကုန် ပွင့်ပွင့်လင်းလင်းပြောမယ်နော်"

"ပြော..."

"ကျွန်တော်က ရိုးသားပြီး သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက် မို့လို့ပေါ့။ တခြားတစ်ယောက်ဆိုရင် ခင်ဗျားအပေါ် အခွင့်အရေးယူ မသွားနိုင်ဘူးလား"

"အဲဒီအတွက် ကျွန်မ ရှင့်ကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အဲဒါက ခု ကျွန်မပြောမယ့် ဒုတိယအချက်နဲ့ ပတ်သက်နေပါတယ်"

"ဒါဖြင့် ပြောပါဦး။ အဲဒီ ဒုတိယအချက်ကို"

"ဗေဒင်မေးဖြစ်ကြတယ်၊ ယတြာချေဖြစ်တယ်ဆိုတာက မမကေသီ ကြောင့်ပဲ။ ကျွန်မက မမကေသီကို တိုင်ပင်တယ်။ မမကေသီက ဒီလို လုပ်ဖို့ အကြံပေးတယ်"

"အဲဒါနဲ့ ဒီလိုလုပ်ဖြစ်တယ်ဆိုပါတော့"

"ဟုတ်ပါတယ်၊ ယတြာကို ယုံတာ မယုံတာက အဓိကမကျဘူး။ မမကေသီကို ကျွန်မ ယုံတယ်လေ၊ ဒါပါပဲ"

ကျွန်တော်က ကျောပိုးအိတ်ကို ပြင်လွယ်လိုက်ရင်း...

"မနေ့ညက လက်ဖက်ရည်ဆိုင်ကို ခင်ဗျား ရောက်မလာခင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုလုံးက ခင်ဗျားကို ချီးကျူးနေကြတာ"

အဲဒီစကားကို သူက သိပ်မယုံဘူး။

''ဟုတ်လို့လား''

''ဟုတ်တယ်''

''ဘာတွေချီးကျူးကြသတုန်းရှင်...''

''ဩော်...ခင်ဗျားက ရုပ်လှတယ်၊ ပညာတတ်တယ်၊ ဉာဏ်ကောင်းတယ်၊ မျိုးရိုးကောင်းတယ်၊ ရဲရင့်တယ်။ ကျွန်တော်နဲ့ဆို နေနဲ့လ၊ ရွှေနဲ့မြ လိုက်ဖက်တယ်။ အဲဒါမျိုးပေါ့ဗျာ''

''ရှင်က လုပ်လာပြန်ပြီ''

''တကယ်ပြောတာ''

''အင်း...ထားပါတော့၊ အဲလိုချီးကျူးတာ ဘာဖြစ်သတုန်း''

''ခင်ဗျားရောက်လာပြီး ယတြာကို အရမ်းယုံကြည်သလို ပြောတော့...ခင်ဗျားကို သူတို့ နားလည်ရ ခက်သွားတယ်''

သူက မျက်တောင်ပုတ်ခတ်လုပ်ရင်း...

''အရမ်းယုံကြည်တယ်လို့ ပြောမိလို့လား''

''အဲဒီသဘောပဲလေ။ ခင်ဗျားချေရမယ့်ယတြာတွေကို စွန့်စွန့်စားစား ခင်ဗျား လိုက်လုပ်တယ်။ ခင်ဗျားအမေက ခင်ဗျားကို သန်လျင်ပို့ပြီး ချေတဲ့ယတြာကျတော့ ကြောက်ပြီး ရန်ကုန်ကို ပြန်ကွေ့လာတယ်''

''အာ...မဟုတ်ဘူး မဟုတ်ဘူး။ ရှင်တို့ နားလည်မှု လွဲနေပြီ''

''ဘယ်လိုလွဲတာလဲ''

''ယတြာကို ယုံတာ မယုံတာ ဖယ်ထားရှင့်၊ လုပ်ပြီဆိုမှတော့ ကိုယ့်တာဝန်ကျေအောင် လုပ်ရမှာပေါ့။ အနှောင့်အယှက်တွေကို ကျော်လွှားရတဲ့အပြင် အတိုက်အခိုက်တွေကိုလည်း ရှောင်ရှားရမှာပဲ။ အဲဒါကြောင့် မေမေ့ရဲ့ သံလျင်ယတြာကို ကျွန်မ ရှောင်လိုက်တာ။ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို ပြီးပြည့်စုံအောင် လုပ်ပေးတဲ့ သဘောပါ''

''ဩော်...အဲဒီလိုလား''

''အစစ်ပဲ။ ယတြာအတွက်တော့ မိဘကို ပုန်ကန်စရာမလိုပါဘူး ရှင်။ မေမေ့ဆီက လစ်ထွက်ပြီး အဖေ့အိမ်ကို မပြန်ဘဲနေတယ်ဆိုတာ အတော်ကြမ်းတဲ့ကိစ္စပါ။ မိဘကို ပုန်ကန်သလိုတောင် ဖြစ်နေတယ်။





ဒါပေမဲ့ အဲဒါတွေက ယတြာကြောင့် သက်သက်မဟုတ်ဘူး။ အကြောင်းတွေအများကြီးရှိတယ်။ ရှင်နားလည်အောင် ကျွန်မ ဘယ်လိုပြောပြရမလဲတောင် မသိဘူး''

''မပြောနဲ့တော့ မလိုဘူး။ ကျွန်တော် နားလည်ပါတယ်''

''ရှင်က နားလည်ချင်တော့လည်း မြန်လိုက်တာ''

''ခင်ဗျားဒီလောက်ပြောပြရင် ကျွန်တော် 'ပေါက်'ပြီလေ''

''အဲဒါဆိုလည်း ကျွန်မ ရှင့်ကို ကျေးဇူးတင်ပါတယ်''

''ကျေးဇူးကိုနောက်ထားမချော၊ ဒီနေ့ချေရမယ့် ယတြာက ဘယ်လိုဟာမျိုးလဲဆိုတာကို ပြောဦး''

သူနဲ့ကျွန်တော် စကားရပ်ပြောနေကြတာက ဘတ်(စ်)ကားမှတ်တိုင်တစ်ခုမှာပါ။ ဘတ်(စ်)ကားစောင့်တဲ့ ခရီးသည်တွေကြားထဲမှာ ရောကောသောကောနဲ့ စကားရပ်ပြောနေကြတာပါ။

''နောက်ဆုံးယတြာမို့လို့လား မသိဘူး။ ဒီနေ့ချေရမယ့်ယတြာက နည်းနည်းလေးတယ်ရှင့်''

ပထမတော့ အဲဒီစကားကြောင့် ကျွန်တော် မအီမသာဖြစ်သွားတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို ကျွန်တော်ပြေသာသွားပါတယ်။ ဒီနေ့က နောက်ဆုံးနေ့ပဲလေ။ ဒီနေ့ပြီးရင် အကုန်ပြီးပါပြီ။ ရယ်ရယ်ပြုံးပြုံးနဲ့ပဲ မေးလိုက်တယ်။

''ဘယ်လိုယတြာမျိုးမို့လဲဗျာ''

''သုံးဆင့်ရှိတယ်ရှင့်''

''ဗျာ...သုံးဆင့်တောင်''

''ဟုတ်တယ်၊ ဒါပေမဲ့ တစ်ဆက်တည်းပါ''

''ကဲ...ပြောပြော''

''ဒီနေ့ထုတ်သတင်းစာတွေထဲမှာ နာရေးကြော်ငြာတွေကို ဖတ်ရမယ်တဲ့''

''ဖတ်ပြီး ဘာလုပ်ရမှာလဲ''

''ကျွန်မတို့အသိထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် ကျွန်မတို့ရဲ့ အသိအကျွမ်းနဲ့ နာမည်တူတစ်ယောက်ယောက်ရဲ့ နာရေးကြော်ငြာကို

အသံထွက် ဖတ်ရမယ်တဲ့"

"ဟင်...အဲဒါက လွယ်ပါ့မလား"

သူက အပြုံးလျှော့လျှော့နဲ့ ပြန်ဖြေတယ်။

"ကဲပဲပေါ့ရှင်"

"နေပါဦး...ခင်ဗျားပြောတဲ့ ကျွန်မတို့ ကျွန်မတို့ဆိုတာက ခင်ဗျားတို့ ဆွေမျိုးအသိုင်းအဝိုင်းကို ပြောတာလား"

"ဟင့်အင်း...မဟုတ်ပါဘူး။ ရှင်နဲ့ကျွန်မကို ပြောတာ"

"ဟာ...ဒါဆို ကျွန်တော့်အသိအကျွမ်းထဲက သေတဲ့လူကို ရှာရမယ်ပေါ့၊ ဟုတ်လား"

"နာမည်တူဆိုရင်လည်း ရပါတယ်"

"အေးဗျာ...အဲဒီနာမည်တူကိုပဲ ကြည့်ရမှာပဲ"

"ခုလောလောဆယ်မှာတော့ ကျွန်တော့်အသိအကျွမ်းထဲက ဘယ်သူမှ မသေဘူး။ အကုန်လုံး ဒေါင်ဒေါင်မြည်လို့"

"ကျွန်မအသိအကျွမ်းတွေလည်း အဲ့ဒီလိုပါပဲ"

"အဲဒါကိုထား...ဆက်ပြောဦး နာရေးကြော်ငြာကို အသံထွက် ဖတ်ပြီးပါပြီတဲ့၊ ဘာဆက်လုပ်ရမှာလဲ"

"အဲဒီလူကို ရည်စူးပြီး သင်္ချိုင်းကုန်းကို သွားရမယ်"

"ဟုတ်တယ်"

"ဘယ်သင်္ချိုင်းလဲတော့ မပြောဘူး။ ရပါတယ်...ဘယ်သင်္ချိုင်းပဲ ဖြစ်ဖြစ်ပေါ့"

"အေး...ထားပါတော့၊ ဒုတိယအဆင့်ပြီးသွားပြီ။ တတိယအဆင့် က ဘာတုန်း"

"တတိယအဆင့်က ကြားထဲမှာ..."

"ကြားထဲမှာ...ဘယ်လိုကြားထဲမှာလဲ"

"သင်္ချိုင်းကုန်းကို သွားနေတဲ့ ကြားထဲမှာ"

"ဘာလုပ်ရမှာတုန်း"

"လမ်းမှာ တစ်ယောက်ယောက်က ဘယ်သွားမလို့လဲလို့ မေးလာခဲ့ရင် သင်္ချိုင်းကုန်းလို့ ဖြေရမယ်တဲ့"





ကျွန်တော်က လက်ချောင်းတွေကို တဖျောက်ဖျောက်ချိုးလိုက်ရင်း...

"အင်း...ကိုယ်ကလည်း တကယ်သွားမယ့်ဟာပဲ၊ အဲဒီလိုပြောရမှာ အပန်းမကြီးပါဘူး။ ပြောရုံပေါ့"

အဲဒီနောက်မှာ နှစ်ယောက်သား စကားမပြတ်ပြီး ငြိမ်သွားကြတယ်။ နောက်မှ ကျွန်တော်က သတိရလာတာလေးရှိလို့ သူ့ကို မေးရတယ်။

"ရွှေပါ..."

"ဟင်..."

"ညက မမကေသီ ဘာပြောသေးလဲ"

"ဘာမှမပြောဘူး"

"ခုဖြစ်နေတဲ့ အခြေအနေတွေကို သူသိလား"

"သိသွားပြီ..."

"ခင်ဗျားပြောလိုက်တာလား"

"အင်း...ပြောပြရတော့တာပေါ့"

"အဲဒီတော့ သူက ဘာပြောသလဲ"

"ဘာမှမပြောပါဘူးဆို..."

"အင်းအင်း...ခင်ဗျားဘာသာ ခင်ဗျား အဆင်ပြေရင် ပြီးတာပဲ။ ကဲ...လာ သွားကြမယ်"

"ဘယ်သွားမှာတုန်း"

"သတင်းစာ သွားဝယ်မယ်လေ"

အဲဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက်သား သတင်းစာ အရှာထွက်ခဲ့ကြပါတယ်။ ဖြစ်ချင်တော့ ဘယ်နားမှာမှ သတင်းစာ ဝယ်လို့မရဘူး။ သတင်းစာရောင်းတဲ့ ကောင်လေးတွေကိုလည်း မတွေ့ရဘူး။ တချို့ကျတော့လည်း ဂျာနယ်ကိုသာ လက်ပွေ့ရောင်းနေတာ သတင်းစာမပါဘူး။ သူက မကျေမချမ်းညည်းတွားတယ်။

"ဘယ်လိုဖြစ်သလဲ မသိဘူး။ ကိုယ်လိုချင်မှကို မရဘူး"

"အေးလေ...ဟုတ်ပါရဲ့"

"အဲ...ဟိုလက်ဖက်ရည်ဆိုင်ထဲသွားရင် ကောင်းမယ်ထင်တယ်"

လူရှင်းတဲ့ လမ်းဘေးလက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်ကို သူညွှန်ပြပါတယ်။ လှမ်းကြည့်ပြီး ကျွန်တော် သဘောပေါက်လိုက်တယ်။

"ဩော်...စားပွဲပေါ်မှာ သတင်းစာရှိနေတာပဲ"

သောက်ချင်စိတ် သိပ်မရှိလှပေမယ့် နှစ်ယောက်သား ဆိုင်ထဲ ဝင်လိုက်ကြတယ်။

"လက်ဖက်ရည်ကျဆိမ့်နှစ်ခွက်"

ကျွန်တော်ကပဲ မှာလိုက်တယ်။ သူက သတင်းစာကိုပဲ စိတ်ဝင်စားနေတယ်။ ကျွန်တော်က သတင်းစာကို ထယူတော့ သူက အရင်ဆွဲဖတ်တယ်။ ပြီး...ဝမ်းသာအားရ ထအော်တယ်။

"ပါတယ်...ပါတယ်"

"ဟုတ်လား...ပါလား။ ခင်ဗျားဆွေမျိုးတွေလား"

"မဟုတ်ဘူး။ နာမည်တူတွေပါတာ။ ရှင့်ဆွေမျိုးတွေ ဖြစ်ချင်လဲ ဖြစ်မှာပေါ့။ ဖတ်ကြည့်ဦး"

လက်ဖက်ရည်ကို ဆိုင်ရှင်ကိုယ်တိုင် လာချပေးတာပါ။ နာရေးကြော်ငြာကိုဖတ်ပြီး ကိုယ့်ဆွေမျိုးတွေ ပါမပါ ဝမ်းသာအားရ ကြည့်နေတဲ့ ကျွန်တော်တို့ နှစ်ယောက်ကို အံ့ဩဟန်ရှိပါတယ်။ ဘာမှတော့ မပြောဘူး။

သူ လက်ဖက်ရည်သောက်နေချိန်မှာ ကျွန်တော်က နာရေးကြော်ငြာကို စေ့စေ့စပ်စပ် လေ့လာရတယ်။

"အင်း...ပါတယ်၊ ဒါပေမဲ့ ဆွေမျိုးတွေတော့ မဟုတ်ဘူး။ နာမည်တူတွေပဲ"

သူက လက်ဖက်ရည်ခွက်ကို ပြန်ချရင်း...

"နာမည်တူရင်လည်း ရတာပဲရှင်၊ ပြီးပြီပေါ့"

"မဟုတ်သေးဘူးဗျ..."

ကျွန်တော်က ခေါင်းကို ခပ်လေးလေးခါပြတော့ သူက ကျွန်တော့်ကို ခပ်ပေပေကြည့်ရင်း ပြန်မေးတယ်။

"ဘာဖြစ်လို့လဲ"

"ခင်ဗျားသတင်းစာက မနေ့က သတင်းစာကြီး"





"ဟယ်..."

သတင်းစာကို ပြန်ဆွဲကြည့်ရင်း သူစိတ်ပျက်သွားတယ်။

"ခင်ဗျားက နေ့စွဲမှ မဖတ်လိုက်တာကိုး"

"ကျွန်မလည်း နာရေးကြော်ငြာတွေကို စိတ်ရောက်နေတာနဲ့ အမှတ်တမဲ့ ဖြစ်သွားတယ်"

ပြီး...မဆီမဆိုင် လက်ဖက်ရည်ဆိုင်ရှင်ကို မဲပြီး ပွစိပွစိလုပ်ပါတယ်။

"လက်ဖက်ရည်ဖိုး သက်သက်ရှုံးတာပဲ...အလားကားဆိုင်၊ သူ့ လက်ဖက်ရည်ကဖြင့် ကောင်းလည်းမကောင်းဘူး"

ကျွန်တော် အသံထွက် ရယ်လိုက်မိတယ်။

"ဖြည်းဖြည်းပေါ့ ရှုပါရယ်...သိပ်မလောပါနဲ့"

အဲဒီစကားကြောင့်သူက ကျွန်တော့်ကို ဝေါက်ထတ်ထတ် ပြန်ပြောပါတယ်။

"လောရတယ်ရှင့် လောရတယ်။ မလောလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ခုလောက်ဆိုရင် ကျွန်မအိမ်က ကျွန်မကို ခေါင်းတောက်အောင် ရှာနေကြတော့မယ်ရှင့်။ ဖေဖေ့မှာရော ဦးတင်ကိုကိုမှာရော တပည့်တပန်း များတယ်"

"ဩော်...ဒါကြောင့်လား"

"ဟုတ်တယ်...အခု ဒီဆိုင်မှာ ရှင်နဲ့စကားထိုင်ပြောနေရင်းတောင် သူတို့ရောက်လာပြီး ကျွန်မကို အတင်းဆွဲခေါ်မသွားဘူး မပြောနိုင်ဘူး"

"အဲဒီလောက် ပူမနေပါနဲ့"

"ဘာဖြစ်လို့လဲ"

"ထင်ငြိမ်းကရော သူ့ဆိုင်က စားပွဲထိုးလေးတွေကရော သူတို့ကို သတင်းမှားတွေ ပေးထားတယ်"

"ဘယ်လိုသတင်းမှားတွေလဲ"

"ဩော်...ကျွန်တော်နဲ့ ခင်ဗျားနဲ့ ဟိုနေရာမှာရှိနိုင်သလို ဒီနေရာမှာရှိနိုင်သလိုပေါ့ဗျာ။ အဲဒီ မဟုတ်တဲ့နေရာတွေဆီကို သူတို့ လိုက်ကြရ

ဦးမှာပါ''

''ဩော်...အဲဒီလိုလား''

သူ နည်းနည်းစိတ်သက်သာရာ ရသွားပုံပေါ်တယ်။

''ဟုတ်တယ်...အဲဒီလိုပဲ ကြည့်လုပ်ခိုင်းထားရတာပေါ့''

''ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်၊ သူတို့နှစ်ယောက်က တာဝန်ခွဲပြီး လုပ်နိုင်တယ်။ အဲဒီနေရာတလွဲတွေဆီကို ဦးတင်ကိုကိုရဲ့လူတွေက လိုက်ပြီး ဒီလိုနေရာတွေကိုကျ ဖေ့ဖေ့လူတွေက ဖြန့်ရှာနိုင်တယ်''

''သမီးလင်နောက်လိုက်သလို ဖြစ်တဲ့ကိစ္စကို တစ်မြို့လုံး သိအောင် တော့ ခင်ဗျားအဖေ အော်ကြီးဟစ်ကျယ် မလုပ်ရဲပါဘူးဗျာ၊ ဟော... ပြောရင်းဆိုရင်း ရောက်လာပြီ''

''ရှမ်''

သူ့ကိုယ်လေး ဆတ်ခနဲ တုန်သွားတယ်။ နောက်ဘက်ကို လှည့် မကြည့်ရဲသေးဘဲ...

''ရောက်...ရောက်လာပြီ ဟုတ်လား''

''အင်း...''

''ဘယ်...ဘယ်သူလဲ''

''သတင်းစာလေ...''

အဲဒီတော့ သူက ကျွန်တော့်ကို စိတ်ဆိုးပါတော့တယ်။

''ရှင်ဟာလေ...ဘယ်လိုလူမှန်းကို မသိဘူး''

''ဘာလဲဗျ...ခင်ဗျားက...''

သူ့ကို အဲဒီလိုပြန်ပြောရင်း ကောင်တာမှာ ကျွန်တော်က သတင်းစာ သွားငှားရတယ်။ စားပွဲပြန်ရောက်တော့ သူက ဖျတ်ခနဲ ဆွဲလုတယ်။

''ပေး...ကျွန်မအရင်ဖတ်မယ်''

''ဖတ်ပေါ့...ခင်ဗျားက ဆွေမျိုးပိုများတာပဲ''

သူ အကြာကြီး ဖတ်ပါတယ်။ အစုန်အဆန်ဖတ်ပါတယ်။ ပြီး... အလိုမကျဟန်နဲ့ စုတ်သပ်တယ်။

''အရေးမပါဘူး၊ တကတည်းမှ...''

''ဘယ်သူက အရေးမပါတာလဲ''





''သေတဲ့လူတွေပေါ့''

''မပါဘူးလား''

''ဒီနေ့ကျတော့ တစ်ယောက်မှမပါဘူး။ ပြဿနာပဲ...ရှင် ဖတ်စမ်း ပါဦး''

ကျွန်တော် ဆွဲယူပြီးဖတ်တော့ သူက မျှော်လင့်တကြီးနဲ့ ကျွန်တော့် မျက်နှာကို လိုက်ကြည့်နေပါတယ်။ နံဘေးကနေပြီးတော့လည်း ကျွန်တော့် ကို ပြောသလိုမျိုးနဲ့ သူ့ဘာသာ ရေရွတ်တယ်။

''နာရေးကြော်ငြာမှာတင် ဘယ်သူမှ မပါဘူးဆိုရင် သွားပြီ...၊ ကိစ္စက ပြတ်ပြီ''

ကျွန်တော်က သတင်းစာငုံ့ဖတ်နေရင်း...

''ဘာလဲ...အဲဒါဆိုရင် ယတြာလည်း ပျက်ပြီလား၊ ဟုတ်လား''

''ပျက်ပြီပေါ့''

''ဒါဆိုရင် ရွှေမှာလုပ်ခဲ့တာတွေလည်း အလားကားဖြစ်ပြီပေါ့''

''သွားပြီ၊ ဘာမှသုံးလို့ မရတော့ဘူး''

''ဟ...ဒါဆို ခင်ဗျားက ဦးတင်ကိုကိုကို ယူလိုက်ရတော့မှာ ပေါ့''

သူ့ဆီက ဘာသံမှ ပြန်ထွက်မလာဘူး။ ကျွန်တော်က ခပ်တိုးတိုး ရယ်လိုက်ရင်း...

''ကံကြီးပေလို့ပေါ့ဗျာ''

''ရှင်...''

''ကံကြီးတယ်လို့ ပြောတာ''

သူက ဝမ်းသာအားရ ပြန်မေးတယ်။

''ပါလား...ဟုတ်လား၊ ရှင့်ဆွေမျိုးတွေထဲကလား''

သူ့အသံက နည်းနည်းကျယ်သွားလို့ ကောင်တာမှာထိုင်နေတဲ့ ဆိုင်ရှင်က လှမ်းကြည့်တယ်။ ဇဝေဇဝါလည်း ဖြစ်နေပုံရတယ်။ ကျွန်တော် တို့ကို သူ နားလည်လာပုံ မပေါ်ဘူး။

အင်းလေ...ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပဲ၊ နားလည်ချင် စရာမှ မကောင်းဘဲ။

"ဆွေမျိုးထဲက မဟုတ်ပါဘူး။ နာမည်တူပါပဲ"

"ဘယ်သူလဲ ဘယ်သူလဲ"

ကျွန်တော်က နာရေးကြော်ငြာတစ်ခုကို ထောင်ပြပြီး…

"ဒီလူလေ…"

သူက အသံထွက်ပြီး ရေရွတ်ပါတယ်။

"ကိုဦးဆွေ အသက် (၄၁)နှစ်…တဲ့"

"ကဲ…အဲဒီနာရေးကြော်ငြာကို အသံထွက်ပြီး ဖတ်ရမယ်ဆို"

"အင်း…ဒါပေမဲ့ ကျွန်မဖတ်ရမှာ မဟုတ်ဘူး။ ရှင့်အသိနဲ့ နာမည်တူဆိုတော့ ရှင်ဖတ်ရမှာ"

"ကောင်းပြီ…ဒါဖြင့်လည်း ခုပဲ အသံထွက်ဖတ်လိုက်တော့မယ် ဟုတ်ပြီလား"

"ကောင်းတာပေါ့၊ မြန်မြန်ပြီးလေ ကောင်းလေပဲ"

"အဟမ်း…အဟမ်း"

ကျွန်တော်က တစ်ချက်နှစ်ချက် ချောင်းရှင်းလိုက်ပြီး အဲဒီနာရေးကြော်ငြာကို အသံထွက်ဖတ်ပြရပါတော့တယ်။

**ကိုဦးဆွေ**

**အသက် (၄၁) နှစ်**

**(အယ်ဒီတာ)**

**ပဥ္စမနိုင်ငံတော်သတင်းစာ**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မာယာလမ်းနေ မနွယ်နီဝင်း၏ခင်ပွန်း၊ မောင်ပစ္စုန်ဦး၏ဖခင်၊ ဦးသောင်းထူးခေါ် ကိုဦးဆွေသည် ဒဂုံမြို့သစ်မြောက်ပိုင်း ကိုအေးကိုဆိုင်တွင် စားရင်း သောက်ရင်း အနိစ္စ ရောက်သွားပါသဖြင့် အဆင်ပြေသော နေရာတစ်ခုတွင် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများကို အကြောင်းကြားပါသည်။

(မှတ်ချက်။ ။ ရှာပနအခမ်းအနားသို့သော်လည်းကောင်း၊ ရက်လည်ဆွမ်းကျွေးသို့သော်လည်းကောင်း ဖိတ်စာမပါဘဲနှင့်လည်း ကြွလာနိုင်ပါသည်။)





အဲဒီလို ကျွန်တော်ဖတ်နေတုန်း ကောင်တာမှာထိုင်တဲ့ ဆိုင်ရှင်ကြီးက အငေးသား လိုက်ကြည့်နေတယ်။ သူ့ခေါ်ရာ မျက်လုံး ပေကလပ် ပေကလပ်တောင်ဖြစ်လို့။

ကျွန်တော်က သတင်းစာကို စားပွဲပေါ်ပြန်ချလိုက်စဉ်မှာပဲ…

"သွားမယ်…သွားမယ်"

မရွှေချောလေးက လောဆော်ပါတယ်။

"ငွေရှင်းမယ်"

ဆိုင်ရှင်ဆီ ငွေရှင်းပြီး ကျွန်တော်တို့ ထွက်လာခဲ့ကြတယ်။ ဆိုင်ရှင်က သတင်းစာကို ကောက်ယူပြီး ကျွန်တော်တို့ ဖတ်သွားတဲ့ နာရေးကြော်ငြာတွေကို အကြောင်းကြောင်းနဲ့ လိုက်ဖတ်နေတယ်။ ကျွန်တော်တို့ကို လှမ်းကြည့်လိုက်၊ ပြန်ငုံ့ဖတ်လိုက်နဲ့ သူ့ခမျာလည်း သနားစရာပါပဲ။

"ကဲ…အခု ကျွန်တော်တို့က ဘယ်ကိုသွားကြမှာလဲ"

"ဘယ်ဖြစ်ဖြစ်ရပါတယ်။ ကားငှားပြီးမှ ကားသမားလိုက်မယ့်သချိုင်းဆီ သွားကြတာပေါ့"

"ဒါဖြင့်လည်း ကားကို ဟိုထောင့်မှာ သွားငှားမယ်၊ ဒီနေရာက ဖြူနီကြားကြီး"

ကားငှားလို့ လွယ်မယ့်နေရာအထိ ကျွန်တော်တို့ လျှောက်ခဲ့ကြတယ်။ အခုတော့လည်း သူဟာ လန်းဆန်းတက်ကြွပြီး ပျော်လို့ရွှင်လို့။ ကျွန်တော့်ဘေးမှာ ညီမလေးတစ်ယောက်လို၊ ရည်းစားတစ်ယောက်လို ခုန်ပေါက်ပြီး ပါလာတယ်။

"ဟာ"

ကျွန်တော် အဲဒီလို အာမေဋိတ်ရွတ်လိုက်မိတော့…

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ…"

"ရှေ့ကလျှောက်လာတဲ့ ကောင်မလေးတွေက ကျွန်တော်တို့ အဆောင်ကဗျ"

"အင်းနော်…ရှင်တို့အဆောင်က ယောကျ်ားလေးဝရာ မိန်းကလေးရော နေလို့ရတယ်၊ စည်းကမ်းတော့ ကော်တော်ကြီးပုံပဲ"

"အင်း…ဟုတ်တယ်"

ကောင်မလေးတွေကလည်း ကျွန်တော့်ကို မြင်သွားပါပြီ။ အရမ်းလှတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွဲလာတာမို့လို့ အံ့ဩသွားကြပုံရတယ်။ စပ်ဖြဲဖြဲနဲ့ လျှောက်လာကြပြီး အနားရောက်တော့...

''ကိုဇဂျမ်းကြီး''

''ဗျာ...''

''ဟဲဟဲ...ဒါက ဘယ်သွားကြမလို့လဲ''

''အဲ...''

အခုမှ ခက်ပါတော့တယ်။ ခါတိုင်းလိုဆိုရင်တော့ ဒီနားပဲ...မြို့ထဲဘက်...ဒီလိုပါပဲ...စသဖြင့် ပြောလိုက်လို့ရတယ်။ ခုဟာက အမှန်အတိုင်းပြောရမယ်ဆိုလို့ တမိုးကြီးဖြစ်နေတယ်။ သူ့ကိုလှည့်ကြည့်တော့ သူက မသိချင်ယောင်ဆောင်ပြီး မျက်နှာလွှဲထားတယ်။

''အံမယ်...ကိုဇဂျမ်းကြီးက ဘယ်သွားမယ်ဆိုတာကိုတောင် မပြောနိုင်ဘူးလား''

''မဟုတ်ပါဘူး။ ပြောနိုင်ပါတယ်''

''ဒါဖြင့် ပြော...ဘယ်သွားကြမှာလဲ၊ ရုပ်ရှင်လား''

''မဟုတ်ဘူး''

''ပန်းခြံလား...ဘယ်ပန်းခြံလဲ ပြော၊ လိုက်နှောင့်ယှက်မှာပဲ''

''ပန်းခြံလည်း မဟုတ်ပါဘူး''

''ဒါဖြင့် ဘယ်လဲ...ပြော''

''ဟို...''

''ပြောမယ်ဆို...ပြောလေ''

''ဟို...သင်း...သင်္ချိုင်းကုန်းကိုပါ''

''ဘာ...သင်္ချိုင်းကုန်း''

''ဟုတ်တယ်''

ကောင်မလေးနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြတယ်။ ပြီးမှ ထွက်ပြီးသားဆင်စွယ် ပြန်ဝင်တယ်မရှိဘူးဆိုတဲ့ သဘောမျိုးနဲ့ ထပ်မေးပြန်တယ်။

''ဘယ်သင်္ချိုင်းကုန်းလဲ''





''အဲဒါတောင် မရွေးရသေးဘူး''

''ဟင်...''

''ရတယ်...ဘယ်သင်္ချိုင်းကုန်းဖြစ်ဖြစ် ရတယ်။ အုတ်ဂူတွေ မှတ်တိုင်တွေ၊ အခေါင်းတွေရှိရင် ပြီးရော...''

''ဩော်...ဩော် ကျွန်မတို့တော့ မလိုက်သေးဘူးနော်၊ အဆောင်ပဲ ပြန်လိုက်ကြဦးမယ်''

ခပ်သုတ်သုတ် ထွက်သွားကြတော့တယ်။ သူတို့တွေ ခပ်လှမ်းလှမ်းရောက်သွားမှ ကျွန်တော်နဲ့ ရှုပါလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပြုံးဖြစ်တယ်။

''ခင်ဗျားဟာကလဲ တယ်မလွယ်ပါလားဗျာ''

''ဒီလောက်တော့ ရှိမှာပေါ့ရှင့်''

ပြုံးစစနဲ့ အဲဒီလိုပြောပြီး သူကပဲ တက်စီတွေကို လိုက်တားပါတယ်။ လိုချင်တာကို ချက်ချင်းမရတတ်တဲ့ ကျွန်တော်တို့ရဲ့ ကံကြမ္မာအတိုင်း ကားတွေက မအားကြပါဘူး။ အားတဲ့ကားကလည်း ရပ်မပေးပါဘူး။

''ဟိုမှာ ဟိုကားတစ်စီးက လက်ပြနေတယ်''

''ဟင်...နံပါတ်အနက်ကြီး''

''သူအောက်ဆိုက်ဆွဲတာ ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် သူက လိုက်မယ်ဆိုလည်း ငှားသွားကြတာပေါ့''

ဆူပါရှုခ်ကားလေးတစ်စီးက ကျွန်တော်တို့ရှေ့မှာ ထိုးရပ်ပြီး မေးပါတယ်။ အဲဒီတုန်းကတော့ ခပ်ပြုံးပြုံးပဲ...

''ဘယ်သွားမလို့လဲ''

''သင်္ချိုင်းကုန်း''

''ဘာ''

''သင်္ချိုင်းကုန်း...ဆို''

ကျွန်တော်တို့နှစ်ယောက်ကို သူ စေ့စေ့ငုံပြီး ကြည့်ပါတယ်။ ပြီးမှ မသင်္ကာတဲ့လေသံနဲ့ ထပ်မေးတယ်။

''ဘယ်သင်္ချိုင်းကုန်းလဲ''

"ဟို…နီးရာသချိုင်းကုန်းတစ်ခုခုသာ မောင်းဗျာ"

"ဟင်"

သူ့ခန္ဓာကိုယ်က နောက်ကို ရှိသွားလို့…။

"နောက်နေတာမဟုတ်ဘူး။ ကျွန်တော်တို့ အကောင်းပြောနေတာပါ"

သူက ကျွန်တော်တို့နှစ်ယောက်ကို တစ်လှည့်စီကြည့်နေပါတယ်။ နောက်ဆုံးကျမှ စိတ်ကို ခုံးခုံးချလိုက်ဟန်နဲ့…

"ကောင်းပြီလေ…အနီးဆုံးသချိုင်းကုန်းကို လိုက်ပို့ပေးမယ်။ လေးရာပေးရမယ်"

"အို…ဘယ်လောက်ဖြစ်ဖြစ် ပေးမယ်ဗျာ။ လူတောင် သချိုင်းကုန်း သွားနေပြီ၊ လေးရာကို ဘာလို့ ယူထားရမှာလဲ"

ခပ်ရွှတ်ရွှတ်ပြောလိုက်တဲ့ ကျွန်တော့်စကားကြောင့် သူတွန့်သွားတယ်။ ဒါပေမဲ့…

"ကဲ…တက်တက်"

ကားပေါ်မှာ ကျွန်တော်တို့က တိတ်တိတ်ဆိတ်ဆိတ်ပဲ လိုက်လာခဲ့ကြတယ်။ ဒီတစ်ခါတော့ နောက်ခန်းမှာပဲ နှစ်ယောက်အတူ ယှဉ်ထိုင်ကြတယ်။ ကားကွေ့တဲ့အခါ ပုခုံးချင်းတောင် တိုက်မိကြသေး။ လင်းရှုပါက ဘာစကားမှ မပြောဘူး။ ကားအပြင်ဘက် ငေးနေတယ်။

လမ်းတစ်နေရာမှာ ကားက ရပ်သွားတယ်။ ဘေးဘီအဆောက်အဦတွေကို ဘယ်ပြန်ညာပြန်လှည့်ကြည့်ပြီး…

"ဟော့လူ ဒါ…သချိုင်းကုန်း မဟုတ်လောက်ဘူးနော်"

"ဟာ…ခင်ဗျားကလဲဗျာ အတော်နောက်တဲ့ လူပဲ၊ ဘယ့်နှယ် သချိုင်းကုန်းရမှာလဲ၊ ကျွန်တော်နေတဲ့ ရပ်ကွက်ပါ။ ခဏလေးပါ…"

"ဘာလုပ်ဖို့တုန်း"

"ဆီဆိုင်က ကျွန်တော့်လူဆီကို ခဏလေးဖုန်းဆက်ထားချင်လို့။ ဒီစတိုးဆိုင်က ဆက်မှာပါ၊ ခဏကလေးပါ။ ကားကြီးတစ်စင်းလုံး ခင်ဗျားတို့နဲ့ထားထားမှာ မယုံဘူးလား"

"ယုံပါတယ်ဗျာ။ သွားပါ သွားပါ"





အဲဒီလူ စတိုးဆိုင်ထဲဝင်ပြီး ဖုန်းပြောတယ်။ လင်းရှုပါနဲ့ ကျွန်တော်လည်း ဘာစကားမှ မပြောဖြစ်ဘူး။ ကိုယ့်အတွေးနဲ့ကိုယ် ဆက်ထိုင်နေလိုက်ကြတယ်။

အမှန်တော့ အဲဒီဒရိုင်ဘာက ဦးတင်ကိုကိုရဲ့လူပါ။ ကားကလည်း ဦးတင်ကိုကိုရဲ့ ကုမ္ပဏီမှာသုံးတဲ့ ကားတွေထဲကတစ်စီး။ ဒီလောက်ဆိုရင် သဘောပေါက်ရောပေါ့။ သူဖုန်းဆက်တာက ဦးတင်ကိုကိုဆီကိုပါ။

အဲဒီအချိန်မှာ ဦးတင်ကိုကိုဟာ စာရင်းဇယားတွေကြားထဲမှာ 'လင်းရှုပါ'ဆိုတဲ့နာမည်ကို လွမ်းတနုံ့နှင့် ဖြည့်စွက်နေတယ်။ မျက်နှာက လူ့ရှင်တော်ရော အိပ်ရေးမဝသေးတဲ့ မျက်နှာမျိုးနဲ့ပေါ့။

"ကလင်…ကလင်…"

ဖုန်းလာလို့ ကောက်ကိုင်တယ်။ "ဟဲလို" ဆိုတဲ့ သူ့ဖုန်းထူးသံက "ဗုား"ဆိုပြီး သမ်းလိုက်တဲ့ အသံမျိုးပေါ့။

"ဆရာ…ကျွန်တော်ပါ စိုးသော်တာပါ၊ ဆရာ့ကောင်မလေးကို တွေ့ပြီဆရာ"

ဦးတင်ကိုကို ထခုန်မတတ်ဖြစ်သွားပြီး…

"ဟေ…ဟုတ်လား ဘယ်မှာလဲ"

"အခု သူတို့ ကျွန်တော့်ကားပေါ်မှာ၊ ကျွန်တော့်ကားကို ငှားစီးလို့ ကျွန်တော်လိုက်ပို့မယ်ဆိုပြီး ခေါ်ထားလိုက်တယ်"

"အေးအေး…မင်းတော်တယ်၊ ဒါထက် သူတို့က ဘယ်သွားကြမှာလဲ"

"သချိုင်းကုန်းကို ဆရာ"

"ဟေ…"

"သချိုင်းကုန်းကိုတဲ့"

"ဘာသွားလုပ်ကြမလို့တုန်း"

"မသိဘူးဆရာ…သူတို့ပုံစံတွေကတော့ တစ်ခုခုလက်စသိမ်းလုပ်ကိုင်မယ့် ပုံမျိုးပဲ"

"ဟေ…"

"ပြီးတော့…ကားပေါ်မှာ ဟိုကောင်လေးက တစ်ယောက်တည်း

ရွတ်နေတယ်…ဒီနေ့ နောက်ဆုံးနေ့…ဒီနေ့ နောက်ဆုံးနေ့တဲ့'

"ဟာ…ဒါဆိုရင်တော့ မဖြစ်ဘူး။ ငါ အမြန်ဆုံးလိုက်လာခဲ့မယ်၊ မင်းက သူတို့ကို ဘယ်သချိုင်းကုန်း ပို့ပေးမှာလဲ။ ဩော်…အေး…ဟုတ်ပြီ အဲဒီသချိုင်းကုန်းကို ငါလိုက်လာခဲ့လိုက်မယ်။ မင်း မေ့ပြီးသွားထားနှင့်"

"ဟုတ်…ဟုတ်ကဲ့ဆရာ"

စိုးသော်တာဖုန်းချသွားပြီးတာနဲ့ ဦးတင်ကိုကိုဟာ ဦးကျော်သီဟဆီကို ဖုန်းလှမ်းခေါ်ပါတော့တယ်။

"အန်ကယ်လ် ကျွန်တော် တင်ကိုကိုပါ"

"အေး…တင်ကိုကိုလား…ဘာထူးလဲဟေ့၊ သမီးကို တွေ့ပြီလား"

"တွေ့ပြီတဲ့အန်ကယ်လ်၊ ခုပဲ ကျွန်တော့်တပည့် ဖုန်းဆက်တယ်"

"ဟေ…ဘယ်မှာလဲ"

"ခုဆိုရင်တော့ သချိုင်းကုန်းရောက်သွားပြီ ထင်တယ်"

"ဘာကွ"

"အဲ…ဟို ဒီလို အန်ကယ်လ်…"

ဦးတင်ကိုကိုက ဇာတ်စုံ ရှင်းရပါတယ်။ ဦးကျော်သီဟလည်း အတော်ပူပင်သွားတယ်။

"ကောင်းပြီ…ကောင်းပြီ၊ ဒါဖြင့် ငါ ခုချက်ချင်း အဲဒီသချိုင်းကို လိုက်ခဲ့မယ်"

ဖုန်းချပြီး ဦးတင်ကိုကို ထိုင်ရာက ဝုန်းခနဲ ထပါတယ်။ လှည့်အထွက်မှာ သူ့ရဲ့ အတွင်းရေးမှူးကောင်မလေးနဲ့ တိုက်မိတယ်။

"ဟာ…အရေးထဲ နင်ကလဲ"

သူကဝင်တိုက်ပြီး သူကပဲ အဲဒီလို အသံနီကြီးနဲ့ မာန်လိုက်တယ်။

"ဆရာမှာထားတဲ့ စာရွက်စာတမ်းတွေ လာပို့တာပါ"

"ရှုပ်လိုက်တာ၊ ဘာစာရွက်လဲ"

"ဟိုလေ…"

ဖယောင်းခဲတစ်ခဲသည် အလျားအနံ့စော် ၃^၆ ရှိ၏။ အလျား ၁^၆ အလုံးလက်တစ်သစ်ရှိ ဆီမီးတိုင်လုပ်သော် ဘယ်မျှရအံ့နည်းတဲ့။





"အဲဒီပုစ္ဆာကို ဆရာ လှူခေါ်ပြီး တွက်ခိုင်းထားတာလေ၊ အဲဒါ အဖြေရပြီ။ အဲဒါ လာပို့တာ"

"ဟာ…သွားစမ်းပါ"

ဦးတင်ကိုကို ကားဆီကို ကမန်းကတန်းပြေးသွားတာကို ကြည့်ပြီး ကုမ္ပဏီဝန်ထမ်းတွေ တအံ့တဩကျန်ရစ်ခဲ့လေရဲ့။

ကျွန်တော်တို့ကတော့ အဲဒါတွေကို ဘယ်သိမလဲ။ မသိဘဲနဲ့ ဘာလို့သိရတာလဲလို့ မမေးကြပါနဲ့။ စာရေးဆရာက တိုးတိုးပြောပြတာလို့ပဲ မှတ်ထားလိုက်ကြပါ။

ကျွန်တော်တို့ကို သချိုင်းကုန်းမှာချပေးပြီးတော့ စိုးသော်တာက မလှမ်းမကမ်းမှာ ကားထိုးပြီး ယောင်လည်ယောင်လည် လုပ်နေပါတယ်။ ကျွန်တော်တို့က သူ့ကို ဂရုမစိုက်အားပါဘူး။ သချိုင်းမြေထဲ တော်တော်ရောက်တဲ့ထိ လျှောက်ဝင်သွားပြီး…

"ဒီမှာ…ကျွန်တော်တို့ ဘာမှ လုပ်စရာမရှိဘူးနော်"

"အင်း…ဘာမှမရှိဘူး။ ပြီးရင် ပြန်ရုံပဲ"

"ခုဆိုရင် ခင်ဗျားယတြာတွေ အကုန်အောင်မြင်ပြီပေါ့။ ဟုတ်လား"

လင်းရှုပါက နာမည်နဲ့လိုက်အောင် လင်းခနဲပြုံးပြလိုက်တယ်။

"ဟုတ်တယ် အောင်မြင်ပြီပေါ့။ ရှင့်ကျေးဇူးကို ကျွန်မတစ်သက် မမေ့ပါဘူး"

"ဒီကပြီးရင် ခင်ဗျား ဘယ်ကိုပြန်မှာလဲ"

"မမကေသီဆီ သွားမယ်၊ မမကေသီက အိမ်ကိုပြန်လိုက်ပို့ပေးလိမ့်မယ်"

"အိမ်ကဆူရင်ကော…"

"ကိစ္စမရှိဘူးလေ၊ ယောက်ျားမလိုချင်လို့ အဖေအမေကို စိတ်ကောက်ပြီး မမကေသီအိမ် သွားနေတယ်၊ အခု မမကေသီက ချော့မော့ပြီးအတင်းပြန်ပို့လို့ ဒီအိမ်ပေါ်မတက်ချင်ဘဲ ပြန်တက်လာရတာ၊ ဒါပဲ သူတို့က ကိုယ့်ကို ဆူလို့မရဘူး။ ချော့ပြီးတော့တောင် ပြန်ခေါ်ထားရဦးမယ်"

"ဟုတ်တယ်ဗျ…ခင်ဗျားက ဉာဏ်တော့ ကောင်းတယ်"

"ခုလိုရင် ကိစ္စတွေအားလုံးပြီးပြီ၊ လင်းရှုပါတို့က လုပ်လိုက်ရင် အပြတ်ပဲဆိုတာ မှတ်ထား။ ဘယ်သူကမှ တားလို့မရဘူး"

အဲဒီအချိန်မှာပဲ…

"အမယ်လေး တားပါရစေ၊ တားပါရစေ သမီးရယ်…အပြတ်တော့ မလုပ်လိုက်ပါနဲ့"

"ဟယ်တော့…"

ငိုကြီးချက်မ ပြေးဝင်လာတာက လင်းရှုပါတို့ အမေပါ။ နောက်မှာလည်း ဦးကျော်သီဟပါလာတယ်။ နှစ်ယောက်စလုံး မျက်နှာတွေပျက်လို့…။

အဲဒီတော့မှ ကျွန်တော်နဲ့လင်းရှုပါလည်း ဘေးဘီကို လှည့်အကဲခတ်မိတယ်။ ကျွန်တော်တို့ရဲ့ ကျောဘက်က ဦးစောမင်းဝေဆိုတဲ့ အုတ်ဂူလေးမှာ ဦးတင်ကိုကိုက ရပ်နေတယ်။ ခုနကပဲ လေးလုံးထွားနေတဲ့ ကောင်မလေးဟာ နဝေတိမ်တောင် ဖြစ်သွားပြီး…

"ကိုဗဂျမ်း"

"ဗျာ…"

"ဘယ်လိုလုပ်ကြမတုန်း"

"ခုနကပြောတော့ လုပ်လိုက်ရင် အပြတ်ပဲဆို…"

လင်းရှုပါတို့အမေက ရင်ဘတ်လေးဖိပြီး ဝင်ပြောတယ်။

"အမယ်လေး မလုပ်လိုက်ကြပါနဲ့ကွယ်၊ မလုပ်လိုက်ကြပါနဲ့၊ မင်းတို့ကို ငါ ပေးစားပါ့မယ်၊ ကိုကျော်သီဟမပေးစားရင်လည်း ငါပေးစားပါ့မယ်"

ဦးကျော်သီဟက မျက်နှာအိုကြီးနဲ့…

"သမီး…ဖေဖေတို့နဲ့ ပြန်လိုက်ခဲ့"

အဲဒီလိုပြောလိုက်မှ ပိုဆိုးသွားတယ်။ လင်းရှုပါက ကျွန်တော့်နားကို တိုးကပ်ပြီး ကျွန်တော့်လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်တယ်။ ကျွန်တော့်ရင်ထဲမှာ နွေးခနဲပဲ။ သူ့လက်ဖဝါးလေးကို ပြန်ဖျစ်ညှစ်ထားလိုက်ရင်း…

"မကြောက်ပါနဲ့…ကိုယ် ရှိတယ်"





ဦးကျော်သီဟကလည်း သူ့သမီးကို လက်ကာပြလိုက်ရင်း…

"သမီး ဖေဖေတို့ဘက်က လျှော့လိုက်ပါပြီ၊ သမီးဆန္ဒအတိုင်း ဖြစ်စေရမယ်၊ သမီးတို့ချစ်ခြင်းကို ဖေဖေ မခွဲပါဘူး။ သမီးနဲ့မောင်ဗဂျမ်းကို ဖေဖေ ပေးစားပါ့မယ်"

ကျွန်တော်က ဝမ်းသာအားရ ဝင်မေးလိုက်တယ်။

"ပါပါ…တကယ်ပြောတာလား"

ဦးကျော်သီဟရဲ့ မျက်နှာက စူပုပ်ထွက်သွားပြီးမှ…

"အေး"

"တကယ်နော်…"

"အေးပါဆို"

ကျွန်တော့်လက်တစ်ဖက်ကို ဖျစ်ညှစ်ထားတဲ့ လင်းရှုပါက လူမမြင်အောင် လက်မနဲ့လည်း မသိမသာထိုးဆိတ်ပါတယ်။ ကျွန်တော်က ပြုံးယောင်ယောင်နဲ့ သူ့မျက်နှာလေးကို ငုံ့ကြည့်ပြီး…

"ရှုပါ…"

"ဟင်…"

"ဒီလိုဆိုရင်လည်း လူကြီးတွေစီမံရာကို ကိုယ်တို့ နာခံလိုက်ကြတာပေါ့ကွယ်…"

"ဟွန်း…"

## နောက်ဆက်တွဲ [က]

သနားဖို့ကောင်းတာက ဦးတင်ကိုကိုပါ။ ဦးစောမင်းဝေဆိုတဲ့ အုတ်ဂူနံဘေးမှာ ခိုဝေဝေးမောလျက်ပဲ။ စိုးသော်တာက သူ့ဆရာနားကို တိုးကပ်သွားလိုက်ပြီး…

"ဆရာ ဘယ်လိုလုပ်ကြမလဲ"

"ဒီအခြေအနေရောက်မှတော့ ငါ့ဘက်ကပဲ နောက်ဆုတ်ပေးရတော့မှာပေါ့ကွာ"

"ဖြစ်ရလေ ဆရာရယ်…"

"ရပါတယ်ကွာ…ငါ့မှာ တခြားညီမလေးတွေ ရှိပါသေးတယ်"

ဘယ်သူ့ကိုမှတောင် နှုတ်မဆက်တော့ဘူး။ သူတို့တွေ သင်္ချိုင်းထဲကနေ တိတ်တိတ်ထွက်ခွာသွားကြတယ်။

ကားပေါ်ရောက်မှ…

"မင်းကလည်း အသုံးမကျဘူး စိုးသော်တာ၊ ဒီကောင်လေးကို အပေးအယူလုပ်ပြီး သွားဆွေးနွေးပါလို့ မှာထားရက်နဲ့"

"ကျွန်တော်ဖုန်းဆက်တိုင်း ဆရာ့ကောင်က အဆောင်မှာ မရှိဘူး ဆရာရဲ့"

"အေးလေ…ထားလိုက်ပါတော့၊ သွားဆွေးနွေးလည်း ရမယ့်ကောင်လေးမျိုး မဟုတ်ပါဘူး"

ကားပေါ်မှာ သူတို့ တိတ်ဆိတ်သွားကြပြန်တယ်။





## နောက်ဆက်တွဲ [ခ]

"ဟင်…ဒါဖြင့် မမကေသီက ဒါရိုက်တာကြီးပေါ့"

"ခစ်ခစ်…ဟုတ်တယ်လေ၊ မလီလီလုကလည်း ဖေဖေဆရာမ မဟုတ်ဘူး။ ငါ့အကူအညီတောင်းလို့ ဟန်ဆောင်ပေးရတာ။ ရွှေပါခြေရတဲ့ ယတြာဆိုတာတွေကလည်း ငါဆင်လိုက်တဲ့ 'ခွင်'တွေ။ ယောက်ျားလေးတစ်ယောက်နဲ့တွဲပြီး ပန်းခြံထဲ လမ်းလျှောက်လိုက်၊ လူနေရပ်ကွက်ထဲ လျှောက်သွားလိုက်၊ ဈေးလမ်းဆုံလမ်းခွကြီးမှာ ရပ်နေလိုက်၊ အဲဒီလို လျှောက်လုပ်မှတော့ စေ့စပ်ထားတဲ့သူနဲ့ မကွဲဘဲ နေပါတော့မလား"

တကယ်တော့ မမကေသီက ကျွန်တော်တို့ရဲ့ ဖူးစာရေး နတ်သမီးကြီးပါ။ သာမန်လူတွေထက် နည်းနည်းပိုပြီး အကွက်မြင်တတ်တဲ့ ကျွန်တော်တောင် ခံလိုက်ရတယ်။ သူ့ 'ခွင်'ထဲမှာ ဝင်ကပေးလိုက်ရတယ်။

"ဘာပဲပြောပြော ရွှေပါက မမကေသီကို အရမ်းကျေးဇူးတင်ရမှာပဲနော်။ ဦးတင်ကိုကိုနဲ့ လွဲသွားတဲ့အတွက်ရယ်၊ ကျွန်တော့်လိုကောင်မျိုးကို အပိုင်ရလိုက်တဲ့အတွက်ရယ်။ အောင်မလေးဗျ…"

သူလိမ်ဆွဲလို့ ထအော်ရပါတယ်။ အားလုံးက ဝိုင်းရယ်ကြတယ်။ ချစ်ရတဲ့ ရွှေပါ့မျက်နှာလေးက ရှက်ငွေ့တွေနဲ့ နီထွေးလို့…။

## နောက်ဆက်တွဲ [ဂ]

"ရှုပါ အဲဒီလူကြီးကို ကြည့်စမ်း၊ နာမည်ကြီးဂျာနယ်လစ်ပေါ့၊ ကိုမျိုး(အူရဒူစာ...)တဲ့"

"အင်း...အဲဒါ ဘာဖြစ်လို့တုန်း"

"ကြေကွဲစရာ အဖြစ်တစ်ခုကြောင့် သူ့ကောင်မလေးနဲ့ ဝေးခဲ့ရဖူးတယ်"

"ကြေကွဲစရာ...ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲဟင်"

"ကောင်မလေးက သူ့ကို အဖြေပြန်ပေးမယ့်နေ့မှာပေါ့၊ ကင်တင်းမှာ အတူထိုင်စကားပြောကြတယ်၊ ကောင်မလေးက အအေးသောက်ပြီး သူက ပေါင်မုန့်ထောပတ်သုတ် စားတယ်"

"ဟင်...အဲဒါ ဘာကြေကွဲစရာကောင်းလို့လဲ"

"သူ့ ပေါင်မုန့်ထောပတ်သုတ်မှာ ယင်ကောင်တစ်ကောင် ကပ်နေတာကို မသိဘဲ ပေါင်မုန့်ကိုရော၊ ယင်ကောင်ကိုရော သူ ဝါးစားပစ်လိုက်တယ်"

"ဟယ်...ရွံ့စရာကြီး၊ အသည်းယားစရာကြီး"

"ဟုတ်တယ်...ကောင်မလေးက သူ့ကို အဖြေမပေးတော့ဘူး။ အဲဒီနေ့ကစပြီး တွေ့တဲ့နေရာမှာ သူ့ကို ရှောင်ပါလေရော...။ ရွံ့လို့၊ အသည်းယားလို့တဲ့"

"ဟယ်...ဟုတ်ပါရဲ့ သူ့အဖြစ်က တကယ့်ကို ကြေကွဲစရာပဲနော်"

အဲဒီလိုပြောပြီး လင်းရှုပါဟာ...ကျွန်တော့်ရင်ခွင်ထဲမှာ တစ်ခစ်ခစ် ရယ်နေပါတော့တယ်။

ကိုယ့်စိတ်ထဲမှာ ချမ်းမြေ့လိုက်ရတာ ကောင်မလေးရေ...။

❖ ❖ ❖





## နောက်ဆက်တွဲ [ဃ]

"ဟဲလို...ပါပါလား၊ ပါပါ့သမီး အိပ်နေတယ်၊ ခုနကပဲ ကျွန်တော့်ကို စိတ်ကောက်ပြီး အခန်းထဲဝင်သွားတယ်။ ခု တကယ်အိပ်ပျော်နေတယ်၊ ဟုတ်ကဲ့...ဟုတ်ကဲ့၊ ဒါပဲနော် ပါပါ"

ခုတော့လည်း ဦးကျော်သီဟဟာ 'ပါပါ'လို့ တရားဝင်အခေါ်ခံနေရပါပြီ။ သူ့ခမျာ ဘာမှ မပြောသာပါဘူး။

ရှုပါ့အိပ်ခန်းဆီ ကျွန်တော်လျှောက်သွားလိုက်တော့ အခန်းဝမှာ သူ့ကြောင်လေး ထိုင်နေတယ်။ သူ့သခင်မရဲ့ အခန်းထဲကို ဝင်ချင်လို့ဖြစ်မှာပေါ့။ တံခါးကိုဖွင့်ပြီး ကျွန်တော် တိတ်တိတ်သွင်းပေးလိုက်တယ်။

"ရှူး...တိုးတိုး...မင်းသခင်မ မနိုးစေနဲ့" လို့တောင် ပြောလိုက်သေးတယ်၊ ဒါပေမဲ့ သကောင့်သားက ထန်းရွက်ယပ်တောင်ကို လက်သဲနဲ့ ကုတ်ပြီး တဗြိုးဗြိုးတဗျောက်ဗျောက် ဗေဒင်တွက်ပါတယ်။ သူ့သခင်မနိုးသွားပါလေရော။

"လာနှောင့်ယှက်ပြန်ပြီ"

ဝုန်းခနဲထလိုက်လို့ ကျွန်တော့်ခမျာ ခြံထဲကို ဆင်းပြေးရရှာပါတယ်။

ကြောင်လေးကတော့ ဘာမှသိပုံမပေါ်ဘူး၊ ကျွန်တော်တို့ရဲ့ အိမ်ထောင်ရေး၊ သားရေးသမီးရေး ဘဝတစ်သက်တာအရေး စတာတွေကို ဗေဒင်တွက်ပြီး ကျန်ခဲ့လေရဲ့။ ။

❖ ❖ ❖

လေးစားစွာ

တာရာမင်းဝေ

၁၇.၁၁.၂၀၀၀



လုံးချင်းဝတ္ထုသစ်

ကျွန်တော်နှင့်အဝါရောင်မီးနပြင်